
www.burmeseclassic.com
REAL EVENT CRIME MAGA ZINE
အမြင်
မဂ္ဂဇင်း
No.7
JULY 2014
BURMESE CLASSIC
ပန်းချီ မင်းထက်နိုင်
ဝါဇီကရုဏာ အားတိုးဆေး
ပိန်သူ ဝဖြိုး အလုံတိုးမည်။
အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ၊ သိသိသာသာ အားတိုးသည်။)
ကိုက်ခဲ ညောင်းညာ အကြောနာကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ ဝီးယစ်ရောဂါ၊ အထိုင်များသူများ)
စားကောင်းအိပ်ပျော်သည်။ ဆီးဝမ်းသွားချောင်းသည်။ မျက်စေ့ကြည်သည်။
ဝီးယစ်ပိန်၊ ဝီးယစ်ခြောက် သွေးဆုံးရောဂါပျောက်သည်။
အလုံး / အမှုန့် နှစ်မျိုးထုတ်သည်။
TMR-009604 (0115)
www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE
မှုခင်း အဖြိုင် မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ၊ အတွဲ (၂)၊ အမှတ်စဉ် (၇)

☆ အယ်ဒီတာချုပ်
အောင်ကျော်ဇော

☆ တာဝန်ခံအယ်ဒီတာ
ထက်ထက်ဦးဝေ (B.Sc.Physics)

☆ အယ်ဒီတာအဖွဲ့
ဦးရဲလွင် (ရဲဘိုင်အို)
ညိုမီအောင် (B.A.Myanmar)
အေးအေးခိုင်

☆ ထုတ်ဝေသူ
ဦးအောင်လွင် (၀၄၁၄၉)

☆ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

☆ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

ဒီဇိုင်း
စည်သူကျော်

ကွန်ပျူတာစာစီ နေမျိုးအောင်

တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀

ကံ့ကော်ပျိုးခင်းစာပေ
အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၃၈၅၃၆၉၊ ၀၉-၅၉၂၉၄၂၁၈

## ဆောင်းပါး
- ကိုညွန့်အောင် (ရွှေပန်းထိမ်)
(ကျားကင်း)

## နိုင်ငံတကာသတင်း
ဆောင်းဟေမန်

## ပေဒင်
- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော်
နက္ခတ်ပေဒင်လက္ခဏာပညာရှင်

- ထက်ထက်ဦးဝေ
(တုန့်နှိုင်းမဲ့မေတ္တာရှင်) [အခန်းဆက်ဝတ္ထုရှည်




www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထု


- အောင်သာကျော် --- ၁၈
(ဆိတ်ကွယ်ရာမရှိတဲ့ပုစ္ဆာ)
- ခင်ဦး (ပုတီးကုန်း) --- ၂၆
(ကံတရားဆိုတာ)
- နွေအလွန် --- ၃၄
(အချစ်မိုင်း)
- အောင်ကျော်ပြုံး --- ၅၀
(ရင်တွင်းသံယောဇဉ်)
- နှင်းစက် (လားရှိုး) --- ၅၆
(အလင်းသစ်)
- ဆုမွန်ဦး (ဟသ်ာတ) --- ၆၆
(ကာလဝိပါက်)
- ကိုမိုး (ရွှေပြည်သာ) --- ၇၅
(ချစ်ထုံးဖြေပါ)
- နီကြည်ကို --- ၁၁၂
(ဦးချစ်မောင်လိုလူနဲ့ ကြုံဖူးတဲ့အဖြစ်တွေရယ်)
- ဒွေးမယ်နော် --- ၁၁၈
(ပန်းမျက်ရည်)
- ကေသီမိုးသူ --- ၁၂၆
(ထိုဆယ်နှစ်)
- ဒီမွန်း --- ၁၃၂
(မိချို)
- အောင်ကျော်ဇော --- ၁၄၈
(ပြာပုံထဲက မီးထဲခုန်ဆင်းသူ)


## ကာတွန်း


သူရိန်၊ အောင်ချမ်းမြေ့ (မင်းဘူး)၊
မောင်တင်ယု။

## ကဗျာ

ာန်အောင်မင်းနီ၊ သိန်းဝင်း (ကျောက်ပန်းတောင်း)၊ ဝေးနေ၊ ကျော်နေနိုင် (ကျောက်ထပ်)၊
ောက်ပင်ညို၊ နန်းမျိုးဝင်း (စိတ်ပညာ)၊ မျိုးကိုကိုထက် (ပျဉ်းမနား)၊ သိန်းနိုင်ဦး (ပဲခူး)။





www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➤ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➤ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➤ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➤ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➤ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➤ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➤ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၃၅၉၆၂ |
| ➤ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၈၁၇ |
| ➤ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➤ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➤ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➤ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➤ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➤ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➤ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➤ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➤ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➤ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➤ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➤ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➤ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➤ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➤ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➤ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



# မေးခွန်းများ

❋ နံနက်ခင်း အသစ်လေးထဲ
အတွေးတွေ ဖွေးခနဲ ဝေကျလာတယ်
အသံတွေတိတ်ဆိတ်
မေးခွန်းတွေ အပြည့်အသိပ်နဲ့
အိပ်ရာနိုးစ လယ်ကွက်လေးတွေကို ငေးကြည့်မိတယ်
တဖြည်းဖြည်း.....
ပြီးတော့ တရွေ့ရွေ့
အကွေ့နဲ့ အကောက်တွေကို ဆွဲဆန့်ခဲ့ရ
ဘယ်ဘဝက အသန်မာဆုံးလဲ
ရထားဥသြဆွဲသံ
ရင်ထဲက ဖုထစ်ကမ်းပါးယံတွေအတွက် ဂီတ
ဘယ်မေးခွန်းမှ အပိုင်မရခဲ့ဘူး။ ။



ဝေးနှေ



www.burmeseclassic.com

www.burmeseclassic.com



# ဟာစ်ဗက်ကျ

BURMESE CLASSIC

* အကြွေစေ့လှန်သလို
ခေါင်းပြီးရင်
ပန်းဖြစ်သင့်ပါလျက်
ခေါင်းပြီးရင်း ခေါင်းဖြစ်ခဲ့တဲ့
ငါ့ဘဝ
ဒုက္ခတွေသာ အထပ်ထပ်ကျခဲ့တယ်။

* ကံဆိုးမ,သွားရာ
မိုးလိုက်လို့ရွာသလို
အမှောင်ဆုံးညတွေမှာ
ငါရှင်သန်ခဲ့ရတယ်။

* ရေစီးတစ်ခါ
ရေဆန်တစ်လှည့်ဆိုပေမယ့်
ရေဆန်ကိုချည်း ရုန်းခဲ့ရတဲ့
ငါ့ဘဝ
ခြေကုန်လက်ပန်းကျခဲ့တာလည်း
အခါခါ
မေခလာနတ်သမီးလည်း မလာခဲ့လို့
သေချာတဲ့ ခေါင်းဘက်ကပဲ
ကျူးခတ်နေမိတယ်။ ။



နန်းမျိုးဝင်း(စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com

# မှုခင်း POINT အမြင်

## မေတ္တာတရား



BURMESE CLASSIC

❊ ဘယ်နေရာရောက်ရောက်
ကြောင့်ကြမှုကင်းစင်။
❊ ဘယ်သူနဲ့တွေ့တွေ့
ချမ်းမြေ့ကြည်ရွှင်။
❊ ပြစ်မမြင်
ချစ်ခင်လှုအများ။
❊ တရားရှုမျှော်
တစ်ပါးသူ့အပေါ်
သနားပြုံသော် ကရုဏာပွား
မေတ္တာထား ကိုယ်စိတ်ဝမ်း
အေးချမ်းတကား။ ။

**သိန်းနိုင်ဦး (ပဲခူး)**



www.burmeseclassic.com

www.burmeseclassic.com



## တုပ်ကွေးဖျား

* သူကမေးတယ်
နေကောင်းလား
ငါကမေးတယ်
နေကောင်းလား
ကောင်းပါတယ်
မကောင်းဘူး
ဖျားချင်သလိုလိုပဲ
တလောက မကောင်းဘူး
အခုကောင်းသွားပြီ
အမေးအဖြေ စုံစုံညီညီနဲ့
ရာသီတစ်ပတ်လည်
အသက်တစ်နှစ်ကြီး
ခွန်းကြီးခွန်းငယ်နဲ့
ရက်စွဲတို့လည်ပတ်ခြင်းနောက်မှာ
ငါတို့စေတနာတွေ
နားဝင်ချိုခဲ့ကြတယ်
ရှိပါစေတော့
တုပ်ကွေးငှက်တစ်ကောင်ရဲ့ နားခိုခြင်းနဲ့
အပ်ဖျားတစ်ထောက်စာ အသားနာကျင်ခြင်းက
မေတ္တာတရားကို ထိရှအေးမြ သိစေသလို
ကိုယ်ခန္ဓာမရေရာခြင်းကိုလည်း သဘောပေါက်ခဲ့တယ်။ ။

ကျော်နေနိုင်
[ကျောက်ထပ်]



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အချစ်သင်ခန်းစာ အနှစ်ချုပ်

❁ "အချစ်....."တဲ့
အနှစ်မရှိတဲ့
သစ်သားတစ်ချောင်းပင်
အကောင်းမြင်စေတနာနဲ့
"ပန်းပုဆရာ"ရဲ့လက်တွင်း
သက်ဆင်းထုလုပ်
"ယမင်းရုပ်ကလေး"ဖြစ်လာနိုင်ပေမယ့်.....။

❁ "အချစ်....."တဲ့
အနှစ်အပြည့်နဲ့
သစ်သားတစ်ချောင်းလည်း
မကောင်းအစဉ် ညှီစော်နံနေတဲ့
"ဆီကြော်သည်"ရဲ့လက်တွင်း
သက်ဆင်းဖန်တီးကာ
"ထင်းမီးသွေးလေး"ဖြစ်ခဲ့ရရှာတယ်။ ။



မာန်အောင်မင်းနီ



www.burmeseclassic.com

www.burmeseclassic.com



# ရွေးချယ်မှု

❊ ငါဟာ.....
ပင်လယ်ကမ်းစပ်က
ခရုတစ်ကောင်.....။

❊ ရန်သူ့လက်ချက်နဲ့
မကြာခင် ငါသေမှာ
နေဦး.....နေဦး.....
မသေခင်ကလေး
ငါအစွမ်းရှိသလောက်
ခွန်အားဖျစ်ညှစ်
ငါ့အခွံကို ပိတ်ဆို့ပစ်ခဲ့မယ်။

❊ ကဲ.....''ဝင်ကစွပ်''ကောင်တို့ရေ
ဘယ်လိုနည်းနဲ့မှ
ငါ့အခွံထဲဝင်ပြီး
ငါ့ကိုယ်ပွား လုပ်လို့မရနိုင်တော့ဘူး
အယောင်မဆောင်ချင်စမ်းပါနဲ့။

❊ ငါသေသွားပေမယ့်
''ငါဟာ.....ငါပါပဲ''
ငါဟာ အတုအယောင်မဟုတ်တဲ့
ခရုတစ်ကောင်ဖြစ်ကြောင်း
ပင်လယ်ကမ်းစပ်သိတယ်။ ။



**ကောက်ပင်ညို**



www.burmeseclassic.com

www.burmeseclassic.com



# မြင့်မြတ်သူတို့နှလုံးသား



* အလင်္ကာ ပန်းခင်းထဲက စကား
မှုဝေသောလက်
သံစဉ်တေး ပုခက်နဲ့ကြို
အို.....အူဝဲနှင့်စ
လောကအလင်းသစ်
မာန်ဟုန်ဟစ် ကြွေးကြော်။
ထုဆစ်ပုံလောင်းခဲ့၍သာ။

* ရွှေလရယ်သာ
အမေ့မျက်နှာ ဝမ်းသာပီတိ
ဂွမ်းဆီထိသို့ ကြည်နူးပုံရိပ်
မေတ္တာစိတ်လျှင် ဝင်းပကြည်လင်
ရင်ခွင်ထဲကသား သွေးဖြူမြစ်တို့နဲ့ကြီးထွား
ကိုယ်ကျင့်တရားဝတ်ရုံ လွှမ်းခြုံနိုင်ဖို့
လမ်းပြလို့ လေ့ကျင့်ပေး
စာရိတ္တလက်ရေး
ဖတ်၊ တွေးမှတ်လို့
ဉာဏ်မြော်မြင်ဖျတ်လတ်ဖို့
သင်ယူတတ်မြောက်ခဲ့တယ်။

* အနာဂတ်ခရီးအတွက်
အက်ကြောင်းပေးနိုင်ခဲ့သူ
မုဒိတာ၊ အကြင်နာ၊ မေတ္တာရေစင်
ဖျန်းပေးနိုင်ခဲ့သူ
သံယောဇဉ် အလွန်ကြီးမြတ်သူ
ဆံပင်ဖြူသွားကျိုး
အပြုံးပန်းမျိုးနဲ့ သည်းခံခွင့်လွှတ်တတ်သူ
ဤဇမ္ဗူဦ အမေဟူသည်
တု၊ စံ၊ ပြိုင်ရှား ဂုဏ်ဒြပ်များနှင့်
မြင်းမိုရ်ထက်ကဲ စကြဝဠာထဲမှာ.....
စကြဝဠာထဲမှာ.....။ ။

**မျိုးကိုကိုထက်**[ပဉ်းမနား]



www.burmeseclassic.com

www.burmeseclassic.com



# ရင်ညွှင်းဖြစ်ဂီတသံ

❊ ဒီရက်ပိုင်းမှာ
နာမည်ကြီးတီးဝိုင်း
သီဆိုမည်ဟု ကြေညာထား။

❊ ရှုံဝင်ကြေး တစ်သောင်းကျော်
ဝါသနာကို လိုက်လျောနိုင်ဖို့
စဉ်းစားနေခိုက်။

❊ အိမ်လခနဲ့ ကြွေးစာရင်း
ဘယ်နေ့ပေးမလဲဆိုတဲ့
အိမ်ရှင်မရဲ့အသံ
ဆူညံစွာနဲ့ နားထဲဝင်ရောက်လာမှ။

❊ ရင်ထဲက ဂီတသံတွေဟာ
တကာယ့်ကို ပူလောင်မှုတွေနဲ့အတူ
ဆူညံသွားခဲ့ပြီ။ ။



**သိန်းခင်း**
(ကျောက်ပန်းတောင်

www.burmeseclassic.com





# ကိုညွန့်အောင် (ရွှေပန်းထိမ်)

# ကျားကင်း

၁၉၈၄ ခုနှစ်ဝန်းကျင်က အရက်အမူးလွန်လို့ ကျား ဆွဲခံရတဲ့ အဖြစ်အပျက်လေးတစ်ခုကို ယနေ့အချိန်ထိ အသက်ကြီးပိုင်းတွေက အမှတ်တရ ပြောနေကြတုန်းပဲ။ ဖြစ်ပုံက ဒီလိုပါ။ နေပြည်တော် ပျဉ်းမနားမြို့ရဲ့ အရှေ့ဘက် ၁၀မိုင်ခန့်အကွာမှာ အရှေ့ရိုးမတောင်ကြော တစ်ခုရှိတယ်။ အဲဒီတောင် ကြောရဲ့အောက်ခြေမှာ အင်းသာလို့ခေါ်တဲ့ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာက တောင်ခြေနဲ့နီးလို့ ညဆို တော ကောင်အန္တရာယ် စိုး ရိမ်ရတယ်။

ဒါကြောင့်မို့ ရွာရဲ့လုံခြုံရေးအတွက် တောင်ကင်း၊ မြောက်ကင်းဆိုပြီး ခပ်မြင့်မြင့်ကင်းတဲနှစ်လုံးဆောက် ထားပြီး ရွာထဲကို တောကောင်ဝင်ရင် အချက်ပေးလို့ ရအောင် သံချောင်းတစ်ခုစီ ချိတ်ဆွဲထားရတယ်။

ဒီကင်းတဲနှစ်လုံးမှာ ညစောင့်ကင်းသမား အမြဲ ထားရှိဖို့ရာကို ရွာထဲကအိမ်တွေအားလုံး သူ့အလှည့် ကျနဲ့သူ စောင့်ရတယ်။ ရွာရဲ့လုံခြုံရေးအတွက်မို့ ကင်း သမားတွေကို ဂရုစိုက်ကြရတယ်။ ကင်းသမားတွေ စားချင်တာကို ရွာထဲက စီစဉ်ပေးရတယ်။ အရက် ကြိုက်ရင် အရက်ထားပေးရတယ်၊ ကင်းသမား စုစု ပေါင်း လေးယောက်ရှိတယ်။ ကင်းတဲတစ်လုံးကို နှစ် ယောက်တစ်တွဲစီထားတယ်။ ညကင်းစောင့်ရတဲ့သူ တွေက နေ့အလုပ်သွားစရာမလိုဘူး။ အိပ်လိုက်၊ စား လိုက် လုပ်နေရုံပဲ။ သူတို့စားဖို့အတွက် ရွာလူကြီးက စီစဉ်ပေးရတယ်။ အဲဒီကုန်ကျစရိတ်ကို ကင်းကြေးဆို ပြီး တစ်အိမ်ကို တစ်လလျှင် တစ်ကျပ်နှုန်းပေးရတယ်။ ကင်းသမားတွေသောက်တဲ့ အရက်ဖိုးကလည်း ဒီထဲ ကပဲ သုံးတာပဲ။

ကင်းသမားတွေ သတိထားစောင့်ကြည့်ရမှာက ကျားသတ္တဝါပဲ။ ဒီကျားသတ္တဝါ ညညဆိုရင် ရွာရဲ့ ပတ်လေးလည်မှာ လှည့်ပတ်နေတဲ့အကောင်ပဲပတ်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတည်းမှာနေပြီး ချောင်းတဲ့အကောင်က ချောင်း၊ နည်းပေါင်းစုံနဲ့ ရွာထဲကမွေးထားတဲ့ ကျွဲ၊ နွား၊ ဝက်၊ ခွေး၊ ကြက် ရရာဝင်ဆွဲဖို့ စောင့်နေကြတာ။ ညဥ့်နက်သန်းခေါင်ကျော်ဆိုရင် ဒီကောင်တွေ လှုပ်ရှားစပြုကုန်ပြီ။ အဲဒီအချိန်မှာ သူတို့ဝင်ဆွဲဖို့ အခွင့်သာတာနဲ့ နီးရာအိမ်မွေးတိရစ္ဆာန်ကို ဝင်သုတ်တော့တာပဲ။ ဒီအချိန်မှာ အဆွဲခံရတဲ့အကောင်က ကြောက်လန့်တကြား အော်လိုက်တဲ့အသံကို ကင်းသမားတွေကြားတဲ့အချိန်မှာ သူတို့ကင်းတဲမှာ ချိတ်ဆွဲထားတဲ့ သံချောင်းကို အဆက်မပြတ်တီးတော့တာပဲ။

ကင်းသမားတွေ တီးလိုက်တဲ့အသံကြောင့် အိပ်နေတဲ့ ရွာသူရွာသားတွေ လန့်နိုးပြီး ကိုယ့်အိမ်ရှိသမျှ နီးစပ်ရာ ဒန်အိုး။ ဒယ်အိုး၊ စလောင်းဖုံး၊ သံပုံး၊ ဝါးလက်ခုပ် အသံမြည်တဲ့အရာ ရရာဆွဲတီးရတယ်။ တစ်ရွာလုံး ဒီလိုတီးလိုက်မှ အသံပေါင်းစုံဆူညံပြီး ရွာအပြင်မှာ လှည့်ပတ်နေတဲ့ကျား၊ တစ်နေရာတည်းမှာ ချောင်းနေတဲ့ကျား၊ သားကောင်ဝင်ဆွဲတဲ့ကျား အားလုံးလန့်ဖျပ်ပြီး တောစပ်ကို ပြန်ပြေးတော့တာပဲ။

တိရစ္ဆာန်တစ်ကောင်ရဲ့ စူးစူးဝါးဝါးအော်သံကြောင့်သာ ရွာထဲကျားဝင်နေပြီဆိုတာသိရလို့ ကင်းသမားတွေက သံချောင်းတီးရတာ။ ဘယ်နေရာမှာကျားရောက်နေတယ်ဆိုတာကို အတိအကျ မသိကြဘူး။ တစ်ခါတလေ လသာတဲ့ညဆိုရင်တော့ အိမ်ရဲ့ဝါးထရံပေါက်ကနေ ချောင်းကြည့်ရင် မြင်တွေ့ရတယ်။ ရွာသူရွာသားတွေကလည်း ကင်းသမားတွေတီးတဲ့သံချောင်းသံကြားလို့သာ လိုက်တီးကြတာ။ ကျားဘယ်နားကစဝင်တယ်၊ ဘယ်နေရာမှာရောက်နေတယ်ဆိုတာကို သိကြတာမဟုတ်ဘူး။ ဒါ့ကြောင့် သံပုံးတွေသာ တီးနေကြတာ။ အိမ်ပေါ်ကအိမ်အောက် ဘယ်သူမှဆင်းရဲကြတာမဟုတ်ဘူး။ မနက်လင်းတော့မှ ညကဝင်ဆွဲသွားတာ ဘယ်သူ့အိမ်ဆိုတာ သိကြရတာ။

အင်းသာမှာနေတဲ့ ရွာသူရွာသားတွေနဲ့ ကင်း
သမားတွေကတော့ ရွာထဲ
ကျားဝင်ရင် သံချောင်းတီး တာတို့၊
သံပုံးခေါက်တာတို့၊
လေးခွနဲ့ပစ်တာတို့ကလွဲပြီး
ကျန်တာဘာမှမလုပ်တတ်ဘူး။
ကျားမိတယ်ဆိုတာကလည်း
ကျားဖမ်းအဖွဲ့က ....

အဲဒီလိုပဲ တောင်ကြောနဲ့နီးတော့ ရွာထဲကို ကျားက မကြာခဏဝင်တယ်။ ဝင်တဲ့ကျားကို ထောင်ဖမ်းကြပေမယ့်လည်း တစ်လမှ တစ်ကောင်၊ နှစ်ကောင်ခန့်သာ ရကြတာ။ များများမိဖို့မလွယ်ဘူး။ ကျားကလည်း အင်မတန်အကင်းပါးတဲ့အကောင်။ အနံ့ခံတာ အထူးကျွမ်းကျင်တယ်။ ရွာထဲက တိရစ္ဆာန်မွေးတဲ့အိမ်ဝန်းကျင်ပဲ သူတို့ကပ်ကြတာ။ မမွေးတဲ့အိမ်ဆိုရင် အချိန်ကုန်ခံပြီး ကပ်လေ့မရှိကြဘူး။ ပြီးတော့ သားကောင်အပိုင်ရမယ်ဆိုရင် သားကောင်ရဲ့အနီးအနားကနေပြီး ဘယ်မှမသွားဘဲ စိတ်ရှည် သည်းခံစွာ စောင့်လေ့ရှိတယ်။

ကျားမိတယ်လို့ အသံကြားရင် ကျားဖမ်းတဲ့အဖွဲ့ ဘယ်အဖွဲ့ကမိမိ တစ်ရွာလုံး အောင်ပွဲခံတဲ့အနေနဲ့ တပျော်တပါးချက်ပြုတ်ပြီး အရက်နဲ့မြည်းကြတာပဲ။ အဲဒီအချိန်မှာ အရက်မသောက်တတ်တဲ့သူတွေလည်း ဝင်သောက်ကြတာပဲ။ ဒီလိုဝင်သောက်ရင်းနဲ့ သောက်တတ်သွားကြတာပဲ။ ကျားသားချက်ပြုတ်နေကြပြီး



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကျားရဲ့ သားရေတို့၊ အရိုးတို့ကိုတော့ တန်ဖိုးရှိမှန်း မသိကြဘူး။ ဟိုနားထား၊ ဒီနားထားပဲ ဒီအတိုင်း ပစ်ထားကြတာ။ တချို့ကတော့ ကျားသားရေကို နေရာထိုင်ခင်းလုပ်ပြီး အရိုးကို မကိုက်တတ်တဲ့ခွေးကို သွေးတိုက်ကြတယ်။ အဲဒီလို ကျားရိုးသွေးတိုက်ခံရတဲ့ ခွေးက ပိုကိုက်တယ်လို့ဆိုတာပဲ။

အင်းသာမှာနေတဲ့ ရွာသူရွာသားတွေနဲ့ ကင်းသမားတွေကတော့ ရွာထဲကျားဝင်ရင် သံချောင်းတီးတာတို့၊ သံပုံးခေါက်တာကို့၊ လေးခွနဲ့ပစ်တာတို့ကလွဲပြီး ကျန်တာဘာမှမလုပ်တတ်ဘူး။ ကျားမိတယ်ဆိုတာကလည်း ကျားဖမ်းအဖွဲ့က လာဖမ်းပေးလို့မိတာပဲ။ ကျားဖမ်းတဲ့လူ လေးယောက်ရှိတယ်။ နှစ်ယောက်ကို တစ်ဖွဲ့ဖွဲ့ထားပြီး တစ်ဖွဲ့က ရွာရဲ့တောင်ဘက်ခြမ်းကင်းတဲနားမှာ နေရာယူပြီး ကျန်တစ်ဖွဲ့က ရွာရဲ့မြောက်ဘက်ခြမ်းရှိ ကင်းတဲနားမှာ နေရာယူတယ်။ သူတို့က အမြဲတမ်းဖမ်းမပေးနိုင်ဘူး။ အလုပ်အားတဲ့အခါမှာသာ ဖမ်းပေးနိုင်တာ။ အဲဒီကျားဖမ်းတဲ့ လေးယောက်ထဲမှာ အတော်ဆုံးက ဖိုးငိုဆိုတဲ့လူပဲ။ သူက လူပျိုလူလွတ် တစ်ယောက်တည်းသမားပဲ။

ဖိုးငိုက အင်းသာရွာနဲ့ နှစ်မိုင်ခန့်သာဝေးတဲ့ ဇီးရိုင်းက။ သူ့မှာ ဆွေမျိုးအသိုင်းအဝိုင်းမရှိဘူး။ မိဘတွေကလည်း သူငယ်ငယ်ကတည်းက ဆုံးသွားကြတယ်။ ဒါ့ကြောင့် တစ်ယောက်တည်းသမားဖြစ်နေတာ။ မိတ်ဆွေအပေါင်းအသင်းတော့ အတော်စုံတယ်။ လူချစ်လူခင်ပေါတယ်။ စားဝတ်နေရေးအတွက် တောင်သူလုပ်ငန်းလုပ်တယ်။ သူလုပ်တဲ့ ယာမြေတွေက အခုခေတ်လို ပိုက်ဆံပေးဝယ်စရာမလိုဘူး။ ကိုင်းတိုးယူရုံပဲ။ ကိုယ်တိုးနိုင်ရင် တိုးနိုင်သလောက်ရတယ်။ ကိုင်းတိုးတယ်ဆိုတာက အပင်မျိုးစုံပေါက်နေတဲ့ မြက်ရိုင်းတောကို ခုတ်ထွင်ရှင်းလင်းပြီး တောမီးရှို့ယူရတာမျိုးပဲ။ တောင်ခြေနဲ့နီးတဲ့ရွာအားလုံး လယ်ယာမြေတွေကို ဒီလိုနည်းနဲ့ လုပ်ယူကြရတယ်။

ဖိုးငို အပေါင်းအသင်းစုံတဲ့အထဲမှာ ကျားမုဆိုးသုံးယောက်လည်းပါတယ်။ အဲဒီကျားမုဆိုးတွေနဲ့ပေါင်းမိပြီး သူလည်းကျားမုဆိုးဖြစ်လာတယ်။ ဒါကြောင့် အင်းသာရွာ ကျားဖမ်းတဲ့အခါမှာ သူလည်း အမြဲတမ်းအဖွဲ့ဝင် ဖြစ်သွားပြီး နောက်တော့သူလည်း မုဆိုးတစ်ပိုင်းဖြစ်သွားတယ်။ အစက ဖိုးငို အရက်မသောက်တတ်ဘူး။ အင်းသာရွာမှာ မိတဲ့ကျားကို ချက်စားရင်းနဲ့ အရက်ပါသောက်ဖြစ်သွားရော။ ဒီနောက်တော့ ကျားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အရက်တော့ပုံမှန်သောက်ဖြစ်သွားတာပဲ။

အဲဒီလို အရက်ပုံမှန်သောက်နေရတော့ သူ အင်းသာရွာမှာ ပျော်နေတယ်။ သူ့ဇာတိ ဇီးရိုင်းရွာလည်း မပြန်ဖြစ်တော့ဘူး။ အရက်လည်း တစ်စစနဲ့ပိုသောက်လာတယ်။ အသောက်ဘက်မှာ အားသန်လာတော့ လယ်ယာမြေလည်း ပြန်မကြည့်နိုင်လို့ တခြားသူကို သီးစားချထားရတယ်။ သီးစားဆိုတာက ကိုယ်တိုင်လုပ်သလောက်တော့ မရဘူးပေါ့။ သူလုပ်သလောက်၊ သူပေးသလောက်နဲ့ပဲ လက်ခံယူရတာ။ တစ်ခါတလေ အသီးအနှံများများရပါလျက်နဲ့ နည်းနည်းပဲရလို့ ဒီနှစ်တော့ လျှော့ယူပါဆိုလည်း လက်ခံရတာပဲ။ တစ်နှစ်ထက်တစ်နှစ် သီးစားခရတဲ့ငွေက စားမလောက်တော့ မိဘတွေလက်ထက်က စုဆောင်းထားတာလေးတွေကို ထုခွဲရောင်းချ စားသောက်ရတယ်။ ဒီလိုနဲ့ လယ်ယာမြေနဲ့ အိမ်ဝိုင်းပါကုန်ရော။

တစ်ယောက်တည်းသမားလည်းဖြစ်၊ အလုပ်အကိုင်လည်း အတည်တကျမရှိတော့ ဖြစ်သလိုနေ၊ ဖြစ်သလိုစားရင်းနဲ့ အချိန်တွေက တရွေ့ရွေ့ကုန်ဆုံးသွားပြီး ဖိုးငိုကနေ ကိုဖိုးငိုဖြစ်လာတယ်။ ကိုဖိုးငိုဖြစ်လာတော့ သူ့မှာ နေစရာအိမ်မရှိတော့ဘူး။ ဒါကြောင့်မို့ ရွာလူကြီးက သူ့ကို 'မြောက်ကင်းတဲမှာ တစ်

www.burmeseclassic.com



ယောက်တည်းစောင့်ဖို့ ပင်တိုင်ကင်းသမားအဖြစ် ခန့်အပ်ထားလိုက်တယ်။ ပင်တိုင်ကင်းသမားဖြစ်သွားတော့ နေစရာအဆင်ပြေသလို စားစရာလည်း မပူပင်ရတော့ဘူး။ နောက်ပြီး ရွာထဲက ညအချိန်မတော်ဖြတ်သန်းသွားလာတဲ့ လှည်းမှန်သမျှ ရွာဝင်ကင်းနဲ့ ရွာထွက်ကင်းမှာရှိတဲ့ ညစောင့်ကင်းသမားတွေကို လက်ဆောင်ပစ္စည်း တစ်ခုခုပေးပြီးမှ သွားခွင့်ရတယ်ဆိုတဲ့ အခွင့်အရေးကိုလည်း ကင်းသမားတွေ ရထားတယ်။

ကိုဖိုးငို ကင်းတဲမှာ အဆင်ပြေပြေနေရတော့ အရက်ကို ခါတိုင်းထက်ပိုသောက်လာသလို သူတာဝန်ကျတဲ့ မြောက်ကင်းတဲမှာလည်း ညစဉ်ညတိုင်း သောက်ဖော်သောက်ဖက်တွေနဲ့ အမြဲစည်ကားလို့နေတယ်။ အဖော်အပေါင်းအသင်းများတော့ သူတိုက်ကိုယ်တိုက် တိုက်ကြရင်း အသောက်လွန်၊ အမူးလွန်တဲ့ညတွေက များနေလို့ ရွာလူကြီးက သူ့ကိုခေါ်ယူသတိပေးရတဲ့အထိ ဖြစ်လာတယ်။ ရွာလူကြီးကိုတော့ သူရိုသေတယ်၊ လေးစားတယ်။ ဒါကြောင့်မို့ ရွာလူကြီး သူ့ကိုလာသတိပေးတိုင်း ဟုတ်ကဲ့၊ ကျွန်တော်နောက်ဆို လျှော့သောက်ပါ့မယ်လို့ ရိုရိုသေသေပြောလေ့ရှိတယ်။ ဒီလိုပြောပေမယ့်လည်း တကယ်တမ်းကျတော့ လျှော့သောက်တဲ့ရက်ရယ်လို့ မရှိသလောက်ပါပဲ။

အဲဒီလို အရက်သမားအပေါင်းအသင်းတွေနဲ့ ကင်းတဲမှာ သောက်စားမူးယစ်နေတော့ ညကင်းစောင့်ရတဲ့တာဝန်ကို မေ့လျော့ပြီး ကင်းတဲမှာပဲ အပေါင်းအသင်းတွေနဲ့ နေချင်သလိုနေ၊ အိပ်ချင်သလို အိပ်နေတော့ သူတာဝန်ကျတဲ့ ကင်းတဲရဲ့အနီးအနားမှာရှိတဲ့အိမ်က တိရစ္ဆာန်ကို ကျားဝင်ဆွဲတာတောင် သူမသိလိုက်ဘူး။ ဒီလိုသားကောင်တွေ ခဏခဏ အဆွဲခံရတော့ ကင်းသမားရှိပြီး ရွာထဲကျားဝင်တာတောင် မသိရဘူးဆိုပြီး သားကောင်အဆွဲခံရတဲ့အိမ်တွေက မကျေနပ်လို့ လူကြီးကိုသွားပြောတယ်။ ဒီတော့ လူကြီးက ကိုဖိုးငိုကို ကင်းတဲမှာ အရက်မသောက်ဖို့၊ သောက်ချင်ရင် ရွာထဲမှာသောက်ဖို့ ပြောရတော့တာပေါ့။

ရွာလူကြီးက ကိုဖိုးငိုကို ကင်းတဲမှာ အရက်မသောက်ဖို့ပြောပြီးနောက်ပိုင်း အရက်ကြိုက်၊ အရက်စွဲနေတဲ့ အပေါင်းအသင်းတွေက ကင်းတဲကို မလာရဲတော့ဘူး။ ဒီတော့ ကိုဖိုးငိုပျင်းတယ်။ ဒါကြောင့် အပေါင်းအသင်းတွေရှိတဲ့နေရာကို လိုက်သောက်တယ်။ ဒီလိုအပေါင်းအသင်းတွေနဲ့ လိုက်သောက်နေတော့ ကင်းတဲကို ညအချိန်မတော်မှ ပြန်ရောက်တယ်။ အစားထက် အသောက်ဘက်မှာ အားသန်နေတော့ လူလည်း မူလရုပ်မရှိတော့ဘူး။ ဘုရားစောင်းတန်းတွေမှာထားတဲ့ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ရုပ်တုတွေထဲက သူအိုရုပ်တုနဲ့ တူနေပြီ။ ရွာထဲက လူကြီးသူမတွေက လျှော့သောက်ဖို့ ပြောကြတာပဲ။ သူက

> ဒီလိုအပေါင်းအသင်းတွေနဲ့
> လိုက်သောက်နေ တော့
> ကင်းတဲကို ညအချိန်မတော်မှ ပြန်ရောက်တယ်။
> အစားထက် အသောက်ဘက်မှာ
> အားသန်နေတော့
> လူလည်း မူလရုပ်မရှိတော့ဘူး
> ဘုရားစောင်းတန်းတွေ မှာထားတဲ့
> သူအို၊ သူနာ၊ သူသေ၊ ရဟန်း ရုပ်တု တွေထဲက.....



www.burmeseclassic.com

www.burmeseclassic.com



တော့ ဟုတ်ကဲ့ပါခင်ဗျာလို့ ရိုရိုသေသေပြောတာပဲ။ ါပေမဲ့လည်း အသောက်ကတော့ လျှော့မသွားဘူး။ အရက်က လူကိုနိုင်နေပြီလေ။

ကင်းတဲမှာသာနေတာ။ အရက်က လူကိုနိုင်နေတော့ ကင်းတဲရဲ့ အချက်ပေးသံချောင်း မခေါက်နိုင်သလို နာရီလည်း ထိုးမပေးနိုင်ဘူး။ ဒီတော့ အချိန်နာရီသိချင်တဲ့သူတွေက တောင်ကင်းက အချက်ပေးနာရီသံကို နားစွင့်ရတယ်။ အိမ်ရှင်မတွေက ဒီကင်းတဲရဲ့ အချက်ပေးနာရီသံကို နားထောင်ပြီးမှ ချက်ရေးပြုတ်ရေး ထလုပ်ကြရတယ်။ တစ်ခါတလေ ကင်းတဲက အချက်ပေးနာရီ မထိုးမိရင် အိပ်ရာထနောက်ကျကြတယ်။ အဲဒီအချိန်တုန်းက နာရီဆိုတာ ကင်းသမားတက်ထဲမှာပဲ ရှိကြတာဆိုတော့ ကင်းသမားထိုးပေးတဲ့နာရီသံကိုပဲ အသိအမှတ်ပြုကြရတာ။

တစ်ည ကိုဖိုးငိုတစ်ယောက် ရွာထဲက အရက်ဆိုင်မှာ အပေါင်းအသင်းစုံလို့ဆိုပြီး သောက်လိုက်ကြတာ ပုဆိုးမနိုင်၊ ပဝါမနိုင်ဘဲ အချိန်အတော်လေးနောက်ကျမှ သူနေတဲ့ကင်းတဲကို ပြန်ရောက်တယ်။ သူကလည်း တအားမူးပြီး ဒယီးဒယိုင်နဲ့ဆိုတော့ ကင်းတဲပေါ်ကို မတက်နိုင်ဘူး။ ဒီတော့ ကင်းတဲအောက်မှာ အိပ်တယ်။ တစ်ရွာလုံးတိတ်ဆိတ်လို့။ တောင်ကင်းတဲက အချက်ပေးသံချောင်းခေါက်သံနဲ့ နာရီထိုးသံကလွဲလို့ ဘာသံမှမကြားရတော့။ အချိန်က နံနက် ၃ နာရီခွဲ၊ ကြက်ဦးတွန်ချိန်။

နံနက် ၄ နာရီ လင်းကြက်တွန်ချိန်လည်းရောက်ရော မြောက်ကင်းတဲက ကိုဖိုးငိုရဲ့ စူးစူးဝါးဝါးအော်သံက တိတ်ဆိတ်ငြိမ်သက်နေတဲ့ အင်းသာရွာလေး တုန်လှုပ်ချောက်ချားစရာဖြစ်သွားတယ်။ ရွာထဲက အားလုံး ဒီအသံကိုကြားလို့ ရင်တုန်ပန်းတုန်ဖြစ်တယ်။ အဲဒီအချိန်မှာပဲ တောင်ကင်းတဲက ရွာထဲ င်နေပြီဆိုတဲ့ အချက်ပေးသံချောင်း တဒေါင်ဒေါင်တီးတဲ့အသံ ထွက်ပေါ်လာတယ်။ ဒီနောက်တော့ တစ်ရွာလုံး အိမ်ရှိသမျှ နီးစပ်ရာ ဒန်အိုး၊ ဒယ်အိုး၊ စလောင်းဖုံး၊ သံပုံး၊ ဝါးလက်ခုပ် အသံမြည်တဲ့အရာရာဆွဲတီးလိုက်ကြတာ အသံပေါင်းစုံ ဆူညံသွားတော့တာပဲ။

တစ်ရွာလုံး ဆူညံသံတွေ တိတ်ဆိတ်ငြိမ်သက်တဲ့ နံနက် ၄ နာရီ ၃၀ မိနစ် ရောင်နီပေါ်ချိန်လောက်မှာ တောင်ကင်းက ကင်းသမားနှစ်ယောက်နဲ့ ရွာလူကြီးအပါအဝင် ရွာသားအချို့ စုပေါင်းပြီး စောစောက အော်သံကြားတဲ့ ကိုဖိုးငိုရှိရာ မြောက်ကင်းတဲကို စိုးရိမ်တကြီး သွားကြည့်ကြတော့ ကိုဖိုးငိုကို မတွေ့တော့ဘူး။ ဒီတော့ အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်တာပေါ့။ ဒါနဲ့ နေရာအနှံ့ လိုက်ရှာကြတော့ ရွာရဲ့ခြံစည်းရိုးအစပ်မှာ ကျားဆွဲခံထားရတဲ့ဒဏ်ရာတွေနဲ့ တွေ့ကပါလေရော။ ဒါနဲ့ အားလုံးက စောင်ပုခက်ထဲထည့်ထမ်းလို့ မြို့ဆေးရုံကိုအသွား လမ်းမှာပဲ ဇီဝိန်ချုပ်ငြိမ်းသွားတယ်။

ဒီအဖြစ်အပျက်လေးက ပြာသိုလ ခွာညိုပန်းတွေပွင့်တဲ့အချိန်မှာ ဖြစ်ခဲ့တာပါ။ ဒါကြောင့်မို့ အင်းသာရွာမှာရှိတဲ့ အသက်ကြီးပိုင်းတွေက ခွာညိုပန်းလေးတွေမြင်တိုင်း ကင်းသမား ကိုဖိုးငိုကို သတိရကြတယ်လို့ ဆိုတယ်။ ယနေ့အချိန်မှာတော့ အရှေ့ရိုးမတောင်ကြောတစ်လျှောက်မှာရှိတဲ့တောတွေလည်း ပြုန်းတီးကုန်လို့ ကျားသတ္တဝါတွေလည်း မရှိတော့သလို ကျားကင်းလည်း မရှိတော့ပါဘူး။

**ကိုညွန့်အောင် (ရွှေပန်းထိမ်)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## ဆိတ်ကွယ်ရာမရှိတဲ့ပုဏ္ဏား

အောင်သာကျော်

မြို့သာမှ ထွက်လာခဲ့သည်မှာ မိနစ်သုံးဆယ်ကျော်ကြာခဲ့ပြီ။ နောက်ထပ် ငါးမိနစ်သာသာခန့် ဆက်နင်းသည်နှင့် အန္တရာယ်စက်ကွင်းကို ဖြတ်သန်းရပေတော့မည်။ စက်ဘီးကို နင်းချက်မှန်အောင်နင်းရင်း ဟိုဟိုသည်သည်ကို မျက်စိ ကစားနေမိသည်။ ဘမာပင်တန်းကိုပင် ရောက်လာပါပြီကောဆိုသည့် အသိက ဝင်းလှိုင်၏ ရင်ကို လာ ရောက်ရိုက်ခတ်သည်။ ဝင်ရောက် ရိုက်ခတ်လာသည့် အာရုံတို့ကို ဖယ်ရှားပစ်လိုက်ရင်း မိမိစိတ်အစဉ်ကို တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် အာရုံတို့ကို စုစည်းချုပ်တည်းနေမိသည်။ သည်ကြားထဲ မြို့သာက မထွက်ခင် သူငယ်ချင်း နိုင်ခင်ရွှေ ပြောလိုက်သည့်စကားပြန်လည် ကြားယောင်လာမိသည်။



“ဟေ့ကောင် ဝင်းလှိုင်၊ နေ တောင်စောင်းတော့မယ်၊ မနက်ကျမှပြန်ပါလား၊ မင်းတို့ညောင်လှရွာ မရောက်ခင် ဖြတ်သွားရမယ့် အန္တရာယ်စက်ကွင်းက ညောင်ပင်အိုကြီးက အတော်လေးကို ချောက်ချားစရာကောင်းတယ်”

သူငယ်ချင်း နိုင်ခင်ရွှေတစ်ယောက် အန္တရာယ်စက်ကွင်းနှင့် ပတ်သက်သည့်အကြောင်းများကို ကြားဖူးနားဝရှိနေခဲ့သဖြင့် ထိန်းထိန်းသိမ်းသိမ်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ ဝင်းလှိုင်သည် အန္တရာယ် စက်ကွင်းနှင့်ပတ်သက်သည့် အကြောင်းတို့ကို မသိ၍ မဟုတ်။ ညောင်လှရွာသားပဲ။ ညောင်လှရွာနှင့် ဆက်စပ်ဖြစ်ပေါ်နေသမျှ ပတ်ဝန်းကျင် အကြောင်းတွေကို သိသမှ သိပ်သိ။ ဝင်းလှိုင်က အန္တရာယ် စက်ကွင်းနှင့်ပတ်သက်၍ ကြားဖူးနားဝရှိနေမိခဲ့သော်လည်း ကိုယ်တိုင်ကိုယ်ကျ တစ်ကြိမ်တစ်ခါမျှ မကြုံရဖူးသဖြင့် သိပ်မယုံချင်လှပေ။ ပြီးတော့ ဝင်းလှိုင်က စာတိုပေစ အလွန်ဖတ်လေ့ရှိသူ။ ဗဟုသုတ တွေက များလှသလို စာဖတ်အားက လမ်းညွှန်ပြသည့်အတိုင်း မိမိစိတ်တန်ခိုး တိုးတက်ရေးအတွက်

www.burmeseclassic.com



ရွာအဲ့ရှေ့ဘက် တောင်ကုန်းမြင့်မြင့်လေးပေါ်တွင် တည်ထားသည့် စေတီတော်လေးထံပါး သားရေချပ်လိပ်ကလေးတစ်ခုအား အဖော်ပြုကာ သွားလေ့ရှိခဲ့သည်။

သားရေချပ်လိပ်လေးကို ဖြန့်ခင်းထိုင်ကာ မိမိ၏စိတ်တန်ခိုး တိုးတက်ရေးအတွက် ကျင့်ကြံပွားများအားထုတ်လေ့ရှိသူ ဝင်းလှိုင်မှာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိနေသည်။ သို့သော် နေရောင်ခြည် ပင်လျှင် တမာပင်ထိပ်ဖျားတို့ကို ကုတ်တွယ်နေသည့်အနေအထား ရှိနေပြီဖြစ်သဖြင့် အမှောင်ထုကျရောက်လာတော့မည့်အနေအထားသို့ ရောက်နေပြီဖြစ်သည်။ ခပ်လှမ်းလှမ်းသို့ လှမ်းမျှော်ကြည့်လိုက်မိတော့ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည့် ညောင်ပင်ကြီးကို တွေ့လိုက်ရသည်။ ဝင်းလှိုင် မည်သည့်စိတ်ပျံ့လွင့်မှုအတွေးတို့ကိုမှ အဝင်မခံတော့ဘဲ စက်ဘီးဘားတန်းတွင် ကပ်လျက်သားတည်ရှိနေသည့် စက်ဘီးလေထိုးပိုက်ကို လက်ဖြင့် စမ်းကြည့်လိုက်သည်။ လေထိုးပိုက်ကို စမ်းမိသည်နှင့် ဝင်းလှိုင်မျက်နှာ ဝင်းလက်တောက်ပသွားကာ စက်ဘီးကို ပုံမှန်ဆက်နင်းနေမိဖြစ်သည်။

**အုပ်အုပ်ဆိုင်းဆိုင်း
ရှိနေသည့်
ညောင်ပင်ကြီးအနီးသို့
ရောက်လာသည်တွင်
နန္ဒင်းနံ့က
နှာခေါင်းအတွင်းသို့
ဝင်ရောက်လာရာ
ဝင်းလွင်စိတ်တွင်
အားငယ်မှုလွှမ်းမိုးသွားပြီး
ဟိုဟိုသည်သည်
မျက်လုံးကစားမိသည်။
မထင်မှတ်ဘဲ
တောင်ဘက်ဆီမှ....**

ညောင်လုရွာသားတို့ ညနေ
စောင်းပြီ၊ မှောင်ရီပျိုးပြီဆိုသည်နှ
အန္တရာယ်စက်ကွင်းဟု သိနားလည
ထားကြသည့် အုပ်အုပ်ဆိုင်းဆိုင်
ညောင်ညိုပင်ကြီးရှိရာသို့ မလှမ်း
လောက်အောင် ရှိနေကြသည်
တစ်နေ့ ရွာထဲမှ ရွာသားတ
ယောက်ဖြစ်သည့် ဝင်းလွင်တ
ယောက် မြို့သာမှအပြန်တွင်
ငယ်ချင်းများက လက်ဆောင်ပေ
လိုက်သည့် အမဲသားတွဲများကို ခြ
ထဲတွင်ထည့်ကာ စက်ဘီးကယ်
ယာပေါ်တင်ပြီး ကြိုးနှင့်ဆိုင်းထ
ပြီးမှ စက်ဘီးကို ညောင်လုရွာ
သို့ ဦးတည်ကာ နင်းလာခဲ့သည
ရွာနှင့်နီးလာလေလေ စက်ဘီးက
ခပ်သွက်သွက်နင်းမိလေရှိနေခဲ့
မှောင်ရီပျိုးစအချိန်သို့ ရောက်လာ
ပေရာ လူလုံးသဲသဲကွဲကွဲ မြင်နိုင်
စွမ်းမရှိတော့သည့် အနေအထားသို့
ရောက်လာသည်။ အုပ်အုပ်ဆိုင်း
ဆိုင်းရှိနေသည့် ညောင်ပင်ကြီးအနီး
သို့ ရောက်လာသည်တွင် နန္ဒင်းနံ့
က နှာခေါင်းအတွင်းသို့ ဝင်ရောက်
လာရာ ဝင်းလွင်စိတ်တွင် အားငယ်
မှု လွှမ်းမိုးသွားပြီး ဟိုဟိုသည်သည်
မျက်လုံးကစားမိသည်။ မထင်မှတ်
ဘဲ တောင်ဘက်ဆီမှ ဒေါ်တိုက်
ခတ်နှုန်း မြင့်မားသွားသဖြင့် ညောင်
ရွက်များလှုပ်ခတ်သံ တရှဲရှဲက ပို

www.burmeseclassic.com



၍သွက်လာသည်။ ဝင်းလွင်မှာ ညောင်ပင် ပင်စည်လုံးပတ်ဆီသို့ မျက်စိရောက်သွားမိသည်တွင် ညောင်ပင် ပင်စည်လုံးကို ဖက်တွယ်လျက် အောက်ဘက်သို့ ဖောက်ထိုးဆင်းကျလာသည့် နီနီရဲရဲ ခန္ဓာကိုယ်ကြီးတစ်ခုကို တွေ့လိုက်ရသည်။

ဆံပင်မွေးများမှာ ရှည်လျားလွန်းလှသဖြင့် ဦးခေါင်းနှင့်မျက်နှာကို မမြင်ရပေ။ ခန္ဓာကိုယ်ကြီးမှာ ထွားကျိုင်းလှပြီး ကိုယ်သားကိုယ်ရေက ရဲရဲနီလို့နေသည်။ ဝင်းလွင် စက်ဘီးပေါ်မှခုန်ချကာ.....

“အမယ်လေး.... ကယ်ကြပါဦး၊ သရဲ..... သရဲ”

ဟု အသံကုန် အော်ဟစ်ရင်း ညောင်လှရွာဆီသို့ ဦးတည်ပြေး တော့သည်။

အူယားဖားယား ပြေးလွှားရင်း အသံနက်ကြီးဖြင့် အော်ဟစ်အကူ အညီတောင်းလာသော ဝင်းလွင်ကြောင့် ရွာသားများလည်း ဓားဆွဲ၊ တုတ်ဆွဲဖြင့် ရရာလက်နက်စွဲကိုင်ကာ ညောင်ပင်ရှိရာသို့ အပြေးအလွှားလိုက်လာကြသည်။ ညောင်ပင်ခြေရင်းတွင် လဲလျက်သားရှိနေသည့် စက်ဘီးကို တွေ့လိုက်ကြရသည်။ ညောင်ပင်၏ပင်စည်တွင် သွေးများပေကျံလျက်ရှိနေသည်။ ခြင်းထဲတွင် ထည့်ယူလာခဲ့သော အမဲသားတွဲကိုတော့ မတွေ့ရတော့ပေ။ ဝင်းလွင်လည်း ကြောက်ဒူးများ တဆတ်ဆတ်တုန်နေမိသည်။ ရွာသားများလည်း မိမိတို့ ထင်ရာမြင်ရာကို ပြောနေမိကြသည်။ ထိုအထဲတွင် ပထမအကြိမ် ကိုယ်တွေ့ကြုံခဲ့ရဖူးသည့် ခင်မောင်အေးပြန် ပြောပြနေသည်က ပို၍ပင် ကြက်သီးထစရာကောင်းနေသည်။



“ဟာ.....ဟုတ်တယ်ဗျ၊ ဝင်းလွင်ပြောတာ ဟုတ်တယ်၊ ကျွန်တော့်တုန်းကလည်း နီနီရဲရဲခန္ဓာကိုယ်ကြီး ညောင်ပင်ပေါ်က ဖောက်ထိုးဆင်းလာပြီး အမဲသားတွဲကို ဆတ်ခနဲ လုဝင်ဆွဲတယ်၊ မြန်လိုက်တာဗျာ၊ အမဲသားတွဲကိုလည်း ရပြီးရော ညောင်ပင်ပေါ် လွှားခနဲ ပြန်ခုန်တက်သွားတယ်၊ ကျွန်တော် သေသေချာချာကြည့်လိုက်တော့ တစ်ကိုယ်လုံး နီစပ်စပ်နဲ့၊ ပြီးတော့ နည်းတဲ့ကောင်ကြီးမဟုတ်ဘူး၊ ဒါနဲ့ ကျွန်တော်လည်း ထပ်မကြည့်ရဲတော့ဘဲ ရွာဘက်ကို တစ်ချိုးတည်း လစ်ရတော့တာပဲဗျ”

လက်တွေ့ကြုံရသူ ခင်မောင်အေးက သူကြုံတွေ့ခဲ့ရသည်ကို ပြန်ပြောပြနေသလို အချို့ကြားဖူးနားဝရှိသူများကလည်း.....

“ဒီလောက် နီနီရဲရဲနဲ့ အကောင်ကြီးပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုနေကြမှတော့ သရဲမဖြစ်နိုင်ဘူးထင်တယ်၊ ဘီလူးဖြစ်ရမယ်ဗျ''

''တောက်တီးတောက်တဲ့ဗျာ၊ ဘယ့်နှယ် ညောင်ပင်မှာ ဘီလူးက လာသောင်းကျန်နေမှာလဲ၊ ဘီလူးဆိုတာ ကာတွန်းစာအုပ်တွေထဲမှာသာ ကလေးတွေလန့်အောင် ပုံဖော်ပြထားတာ၊ အေး...ယုံချင်ယုံ၊ မယုံချင်နေ၊ ညောင်ပင်ဆိုတာက ရုက္ခစိုးရှိတယ်၊ ဒီလိုမကောင်းဆိုးဝါးကောင်တွေဖြစ်တဲ့ ဘီလူးတို့၊ သရဲတို့ ဘယ်လိုလုပ်ရှိရမှာလဲ''

''ခင်ဗျားကသာပြောနေတာ၊ အခု ကိုယ်တွေ့ခံနေကြရတဲ့သူတွေက တွေ့နေကြရပြီ၊ ကြည့်..ဟောဟိုက သွေးစက်တွေက ဘာတွေလဲ''

ဟု တစ်ယောက်တစ်ပေါက် ပြောဆိုလို့နေကြသည်။

ညောင်ပင်၏ ပင်စည်တွင်ကား အမဲသားထုပ် ဆွဲယူသွားရာက စွန်းထင်းကျန်ရစ်နေသော သွေးစသွေးနများက နေရာယူလျက်ရှိနေသည်။ ထိုလူအုပ်ထဲတွင် ပါဝင်နေသည့် ဝင်းလှိုင်၏အကြည့်များက အရာရာကို စူးစမ်းကြည့်ကြည့်ကာ လေ့လာအကဲခတ်နေသည့် အသွင်ပေါ်နေသည်။ ဝင်းလှိုင်၏မျက်လုံးများက

အမဲသားထုပ်
ဆွဲယူသွားရာက
စွန်းထင်းကျန်ရစ်နေသော
သွေးစသွေးနများက
နေရာယူလျက်ရှိနေသည်။
ထိုလူအုပ်ထဲတွင်
ပါဝင်နေသည့်
ဝင်းလှိုင်၏
အကြည့်များက......



ညောင်ပင်၏ အနောက်ဘက်ဆီသို့ ရောက်သွား သည်။

ညောင်ပင်၏အနောက်ဘက်တွင်ရှိ ချုံပုတ်အစပ်တွင် မြေစလောင်းဖုံးတစ်ချပ်နှင့် မီးသွေးခဲတချို့ရှိနေသည်ကို တွေ့ရသည်။ ဝင်းလှိုင်၏အတွေးစများဝယ် မြေစလောင်းဖုံးနှင့် မီးသွေးခဲတချို့က နေရာယူလျက်ရှိနေတော့သည်။

မကြာခဏဆိုသလို စားသောက်ဖွယ်ပစ္စည်းများသာမက အဖိုးတန် ရွှေ၊ ငွေ လက်ဝတ်ရတနာများ၊ ငွေကြေးများ ဤညောင်ပင်အောက်ဝယ် ဆုံးရှုံးရမှုများ ဖြစ်ပွားလျက်ရှိခဲ့သည်မှာ တစ်ပတ်သာသာ၊ နှစ်ပတ်နီးပါး



www.burmeseclassic.com

www.burmeseclassic.com



ကြာမြင့်နေခဲ့ပြီဖြစ်သည်။ ဘီလူးမှန်း၊ သရဲမှန်း မည်သူမျှမဝေခွဲနိုင်အောင် ရှိနေခဲ့သည်။

♛♛♛♛♛

စက်ဘီးကိုသာ နင်းနေမိဖြစ်သော်လည်း စိတ်အစဉ်ကတော့ အန္တရာယ်စက်ကွင်းကို ဖြတ်သန်းရပေဦးတော့မည်ဆိုသည့် အတွေးသံသရာထဲ ဝင်ရောက်နေမိဖြစ်သည်။ အမှောင်ထုကလည်း စိုးမိုးသည်ထက် စိုးမိုးလို့လာသည်။ ရှေ့တူရူသို့ အာရုံတစိုက် ကြည့်လိုက်မိသည်တွင် အုံ့အုံ့ဆိုင်းဆိုင်း တည်ရှိနေသည့် ညောင်ပင်ကြီးကိုတွေ့လိုက်ရသည်။ စက်ဘီးဘားတန်းတွင် အသင့်ကပ်တွယ်နေသည့် စတီးလ်လေထိုးပိုက်ကို လက်တစ်ဖက်ဖြင့် စမ်းကြည့်လိုက်မိသည်။ ဝင်းလှိုင် ဆုံးဖြတ်ချက် ချထားမိသည်က ညောင်ပင်အောက်ကိုဖြတ်သန်းစဉ်ကာလ သူ့ကိုဒုက္ခပေးမည့် သရဲဖြစ်ဖြစ်၊ ဘီလူးဖြစ်ဖြစ် စတီးလ်လေထိုးပိုက်စာကျွေးမည်ဟုပင်ဖြစ်သည်။

မည်သို့ပင် စိတ်ကိုတင်းထားမိခဲ့သော်လည်း ညောင်ပင်ကြီးနှင့် နီးလာလေ စိတ်ကလှုပ်ရှားလာလေပင်။ သို့သော် ဝင်းလှိုင်က သတိ



**တစ်ဆက်တည်းမှာပင် ညောင်ကိုင်းများကြားမှ မည်းမည်း သဏ္ဌာန်အရိပ်တစ်ခု လျှောကျလာ သည်။ ဝင်းလှိုင် စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ မည်းမည်း ရှည်ရှည် ဆံပင်များက**

လက်လွှတ်မထားဘဲ စက်ဘီးကို နင်းနေရင်း စတီးလ်လေထိုးပိုက်ကိုသာ စူးစိုက်ကြည့်နေမိသည်။

ညောင်ပင်ကြီး၏ အရိပ်အာဝါသအောက်သို့ ချင်းနင်းဝင်ရောက်မိသည်နှင့် ဝင်းလှိုင်၏နှာခေါင်းဝသို့ နန္ဒင်းနံ့က စူးစူးရှရှလေး ဝင်ရောက်လို့လာသည်။ ဝင်းလှိုင်မှာ ကြက်သီးထသွားမိသော်လည်း စက်ဘီးကို ရပ်လိုက်သည်။ ထိုစဉ်မှာပင် ညောင်ပင်အထက်ဆီမှ.....

"ဝါး...ဟား..ဟား...ဟား"

ဟူသော ကြောက်မက်ဖွယ်ရာ အသံနက်ကြီး ပေါ်လာသည်။

တစ်ဆက်တည်းမှာပင် ညောင်ကိုင်းများကြားမှ မည်းမည်း သဏ္ဌာန်အရိပ်တစ်ခု လျှောကျလာသည်။ ဝင်းလှိုင် စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ မည်းမည်း ရှည်ရှည် ဆံပင်များက ဖားလျားကျလျက် ခါယမ်းနေသည်။ တွေဝေနေမိစဉ်မှာပင် ကိုယ်လုံးနီနီရဲရဲကြီးက ပေါ်လာသည်။ သေသေချာချာ ကြည့်မိတော့မှ ညောင်ပင်ကြီးပေါ်မှ ဖောက်ထိုးဆင်းလာနေသည့် ကိုယ်လုံးကိုယ်ထည်ထွားထွားကြီး တစ်ခုဖြစ်နေသည်ကို တွေ့ရသည်။ ခါးတောင်းကို မြှောင်နေအောင် ကျိုက်ထားသည့် ရောမလူနီကြီး

www.burmeseclassic.com

တစ်ဦးပင်။ ဝင်းလှိုင် ဘာကိုမှ ချိန်ဆမနေမိတော့ဘဲ လေထိုးပိုက်တံကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ညောင်ပင်၏ပင်စည်ရှိရာသို့ တစ်ဟုန်ထိုးပြေးသွားလိုက်သည်။ အနီး အပါးသို့ ရောက်သည်နှင့် လူနီကြီး၏ ကိုယ် လုံးကိုချိန်ကာ လေထိုးပိုက်ဖြင့်ရိုက်ရန် တအားလွှဲလိုက်စဉ်မှာပင်.....

''အမယ်လေး..... မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်လူပါ''

ဆိုသည့်အသံကြောင့် လွှဲရိုက်လိုက်တော့မည့်လက်ကို လျှော့ချလိုက်မိသည်။ လူနီကြီး တစ်ပတ်ကျွမ်းပစ်ကာ မတ်တတ်ရပ်လိုက်သည်။ ဝင်းလှိုင် အံ့အားသင့်သွားမိသဖြင့်.....

''ခင်ဗျား.....ခင်ဗျား ဦးအေးမောင်မဟုတ်လားဗျာ၊ ဘယ်လိုဖြစ်ရတာလဲ''

ဟုမေးဖြစ်တော့သည်။ ဦးအေးမောင်က ခေါင်းငိုက်စိုက်ဖြင့်ပင်.....

''ဟုတ်ပါတယ် မောင်ဝင်းလှိုင်၊ ငါ တစ်ချိန်က ဆပ်ကပ်ထဲမှာ လူရွှင်တော်လုပ်စားခဲ့တဲ့ နောက်ကျွမ်းအေးမောင်ပါ၊ ငါ အရက် တွေအလွန်အကျွံသောက်ရင်း အရက်ရဲ့ကျေးကျွန်ဖြစ်သွားလို့ ငါ့မှာ ဘယ်မှာမှ လုပ်စားခွင့်မရတော့ လောက်အောင် ပတ်ဝန်း



ကျင်က နှင်ထုတ်ခဲ့တယ်၊ နောက်တော့ ငါလည်း ကြံရာမရဖြစ်လာခဲ့တာနဲ့ ဒီနည်းလေးသုံးပြီး နယ်တကာလှည့်လို့ ငွေရှာဖြစ်ခဲ့တယ်၊ ဒီနည်းသုံးပြီး ခြောက်လှန့်လို့ မေ့လဲကျသွားတဲ့ လူတွေဆီက ရွှေတိုရွှေစနဲ့ ငွေစ လေးတွေရတတ်သလို စားစရာ၊ သောက်စရာ သားငါးတွေလည်းရတာနဲ့ ဒီနည်းလေးသုံးပြီး ရွာစဉ် လှည့်နေခဲ့တာ၊ ငါ့ဇာတိညောင်လှ ဝန်းကျင်မှာတော့ ငါဒီညောင်ပင်မှာ အခု အကြိမ်က တတိယအကြိမ်ပါ၊ ငါ့ကိုခွင့်လွှတ်ပါကွာ''

''ခင်ဗျား ဥပဒေနဲ့ မကင်းတဲ့ အလုပ်တွေ လုပ် နေခဲ့တာကိုး''

''အေးပါကွာ၊ မောင်ဝင်းလှိုင် ငါနဲ့တွေ့ခဲ့တဲ့ အကြောင်း ရွာက လူတွေကို မပြောပြဖို့တော့ ကတိပေးပါကွာ''

''ကျွန်တော် ပြန်ပြောမပြရင်လည်း တစ်ချိန်ချိန်မှာ ခင်ဗျား အကြောင်း လူတွေသိကုန်ကြမှာပါ''

''မဟုတ်ဘူး မောင်ဝင်းလှိုင်၊ အခု ငါဒီနေရာကနေ အမြန်ဆုံးခွာတော့မှာပါ၊ ခွာဆို ဒီညအတွင်းပဲ နယ်ပြောင်းပါ့မယ်ကွာ''

ဝင်းလှိုင် စိတ်မကောင်းဖြစ်မိသော်လည်း.....

''ကောင်းပါတယ် ဦးအေးမောင်၊ ဒါပေမဲ့ ဆိတ်ကွယ်ရာဆိုတာ မရှိဘူးဆိုတဲ့ စကားလေးကို

www.burmeseclassic.com

တော့ မှတ်မှတ်သားသား မှတ်ယူ သွားပေးပါလို့ မှာပါရစေဗျာ''

ဟုပြောရင်း စက်ဘီးကိုပြန်မယူကာ ရွာဘက်ဆီသို့ ဦးတည်နင်းလိုက်သည်။ တစ်လမ်းလုံးလည်း ဦးအေးမောင်၏ နန္ဒင်းမှိုင်းတိုက်ကာ အနံ့ပေးခြောက်လှန့်ပုံ၊ သူ့တစ်ကိုယ်လုံး ဆေးနီများခြယ်သကာ ဆံပင်ရှည်အတုကြီး ဦးခေါင်းမှာ စွပ်ပြီး အသံနက်ကြီးဖြင့် ရယ်မောကာ ခြောက်လှန့်ပြခြင်း၊ တတ်ကျွမ်းထားသည့် ကျွမ်းဘားပညာဖြင့် ညောင်ပင်ပေါ်မှ အောက်ထိုးဆင်းပြကာ ခြောက်လှန့်ခဲ့သော ပုံရိပ်များကို တွေးတောနေမိဖြစ်သည်။

ရွာသို့ပြန်ရောက်သော်လည်း လမ်းခရီး၌ ကြုံတွေ့ဖြစ်ပျက်ခဲ့သမျှ အကြောင်းများကို မည်သူ့ကိုမျှ မပြောဖြစ်ဘဲ နေလိုက်ပါတော့သည်။

♛♛♛♛♛

ညောင်လုရွာအနီးရှိညောင်ပင်တွင် ခြောက်လှန့်ခြင်းကိစ္စများ ပျောက်ကွယ်သွားရခြင်းအကြောင်းရင်းကိုမူ ဝင်းလှိုင်မှတစ်ပါး မည်သူမျှ တိတိပပ မသိလိုက်ကြပါချေ။



ဝင်းလှိုင်ရင်တွင်း မေ့မရဖြစ်နေရသည့်အကြောင်းလေးကြောင့်ပင် ယနေ့တိုင် ဝင်းလှိုင်က သူရင်ဆိုင်ခဲ့ရသည့်အဖြစ်များကို မည်သူ့ကိုမှ မပြောပြခြင်းပင်ဖြစ်သည်။ မေ့မရသည့်အကြောင်းလေးမှာ ဝင်းလှိုင်အား နှုတ်ပိတ်ကာ ဦးအေးမောင်တစ်ယောက် ထိုည ညတွင်းချင်းမှာပင် နယ်ပြောင်းရန် ကြိုးပမ်းမှုအဖြစ် မြို့သာမြို့သို့ အရောက်သွားစဉ် လမ်းခရီး၌ ရဲလှည့်ကင်းနှင့် ပက်ပင်းတိုး မိရသည်။ ဦးအေးမောင် ကျူးလွန်ခဲ့သော ပြစ်မှုများ ပေါ်ပေါက်ကာ အဖမ်းအဆီးခံလိုက်ရသည်။ ဦးအေးမောင် လက်ဝယ်တွင် အနယ်နယ်၊ အရပ်ရပ်သို့ လှည့်လည်ကာ မတရား ရယူခဲ့သော ရွှေငွေ ပစ္စည်းလေး သိန်းကျော်ဖိုးဖြင့် လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့ မေ့မရနိုင်သော အကြောင်းများကြောင့်ပင် ယနေ့တိုင် ရွာသားများကို ပြန်လည် မပြောပြမိခဲ့တော့ပေ။ သို့သော် ဦးအေးမောင်သည် အရက်ကျေးကျွန်ဖြစ်ခဲ့ရခြင်းကြောင့် မလုပ်သင့် သည့်အမှားများကို ကျူးလွန်ခဲ့ခြင်းအား သံဝေဂရမိနေတော့သည်။

**အောင်သာကျော်**



www.burmeseclassic.com

www.burmeseclassic.com

ခင်ဦး (ပုတီးကုန်း)

# ကံတရားဆိုတာ



လူဆိုတာ အတိတ်ကံကို
လည်း ယုံကြည်ရမယ်၊
ပစ္စုပ္ပန်ကံကိုလည်း
ယုံကြည်ရတယ်ကွဲ့!
အတိတ်က ပြုခဲ့တဲ့ကံကြောင့်
ယခုဘဝမှာ.......



www.burmeseclassic.com

www.burmeseclassic.com

# ကံတရားဆိုတာ



ခင်ဦး (ပုတီးကုန်း)

ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်သူ ကိုစံကြည်မှာ တစ်ခါတစ်ရံ ဘုန်းကြီးကျောင်းသို့ ရောက်လာတတ်သည်။ ဆရာတော် ဦးသုမနက ဓမ္မ ရေးရာများကိုတွေ့တိုင်း ဟောပြော ဆုံးမလေ့ရှိသည်။

''လူဆိုတာ အတိတ်ကံကို လည်း ယုံကြည်ရမယ်၊ ပစ္စုပ္ပန်ကံ ကိုလည်း ယုံကြည်ရတယ်ကွဲ့၊ အတိတ်ကပြုခဲ့တဲ့ကကြောင့် ယခုဘဝမှာ ကောင်းတာ၊ ဆိုးတာတွေ ခံစားနေကြရတယ်၊ ထို့အတူ ပစ္စုပ္ပန်မှာလည်း ကောင်းတာလုပ်မှ ကောင်းမယ်၊ မကောင်းတာလုပ်ရင် မကောင်းတာတွေပဲ ခံစားရတတ်တယ် ဒကာလေးရဲ့''



''မှန်ပါဘုရား၊ တပည့်တော်လည်း ဝဋ်ရှိခဲ့လို့ ထောင်သုံးနှစ်ကျခဲ့ပြီးပါပြီ ဘုရား''

''အေး.....မင်း လူသတ်မှုနဲ့ ထောင်ကျခဲ့တာ ဦးဇင်းလည်း သိပြီးဖြစ်လို့ မကောင်းတဲ့အမှုတွေကို ထပ်ပြီးမလုပ်မိစေနဲ့နော် ဒကာလေး''

''တင်ပါ့ဘုရား၊ တပည့်တော် ကောင်းကောင်းနေပါ့မယ်ဘုရား''

ဘုန်းကြီးကျောင်းမှ အေးချမ်းဆိတ်ငြိမ်စွာ ပြန်လာခဲ့သည်။ ဇနီးဖြစ်သူ မရင်ရင်ရွှေ အလုပ်လုပ်ကိုင် ရာအိမ်သို့ ဝင်ကြိုပြီး နှစ်ဦးသား နေထိုင်ရာအိမ်သို့ ပြန်ခဲ့ကြ သည်။

''အစ်ကို ထမင်းစားလို့ရပြီ''

ညနေစာကို ပဲဟင်းဆီပြန်မွှေးမွှေးလေးချက်ထား၍ သရက်ချဉ်၊ ငါးခြောက်ဖုတ်တို့နှင့် စားရသည်မှာ ဘုရင့်စားတော်ပွဲ အလားထင်မှတ် မှားမိသည်။

''မိန်းမ မင်းဟင်းချက်ကောင်းလှချည်လား''

www.burmeseclassic.com



"အမယ်လေးတော် ရင်ရင်တို့ သူဌေးက ဟင်းမကောင်း ရင်မာန် မဲနေတာပဲ၊ သူ့မိန်းမက သင်ထားလို့ ညီမက ချက်တတ်တာပေါ့ရှင်"

"အဲဒီလူကြီးက သိပ်အပေါက်ဆိုးတာဆို"

"သဘောတော့ကောင်းပါတယ်"

"အေးကွ၊ အစ်ကိုလည်း အလုပ်လုပ်ရတာ ပိုအဆင်ပြေလာရင် မင်းကို အိမ်မှာပဲထားမှာပါ၊ ကိုယ်စိတ်မကောင်းပါဘူးကွာ၊ သူတစ်ပါးအိမ်မှာ အိမ်ဖော်လုပ်ရတာ အရာရာ နေတတ်၊ ထိုင်တတ်၊ လုပ်တတ်မှကွ"

"စိတ်ချပါရှင်၊ အစ်ကိုသာ အစ်ကို့အလုပ်ရှင် ကျေနပ်အောင် ကြိုးစား၊ ဒါမှ လုပ်ခတိုးမှာ"

"အေးပါကွာ"

ဤသို့ဖြင့် ကိုစံကြည်တို့လင်မယားနှစ်ဦးမှာ နံနက်စောစော အလုပ်ဝင်ရမည်ဖြစ်၍ ညဥ့်မနက်မီ အိပ်ရာဝင်ခဲ့ကြသည်။

ရက်သတ္တပတ်လွန်ပြီး တနင်္ဂနွေ အလုပ်ပိတ်သည့်နေ့တွင် ကိုစံကြည်က ချစ်ဇနီး ရင်ရင်အား စောစောပင် သွားကြိုနေမိသည်။ ညနေ ၅ နာရီတွင် ရေချိုး၊ သနပ်ခါးလိမ်းပြီး ထွက်လာသော ရင်ရင်ကို ပြေး၍ကြိုလိုက်သည်။

**ရက်သတ္တပတ်လွန်ပြီး တနင်္ဂနွေ အလုပ်ပိတ်သည့် နေ့တွင် ကိုစံကြည်က ချစ်ဇနီးရင်ရင်အားစောစောပင် သွားကြိုနေမိသည်။ ညနေ၅နာရီတွင် ရေချိုး၊သနပ်ခါးလိမ်းပြီး ထွက်လာသော ရင်ရင်ကို ပြေး၍.....**

"ဟား.....မိန်းမက တယ်လှနေပါလား"

ယခင်က မှုန်ကုပ်ကုပ်နှင့် အလိုမကျဖြစ်သော မျက်နှာထားလေးမှာ အပြုံးရိပ်ကလေးသန်းကာ သနပ်ခါးဖွေးဖွေး၊ အင်္ကျီလှလှလေးကို သပ်သပ်ရပ်ရပ်ဝတ်တတ်လာ၍ ခင်ပွန်းဖြစ်သူကပင် ငေးကြည့်နေမိသည်။ ဝတ်စားဆင်ယင်မှုနှင့် မှန်နိုသာ ခြယ်သထားမှုတို့မှာ ကိုစံကြည်အနေဖြင့် ဇနီးဖြစ်သူ ရင်ရင်အပေါ် အံ့အားသင့်စရာတွေဖြစ်လာရသည်။

"မိန်းမ မင်းရဲ့အဝတ်အစားလှလှလေးတွေ ဘယ်ကရတာလဲ"

"ဩော်.....အန်တီမြက ဝယ်ပေးတာပါ၊ ရင်ရင်က အလုပ်ကြိုးစားတယ်၊ ရိုးလည်းရိုးသားတယ်လို့ ပြောပြီး ဝယ်ပေးတာ"

ကိုစံကြည်မှာ သူ၏ဇနီး မရင်ရင်ရွှေကို လုံးဝယုံကြည်သူမဟုတ်ပေ။ အကြောင်းမှာ သူနှင့်မပေါင်းသင်းမီက ပထမလင်ယောကျ်ားကို ပစ်ပယ်ထားခဲ့ပြီး သူ၏နောက်သို့ လိုက်လာခြင်းဖြစ်၍ မယုံမကြည်ဖြစ်ရခြင်းဖြစ်သည်။ ရင်ရင်ရွှေ လှသည်ကိုတော့ အသိအမှတ်ပြုရသည်။

ရင်ရင်ရွှေက လှသည်၊ ဖြူဖြူသွယ်သွယ်လျလျလေးနှင့် ချစ်စရာကောင်းသည်။ အပြောသွက်သည်၊ အလှလည်းကြိုက်သည်။ သန့်သန့်ရှင်းရှင်းလည်းနေတတ်သည်။

"ရင်ရင်....."

"ဟင်.....အစ်ကို"

"မင်း အိမ်ဖော်မလုပ်ပါနဲ့တော့ကွာ၊ အစ်ကိုပဲ ရှာကျွေးပါရစေ"

"ဩော်.....ရင်ရင့်ရဲ့ဝင်ငွေနဲ့ အစ်ကို့ဝင်ငွေနဲ့ ပေါင်းသုံးရတော့ ချောင်လည်တာပေါ့ အစ်ကို၊ ဒါမှ လှလှပပ ဝတ်စားနိုင်မယ်၊ နေနိုင်မယ်ပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုချစ်၍ ခွင့်လွှတ်ထားရသော်လည်း အတိတ်ကပုံရိပ်ကြောင့် သူ့အနေဖြင့် ပြန်လည်၍ ခင်မင်လည်းမည်ကို ကိုစံကြည်တစ်ယောက် စိုးရိမ်နေရှာသည်။

♛♛♛♛♛

တစ်နေ့ညနေ မိုးချုပ်စတွင် သူပကြော့ရှင်းလှသော ရင်ရင်တစ်ယောက် အပြင်သို့သွားရန် ထီးလေးကိုလှမ်းယူခိုက် ခင်ပွန်းဖြစ်သူ ကိုစံကြည်က မေးလိုက်သည်။

"မိန်းမ၊ မင်းကဘယ်လဲ၊ မိုးလည်းချုပ်ခါနီးပြီ၊ မိုးတွေလည်းရွာနေတာပဲ"

"ဪ...အစ်ကိုရယ် မနက်ဖြန်မနက်မှာ ဆွမ်းချက်ဖို့ရှိလို့ အန်တီမြက ခုည လုပ်စရာလေးတွေ ရှိလို့ လာခဲ့ပါဦးလို့မှာလိုက်လို့လေ"

ဇနီးဖြစ်သူ၏အပြောကို ကိုစံကြည်က လုံးဝယုံကြည်ပုံမပေါ်။ အကြောင်းရှာ၍ အပြင်ခဏခဏ ထွက်နေသော ရင်ရင်ရွှေကိုသတိထားနေမိသည်။ လုပစ္စာဝတ်စားမှု၊ အမူအရာလေးများ မသိမသာထူးခြားမှုတို့က ကိုစံကြည်ကို သံသယပွားစေခဲ့ပြီဖြစ်သည်။

"ကဲ..ကဲ၊ သိပ်တော့မိုးမချုပ်စေနဲ့"

"စိတ်ချပါ အစ်ကို၊ အစ်ကို အနားယူနှင့်ပါ၊ ရင်ရင် ၉ နာရီ မထိုးမီ ပြန်ခဲ့မယ်နော်"

အပြေးတစ်ပိုင်းဖြင့်ထွက်သွားသော မိန်းမဖြစ်သူအားကြည့်ရင်း သက်ပြင်းချမိသည်။

"ရင်ရင်ရယ် မင်းကိုအစ်ကို သိပ်ချစ်ရပါတယ်၊ အစ်ကို့ရဲ့ ငြိမ်းချမ်းတဲ့ ဘဝလေးထဲမှာ ထာဝရ မွေးစက်နေပါနော်"

ကိုစံကြည်မှာ တောင်တွေး မြောက်တွေး တွေးနေမိသည်။ သူ၏မိန်းမအပေါ် သံသယဖြင့် အမှားမဖြစ်စေရန် သူ၏စိတ်ကို ဖြေသိမ့်လိုက်သည်။

"သူလည်း ငါ့ကိုချစ်လို့ ငါ့နောက်ကို လိုက်ခဲ့တာပဲလေ၊ သူငါ့ကို ချစ်ပါတယ်"



♛♛♛♛♛

ထောင်မှူးကြီး ဦးသက်ပိုင်မှာ အကျဉ်းထောင်လုပ်သက်အတွေ့ အကြုံအရ ထောင်အများအပြားကို လှည့်လည်အုပ်ချုပ်ခဲ့ဖူးသည်။ ယခု အုပ်ချုပ်နေရသော သာယာဝတီထောင်သည် သူ့အတွက် အခက်အခဲရှိသည့်နေရာဖြစ်၏။

ထောင်မှူးကြီးနှင့် ထောင်ပိုင်ကြီးတို့တွေ့ဆုံပြီး တရားခံ စံကြည်အား ကြိုးမိန့်ချရန် အမိန့်စာနှင့်

www.burmeseclassic.com

ပတ်သက်၍ နှစ်ဦးသား ဆွေးနွေး တိုင်ပင်နေကြသည်။

"အင်း...လူတွေဟာ မိမိတို့ ဘယ်နေ့သေရမယ်၊ ဘယ်ပုံဘယ် နည်းနဲ့ သေရမယ်ဆိုတာ မသိကြ ဘူးလို့ ပြောကြပေမယ့် စံကြည်တို့ လို ကြိုးသမားတွေကတော့ ဘယ် နေ့ဘယ်ရက် သေရမယ်ဆိုတာ ကြိုသိပြီးသားဖြစ်တဲ့လူတွေပဲဗျာ"

"ဟုတ်ပါတယ် ထောင်ပိုင် ကြီးရယ်၊ ဒီလူတွေဟာ လူထဲကလူ ဆိုပေမယ့် သောကနဲ့လူတွေဖြစ်နေ တယ်ဗျ"

"ဟုတ်တာပေါ့ဗျာ"

"လူဆိုတာ လေးမျိုးရှိတယ် ဗျ၊ လူ့ငရဲသား၊ လူ့တိရစ္ဆာန်၊ လူ့ ပြိတ္တာနဲ့ လူ့ပရမတ္တာဆိုပြီးရှိတယ်ဗျ၊ ကုသိုလ်၊ အကုသိုလ်ရယ်လို့ မခွဲ ခြားတတ်၊ ဒါန၊ သီလလည်းမရှိ၊ ဘာဝနာဆိုတာ ဝေလာဝေး၊ မွေး လာကတည်းက ဒုက္ခနဲ့စ၊ ဒုက္ခနဲ့ ဆုံးပြီး လူ့လောက,ကနေ ထွက် သွားရတဲ့လူကို လူ့ငရဲသားလို့ခေါ် တာပေါ့"

"ဟုတ်ကဲ့ပါ ထောင်မှူးကြီး ရယ်၊ စံကြည်ဟာ အသက်နှစ်ဆယ် လောက်က သူ့ရဲ့ပထွေးကို သတ် ခဲ့ဖူးတယ်၊ ထောင်ကထွက်လာပြီး



သူတစ်ပါးမိန်းမကို ခိုးယူတယ် အခု သူ့မိန်းမရော၊ သူငွေးဂ ရောသတ်လို့ ကြိုးစင်တင်ရတေ မယ်"

"အေးဗျာ၊ ဒီလူအသက်ဂ ၃၈ နှစ်ဆိုတော့ နိုင်ငံအတွက် လု အားပေးဖို့ အကောင်းဆုံးအရွယ်ႎ လူတော်လူကောင်းမဟုတ်တေ သူ့ရဲ့ပြုတဲ့အဆိုးကံကြောင့် အဆ ဆုံးသေခြင်းနဲ့ သေရတော့မယ်"

"သနားတော့သနားစရာပါဗျ အသက်ငယ်ငယ်လေးနဲ့ အချ ကြောင့် ဒုက္ခရောက်ရတာပဲဗျ"

ထောင်မှူးကြီးနှင့် ထောင်ပို ကြီးတို့ ရုံးမှပြန်လာခဲ့ကြသည်။

ရုံးပိတ်ရက်တစ်ရက်တွ တရားစာအုပ်လေးတစ်အုပ်ကိုႎ ကာ စံကြည်ရှိရာ ကြိုးတိုက်သို့လ ခဲ့ကြသည်။

ယင်းနောက် စံကြည်အ ဘဝအဆုံးမသတ်မီ တရားရစေ တရားစာအုပ်လေးအား ဖတ်ရန်ေ ရင်း လှေ့လာမိသည်။

"လူလေး၊ မင်း ဒီစာအုပ်ဂ အသေအချာဖတ်၊ မင်းရဲ့စိတ်ချ သာမှုကို ရလိမ့်မယ်"

"ထောင်ပိုင်ကြီးရယ် စာအု လေးလာပေးတာ ကျေးဇူးပါပဲဗျ စိတ်က ဘယ်လိုလုပ်ချမ်းသာမလ သေရတော့မှာကို သိနေသူပဲဗျာ

www.burmeseclassic.com



အိမ်ထဲမှ ချစ်ရည်လူးနေ သော အသံကြောင့်
ခြေကိုဖော့နင်းကာဝင်လိုက်ပြီး
အခန်းတံခါး ထောင့်၌ ပုန်းနေသော ကိုစံကြည်မှာ
မိုးကြိုးမုန်တိုင်းပစ်လိုက် သကဲ့သို့
ဒေါသမီးများ......

"အို၊ နာ၊ သေဘေးကတော့ လူတိုင်းရင်ဆိုင်ရမှာပါကွာ၊ သေခါနီး မင်းရဲ့စိတ်မှာ သမာဓိလေးရှိထားတော့ မကြောက်မရွံ့နဲ့ သေခြင်းတရားကို ရင်ဆိုင်နိုင်တာပေါ့ကွာ"

"ကျွန်တော် သေရမှာအရမ်းကြောက်တယ်ဗျာ"

ထိုသို့ပြောလိုက်သောစကားကြောင့် နုနုနယ်နယ် အရွယ်ငယ်သေးသော ကိုစံကြည်၏မျက်နှာကို ဝမ်းနည်းပက်လက် ငေးကြည့်မိသည်။

"မင်းက လူနှစ်ယောက်ကို ကြိုတင်ကြံစည်ပြီး သတ်ခဲ့ပြီပဲ၊ အတိတ်ကလည်း တစ်ယောက်သတ်ပြီးပြီဆိုတော့ အယူခံဝင်လို့ မရလို့ပါကွာ"

"ကျွန်တော် မှားပါတယ်ဆရာရယ်၊ ကျွန်တော် နောင်တရပါတယ်၊ သေခါနီးမှရတဲ့နောင်တက ကျွန်တော့်ဘဝကို မကယ်နိုင်တော့ပါဘူးဗျာ"

မျက်ဝန်းထဲ၌ မျက်ရည်များစို့လာပြီး အတိတ်မှပုံရိပ်များသာ လွှမ်းမိုးနေပြန်တော့သည်။

♛♛♛♛♛

"ဦးဦး ရင်ရင့်ကိုချစ်ရင် ဆွဲကြိုးဝယ်ပေးရမယ်နော်"

"အင်းပါ အချစ်လေးရယ်၊ ဒီတစ်ပတ် ကုန်ဖိုးငွေတွေ သိမ်းပြီးရင် ဟောဒီအချစ်လေးအတွက် ဆွဲကြိုးလှလှလေး ဝယ်လာမှာပါ"

အိမ်ထဲမှ ချစ်ရည်လူးနေသော အသံကြောင့် ခြေကိုဖော့နင်းကာ ဝင်လိုက်ပြီး အခန်းတံခါးထောင့်၌ ပုန်းနေသော ကိုစံကြည်မှာ မိုးကြိုးမုန်တိုင်းပစ်လိုက်သကဲ့သို့ ဒေါသမီးများ တဟုန်းဟုန်း တောက်လောင်နေသည်။

သူ၏ချစ်လှစွာသော ဇနီးလေးမှာ သူဌေးကြီး ဦးခန့်မောင်၏ရင်ခွင်ထဲ၌ ပြုံးရွှင်စွာ လဲလျောင်းလျက်။ ရာဂဘီလူးကြီး ဦးခန့်မောင်တွင် သူတစ်ပါးမယား ဟူသောအသိ မရှိ။ စားနေကျကြောင်ဖားကြီးဖြစ်၍ အစာကိုသာ အာသာငမ်းငမ်းတက်နေသည်။

မီးခိုးမီးလျှံများထွက်မတတ် ပြူးကျယ်သောမျက်ဝန်းကြီးဖြင့် ကိုစံကြည်ကကြည့်ပြီး အံကိုကြိတ်ကာ ခြေကိုဖော့၍ ပြန်ဆင်းသွားခဲ့သည်။ ယင်းနောက် သူ၏အိမ်သို့ ပြန်လာခဲ့သည်။

"အစ်ကိုရေ...တံခါးဖွင့်ပါဦး၊ အစ်ကို"

အချစ်မိုးခါးရေများ သောက်သုံးပြီးပြန်လာသော ဇနီးသည်ကို ဟန်ဆောင်အပြုံးများဖြင့် တံခါးဖွင့်ပေးလိုက်သည်။

အမုန်းတကာ့အမုန်းဆုံးသော ခံစားမှုကြောင့် ရင်၌တဒိန်းဒိန်းခုန်နေသော ကိုစံကြည်က ဟန်လုပ်ထိန်းချုပ်ကာ ကြိုဆိုလိုက်သည်။

"မိန်းမ ၉ နာရီ ပြန်လာမယ်ဆို၊ အခု ၁၀ နာရီတောင်ထိုးနေပြီ"

"ဟုတ်တယ် အစ်ကို၊ မနက်စောစောချက်နိုင်အောင် အားလုံးစီစဉ်ပေးခဲ့ရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမရှိလို့လား"

ထိုမေးခွန်းကြောင့် ရင်ရင်ရွှေမှာ မျက်နှာတစ်ချက် ကွက်ခနဲပျက်သွားသည်။

"ဩော်.....ဟို.....အင်း ရှိပါတယ်"

ကိုစံကြည်မှာ ရင်ရင်ရွှေအား မျက်လုံးစိမ်းကြီးများဖြင့်ကြည့်ရင်း အိမ်ထဲသို့ဝင်သွားသည်။

"မိန်းမရယ် မင်းနဲ့ငါအတွက် ဒီညလေးဟာ အချစ်ဆုံး၊ အလှပဆုံးညလေးတစ်ခုဖြစ်သလို အကျည်းတန်ဆုံးညလေးလည်း ဖြစ်မှာပါကွာ"

ကိုစံကြည်မှာ ရင်ထဲ၌ နာကြည်းစွာ ရေရွတ်လိုက်ပြီး သူ၏နံဘေး၌ လဲအိပ်နေသော ရင်ရင်ရွှေအား တစ်ချက်စိုက်ကြည့်လိုက်၏။

နံနက်လင်းသောအခါအကျည်းတန်လှသည့် နံနက်ခင်းသည် အမင်္ဂလာများဖြင့် ဖုံးလွှမ်းနေတော့သည်။

သူဌေးဦးခန့်မောင်မှာ အိပ်ရာထဲ၌ ဓားတန်းလန်းဖြင့် သေဆုံးနေသည်။ မျက်နှာ၌ ဖူးရောင်ကာ နံရိုးများလည်း ကျိုးနေသည်။

ရင်ရင်မှာလည်း အိမ်၌ တိုင်တွင်ပါးစပ်ပိတ်၊ ကြိုးတုပ်လျက် ဒဏ်ရာပေါင်းများစွာဖြင့် ညှိုးမည်းနေသည့်အပြင် ရင်အုံနှလုံးသားတည့်တည့်၌ ဓားမြှောင်တစ်ချောင်းစိုက်ဝင်နေသည့်ဒဏ်ရာကို တွေ့ရသည်။ သနားစဖွယ် သေဆုံးနေသော မိန်းမလှလေးကို မမြင်ရက်၊ မရှုရက်ဖွယ် တွေ့မြင်ကြရသည်။

"သူ့ယောကျ်ားက တစ်ညတည်း လူနှစ်ဦးကို သတ်သွားတာလို့ ရဲတွေက ယူဆကြတယ်"



"အန်တီကြီးက သူ့ရွာအပြန်မှာ အဲဒီသူဌေးနဲ့ ရင်ရင်ရွှေ ချိန်းတွေ့တာ ခြံစောင့်အဘိုးကြီးကသိတယ်တဲ့"

"ဟ.....ဒါဆို အဲဒီအဘိုးကြီးက စံကြည်လာသတ်တာကို မသိဘူးလား"

"ခြံစောင့်အဘိုးကြီးကို စစ်ဆေးနေတာပဲကွ၊ သူက အိပ်ပျော်နေလို့ ဘာမှမသိဘူးတဲ့ကွ"

စသည်စသည်ဖြင့် သတင်းဆိုးများက တစ်မြို့လုံးပျံ့နေ၏။ နောက်သုံးရက်အကြာတွင် စံကြည်ကို ရဲများက ရွာလေးတစ်ရွာမှ ဖမ်း မိလာတော့သည်။

♛♛♛♛♛

စံကြည်မှာ မျက်ရည်များစီးကျရင်း သစ္စာမဲ့သော ရင်ရင် ရွှေအား စိတ်နာပြီး နောင်ဘဝတွင် ဤသို့သော သစ္စာမဲ့မိန်းမနှင့် မဆုံ ရပါစေနှင့်ဟု ဆုတောင်းနေရှာသည်။

တကယ်တော့ သူကိုယ်တိုင်က သစ္စာမဲ့အောင် လင်ကြီးလက်ထဲမှ ခိုးယူပေါင်းသင်းခဲ့သူဖြစ်၏။

ထောင်ပိုင်ကြီးမှာ စံကြည်အားကြည့်ရင်း ရင်ထဲ၌ မဃဒေဝလာ စာလေးတစ်ပိုဒ်ကို ရွတ်ဆိုနေမိသည်။

"မိန်းမဖျက်က
ပြည်ပျက်ထက်စွာ၊ ဆိုရိုးမှာရှင့်
မေတ္တာမခြဲ၊ သစ္စာလွဲ၍
ဖောက်ပြန်ရွေ့လွယ်၊ လေသဖွယ်နှင့်
ထကာယ်မတွင်း၊ အားလွန်ပြင်းသို့...."

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




အချစ်မှိုင်း

နွေအလွမ်း

“ယွန်းလေး အိမ်ထောင်ပြုတော့မယ်ဆို”

“ဟုတ်ကဲ့ အန်တီ၊ အိမ်က စီစဉ်တာပါရှင်”

ဒေါ်ခင်မေစိုးသည် ယွန်းစန္ဒာကိုကြည့်ပြီး ပွင့်ပွင့်လင်းလင်းမေးလိုက်၏။

“ယွန်းလေးရဲ့ ဆန္ဒကရောကွယ်”


“အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး သမီးမှာ ရွေးချယ်ပိုင်ခွင့်မရှိပါဘူး အန်တီရယ်၊ မိဘတွေ စီမံတာပဲ လိုက်နာရတော့မှာပါရှင်”

“ဒါဆို ယွန်းလေးမှာ ချစ်သူရှိတယ်ပေါ့”

ယွန်းစန္ဒာက ခေါင်းလေးညိတ်ပြရာ ဒေါ်ခင်မေစိုး၏ တူမဖြစ်သူ စန္ဒီက ဝင်ပြော၏။

“ဟုတ်ပါတယ် အန်တီစိုး၊ ယွန်းလေးက အဲဒါပဲစိတ်ညစ်နေတာပါ၊ မိဘစကားကိုလည်း မပယ်ရှားချင်ဘူး၊ သူ့ချစ်သူကိုလည်း မပြတ်နိုင်ဘူးဖြစ်နေတယ်”

ဒေါ်ခင်မေစိုးမှာ ပင့်သက်မောကို ချလိုက်မိတော့သည်။ သည်တော့ အကောင်းဆုံး အကြံတစ်ခုကိုပေးမိ၏။



“မိဘတွေကို ပွင့်ပွင့်လင်းလင်းဖွင့်ပြောပြီး လက်ခံလာတဲ့အထိ ပြောပေါ့ကွယ်”

“ဟင့်အင်း၊ ဘယ်လိုမှလက်ခံလာမှာမဟုတ်ဘူး အန်တီရယ်၊ ဒါကြောင့်လည်း သမီးကို အိမ်ထောင်ချဖို့ စီစဉ်ကြတာပါပဲရှင်”

ယွန်းစန္ဒာက မျက်နှာငယ်ငယ်ဖြင့် ပြောလိုက်တော့၏။ သည်အတိုင်းဆိုလျှင် ယွန်းစန္ဒာ၏ချစ်သူတွင် သဘောမတူနိုင်သည့် အကြောင်းတစ်ခုခု ရှိရပေမည်။ ဒေါ်ခင်မေစိုး နားလည်သွား၏။

“ပွင့်ပွင့်လင်းလင်းပြောရရင် အန်တီရယ် သမီးရဲ့ ချစ်သူက တစ်ခုလပ် တစ်ယောက်ပါ၊ မိန်းမနဲ့ကွဲနေတာ ငါးနှစ်ရှိပါပြီ၊ သူ့မိန်းမက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေပြီး ဟိုမှာအိမ်ထောင်ကျနေပြီတဲ့၊ ဒီတော့ ပြန်မှမလာနိုင်တော့တာပဲလေ၊ လွတ်လပ်နေပြီပဲဥစ္စာ၊ အဲဒါကို အိမ်က သဘောမတူဘူးဖြစ်နေတာပါ”

www.burmeseclassic.com



အကြောင်းအရာ ခိုင်ခိုင်လုံလုံ သိရသည့်နောက် ဒေါ်ခင်မေစိုး တစ်ယောက် သက်ပြင်းရှည်ကိုချ လိုက်မိတော့သည်။ ယွန်းစန္ဒာသည် စန္ဒီထံသို့ အမြဲရောက်လာပြီး သူမ ၏ခံစားချက်လေးများအား ဖွင့်ဟ တပ်၏။ လူငယ်သဘာဝအတိုင်း မကျေနပ်ချက်လေးများကို ထုတ် ဖော်၍ တိုင်ပင်တတ်၏။

"ယွန်းလေးက ချစ်သူကို လက်ထပ်ဖို့ ဆုံးဖြတ်ထားလို့လား ကွယ်"

"ဟုတ်ကဲ့ပါ အန်တီ၊ သူ့ဘဝ လေးကိုသိပြီး သမီးက သနားမိ တာပါ၊ ပြီးတော့ သူက လျှို့ဝှက် ချက်မရှိဘူး၊ ပြတ်သားတဲ့သူပါ၊ သမီးကိုပဲ သူက လက်ထပ်ချင် တယ်လို့ Propose လုပ်ထားတာ ပါရှင်"

"ကောင်လေးက ဘာအလုပ် လုပ်သလဲကွယ်"

"ဒီဖိုင်းဆရာပါ အန်တီ၊ ကွန် ပျူတာကျွမ်းကျင်တယ်၊ သမီးတို့ ကုမ္ပဏီနဲ့နီးတယ်၊ ပြန်ရင်သူက စောင့်ကြိုနေပြီး အိမ်ကိုလိုက်ပို့ပေး တယ်၊ သမီးအပေါ် ကြင်ကြင်နာ နာရှိပြီး အားကိုးလောက်တဲ့အရည် အချင်းရှိသူပါ အန်တီရယ်"

"ဟုတ်ပါပြီလေ၊ ကောင်လေး နဲ့ပတ်သက်ပြီး ယွန်းလေးသိတာ တွေက ဒါအကုန်ပဲလား"

"ဟုတ်ကဲ့ပါ"

ဒေါ်ခင်မေစိုးက တစ်ချက်ပြုံး လိုက်ပြီး ရိုးသားသော ယွန်းစန္ဒာ၏ ဘဝလေးတွင် မမှားစေလိုသည့် အတွက် အကြံပြုချက်ကို ဖြည့် စွက်ပေးလိုက်၏။

"အန်တီ အကြံပြုချင်တာက တော့ ယွန်းလေးက ကောင်လေး အကြောင်း စေ့စေ့စပ်စပ် ဂဃဏန သိအောင်လုပ်ပါကွယ်၊ ချစ်သူရဲ့ အပြောထက် သူ့ရဲ့အတွင်းရေးကို သိနေရမယ်၊ ဒါမှ တစ်ချိန်မှာ ယွန်း လေးဘဝ လှပလာမှာလေ"

"သူပြောတာတွေက ပြည့်စုံ

**တို့မိန်းကလေးတွေမှာ ဒါဟာ အရေးအကြီးဆုံး အိမ်ထောင် ရေး ပြဿနာတစ်ခုပဲ သမီး၊ အတူမနေဘူးဆိုပေမယ့် တစ်ချိန်ချိန်မှာ ပြန်ပတ်သက်လာရင် ကိုယ်ပဲနစ် နာမယ်လေ၊ အခုခေတ်မှာ —**

နေပြီပဲမဟုတ်လားဟင်"

ဒေါ်ခင်မေစိုးက ခေါင်းကို ခပ် သွက်သွက် ခါယမ်းပြလိုက်ရာ ယွန်းစန္ဒာ၏ နားမလည်ဖြစ် သွားသော မျက်နှာလေးကို တွေ့ မြင်ရ၏။ ပို၍ စိတ်မကောင်းဖြစ်မိ သည်။ တကယ်ဆိုလျှင် ယွန်းစန္ဒာ သည် အသိမကြွယ်သေးသည့် ဘဝအကြောင်းကို နားမလည် သေးသော မိန်းကလေးတစ်ဦးပါ။ အထူးသဖြင့် ဟန်ဆောင်ကောင်း သော လူ့ပတ်ဝန်းကျင် အကြောင်းကို မသိသေးပေ။

"ကောင်လေးက သူ့ဇနီးနဲ့ ပြတ်စဲပြီးကြပြီလားကွယ်"

"အဲဒါ သမီးမသိဘူး အန် တီ"

"တို့မိန်းကလေးတွေမှာ ဒါ ဟာ အရေးအကြီးဆုံး အိမ်ထောင် ရေးပြဿနာတစ်ခုပဲ သမီး၊ အတူ မနေဘူးဆိုပေမယ့် တစ်ချိန်ချိန်မှာ ပြန်ပတ်သက်လာရင် ကိုယ်ပဲနစ် နာမယ်လေ၊ အခုခေတ်မှာ အတု အယောင်ဆိုတာ နေရာတိုင်းမှာရှိ နေကြတာကွဲ့၊ ကဲ.....သမီးတို့ လက်ထပ်ပြီး အတူနေကြပြီပဲထား တော့ ၊ ဘယ်မှာနေကြမှာလဲ"

"အိမ်ခွဲနေကြမှာပေါ့ အန်တီ ရယ်"

ဒေါ်ခင်မေစိုးက ယွန်းစန္ဒာ လေးကိုကြည့်ပြီး နှမြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်တွင် အချစ်ကလွှမ်းမိုးနေချိန်ဖြစ်၍ တားဆီးရခက်ခဲမည်ကို သိသော်လည်း ယွန်းစန္ဒာ၏ဘဝလေးအား ကယ်ခွင့်ရသမျှကယ်တင်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။

“ယွန်းလေးကို အန်တီ့တပည့်မလေးနှစ်ယောက်ရဲ့အဖြစ်ကလေးတွေကို ပြောပြချင်တယ်ကွယ်၊ နားထောင်ကြည့်ဦးနော်၊ တစ်ယောက်က ခင်မေနိုင်နဲ့ နောက်တစ်ယောက်က မိုးမိုးခိုင်တဲ့”

“အန်တီ.....စန္ဒီလည်း နားထောင်မယ်နော်”

“နားထောင်သင့်တာပေါ့ကွယ်၊ ဒါဟာ သမီးတို့လို အပျိုစင်လေးတွေ ပိုနားထောင်သင့်တာပေါ့၊ အန်တီက ယွန်းလေးနဲ့ အကြောင်းတိုက်ဆိုင်လို့ ပြောပြချင်တာပါ သမီးတို့ရယ်”

♛♛♛♛♛

“ခင်မေနိုင် ရော့.....ရေချိုးခင် ဒါတွေလျှော်လိုက်စမ်း”

ထမင်းဟင်းချက်လို့မှမပြီးခင် အဝတ်လျှော်ဇလုံကို လာပေး၏။ ဇလုံထဲတွင် တစ်အိမ်လုံးအဝတ်အစားများက အပြည့်ပါ။

“ကျွန်မ ဒါတွေ မလျှော်နိုင်ဘူး အန်တီ၊ ခင်မေနိုင်က အန်တီတို့အိမ်က အိမ်ဖော်မဟုတ်ဘူး”

“အောင်မာ..ညည်းက ကြီးကျယ်ရအောင် ဘယ်လောက်ချမ်းသာနေလို့လဲ၊ သားရေ.....မင်း မယားပြောတာ ကြားတယ်နော်”



ဂိမ်းကစားနေသည့်ချစ်သူ မောင်က စိတ်ညစ်ဟန်ဖြင့်ရောက်လာသည်။

“မင်းကလည်းကွာ၊ ဒါလေး လျှော်တာများ ဘာဖြစ်မှာမို့လဲ၊ သက်သက်ကပ်နေပြန်ပါပြီ”

“ဩော်...ဒီမှာကြည့်ဦးလေ၊ တစ်အိမ်လုံးအဝတ်အစားတွေ၊ ခင်မေနိုင်ယူတာ ရှင့်တစ်ယောက်တည်းကိုနော်”

“အမယ်လေး...ဒီကမွေးလို့ ညည်းလင်ဖြစ်လာတာပါတော်၊ ကျုပ်က ယောက္ခမလေ၊ အမေလို သဘောမထားနိုင်ရင်တော့ ညောင်းလိုက်”

ခင်မေနိုင်လည်း တစ်မနက်လုံး အလုပ်လုပ်နေရသည့်အပြင် အနားကိုမရခဲ့ပေ။ မနက် ၅ နာရီ အိပ်ရာထခြင်းက ပုံမှန်ပါ။ ည ၉ နာရီထိုးမှ တစ်နေ့တာအလုပ်ပြီးဆုံး၏။ ကြာတော့လည်း သည်းမခံနိုင်တော့ပေ။ ဖျားနေလျှင်

www.burmeseclassic.com



ပို့ဆိုး၏။

"ကဲ...တော်ပါကွာ၊ မလျှော်နိုင်ရင် ထားလိုက်၊ ရပ်ကွက်ထဲက အဝတ်လျှော်သူကို ငှားလျှော်နိုင်းလိုက်၊ ဘာမဟုတ်တာလေးနဲ့ ဂကားများမနေကြနဲ့"

ချစ်သူမောင် ဖျန်ဖြေလိုက်မှ မိန်းမနှင့် မိခင်တို့ တိတ်သွားကြ၏။ ခင်မေနိုင်မှာ ဖြစ်လိုက်တိုင်း ယောက္ခမနှင့်ပါ။ ချွေးမက အေးအေးနေသော်လည်း ယောက္ခမဒေါ်အေးမိုးက အပြစ်ရှာလွန်းနေ၏။ ချွေးမအား တမင်နှိမ်နေခြင်းဖြစ်ရာ မတည့်ကြပေ။

"ဒါကြောင့်မို့ မင်းကိုပြောတာပေါ့၊ ချယ်ရီက အရမ်းတော်တာ၊ ယောက္ခမအပေါ်လည်း သိတတ်တယ်၊ သူက အဆင့်အတန်းရှိတော့ မိုးပေါ်မျှော်ကြည့်တတ်သူ၊ နှမြောလိုက်တာကွယ်"



ချယ်ရီဆိုသူက ချစ်သူမောင်၏ ဇနီးဟောင်းတစ်ယောက်ဖြစ်သည်။ ချယ်ရီနှင့်ရခဲ့သော သက်ပုံမောင်က ဖခင်ဆီမှာကျန်ခဲ့၏။ ချယ်ရီက ယောကျ်ားနှင့် အတိုက်အခံလုပ်ပြီး မလေးရှားတွင် အလုပ် သွားလုပ်၏။ ချယ်ရီထွက်သွားပြီး တစ်နှစ်အကြာတွင် ချစ်သူမောင်က ခင်မေနိုင်နှင့် လက်ထပ်လိုက်ခြင်းဖြစ်သည်။ သည်တော့ ခင်မေနိုင်လည်းယောကျ်ား တစ်ယောက် အပြင် အပိုဆုလေးပါရသွား၏။ တချို့က ပါဆယ်လေးပါရခဲ့သည်တဲ့။

အိမ်ထောင်ကျစက ခနဲ့စကား၊ ကဲ့ရဲ့စကားများအား အပြစ်မမြင်သော်လည်း တဖြည်းဖြည်းနှင့် အနည်ထိုင်လာသည့်နောက် ကိုယ့်ကိုယ်ကိုယ် ရှက်စရာဟု မြင်လာ၏။ ကိုယ့်ရုပ်ကိုယ့်ရည်နှင့် လွတ်လပ်သူကို ရှာဖွေယူနိုင်ပါလျက်နှင့် နောက်ဆုံးတော့ ကံတရားကိုသာ အပြစ်တင်မိတော့သည်။ လင်ပါသမီးမှာလည်း သူ့မိခင်အတိုင်းပင်။ မောက်မာ၏။ ဒါတောင် အရွယ်မရောက်တရောက်ပဲရှိသေးသည်။ အဝတ်အစားကအစ ကိုယ်တိုင်မလျှော်တတ်ပေ။ ဘွားအေကအလိုလိုက်ထားသည့်အတွက် ရိုင်းချင်တိုင်းရိုင်းနေတော့၏။

"အန်တီ.....သနပ်ခါးလာသွေးပေးပါဦး၊ သက်ပုံ မသွေးတတ်ဘူး"

"ပြထားတဲ့အတိုင်းလုပ်လေ၊ ဒီမှာ မအားဘူးကွဲ့"

တကယ်လည်းမအားပေ။ ခင်မေနိုင်က ချက်ပြုတ်ကြော်လှော်နေသည့်အတွက် လုပ်မပေးနိုင်ပေ။

"ဟင့် သူ့သားသမီးမှမဟုတ်တာ၊ ဘယ်ဂရုစိုက်ချင်ပါ့မလဲ၊ ရတယ်လေ၊ အဘွားကိုခေါ်ခိုင်းမယ်"

ခင်မေနိုင်၏ရင်ထဲတွင် တင်းခနဲဖြစ်သွားတော့သည်။ အစကကလေးအရွယ်ဖြစ်နေသဖြင့် စည်းရုံးသည့်အနေဖြင့် ခင်မေနိုင်က သနပ်ခါးသွေးပေးသည့်အပြင် ပါး

www.burmeseclassic.com



ခေါ်ပါ တင်ပေးလိုက်သေး၏။ သက်ပုံမောင်က လည်း၏။ ခင်မေနိုင်နှင့် တည့်အောင်နေပြီး ညာခိုင်းသော်လည်း ခင်မေနိုင်အား အမေတစ်ယောက်လို သဘောမထားပေ။ ခေါ်ပုံကအစ အန်တီဟုသာခေါ်၏။ ဒေါ်အေးမိုးရှေ့ရောက်လျှင် ခင်မေနိုင်အား အရေးမလုပ်တော့ပေ။

"ဩော်.....ဝမ်းနဲ့မလွယ်သားမမည်ပေါ့ ခင်မေနိုင်ရယ်၊ ဘွားအေတစ်ယောက်လုံးက Control လုပ်နေမှတော့ မြေးက ဘယ်လွန်ဆန်နိုင်ပါ့မလဲကွယ်"

"တစ်ခါတစ်ခါ သူ့အမေနဲ့ ဖုန်းပြောနေသေးတယ်လေ၊ ဒီတော့ ကိုချစ်သူမောင်လည်း ဆုံးမရခက်ပြီပေါ့"

ခင်မေနိုင်က အရင်လိုမနေတော့ဘဲ ဘာသိဘာသာနေလိုက်၏။ သက်ပုံမောင်လည်း အမေနှင့် အဘွားစကားအတိုင်း ခင်မေနိုင်အပေါ်တွင် ရန်သူလိုမြင်လာသည်။ ခင်မေနိုင်ရှေ့တွင်ပင် ဖခင်ဖြစ်သူအား သူ့အမေအကြောင်းကိုပြောပြလိုက်၊ မိသားစု ပြန်လည်ပေါင်းဆည်းနိုင်ရန် အောင်သွယ်လိုက်နှင့် ခံချင်စရာဖြစ်နေ၏။

"ယောက်ျားနော် ရှင့်စကားတွေက အရင်လို မနွေးထွေးတော့ဘူး ခင်မေနိုင်အပေါ် စိမ်းကားချင်နေပြီလား"

ချစ်သူမောင်က ခင်မေနိုင်စကား၏ ဆိုလိုရင်းကို သိနေ၏။ တစ်ဖက်တွင်လည်း ချယ်ရီက မလေးရှားတွင် အဆင်မပြေတော့၍ ကိုယ့်နိုင်ငံသို့ ပြန်လာချင်နေသည်။ သူတို့က တရားဝင် ကွာရှင်းထားခြင်းမရှိသေးသည့်အတွက် ပြန်လာလျှင် ယောက်မအိမ်ပေါ်ပင် ပြန်တက်လာရပေမည်။

"စိတ်ညစ်တယ်ကွာ၊ မင်းက တစ်မျိုး၊ အမေကတစ်မျိုး၊ သမီးကတစ်မျိုးနဲ့ တော်....."

"ရှင့်မယားဟောင်းက တစ်မျိုးမဟုတ်လား"

ချစ်သူမောင်က အံ့ဩသော မျက်နှာဖြင့် ခင်မေနိုင်ကိုကြည့်လိုက်သည်။ အိမ်ထောင်သက် တစ်နှစ်မပြည့်မီတွင် ခင်မေနိုင်မှာ ကျွန်သဖွယ် လုပ်ပေးခဲ့ရ၏။ သို့ပေမယ့် လင်ယောကျ်ားက သူ့ဘက်တွင် မရှိခဲ့။ သားသမီးလည်း မမွေးနိုင်းပေ။ သက်ပုံမောင် စိတ်အားငယ်မည်စိုး၍ဟု အကြောင်းပြခဲ့၏။

"အေး ဟုတ်တယ်၊ မင်းကို ယူမိတာ ငါ့အမှားပဲ၊ ဒီတော့ ချယ်ရီကို ပြန်ခေါ်ထားမယ်၊ မင်းလည်း နေနိုင်ရင်နေပေါ့၊ မနေနိုင်လည်း မင်းကြိုက်သလိုဆုံးဖြတ်"

ခင်မေနိုင်က အံကိုတင်းတင်းကြိတ်၍ လူမဆန်သော ယောကျ်ားတစ်ယောက်အဖြစ် မုန်းတီးသွား၏။

**ချစ်သူမောင်က အံ့ဩသော မျက်နှာဖြင့် ခင်မေနိုင်ကိုကြည့် လိုက်သည်။ အိမ်ထောင်သက် တစ်နှစ်မပြည့်မီတွင် ခင်မေနိုင်မှာ ကျွန်သဖွယ်လုပ်ပေးခဲ့ရ၏။ သို့ပေမယ့်လင်ယောကျ်ားက သူ့ဘက်တွင် မရှိခဲ့။ သားသမီးလည်း......**

"ဩော်..ရှင်က လူမှမဟုတ်ဘဲကိုး"

"ဘာပြောတယ်ကွ"

"ဒီလိုတော့လည်း ရှင်က သဘောပေါက်လွယ်သားပဲ"

ချစ်သူမောင်က ခင်မေနိုင်အား ရန်ပြုရန်အလာတွင် ခင်မေနိုင်လည်း ကြက်သွန်လှီးဓားဖြင့် ပစ်ပေါက်လိုက်၏။ အားခနဲ အသံနက်ကြီးကြားရပြီးနောက် ဒေါ်အေးမိုးနှင့် သက်ပုံမောင်တို့ ပြေးအလာတွင်.....

"အမယ်လေး.....ကျွန်မသား

www.burmeseclassic.com



လေး သေပါပြီရှင်၊ လာကြပါဦးရှင် လာကြပါဦး.....''

ချစ်သူမောင်၏နှလုံးသားတည့်တည့်သို့ စိုက်ဝင်သွားရာ ဗုန်းခနဲ လဲကျသွားတော့၏။ ဒေါ်အေးမိုး၏အော်သံကြောင့် ပတ်ဝန်းကျင်မှ ရောက်လာကြသည်။ သက်ပုံမောင်မှာဖြင့် ကြောက်လန့်၍ သတိမေ့မြောသွား၏။

ခင်မေနိုင်တစ်ယောက် အိမ်ထောင်ပြုမိခြင်း၏ မဆင်ခြင်သောအမှားကြောင့် ထောင်ကျသွားခဲ့ရသည်။

♛♛♛♛♛

နောက်တစ်ယောက် မိုးမိုးခိုင်၏အဖြစ်ကတော့ တစ်ဦးတည်းသောသမီးဖြစ်သည့်အပြင် ချောမောလှပပြီး ပြည့်စုံသူဖြစ်သည်။

''ခိုင့်ကိုမေတ္တာရှိရင် ခိုင့်မိဘတွေဆီမှာ မိသားဖသားပီပီ လာတောင်းနိုင်ပါတယ်ရှင်''

''စိတ်ချပါ ခိုင်၊ ကိုဝေ လာတောင်းမှာပါ''

ချစ်သူမရှိသေးသည့် မိုးမိုးခိုင်က ကိုဝေဇင်အား ရိုးသားသူအဖြစ်တွေ့မြင်ခဲ့ပြီး သံယောဇဉ်ဖြစ်မိသည်။ ကိုဝေဇင်က သူမအပေါ် ချစ်ရေးဆိုလာသည်နှင့် ရှေးထုံးအတိုင်း လာတောင်းနိုင်းလိုက်၏။

> ချစ်သူမရှိသေးသည့်
> မိုးမိုးခိုင်က
> ကိုဝေဇင်အား
> ရိုးသားသူအဖြစ်
> တွေ့မြင်ခဲ့ပြီး
> သံယောဇဉ်ဖြစ်မိသည်။
> ကိုဝေဇင်က သူမအပေါ်
> ချစ်ရေးဆိုလာသည်နှင့်
> ရှေးထုံးအတိုင်း.....

''အခုခေတ်မှာ ယောကျ်ားတွေက အပျော်ချစ်တာများကြတယ်လေ၊ ဒီတော့ သူတို့ တကယ်ချစ်၊ မချစ် သိရအောင် လူကြီးစုံရာနဲ့ လာတောင်းခိုင်းလိုက်တယ်''

''လွယ်လိုက်တာ ခိုင်ရာ၊ ကိုဝေဇင်ကလာတောင်းရင် မင်းယူရမှာနော်''

''ဩော်...ခိုင်ကလည်း ကိုယ်နှစ်သက်လို့ ဒီအခွင့်အရေး ပေးလိုက်တာပေါ့ရှင်''

တကယ်တမ်း လာတောင်းကြသည့်အခါ မိုးမိုးခိုင်က လက်ထပ်ရတော့သည်။ မိဘများက သမီးကိုမခွဲနိုင်သဖြင့် သမက်ကိုပါ အိမ်ပေါ်ခေါ်တင်ထားခဲ့၏။ မိုးမိုးခိုင်၏အိမ်ထောင်ရေးသည် သာယာစိုပြည်ခြင်းများဖြင့် စိတ်ချမ်းသာခဲ့ရသော်လည်း မထင်မှတ်သော တစ်နေ့တွင် ဘဝမိုးမှောင်ကျလာပြီး မုန်တိုင်းထန်လာတော့သည်။

''ခိုင်ရေ ကိုဝေ့ဇင်အကြောင်း မင်း ဘာသိခဲ့သလဲကွ''

''ဟင့်အင်း၊ ကိုဝေ ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲကွာ၊ ရော့.. ဒီဓာတ်ပုံကိုကြည့်စမ်း''

ဖြူဖြူပြလာသည့် ဓာတ်ပုံတွင် အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးပုံဖြစ်နေ၏။ မိုးမိုးခိုင်မှာ နားမလည်တော့။

''အဲဒါ တို့မိတ်ဆွေတစ်ဦး ယူလာတာပဲ၊ ဒီအမျိုးသမီးနာမည်က မေနှင်းနွယ်တဲ့၊ ဒါက သူ့သမီးပေါ့''

''ခိုင်နဲ့ပတ်သက်လို့လားကွာ''

''သိပ်ပတ်သက်တာပေါ့၊ အဲဒါ ကိုဝေဇင်ရဲ့မယားနဲ့ကလေးပေါ့''

''ရှင်.....ကိုဝေ့မယား၊ ဟုတ်ရဲ့လား ဖြူရာ''

မိုးမိုးခိုင်က အခုမှ မျက်ပြူးဆန်ပျာဖြစ်သွားတော့၏။ ဓာတ်ပုံကိုပြန်ကြည့်လိုက်ရာ မိန်းကလေးက ယယ်ပုံရပြီး ကုပ်ထောက်ဆံပင်ပုံစံနှင့် ခပ်သွက်သွက်ပုံပါ။ ကိုဝေ



www.burmeseclassic.com

www.burmeseclassic.com



ဖင်လို ရိုးသားသူအား အကောင်း ဆုံးလှည့်စားနိုင်သည့် ရုပ်ရည်မျိုး ဖြစ်ပေမည်။

"ဘုရား..ဘုရား၊ ဒါ တကယ် ပဲလား ဖြူ"

"သိပ်ဟုတ်တာပေါ့၊ တို့မိတ် ဆွေက ကိုဝေဇင်ကို အဲဒီအမျိုး သမီးနဲ့ အတူတူတွေ့ခဲ့လို့ မှတ်မိ နေတာလေ၊ မေနှင်းနွယ်က သူ့ ခင်ပွန်းဟာ ကုမ္ပဏီမှာ အလုပ် လုပ်တယ်တဲ့၊ နယ်ကိုဆင်းနေရ တော့ အိမ်မှာအမြဲမရှိဘူးတဲ့၊ ဒါပေမဲ့ သူတို့သားအမိကို ပြည့်ပြည့်စုံစုံထားနိုင်တယ် တဲ့လေ"

"အောင်မာ.....သူ့လခ က သူ့ဘာသာသုံးနေတာ ပါ၊ တို့က ပေးနေရတာ များတယ်၊ လက်စသတ် တော့ ငါ့ပစ္စည်းတွေနဲ့ သူ့ တိတ်တိတ်ပုန်းမယားကို ထောက်ပံ့ နေတာပဲ ကိုး"

ဖြူဖြူက မေနှင်းနွယ်နေသည့် နေရာကို လိုက်ပြ၏။ မိုးမိုးခိုင်အဖို့ နှလုံးသားမှ စိတ် သောကဖြစ် လောက်သည့် အံ့ဩရာဇရပ္ပဖြင့် ခံပြင်းမိ၏။ ကြည့်ပါဦး။ ကိုဝေဇင်က မိုးမိုး ခိုင်မိဘပိုင် ရွှေငါးကားကြီးဖြင့်



မေနှင်းနွယ်တို့သားအမိကို တင် သွားသည်။ ဒါတင်မကသေးပေ။ စားသောက်ဆိုင်ကြီးတွင် ဝင်ကျွေး နေသေး၏။

"ဖြူ.....ကိုယ်ရွဲနေလို့လား ဟင်"

"ဘာဖြစ်လို့ရွဲရမှာလဲ၊ ဟို တစ်ယောက်က မင်းနဲ့ဘာမှမဆိုင် ဘူး၊ မင်းနဲ့မယူခင်ကတည်းက သူ တို့က ဓာတ်လမ်းတွေရှုပ်ခဲ့မှာပေါ့၊ ကြည့်ရတာ ကိုဝေဇင်တစ်ယောက် နဖားကြိုးအထိုးခံရလား၊ လှည်း ကျိုးထမ်းခံရလားမှ မသိတာကွာ"

"ဟင်း.....အရှုပ်ထုပ်တွေပဲ၊ အိမ်ကသိလို့မဖြစ်ဘူး၊ ကိုယ် ဘာ လုပ်ရမလဲ ဖြူရယ်"

"ပွင့်ပွင့်လင်းလင်းမေးပြီး ဟို ကိုမပြတ်နိုင်ရင် မင်းကိုပြတ်စဲပေး လို့ တောင်းဆိုပေါ့ကွာ၊ သိက္ခာရှိပြီး အဆင့်အတန်းရှိတဲ့ မိန်းမဆိုရင် ယောကျ်ားတစ်ယောက်ကို ပြိုင်တူ အပေါင်းမခံကြဘူး၊ မင်းဘက်က သတ္တိရှိရှိ ဆုံး ဖြတ်ရတော့မယ်"

"ဟုတ်တယ် ဖြူ၊ ကိုဝေကို ရိုးအပါတယ်လို့ လျှော့တွက်မိတာ ကိုယ့် အမှားပဲ၊ ဒီလူဟာ ပျော့ ပျော့ လေးနဲ့နံတဲ့ ကြောင် ချေး၊ ဘယ်လောက်ရင်နာ စရာကောင်းလိုက်သလဲ ကွာ၊ ကလေးကို အင်္ဂလိပ် ကျောင်းမှာတောင် ထားနေ လိုက်သေးတယ်၊ သူတို့ အဆင့်အတန်းနဲ့များ ကပ် နိုင်လို့လား၊ မတန်ဘူး"

"ဟင်း.....ဟင်း၊ မင်းလို မိန်းကလေးမျိုးကို ဒါကြောင့်ယူတာကိုး၊ မင်း သဘောပေါက်ပြီ မဟုတ် လား၊ တချို့ယောကျ်ားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကသိပ်ကိုကြောက်ဖို့ကောင်းတာနော်၊ မိန်းမယူရင် အိမ်တက်သမက်တို့၊ အိမ်ပါသမက်တို့ဖြစ်ဖို့ပဲ စိတ်ကူးတာ၊ မိန်းကလေးဘက်က ဘယ်လောက်ငွေရှိလဲ၊ ကျောထောက်နောက်ခံ ကောင်းရဲ့လား၊ အမွေရှိရဲ့လားဆိုတာပဲ တွေးယူကြတာကွ''

ကိုဝေဇင်က အိမ်ပြန်ရောက်သည်နှင့် မိုးမိုးခိုင်အပေါ်တွင် ဂရုစိုက်ပြ၏။ ယောက္ခမကြီးများရှေ့တွင် ပိုပိုကဲကဲနှင့် သဲပြနေတတ်သည်။

''ကောင်းတယ်ကွယ်၊ မင်းတို့လင်မယားက အခုလို ကြင်ကြင်နာနာရှိကြတာ အမေတို့ စိတ်ချမ်းသာတယ်၊ အမေတို့မှာ ဒီသမီးလေးတစ်ယောက်တည်းရှိတာနော်၊ မျိုးဆက်စောင့်ထိန်းဖို့ သားသမီးယူဖို့ စဉ်းစားကြဦး''

''အမေ့သမီးက လွတ်လွတ်လပ်လပ် နေချင်သေးလို့တဲ့''

''ဘယ်ဟုတ်ပါ့မလဲကွယ်၊ ကလေးရရင်လည်း တစ်သားမွေးတစ်သွေးလှဖြစ်လာမှာပေါ့၊ ရရင်ယူထားလိုက်၊ နောင်မှမှားမှန်းသိလိမ့်မယ်နော်''

မိုးမိုးခိုင်တို့ အိမ်ထောင်သက်သုံးနှစ်အတွင်း ကလေးမရခဲ့ပေ။ ကိုယ်ဝန်ဆောင်နိုင်သည့် သားအိမ်က အားမရှိဟု တတ်ကျွမ်းသူများက ဆိုကြ၏။ သည်တော့ မရနိုင်သည့်သားသမီးအား မျှော်လင့်ချက်မထားတော့ပေ။

''မှားမှန်းက အခုကတည်းက သိနေပြီးသားပါ မေမေရယ်''ဟု မိုးမိုးခိုင်စကားက လည်ဝမှ အပြင်သို့ မထွက်ခဲ့ပေ။ သားသမီး မရှိခဲ့ခြင်းက မိုးမိုးခိုင်၏အားနည်းချက်နှင့် တစ်ဖက်လူ၏ အားသာချက်ဖြစ်သွားသည်။ အဆင့်အတန်းမရှိသည့် မိန်းမတစ်ယောက်က သူမအား အနိုင်ယူသွားခြင်းကို ခံပြင်းမိ၏။ ကိုဝေဇင်မှာဖြင့် ဟန်ဆောင်ကောင်းပြီး သကာအပြုံးနှင့် လှည့်စားနေနိုင်၏။

''ကိုဝေ...ရှင့်ကို မိန်းမတစ်ယောက်၊ ကလေးတစ်ယောက်နဲ့ စားသောက်ဆိုင်မှာ တွေ့လိုက်တယ်တဲ့''

''ဟင်..ဘယ်ကောင်ပြောတာလဲ၊ ခေါ်လာခဲ့လေ၊ တောက်....ဒါသက်သက်သိက္ခာချတာပဲ''

အနာပေါ်တုတ်ကျဖြစ်နေသည့် ကိုဝေဇင်ကိုကြည့်၍ မိုးမိုးခိုင်က ပြုံးမိ၏။

''ကိုယ်မဟုတ်လည်း နာမနေနဲ့လေ၊ ရှင်က ဘာကြောင့်ဒေါသတွေဖြစ်နေရတာလဲ''

''လူကိုသိက္ခာချလို့ကွ၊ ငါဘယ်လိုနေလဲဆိုတာ မင်းအသိ၊ ကြည့်ရတာ မင်းကိုလိုချင်လို့ပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရမယ်၊ ဒါမှ ငါနဲ့ကွဲမှာလေ”

သိပ်လည်ပြီး ပါးနပ်သည့် ကိုဝေဇင်ပါလားဟု တွေးမိသည်။ ထပ် ပြုံးလိုက်ပြန်၏။

“ရှင့်ကိုပိုင်ရင် အားလုံးပြည့်စုံမှာ သိနေတာပဲ”

“ဘာပြောတယ် နိုင်”

“ဩော်.....ရှင်က အရင်လို မဟုတ်တော့ပါလား၊ နားလေးနေပြီနော်”

မိုးမိုးနိုင်က မသိချင်ယောင်ဆောင်ပြီး ရှောင်သွားလိုက်၏။ ရင်ထဲတွင်တော့ အစာမကြေချင်ပါ။ တေးထားလိုက်၏။ သိပ်မကြာပေ။ ခြေလှမ်းပျက်လာသူနောက်သို့ လိုက်သွားရာ မေနှင်းနွယ်တို့သားအမိနှင့် ကားပေါ်တွင် ပါသွားသည့်အခါ မိုးမိုးနိုင်မှာ စိတ်ကိုထိန်းမရတော့ပေ။ ရွှေငါးကားနောက်မှ လင်ခရူဇာဖြင့် လိုက်လေတော့၏။ မိုးမိုးနိုင်လိုက်လာမှန်း သိသွားသည်နှင့် ကိုဝေဇင်မှာ ရှောင်တိမ်းမရတော့ဘဲ ကားမောင်းထွက်ပြေးလေတော့သည်။ မိုးမိုးကလည်း လိုက်၏။

သူတို့သွေးပျက်နေပုံကိုကြည့်ပြီး မိုးမိုးနိုင်က ဟားတိုက်ရယ်မောလေတော့၏။ ထက်ကြပ်မကွာ လိုက်ပါရင်း ပြေးသူနှင့်လိုက်သူမှာ ဒေါသတရားကို မထိန်းချုပ်နိုင်သည့်နောက် မြို့ပြင်အမြန်လမ်းမကြီးထိတိုင်လိုက်ပါရင်း နောက်ဆုံးတွင်.....

♛♛♛♛♛

“မိုးမိုးနိုင်က နောက်ကနေကားနဲ့လိုက်တိုက်တယ်၊ ဒီတော့ ဝေဇင်တို့မိသားစု သုံးယောက်လုံးပါတဲ့ကား ချောက်ထဲထိုးကျပြီး အသက်ဆုံးရှုံးခဲ့ကြတယ်လေ”

“မိုးမိုးနိုင်ကရောဟင်”

“သူက မသေပါဘူး၊ ထောင်ကျသွားတာပေါ့ကွယ်၊ အခုတော့ ခြေတစ်ဖက်မရှိတဲ့ ဒုက္ခိတတစ်ယောက် ဖြစ်သွားခဲ့ရှာတယ်၊ အသက်ရှင်လျက်နဲ့ ဘဝသေသွားခဲ့တယ်၊ ခင်မေနိုင်ကို ကြည့်ပြန်တော့ ဒေါသကြောင့်ပဲ ထောင်ကျခဲ့ရပြန်တယ်၊ ဒါတွေဖြစ်ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ အိမ်ထောင်ရေးကြောင့်ပေါ့ကွယ်၊ အိမ်ထောင်ပြုမိအများက ကိုယ့်ဘဝနဲ့ရင်းပြီး ဒုက္ခရောက်ခဲ့ရတယ်၊ ကဲ.. ယွန်းလေးလည်း အန်တီပြောတာ သဘောပေါက်ရဲ့နော်”

ယွန်းစန္ဒာသည် ဒေါ်ခင်မေစိုး ပြောပြသည့် တပည့်မလေးနှစ်ယောက်၏ အဖြစ်ဆိုးကြောင့် စိတ်ထဲတွင် မဝံ့မရဲဖြစ်သွားရသည်။ ချစ်သူအပေါ် မယုံကြည်ရဲတော့ပေ။ အစက ချစ်သူဘာပြောပြော ကျေ

မိုးမိုးနိုင်က မသိချင်ယောင်ဆောင်ပြီး ရှောင်သွားလိုက်၏။ ရင်ထဲတွင်တော့ အစာမကြေချင်ပါ။ တေးထားလိုက်၏။ သိပ်မကြာပေ။ ခြေလှမ်းပျက်လာသူ နောက်သို့ လိုက်သွားရာ မေနှင်းနွယ်တို့သားအမိနှင့် ကားပေါ်တွင် . . . .

www.burmeseclassic.com



နှပ်နေ၏။ ချစ်သူစကားသည် သူမအား ချိုမြိန်သော သစ်သီးတစ်လုံးကဲ့သို့ဖြစ်စေသော်လည်း ယခုတော့ ထိုသစ်သီးသည် အပြင်တွင်လှပပေမယ့် အတွင်းကပုပ်နေသည့် ပိုးကိုက်အသီးတစ်လုံးဖြစ်နိုင်သည်။

"ယွန်းလေးလည်း ချစ်သူကို သေသေချာချာ လေ့လာပါတော့မယ် အန်တီရယ်"

ဒေါ်ခင်မေစိုးမျက်နှာက ပြုံးသွားတော့သည်။ သူမက ချစ်သူနှစ်ဦးအား ခွဲလိုခြင်း မဟုတ်ပါ။

တစ်ဦးအကြောင်းကို
တစ်ဦးက လေ့လာသိရှိပြီးမှ
ဆုံးဖြတ်ချက် ချလျှင်
အမှားနည်းရပေမည်။
ဖြစ် ပြီးမှ
စိတ်ညစ်နေခြင်းထက်
မဖြစ် မီစိတ်ညစ်ခြင်းက
ခဏတာဝမ်းနည်းခြင်းတစ်ခုပါ။
ယွန်းစန္ဒာအား
ထာဝရ ပူဆွေးသောက
ဝမ်းနည်း ခြင်းမျိုးကို ......

တစ်ဦးအကြောင်းကို တစ်ဦးက လေ့လာသိရှိပြီးမှ ဆုံးဖြတ်ချက် ချလျှင် အမှားနည်းရပေမည်။ ဖြစ်ပြီးမှ စိတ်ညစ်နေခြင်းထက် မဖြစ်မီစိတ်ညစ်ခြင်းက ခဏတာ ဝမ်းနည်းခြင်းတစ်ခုပါ။ ယွန်းစန္ဒာအား ထာဝရ ပူဆွေးသောက ဝမ်းနည်းခြင်းမျိုးကို မပိုင်ဆိုင်စေချင်ပေ။

"ကောင်းတာပေါ့ ယွန်းလေးရယ်၊ လောကကြီးမှာ ဟန်ဆောင်မှုတွေနဲ့ လူသားအချင်းချင်း လိမ်ညာဖုံးကွယ်နေကြတာ စိတ်ပျက်စရာအကောင်းဆုံးပါပဲကွယ်၊ အန်တို့ တပည့်မလေးတွေအဖြစ်က ဘယ်လောက်ရင်နာစရာကောင်းသလဲ၊ နောက်ဆုံးတော့ ကိုယ်ပြုမိတဲ့ကံ ကိုယ်ခံလို့ပဲ သဘောထားရတော့ မလိုလိုပါပဲလား ယွန်းလေးရယ်"

"ဟုတ်တယ်နော် အန်တီ၊ ယွန်းလေး သူ့အတွင်းရေးကို သိအောင်စုံစမ်းရတော့မယ်၊ လူသတင်းကို လူချင်းဆောင်တာပဲ အန်တီရယ်၊ ကာယကံရှင်ကိုမေးရင် အမှန်ကို ဘယ်ပြောပါ့မလဲ"

"ဒါပေါ့ကွယ်၊ အင်း...ယွန်းလေးကို ကံကောင်းပါစေလို့ အန်တီ ဆုတောင်းပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ စန္ဒီ ယွန်းပြန်မယ်နော်"

ယွန်းစန္ဒာအား တက္ကစီပေါ် လိုက်တင်ပေးပြီးမှ စန္ဒီက အိမ်ထဲ ပြန်ဝင်လာခဲ့၏။ ဒေါ်ခင်မေစိုးမှာဖြင့် ဘုရားခန်းထဲ ဝင်သွားနေနှင့်သည်။

"သြော်.....အပျိုကြီးဘဝပဲ ကောင်းပါတယ်လေ၊ စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာတွေ ကင်းတယ်၊ ကိုယ်စေရာကို သွားနိုင်တယ်၊ နောက်ဆံတင်းစရာမရှိဘူး၊ စန္ဒီလည်း အန်တို့လိုပဲ အပျိုကြီး လုပ်တော့မယ်"

ချစ်သူမရှိသေးသည့် စန္ဒီက ဒေါ်ခင်မေစိုးပြောပြသည့် ဇာတ်လမ်းနှစ်ပုဒ်ကို နားထောင်ပြီး ဆုံးဖြတ်ချက်တစ်ခု ခိုင်ခိုင်မာမာ ချလိုက်နိုင်တော့၏။

"ယွန်းလေး ဘဝလေး လှပပါစေ၊ ခင်မေနိုင်နဲ့ မိုးမိုးခိုင်တို့ဘဝတွေလိုမျိုး မခံစားရပါစေနဲ့၊ စိတ်ချမ်းသာပြီး အောင်မြင်တဲ့ အိမ်ထောင်တစ်ခုဖြစ်ပါစေ"

သူငယ်ချင်းအတွက် ဆုတောင်းပေးမိတော့သည်။

♛♛♛♛♛

ယွန်းစန္ဒာ၏ ဦးနှောက်ထဲတွင် အသိတစ်ခုက ရှိနေသည့်အတွက် ချစ်သူ နေပိုင်အကြောင်းကို တိတ်တဆိတ်စုံစမ်းမိ၏။ ဖြစ်ချင်တော့ နေပိုင်တို့အိမ်ပတ်ဝန်းကျင်ရှိ သွယ်မာနှင့် သိကျွမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ သွယ်မာက နေပိုင့် ချစ်သူမှန်း ယွန်းစန္ဒာကို မသိခဲ့ပေ။ သည်တော့ စုံစမ်းရန် လွယ်ကူသွား၏။

"ယွန်း...သူက သွယ်မာတဲ့၊ နီနီ့ သူငယ်ချင်းပါ"

"သွယ်မာ့ကို တွေ့ချင်နေတာ ကြာပါပြီရှင်၊ နီနီက သွယ်မာ့ အကြောင်းကို သိပ်ပြောတာ၊ သွယ်မာ သဘောကောင်းတဲ့အကြောင်း၊ ချောတဲ့အကြောင်း၊ ပညာတော်တဲ့အကြောင်းတွေ ပေါ့"

သွယ်မာက ယွန်းစန္ဒာ၏ စကားအား သဘောကျသွား၏။ သွားတက်လေးများပေါ်အောင် ပြုံးပြီးနောက်.....

"သွယ်မာလည်း ယွန်းကိုခင်ပါတယ်နော်၊ မြင်မြင်ချင်း ချစ်သွားပြီ၊ ယွန်းက ဆံပင်ရှည်ရှည်လေးနဲ့ ချစ်ဖို့အရမ်းကောင်းတာပါ"

"ကဲပါကွာ.....နောက်မှချစ်ကြပါ၊ အခုယွန်းက မင်းကိုလူတစ်ယောက်အကြောင်း သိချင်လို့တဲ့ သွယ်မာ၊ မင်းတို့ အိမ်နားက နေပိုင်ပေါ့"

သွယ်မာက မျက်နှာပျက်သွားပြီးမှ.....

"ဒီကောင်က ယွန်းကိုလိုက်နေပြန်ပြီလား"

"ဟင့်အင်း၊ ယွန်းရဲ့သူငယ်ချင်းကိုပါ၊ ဒါကြောင့်မို့ နေပိုင့်အကြောင်းကို သိချင်နေတာပါ"

"ဒါဆို ယွန်းရဲ့သူငယ်ချင်းကို ပြောလိုက်၊ နေပိုင့်ကို လုံးဝမချစ်မိစေနဲ့လို့၊ ဘာကြောင့်လဲဆိုရင် ဒီကောင်က မျက်နှာသိပ်များတာကွ၊ လာသမျှမိန်းကလေးတွေဆို သူနဲ့ မလွတ်ကင်းကြဘူး၊ ဘယ်လိုပြောရမလဲ၊ ဖျက်ဆီးတာတော့ မဟုတ်ဘူး၊ ငြိကြတာ၊ လူပုံက ဖြူဖြူချောချော၊ သွက်သွက်လက်လက်နဲ့ ကွန်ပျူတာ ဆရာဆိုတော့ ကောင်မလေးတွေက ကပ်ကြတယ်၊ ဒါကြောင့် လည်း သူ့မိန်းမ မှုံလေးက စိတ်မချတာပေါ့"

မှုံလေးဆို၍ ယွန်းက သိချင်လာ၏။

"မှုံလေးဆိုတာ သူ့မိန်းမ ဟုတ်လား သွယ်မာ၊ အခုလက်ရှိ ပေါင်းနေတာပဲလား"

"မှုံလေးက နေပိုင့်ကို စိတ်ဆိုးပြီး ဆင်းသွားတာ၊ ခုချိန်ထိ ပြန်မခေါ်သေးဘူးလေ၊ သူတို့မှာ သားသမီးမရှိသေးတော့ နေပိုင်က လည်း သူ့မိဘအိမ်မှာ၊ မှုံလေးက လည်း သူ့မိဘအိမ်မှာပေါ့၊ သူတို့က ပြတ်ကြသေးတာမဟုတ်ဘူးနော်၊ ယွန်းရဲ့သူငယ်ချင်းကို နောက်ဆုတ်လိုက်လို့ ပြောလိုက်ကွာ"

"သူတို့က တကယ်ရော ပြတ်သွားကြရဲ့လားဟင်"

"တွေ့ချင်ရင်ချိန်းပြီး ဟို

www.burmeseclassic.com

တယ်ကိုသွားကြတယ်၊ ဘယ်လို လုပ်ပြီး ပြုတ်ကြမှာလဲကွာ၊ မှုံလေး က နိုင်ငံခြားမှာ အလုပ်သွားလုပ် နေတာကလည်း ငွေစုနေတာကွ၊ အိမ်နဲ့ကားနဲ့ဖြစ်မှ သူတို့က ပြန် ပေါင်းကြမှာတဲ့၊ မှုံလေးပြောပြတာ လေ''

ယွန်းစန္ဒာက နေပိုင့်စကား များမှာ မမှန်ကန်ကြောင်း နား လည်သွားတော့၏။ ပို၍သေချာစေ ရန် ထပ်မေးလိုက်သည်။

''ဒါနဲ့ သူ့ဇနီးက အိမ်ထောင် ကျနေပြီဆို''

''နေပိုင့်စကားများ ယုံနေ သေးလားကွာ၊ မှုံလေးက သွယ်မာ နဲ့ အမျိုးမကင်းဘူး ယွန်းရဲ့၊ ဒါကြောင့်မို့ သူတို့ အကြောင်းကို သိနေ တာလေ''

''ဟင်း.....ဒါဆို ရင် သူငယ်ချင်းကို မြန်မြန်တားမှပဲကွာ၊ သူက နေပိုင်ပြော သမျှ ယုံကြည်နေ တာပါ''

''အချစ်မှိုင်းမိနေ တာလေ၊ သနားပါတယ် ယွန်းရယ်''

တကယ်တမ်း သနား စရာ ကောင်းသူက ယွန်းစန္ဒာ ဖြစ်မှန်း သွယ်မာက သိမည် မဟုတ်ပါ။ နေပိုင်သည် ထိုသို့ သော လူစားမျိုး ဖြစ်နေမှန်း ယွန်းစန္ဒာကိုယ်တိုင် မရိပ်မိခဲ့ပေ။ တရေးရေးစဉ်းစား ကြည့်မှ ချိန်း ပြီးရောက်မလာသည့် ဖြစ်ရပ် လေးကို ပြန်တွေးမိ၏။ ထိုနေ့က မိန်းကလေးတန်မဲ့ ယွန်းက ကော်ဖီ ဆိုင်လေးတွင် တစ်ယောက် တည်းစောင့်နေခဲ့ရသည်။ အချိန် လွန်တော့မှ.....

''ကိုယ် ဒီနေ့ ဧည့်သည်တစ် ယောက်ကို လေဆိပ်လိုက်ပို့နေရ တယ် ယွန်း၊ မမီလို့ ယွန်းဆီမလာ နိုင်တော့ဘူးနော်၊ နောက်မှဆုံကြ စို့ကွာ''

နေပိုင်က ထိုသို့ဖုန်းဆက် ပြောခဲ့သည်။ ထိုနေရာလေးမှ မျက် ရည်ဝဲကာ လှည့်ပြန်လာခဲ့ရ၏။ ပတ်ဝန်းကျင်က ယွန်းစန္ဒာအား စိတ်ဝင်တစားကြည့်နေကြပြီး စူး စမ်းချင်သည့် မျက်ဝန်းများအား ကျောခိုင်း၍ မျက်နှာပူပူနှင့် ထွက် သွားခဲ့ရသည်။ ဤသည်မှာ မှတ် မှတ်ရရပါ။ နောက်တစ်ခုက.....



''ကိုယ် ဒီညနေ ယွန်းကို လိုက်မပို့နိုင်တော့ဘူးနော်''

''ဘယ်သွားဦးမှာလဲ ကိုနေ ပိုင်''

''ဪ..နိုင်ငံ ခြား ကပြန်လာတဲ့ မိတ်ဆွေက ဧည့် ခံချင်လို့တဲ့''

''ကိုနေပိုင့် မိတ်ဆွေက ရှင့် ကို သိပ်ခင်တာ ပဲနော်၊ ကိုနေပိုင် ကလည်း ယွန်း ထက် သူ့ကိုပိုခင် တွယ်နေသလိုပဲ၊ ယောကျ်ားလား၊ မိန်းမ လားဟင်''

''ငယ်ပေါင်းတွေပါ ယွန်း ရယ်''



www.burmeseclassic.com

www.burmeseclassic.com



အဖြေက ဟိုလိုလို၊ သည်လိုလိုနှင့် ပြီးသွားခဲ့သည်။ ယွန်းစန္ဒာက စပ်စုသူမဟုတ်၍ ထိုစကားကသည်မှာရပ်သွားခဲ့ရသည်။ အခုတော့ တရေးရေးပေါ်လာရသည့်အဖြစ်ပါ။

"ယွန်း သိသွားရပါပြီ ကိုနေပိုင်ရယ်၊ ရှင်ဟာ ယွန်းလို နုံအတဲ့မိန်းကလေးကို လှည့်စားနေတဲ့သူ၊ တစ်ချိန်မှာ ရှင်တို့က ပြန်ပေါင်းကြမှာပါ၊ ယွန်း သိသွားပြီ ကိုနေပိုင်၊ ရှင့်ကိုလက်ထပ်ဖို့ မဖြစ်နိုင်တော့ပါဘူး၊ ပိုးဖလံလေးက မီးကိုမတိုးခဲ့တော့ပါဘူး၊ ကိုယ်အနစ်နာခံပြီး မီးပုံပေါ် မဖြတ်ပါရစေနဲ့ရှင်"

ယွန်းစန္ဒာက ဒေါ်ခင်မေစိုးအား ကျေးဇူးတင်သွားမိသည်။ သူမတွင် အသိစိတ်၊ ဆင်ခြင်တုံတရားနှင့် စဉ်းစားတွေးခေါ်တတ်ရန် ဒေါ်ခင်မေစိုးက သတိပေးခဲ့ခြင်းဖြစ်၏။ ပြီးတော့လည်း ခင်မေနိုင်နှင့် မိုးမိုးခိုင်တို့က ယွန်းစန္ဒာ၏ အချစ်တက္ကသိုလ်မှ ကထိကများဖြစ်ခဲ့ကြသည်။ သည်တော့ အချစ်တက္ကသိုလ်ကျောင်းသူလေးအဖြစ် ယွန်းစန္ဒာက အချစ်သင်ခန်းစာများအား လေ့လာတတ်မြောက်ခဲ့ရပါပြီ၊

♛♛♛♛♛

"ယွန်းအိမ်က ကိုယ်နဲ့လက်ထပ်ဖို့ သဘောတူပြီလားဟင်"

ယွန်းစန္ဒာသည် အချစ်မှော်ဆရာကြီးတစ်ဖြစ်လဲ နေပိုင်၏မျက်နှာအား စေ့စေ့ကြည့်ပြီး.....

"ယွန်းရဲ့အုပ်ထိန်းသူတွေက ကိုနေပိုင်နဲ့ သဘောမတူကြပါဘူးရှင်၊ ယွန်းလည်းမစွန့်စားရဲပါဘူး"

"မဟုတ်ဘူးလေကွာ၊ ယွန်းက ကိုယ့်ကိုချစ်တာ မပြောပြခဲ့ဘူးလား"

"အချစ်.....ဟုတ်လား၊ ချစ်တယ်ဆိုတဲ့စကားကို နှုတ်ဖျားကအလွယ်တကူပြောတတ်ကြလို့ ယွန်းအိမ်က အယုံအကြည်မရှိကြတော့ဘူးရှင့်၊ အချစ်ရဲ့ နောက်ကွယ်မှာဖြစ်နေကြတဲ့ ဇာတ်လမ်းတွေက အစုံစုံအလင်လင်မဟုတ်လား ကိုနေပိုင်၊ ယွန်းကိုယ်တိုင်လည်း အချစ်ကို မကိုးကွယ်တတ်တော့ အချစ်ဆိုတာရှုပ်ထွေးတဲ့ပြဿနာ တစ်ခုလို့မြင်တတ်ပါပြီ"

"ယွန်း.....မင်း ဘာတွေပြောနေတာလဲ"

နေပိုင်က ယွန်းစန္ဒာကို အံ့ဩသော အမူအရာနှင့် ကြည့်လိုက်သည်။

"အမှန်ကို တွေးမြင်သွားတတ်လို့ပါ ကိုနေပိုင်၊ ယွန်းလေ အိမ်ထောင်ပြုရမှာကိုကြောက်တယ်၊ ဘာကြောင့်လဲဆိုရင် ယွန်း

သူမတွင်
အသိစိတ်၊
ဆင်ခြင်တုံတရားနှင့်
စဉ်းစားတွေးခေါ်တတ် ရန်
ဒေါ်ခင်မေစိုးက
သတိပေးခဲ့ခြင်းဖြစ်၏။
ပြီးတော့လည်း
ခင်မေ နိုင်နှင့် မိုးမိုးခိုင်တို့က
ယွန်းစန္ဒာ၏
အချစ်တက္ကသိုလ်မှ
ကထိကများ ဖြစ်ခဲ့ကြသည်။
သည်တော့....

www.burmeseclassic.com

ရဲ့မိတ်ဆွေ မှုံလေးကိုကြည့်ပြီး သူတို့အိမ်ထောင်ရေးလိုဖြစ်မှာ စိုးရိမ်တယ်''

''မှုံလေး.....ဘယ်ကမှုံလေးလဲ''

''ပုလဲမှုံလေ၊ ကိုနေပိုင် သိလို့လား''

နေပိုင်ကခေါင်းကို ချက်ချင်း ခါယမ်းပြီး.....

''ဟင့်အင်း မကြားဖူးပါဘူး''

ဟန်ဆောင်ကောင်းသူပဲဟု ယွန်းစန္ဒာက နေပိုင့်အား စိတ်ပျက်စွာ ကြည့်လိုက်မိသည်။ သူ့မိန်းမ ပုလဲမှုံကို မသိပါဟု လိမ်ညာပြောသည့် ယောကျ်ားတစ်ယောက်အား ယွန်းစန္ဒာက မအံ့သြချင်တော့ပါ။ သည်လိုဘီလူးခေါင်းနှင့် မင်းသားမျိုးက ငရဲကျခံပြီး လိမ်ညာဖုံးကွယ် နေပါဦးမည်။ ရှိစေတော့။ အခုကြုံတွေ့နေရသော လက်ရှိပြဿနာကိုသာ ယွန်းစန္ဒာက ပြတ်သားစွာ ပြောရပါမည်။

''ယွန်းကို အိမ်ထောင်ချပေးကြတော့မယ် ကိုနေပိုင်''

''ဘာ.....စောစောကတော့ အိမ်ထောင်ပြုရမှာ ကြောက်တယ်ဆို၊ မင်းစကားတွေက မညီပါလား''



''ဟုတ်ပါတယ်၊ ဒါပေမဲ့ အခုမှ ဆုံးဖြတ်ချက်ချလိုက်တာပါ၊ မိဘပေးစားသူကိုပဲ ယွန်းယူတော့မယ်''

''ဘာ.....မင်းဘာပြောတယ်၊ မယူရဘူး၊ မင်းက ငါ့ကိုပဲယူရမှာ၊ ငါ လွယ်လွယ်နဲ့ အရှုံးမပေးနိုင်ဘူး ယွန်း''

နေပိုင်သည် အကြီးအကျယ် တုန်လှုပ်ဟန်ဖြင့် ခါးခါးသီးသီး ပြောနေတော့၏။ အချစ်ကို ပြတ်သားရန် လွယ်မည်ဟုထင်မိသည့် ယွန်းစန္ဒာမှာ နေပိုင်၏ဘီလူးတစ်ကောင်လို ဒေါသမာန်ကြီးနေပုံကို တွေ့မြင်ရသည့်နောက် တုန်လှုပ်မိ၏။

''အခုပဲ ငါနဲ့ လိုက်ခဲ့ရမယ် ယွန်း၊ မင်းကို သူတစ်ပါးလက်ထဲ မထည့်နိုင်ဘူး၊ အချစ်ဆိုတာ ငါ့အတွက် ရယူပိုင်ဆိုင်ခြင်းပဲ၊ စွန့်လွှတ်ခြင်းတွေ၊ အနစ်နာခံခြင်းတွေ လာပြောမနေနဲ့၊ မကြားချင်ဘူး''

''ကိုနေပိုင် ရှင်လွှတ်နော်၊ ယွန်းကို အဲဒီလို အကြမ်းမဖက်နဲ့၊ ဟုတ်တယ်၊ ရှင့်ကိုရွံတယ်၊ မုန်းတယ်၊ ရှင့်ကိုမချစ်ဘူး''

ကန်တော်ကြီးစောင်း၏ ညနေခင်းလိုအချိန်မျိုးတွင် အတွဲများက အတန်ငယ်ရှင်းသွားကြသည်။

ကောင်းကင်ပြင်ကြီးတွင် မိုး

www.burmeseclassic.com

ရိုပ်ဆင်တော့မည်ဖြစ်၍ အုံ့မှိုင်းနေသလို မိုးတိမ်မည်းများက တဖြည်းဖြည်း ဖုံးကွယ်လာကြ၏။

"ယွန်းလက်ကိုလွှတ်နော် ကိုနေပိုင်၊ မိုးရွာခါနီးပြီ၊ ယွန်းပြန်မယ်"

"မင်း ငါ့နောက်ကို လိုက်မလား၊ မလိုက်ဘူးလား၊ ရှင်းရှင်းပြော"

"မလိုက်ဘူး၊ ယွန်းကိုမေ့ပစ်လိုက်တော့၊ ယွန်းရဲ့နှလုံးသားထဲမှာ ရှင်မရှိတော့ဘူး"

ယွန်းစန္ဒာ၏ စကားများသည် ဆန့်ကျင်ဘက်အသွင်သို့ ဆောင်လာသည့်အတွက် နေပိုင်၏ဒေါသစိတ်အား အပြင်းထန်ဆုံးဖြစ်စေရန် တွန်းပို့လိုက်သည့်နှယ်။ သူအမြဲဆောင်နေကျ ခေါက်ဓားကို ထုတ်ယူပြီး ယွန်းစန္ဒာအား ထိုးသတ်လိုက်တော့၏။

"အဲဒါ ငါ့ရဲ့အဖြေပဲ ယွန်းစန္ဒာ၊ ငါဆိုတဲ့ကောင်က မရတာကိုမှ ယူတတ်တယ်၊ ငါ့အပေါ် ကျောလာရင်တော့ သည်းမခံနိုင်ဘူး၊ မင်းက ငြင်းတာကိုး၊ ဒီတော့ ဟား.... ဟား....ဟား၊ မင်းမိဘပေးစားတဲ့ ကောင်နဲ့ တမလွန်မှာ ပေါင်းကြပေတော့"



ခွေခွေလေးလဲကျသွားသည့် ယွန်းစန္ဒာက အကြောက်တရားကြောင့် သေချင်ယောင်ဆောင်နေ လိုက်ရ၏။ နေပိုင်မှာ သူ့လုပ်ရပ်အား ဂုဏ်ယူစွာဖြင့် ယွန်းစန္ဒာကိုယ်ပေါ်မှ ကျော်လွှား၍ ထွက်သွားတော့သည်။

ရာဇဝတ်ဘေးသည် ပြေးမလွတ်နိုင်ပေ။ နေပိုင်အငှားကားနှင့် ထွက်ခွာသွားချိန်လောက်မှ ယွန်းစန္ဒာက အားယူထလိုက်၏။ ပန်းခြံစောင့်များနှင့် ပတ်ဝန်းကျင်မှ အကူအညီဖြင့် ဆေးရုံပေါ်သို့ ရောက်ခဲ့ရသည်။ ကံကောင်း၍ အသက်မသေခဲ့ပေ။

နေပိုင်အား ညတွင်းချင်း သူ့အိမ်တွင် ဖမ်းမိခဲ့၏။ နယ်စပ်သို့ ထွက်ပြေးရန် အကြံအစည်မှာ မအောင်မြင်ခဲ့ပါ။ အချစ်ကြောင့် အမှားတစ်ခုကို ကျူးလွန်ခဲ့ပြီး မခံချင်စိတ်က သူ့ဘဝအား သတ်ခဲ့ခြင်းဖြစ်၏။

"ယွန်းလေး နေကောင်းသွားပြီနော်"

"ယွန်း အားလုံးကောင်းသွားပါပြီ အန်တီရယ်၊ အန်တီလည်း မိန်းကလေးတွေကို သတိပေးစရာ ယွန်းစန္ဒာတစ်ယောက် တိုးလာပြီပေါ့နော်၊ မချစ်သင့်သူကို ချစ်မိတဲ့ အမှားကို ယွန်း ကောင်းကောင်းကြီးနားလည်သွားပါပြီ၊ ကံကောင်းလို့ ယွန်း အသက်မသေရတာပါ"

ယွန်းစန္ဒာက အတိတ်ကိုပြန်မတွေးချင်တော့ပါ။ သို့သော် သူမကြုံတွေ့ခဲ့ရသည့် အတိတ်ဆိုးတစ်ခုက နှလုံးသားတွင် ထာဝရအမြစ်တွယ် ကျန်ရစ်ခဲ့မည်ကို သူမသာလျှင် အသိဆုံးဖြစ်ပါတော့သည်။

လေးစားစွာဖြင့်
နွေအလှ

www.burmeseclassic.com

အောင်ကျော်ပြုံး

# ရင်တွင်း သံယောဇဉ်





www.burmeseclassic.com

www.burmeseclassic.com





## ရင်တွင်းသံယောဇဉ်

အောင်ကျော်ပြုံး

သမီးက ရန်ကုန်မှာ အလုပ်လုပ်ခဲ့တာ လေးငါးခြောက်နှစ်ရှိနေပါပြီ အဖေရယ်။ အဖေ့ကို ရန်ကုန် ခေါ်မယ်၊ ခေါ်မယ်နဲ့ ခုထက်ထိအောင် မခေါ်ဖြစ်ခဲ့သေးဘူး။ အဖေသမီးကို စိတ်မကောက်နဲ့နော်။

သမီးလုပ်ရတဲ့ စီမံကိန်းလုပ် ငန်းခွင်ရုံးက သိပ်အလုပ်များတဲ့ ဌာနပါ။ ဒါကြောင့်မို့ အဖေ့ကို မခေါ် ဖြစ်တာပါ။ ရှင်းသွားပြီနော် အဖေ။ သမီးကို စိတ်ကောက်ခဲ့ရင်တော့ ရာသက်ပန်ကို သီလရှင် ဝတ်ပစ်လိုက်မှာ။

နောက်တာပါ အဖေရယ်။ လောကမှာ အမေကလွဲခဲ့ရင် ချစ်ရတဲ့သူက သည်အဖေပါပဲဆိုတာ ယုံထားပါ အဖေ။

တချို့က ရန်ကုန်မြို့ကြီးကို ဗရုတ်ဗရက်အတော်ကျတဲ့မြို့ကြီးလို့ ဆိုကြတယ်။ ဆိုကြမှာပေါ့။ သူတို့မှာက ဗရုတ်ဗရက်စိတ်ထားတွေရှိတာကိုး။ ရန်ကုန်မြို့တော်ဆိုတာ နေချင်စဖွယ် ကောင်းတဲ့ မြို့တော်ကြီးပါ။



လူကောင်းတွေရှိကြသလို ဆိုး တဲ့သူတွေလည်း ရှိကြမှာပါပဲ အဖေ။ ဒါက ထုံးစံကိုး။ ကိုယ့်အနေနဲ့ အရာရာကို သွားသတိ၊ လာ သတိ၊ ဆင်ခြင်တုံတရားတွေနဲ့အတူ နေခဲ့ရင် အန္တရာယ်ဆိုတာပပျောက်သွားမှာပါ အဖေ။

အဖေပြောခဲ့ဘူးတဲ့ စကားလေးကို သမီး သတိရမိတယ်။

“ဒီမှာ သမီး၊ ကိစ္စတစ်ခုကို ဆောင်ရွက်တော့မယ်လို့ ကြံခဲ့ရင် သမင်ဒရယ်လိုလည်း သိပ်ပြီး မကြောက်နဲ့၊ ခါချဉ်ကောင်လိုလည်း သိပ်မရဲနဲ့၊ ကြောက် လွန်းရင် ကိစ္စမပြီးမြောက်ဘူး၊ ရဲလွန်းရင် ကိစ္စလွဲချော်တတ်တယ်၊ မှတ်ထားနော် သမီး”

အဖေ့ရဲ့ အယူအဆ၊ အတွေး အခေါ်တွေနဲ့အတူ နေထိုင်ခဲ့လို့ ဒီနေ့ထက်ထိအောင် သမီးအနေနဲ့ ဘာပြဿနာမှ မတက်ခဲ့ပါဘူး အဖေ။

ကိုယ့်ဘက်ကတော့ အမြဲတမ်း ကောင်းအောင်နေပြခဲ့တာပါ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သူ့ဘက်က ကောင်းတာ၊ ဆိုးတာကတော့ သူ့သဘောအတိုင်းပေါ့ အဖေရယ်။

လူအမျိုးမျိုး၊ စိတ်အထွေထွေရယ်လို့ ဆိုထားလေတော့ သမီးလည်း လူပဲလေ။ သည်လောက်တော့ ရှိကြမှာပေါ့။ လောကကြီးဆိုတာ နေတတ်ရင် ကျေနပ်ချင်စရာ ကောင်းပါတယ် အဖေရယ်။

သမီးကတော့ နေတတ်သလို ပဲ နေတယ်။ ကျွေးရင် စားတယ်၊ ပေးရင်ယူတယ်၊ ခိုင်းရင်လုပ်တယ်၊ ဘယ်တော့မှ ခံမပြောဘူး။ ဒါ သမီးရဲ့ ဝမ်းတွင်းပါ ဗီဇပါအဖေ။

လူချစ်အောင်လုပ်မှ လည်း လူတွေက ချစ်ကြမှာကိုး။ မုန်း အောင် လုပ်လို့ကတော့ ရပါတယ်။ သမီးအတွက် ဘာအကျိုးရှိမှာလဲ။ အကျိုးမရှိတာတွေကို သမီးမလုပ်ချင်ဘူး အဖေရယ်။

♛♛♛♛

သမီး ဟိုတုန်းက ရုံးကိုလာရတာ သမီးငှားနေတဲ့အိမ်နဲ့က အတော့်ကိုဝေးတယ်။ အဲဒီတုန်းက သမီးကလည်း သမိုင်းမှာနေတာကိုး။ သမီးလုပ်တဲ့ရုံးက မင်္ဂလာတောင်ညွန့်မြို့နယ်ထဲမှာဆိုတော့ အလှမ်းက အတော်ဝေးတယ်လေ။



အခုတော့ဖြင့် သမီး သွားရေးလာရေး အဆင်မပြေတာကိုသိလို့ ရုံးမှာပဲအိပ်၊ ရုံးမှာပဲစား၊ ရုံးကိုလည်းတက်နိုင်ဖို့ အခန်းတစ်ခန်း စီစဉ်ပေးတယ် အဖေ။ ပြီးတော့ သမီးနဲ့အဖော်ရဖို့ မိန်းမတစ်ယောက်ကို ပေးထားတယ်။

ရုံးမှာ ညစောင့်၊ နေ့စောင့်တွေကတော့ ရှိပါတယ်။ သူတို့လည်း သူတို့တာဝန်နဲ့သူတို့။ သမီးတို့ကိုလည်း သူတို့က နေ့ညမရွေးစောင့်ရှောက်ကြပါတယ်။ သမီးထက် ကြီးလေတော့ အစ်ကိုတွေလို့ ဆိုရမလားပဲ။

သမီး ရန်ကုန်မှာနေရတာ အနေပျော်ပါတယ် အဖေရယ်၊ အနှစ်နှစ်ဆယ်ထိအောင် အဖေတို့က သမီးကို ပြုစုစောင့်ရှောက်လာခဲ့တာဆိုတော့ သမီးဘက်က သိတတ်ရမယ်၊ လောကကြီးမှာ ကိုယ်ထူးကိုယ်ချွန်မှ ကောင်းတာ အဖေ။

သမီးကို သည်လိုဘဝမျိုးကို ရောက်အောင် ပြုစုပျိုးထောင်ပေးလိုက်တဲ့ အဖေတို့ အမေတို့ရဲ့ကျေးဇူးကို တစ်သက်မမေ့ပါဘူး အဖေရယ်။

သမီးကိုစိတ်မကောက်နဲ့နော် အဖေလည်း ရန်ကုန်ရွှေမြို့တော်ကြီးကို ရောက်ဖူးတာပါပဲ။ အဖေ ဝန်ထမ်းဘဝက ရန်ကုန်ကို အိမ်ဦး နဲ့ကြမ်းပြင်လို သွားလာနေတာ မဟုတ်လား။ အဖေက အသက် လည်းကြီးပြီ။ ကိုယ့်ကျန်းမာရေး လည်း ဂရုစိုက်ပါဦး အဖေရယ်



www.burmeseclassic.com

www.burmeseclassic.com



သမီးမှာ သည့်အဖေ၊ သည့်အမေပဲရှိတာ။

ရန်ကုန်ဆိုတာ ရလေကုန်လေဆိုတဲ့ မြို့ကြီးတဲ့။ အသုံးနဲ့ အဖြုန်းကို နားမလည်တဲ့သူတွေရဲ့ ပြောစကားပါ အဖေ။ တကယ်တမ်း အသုံးနဲ့အဖြုန်းကို နားလည်ခဲ့ရင်သည့်စကားတွေက ထွက်လာစရာ အကြောင်းမရှိပါဘူး အဖေရယ်။

သမီးကတော့ အဖေပြောသလို အသုံးနဲ့အဖြုန်းကို ဆင်ခြင်တတ်ခဲ့လို့ လစဉ်မှန်မှန် အဖေတို့ကို ထောက်ပံ့နိုင်ခဲ့တာမဟုတ်လား အဖေ။

ရန်ကုန်ဆိုတာ မြို့ကလည်း ကြီးမားလေတော့ လူစုံတက်စုံရှိနေတာကတော့ အမှန်ပါပဲ။ လူတွေနေတဲ့ အရပ်မှာ လူတွေရှိတာ မဆန်းပါဘူး အဖေ။

တစ်ခါတစ်ရံမှာတော့ မတွေ့ချင်တာတွေလည်း တွေ့ရမှာပဲ။ မကြုံချင်တာတွေလည်း ကြုံရမှာပါပဲ။ ဒါပေမဲ့ ဒါတွေကိုကြုံခဲ့ရင် ကိုယ်က လောမကြီးဖို့ လိုလိမ့်မယ်လို့ သမီးတော့ထင်ပါတယ်။

ဟိုတလောက သမီးလုပ်နေတဲ့ Admin ဌာနစိတ်က တာဝန်ရှိတဲ့ ဌာနစိတ်မှူးက မြို့ထဲကို အလုပ်ကိစ္စတစ်ခုနဲ့ ခိုင်းစေလာတယ်။ သူ့ဆန်စား ရဲရတော့မှာပေါ့။

သမီးလည်း သူ့ရဲ့ခိုင်းစေချက်အတိုင်း မြို့ထဲသွားမယ့်ကားနဲ့ လိုက်ခဲ့တယ်။

ကားကတော့ ချောင်ပါတယ်။ ဒါပေမဲ့လို့ ထိုင်ခုံတွေမှာ လူတွေက ပြည့်နေတော့ သမီးလည်း မတ်တတ်ရပ်ပြီး လိုက်ခဲ့ရတာပေါ့။ သမီးသွားရမယ့်နေရာက သမီးတို့ရုံးနဲ့ အလှမ်းတော့နည်းနည်းဝေးတယ်။

သမီးလည်း ကားရဲ့ လက်ကိုင် တန်းလေးကို ဆုပ်ကိုင်ပြီး ကိုယ့် အတွေးနဲ့ကိုယ် လိုက်ခဲ့တယ် အဖေ။

သုံးလေးမှတ်တိုင်အကျော်ရောက်တော့ လူတစ်ယောက်က သမီးအနားကို မသိမသာ တိုးကပ်လာတယ်။ သူ့ကြည့်ရတာ စုတ်ပြတ်သတ်နေတဲ့ပုံပါပဲ။ သည်ကြားထဲမှာ အရက်ကလည်း သောက်ထားသေးတယ်။

အဲသည်လူက သမီးကို ဘာလုပ်လိုက်သလဲဆိုတာ အဖေသိလား။ သမီးရဲ့တင်ပါးကို သူ့လက်ကြမ်းကြီးနဲ့ လာကိုင်တယ်။ သည်ထိအောင်တော့ သမီး ငြိမ်ခံနေလိုက်သေးတယ်။ သည်မှာတင် သူက စခန်းရပ်သေးတာမဟုတ်ဘူး





www.burmeseclassic.com

www.burmeseclassic.com





အဖေ။

သမီးရဲ့ဘောင်းဘီအိတ်ထဲကို ပါ သူ့လက်ကြမ်းကြမ်းကရောက် လာတော့ သမီးလည်း ဒေါသ လည်းထွက်၊ စိတ်ကလည်းပျက် တာနဲ့ သူ့လည်မျိုကို သမီးရဲ့တံ တောင်နဲ့ ခပ်ပြင်းပြင်း တွတ်ပစ် လိုက်တယ်။

ချက်ကောင်းကိုထိသွားတော့ ကားရဲ့ကြမ်းပြင်ပေါ်ကို မှောက် လျက်သား သည်ကောင်ကျသွား တယ်။ သမီးကလည်း ဒေါသရှိန် မပြေသေးတာနဲ့ စီးလာတဲ့ ရှူး ဖိနပ်ဦးချွန်နဲ့ သူ့နံစောင်းကို ကစ် ထည့်လိုက်သေးတယ်လေ။

ခရီးသည်တွေက သမီးတို့ကို အကြောင်သားကြီး စိုက်ကြည့်နေ ကြတယ်။ သည်အချိန်မှာ မိန်းမ တစ်ယောက်က သမီးရဲ့မျက်နှာကို တစ်စုံတစ်ခုနဲ့လုပ်ဖို့ ကြံရွယ်လာတဲ့ အတွက် သူ့လက်ကိုလိမ်ချိုးပြီး သူ့ ရင်ညွန့်ကို ရှူးဖိနပ်ဦးချွန်နဲ့ ခပ် ပြင်းပြင်းဆောင့်ကန်လိုက် တယ်။

သူ့ခမျာ အော်ချိန်တောင်မှ မရပါဘူး။ ကားရဲ့ကြမ်းပြင်ပေါ်ကို လဲကျသွားလိုက်တာ။ သူ့ဘေးနား မှာလည်း စောစောက သမီးကို လုပ်ဖို့ကြံတဲ့ ပစ္စည်းလေးကိုလည်း တွေ့လိုက်ရတယ်။ ဆယ်ပြားစေ့ကို

ခရီးသည်တွေက သမီးတို့ကို အကြောင်သားကြီး စိုက်ကြည့်နေကြတယ်။ သည်အချိန်မှာ မိန်းမ တစ်ယောက်က သမီးရဲ့မျက်နှာကို တစ်စုံတစ်ခုနဲ့လုပ်ဖို့ ကြံရွယ်လာတဲ့ အတွက် သူ့လက်ကို ......

မြဲနေအောင်သွေးထားတဲ့ အရာ လေးပါ။

ဒါလေးနဲ့သာ ထိလိုက်ရင် တော့ သမီးအဖို့ မလွယ်ကြောပါပဲ အဖေရယ်။

ရန်ကုန်မြို့ကြီးက လှပဆန်း ကျယ်သလောက် မြို့တော်ကြီးရဲ့ အလှကို ဖျက်ဆီးနေကြတဲ့သူတွေ ပါ အဖေရယ်။

သည်တော့မှ စပယ်ယာဖြစ် တဲ့သူလည်း လှုပ်လှုပ်ရှားရှားဖြစ် သွားပြီး ဘာတွေဖြစ်တာလဲ၊ ဘာ တွေဖြစ်တာတုန်းနဲ့ မေးတော့တယ်



www.burmeseclassic.com

www.burmeseclassic.com

လေ။

သမီးကလည်း လည်ပင်းမှာ ဆွဲထားတဲ့ ဝန်ထမ်းသက်သေခံ ကတ်ပြားလေးကိုပြရင်း သည်နှစ် ကောင်ကို အမြန်ဆုံး နီးစပ်ရာရဲ စခန်းကို ပို့ပေးပါလို့ ဆိုလိုက်ရ တယ်။

ခရီးသည်တွေကတော့ သမီး ကိုကြည့်ပြီး အံ့အားသင့်နေကြ တယ်။

♛♛♛♛

ရဲစခန်းကိုရောက်တော့ ရဲ စခန်းမှူးကြီးက သမီးကို လိုလေ သေးမရှိအောင် ဆောင်ရွက်ပေးပါ တယ်။ သမီးခေါ်လာတဲ့နှစ်ယောက် ကိုလည်းကြည့်ပြီး.....

"ဒီနှစ်ယောက်က အခြား မဟုတ်ဘူး သမီးရဲ့၊ လင်မယား

လုပ်စားလို့ထောင်ထဲခဏ ခဏရောက်ခဲ့ရတာကလည်း အကြိမ်ကြိမ်ပါပဲ၊ အမှတ်သည်းခြေ ကိုမရှိတဲ့သူတွေပါသမီး၊ သမီးကအခုလို.....



တွေလေ၊ ဒီလို မဟုတ်မဟတ်တာ တွေ လုပ်စားလို့ ထောင်ထဲခဏ ခဏရောက်ခဲ့ရတာကလည်း အကြိမ်ကြိမ်ပါပဲ၊ အမှတ်သည်းခြေ ကိုမရှိတဲ့သူတွေပါ သမီး၊ သမီးက အခုလို တာဝန်သိပြည်သူတစ် ယောက်အနေနဲ့ ဦးတို့ကိုကူညီတာ ကျေးဇူးပါပဲ၊ ဒီ့အတွက် ဆိုင်ရာကို ခွင့်တောင်းပြီး သမီးအတွက် ဦးတို့ က ဂုဏ်ပြုပွဲလေး ကျင်းပပေးရဦး မယ်၊ အဲဒီအခါကျရင် သမီးလည်း လာဖြစ်အောင် လာရမယ်နော်၊ ဖိတ်စာလည်း ပို့လိုက်မယ်"

သမီးရင်ထဲမှာ ဝမ်းသာသွား လိုက်တာ အဖေရယ်။

တာဝန်သိစိတ်ဆိုတာ လူ တိုင်းမှာ ရှိသင့်ပါတယ်။ တကယ် တော့ တာဝန်သိတဲ့စိတ်ဆိုတာ ကိုယ့်ကြောင့် ကိုယ့်လူမျိုး၊ ကိုယ့် အလုပ်၊ ကိုယ့်ပတ်ဝန်းကျင်ကို အကောင်းဆုံးဖော်ပြ ဂုဏ်ယူနိုင်တဲ့ စိတ်ကို ခေါ်ဆိုတာမဟုတ်ဘူးလား အဖေ။

တာဝန်သိစိတ်တွေနဲ့ သမီး နေချင်ပါတယ်။ သမီးက အဖေ့ သမီးပဲ။ မီးမဟုတ်တဲ့ ထီးကလေး လိုဘဝမျိုးကိုပဲ အစဉ်လိုချင်ပါ တယ် အဖေရယ်။

**အောင်ကျော်ပြုံး**

www.burmeseclassic.com

# နှင်းစက်
(လားရှိုး)

# အလင်းသစ်



ဂုဏ်ရည်တူကိုပဲ ဖြူဖြူသက်
လေးစားမည့်မှန်း သူအားငယ်စွာ
သိနှင့်ထားပေမယ့် ဖြူဖြူသက်ဆီက
ကြားရမည့်စကားလေးတွေကို
သူမျှော်လင့်မိပါသည်။
ဖြူဖြူ သက်၏နှုတ်မှ
ထွက်လာသမျှ စကားတိုင်းက........



www.burmeseclassic.com

www.burmeseclassic.com





## အလင်းသစ်

**နှင်းစက် (လားရှိုး)**

ဖြူဖြူသက်ကို ရိပ်ခနဲမြင်လိုက်ရတာနှင့်ပင် အောင်အောင့်မှာ နီးစပ်ရာ ပြွန်းအုတ်ပုံအနီး လှမ်းကွယ်လိုက်ရသည်။ သူ့ခန္ဓာကိုယ်မှာ ငါးညှီနံ့တွေ နံနေသည်။ သူရေမချိုးရသေး။

ဖြူဖြူသက်တို့မိန်းကလေးအဖွဲ့ သူ့အနီးဖြတ်ကျော်သွားကာမှပဲ အောင်အောင်တစ်ယောက် ဟူးခနဲ သက်ပြင်းမောချရ၏။

ဖြူဖြူသက်ကို ကြောက်တာမဟုတ်ဘဲနှင့် ယောကျ်ားလေးတန်မဲ့ ပုန်းကွယ်နေလိုက်ရတာကို တွေးကြည့်မိတော့မှ ရှက်ရမည်လားလို့ မဝေခွဲတတ်။ သူနှင့်တွေ့တိုင်း ဖြူဖြူသက်တစ်ယောက် ဆရာမကြီးလုပ်တတ်လွန်းသဖြင့် သူ့နားတွေ ထူပူနေရသည်မဟုတ်လား။

"ဟေ့ကောင်....."

"အမယ်လေး....."

ကိုချက်ကြီး ရုတ်တရက်ပခုံးပုတ်လိုက်သောကြောင့် သူလန့်သွားရပါသည်။ ယောင်ချာချာဖြင့် အနီးမှ သံတိုင်တွေ ကာရံထားတာ မြင်ရကာမှ.....။



"မင်း ဘာတွေတွေးနေတာလဲ၊ အပြင်မှာ မိုးတွေရွာနေတယ်ကွ"

ဟုတ်ပါသည်။ သံတိုင်များမှတစ်ဆင့် နီးစပ်ရာ ပြတင်းပေါက်များကို ကြည့်မိတော့ မိုးက သဲသဲမဲမဲ။ ဒီလိုမိုးနှင့်ဆိုလျှင် အမေ သူ့ဆီ ထမင်းလာပို့မည်မထင်။ သူ့ရင်ထဲ တလိမ့်လိမ့်ဖြင့် အားငယ်သွားမိ၏။

သူရှိနေသော အမှတ်(၁)မြို့မရဲစခန်းနှင့် အမေဈေးရောင်းရာ လွယ်ရိုးဈေးက ကားလမ်းမတစ်ခုသာ ခြားတာမို့ အမေလာချင်လည်း အနီးလေး။

"မလာတော့လည်း ကောင်းတာပါပဲလေ"

အချုပ်ထမင်းပဲရှိပါစေတော့။ အမေကွမ်းယာစားနေတာကိုမြင်ရလျှင် အပြစ်တွေပြောမိနေဦးမည်။ ထိုအခါ အမေကလည်း သူ့ကိုပြန်ပြောဦးမည်။ ငါ့ပိုက်ဆံနဲ့ငါစားတာ

www.burmeseclassic.com

လို့။

"အမေ နှစ်လုံးထီတွေ ထိုး နေဦးမလား မသိပါဘူးဗျာ"

နီးစပ်ရာခင်မင်မိသည့် အချုပ်ဖော် ကိုချက်ကြီးက ခပ်ထေ့ထေ့ ပြုံးရင်း သူ့ကိုကြည့်သည်။

"လူရဲ့ဇီဇ သေမှချတာကွ"

"မွေးကတည်းက ဘယ်သူမှ....."

"ဒါပေမဲ့ မင်းအမေလေ၊ သူ တစ်ပင်မထူတာတောင်ကံကောင်း"

အမေတဲ့။ အမေ့ကြောင့်ပဲ သူ ခုလို အချုပ်ခန်းထဲရောက်လာရတာမဟုတ်လား။ အမေငါးရောင်း စားနေလို့ ခုလိုဖြစ်ခဲ့ရတာလေ။

"ဆရာ ဘယ်နနာရီထိုးပြီလဲ"

ကိုချက်ကြီးက အချုပ်ခန်းစောင့်တာဝန်ကျ ရဲတပ်ကြပ်တစ်ဦးကို လှမ်းမေးလိုက်သည်။

"၁၀ နာရီထိုးတော့မယ်ကွ၊ မင်း ဒီနေ့ ရုံးထုတ်ထဲပါတယ် မဟုတ်လား"

ကိုချက်ကြီးက ဒီနေ့ရုံးထုတ်ထဲပါသည်။ ကိုချက်ကြီးကသောက်စားရမ်းကားမှုကြောင့် ရောက်လာတာဟု သိရ၏။ အရိုက်ခံရသူက ဆေးရုံမှာ အတွင်းလူနာအဖြစ် ကုသနေရဆဲပင်။

"တရားရုံးရောက်ရင် ခင်ဗျား မိန်းမက ထမင်းဟင်းကောင်းကောင်းယူလာမယ်နဲ့ တူပါတယ်"



သူ ကိုချက်ကြီးကို ထိုသို့အားပေးလိုက်တော့ အရက်ကြောင့် ခပ်ဖောဖောဖြစ်နေသည့် ပါးနှစ်ဖက် လှုပ်သွားအောင်ရယ်သည်။ အသားမည်းမည်း၊ ဗိုက်ရွှဲရွှဲ၊ ဂင်တိုတိုမို့ မွေးနာမည်ပျောက်ပြီး ချက်ကြီးလို့ နာမည်တွင်နေတာလို့လည်း ခပ်ကြွားကြွား ပြောတတ်ပါသေးသည်။

"ခင်ဗျားမိန်းမ အိမ်တကာ လိုက်ပြီး အဝတ်လျှော်စားနေရတာ မသနားဘူးလားဟင်"

ထိုအခါ ကိုချက်ကြီးလှုပ်လှုပ်ရှားရှားဖြစ်သွား၏။

"အောင်အောင်ခန့် ဧည့်တွေ့မယ်"

အောင်အောင်ခန့်တဲ့။ အပြင်မှ ရဲတပ်ကြပ်၏ခေါ်သံ။ ထိုနာမည်က အချုပ်ခန်းထဲရှိ သမျှ ယောကျ်ားသားတွေအားလုံးထဲ သူတစ် ယောက်ပဲ ပိုင်ဆိုင်သည့် နာမည်။ သူရင်ခုန်သွားရသည်၊ အမေလာပြီလား။ ဒီလောက်မိုး သည်းသည်းထဲမှာ။ သူ ဝမ်းသာ အားရ သံတိုင်ရှေ့ ပြေးကပ်လိုက် မိသည်။

"ဟင်....."

သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်လာပါသော မိန်း

www.burmeseclassic.com



ကလေးတစ်ယောက်။ သူ့ကိုပြုံးပြီး ကြည့်လိုက်သောအကြည့်။ လုံချည်အောက်နားစတွေမှာ မိုးရေအနည်းငယ် စိုနေသည်။

"ဖြူ.....ဖြူဖြူ.....နင်"

သူနှင့်မျက်နှာချင်းဆိုင် ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပါသော ဖြူဖြူသက်။ သူ့ခေါင်းတွေ မိုက်ခနဲ။

"ရော့.....ဒီမှာ မင်းအတွက်"

အချုပ်သားများ ကိုယ့်ကိုယ်ကိုယ် Suicide မလုပ်နိုင်အောင် (သို့) အချုပ်သားအချင်းချင်း အန္တရာယ်မပြုနိုင်အောင် စစ်ဆေးပြီးသောအခါ သူ့ကိုလာပေးသော ထမင်းဘူးတစ်ဘူးနှင့် မုန့်မျိုးစုံထုပ်ကြီးတစ်ထုပ်။

"ဒါ ဘာလဲ ဖြူဖြူ"

"ဟုတ်တယ်၊ ငါနင့်အတွက် ကြက်ဆီထမင်းဝယ်လာတာ၊ အဲဒီမှာ မုန့်တွေရောပေါ့၊ နင့်အမှုက အာမခံရနိုင်တဲ့အမှုပဲလေ၊ နင်မထွက်ရသေးခင် အားရှိအောင် စားထားမှဖြစ်မှာ၊ နင့်ရဲ့ ညီလေး၊ ညီမလေးတွေက နင်ကျန်းကျန်းမာမာနဲ့ ထွက်လာတာကိုပဲ မျှော်နေကြမှာ"

သူ မျက်ရည်တွေ ရစ်သိုင်းလာရပါသည်။

"နင် ဒီကိုလာတာ မရှက်ဘူးလား ဖြူဖြူ။ ဒီနေရာကို နင်မလာသင့်ဘူး၊ ငါ့ညီ၊ ညီမတွေကိုတောင် မလာခိုင်းဘူး"

**ငါရုက်တတ်လို့လာတာပေါ့ အောင်အောင်၊**
**ငါ့သူငယ်ချင်း အောင်အောင်ခန့်ဆိုသူဟာ လူဆိုး၊**
**လူမိုက်တစ်ယောက်အဖြစ်**
**အချုပ်ထဲ၊ ထောင်ထဲ ကျင့်သားရသွားမှာကို.....**

သူ့အသံ နည်းနည်းကျယ်သွားရသည်။ အဖော်ယောက်ျားလေးအချို့က ဖြူဖြူသက်၏ နှင့်နှောင်းသောအလှ၊ ယဉ်ကျေးသော အပြုအမူ၊ နူးညံ့သောအပြုံး၊ သိမ်မွေ့သော စကားသံတို့ကြောင့် သူ့နံဘေးမှာ အစီအရီ။

ဖြူဖြူသက်ကတော့ ထိုပုရိသများကို ရှိတယ်လို့ပင်မထင်။

"ငါရုက်တတ်လို့လာတာပေါ့ အောင်အောင်၊ ငါ့သူငယ်ချင်း အောင်အောင်ခန့်ဆိုသူဟာ လူဆိုး၊ လူမိုက်တစ်ယောက်အဖြစ် အချုပ်ထဲ၊ ထောင်ထဲ ကျင့်သားရသွားမှာကို ငါရှက်လို့လာတွေ့တာ"

ဖြူစင်လွန်းသော ဖြူဖြူသက်ရှေ့မှာ သူ မငိုမိအောင် စိတ်ကို မနည်းချုပ်တည်းနေရပါသည်။ ဖြူဖြူသက် ဒီကိုလာတာ သူမ၏မိဘများ သိပါလေစ။

"ငါတို့က အိမ်ခန်းငှားနေရတာ၊ အမေက ငါ့ကို အာမခံရအောင် ကူညီနိုင်မှာမဟုတ်ဘူး၊ ပြီးတော့....."

"ပြီးတော့ ဘာဖြစ်လဲ"

"နင်ပြန်တော့ဟာ"

နင့်ကို ငါ့နံဘေးကလူတွေ ဝိုင်းကြည့်နေကြလို့ဟု သူ ပြော၍မထွက်။ ဖြူဖြူ့ကို လူတကာ အထင်သေးသွားမှာ သူကြောက်မိပါသည်။

"ရော့....."

ဖြူဖြူသက် ဆလင်းဘတ်အိတ်ထဲကနေ ကျောက်စိမ်းပုတီးလေး ထုတ်ယူပြီး သူ့ထံလှမ်းပေးသည်။

"နင်လွတ်မှာပါ၊ နင်ပုတီးစိပ် ဖြစ်အောင်စိပ်"

ပုတီးစိပ်တဲ့။ သို့ဆိုလျှင် သူ

www.burmeseclassic.com



လွတ်နိုင်မည်လားလေ။

"ငါမှ ဘုရားစာမရတာ"

သူ့နံဘေးမှလူများက တဟားဟား ဝိုင်းရယ်ကြ၏။ သူဒေါသထွက်သွားရသည်။ သို့သော်လည်း ဖြူဖြူသက်ရှေ့မှာမို့ စိတ်ထိန်းလိုက်ရပါသည်။

"အရဟံ၊ အရဟံလို့ပဲရွတ်လို့ရတာပဲလေ၊ ဟောဒီကြိုးစလေးက နေစပြီး ဒီလို ပုတီးလုံးတစ်လုံးကိုယူ၊ လက်လေးနဲ့ဒီလိုစိပ်၊ အရဟံလို့ရွတ်၊ အဲဒီအတိုင်းစိပ်ပြီး နောက်ဆုံး ပြီးသွားရင် ဒီလိုအစကနေပြန်ယူပြီး ပုတီးတစ်လုံးချ၊ အရဟံတစ်ခါရွတ်၊ ဟောဒီပတ်ဝန်းကျင်မှာရှိတဲ့ မြင်ရသော၊ မမြင်ရသော၊ မြင်အပ်သော၊ မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းကို ပုတီးစိပ်ရသောကုသိုလ်ကို အမျှဝေပါတယ်ဆိုပြီး အမျှဝေပေး၊ သာဓုခေါ်ပေး"

"ဒါဆို ငါလွတ်ပြီပေါ့"

"အေးပေါ့၊ နင်ပြုသမျှကုသိုလ်ကောင်းမှုတွေကြောင့် လွတ်မှာပေါ့"

သူ့ရင်တွေ မောသွားရတာကတော့အမှန်။ ကျောက်စိမ်းပုတီးလေးကိုင်ထားသောသူ့လက်များ တဆတ်ဆတ်တုန်ခါသွားရသည်။

♛♛♛♛

မှတ်မှတ်ရရ သူတို့လေးတန်းနှစ်မှာ အဖွဲ့လေးတစ်စုရှိခဲ့ပြီ။ အတန်းထဲက စိတ်တူဝါသနာတူ အပေအတေယောကျ်ားလေးများ တိုင်ပင်ထားသည်က ယနေ့ ကျောင်းပြန်လွှတ်ချိန်မှာ ကျောင်းအနောက်ဘက်က ချောင်းထဲမှာ ငါးပေါက်လေးတွေ သွားဖမ်းကြဖို့။

လွယ်အိတ်နှင့် အဖြူအစိမ်းတွေကို ချောင်းကမ်းပါးပေါ် တင်ထားခဲ့ကြရင်း ဘောင်းဘီတိုလေးများဖြင့် ဒိုင်ဗင်ပစ်သူပစ်၊ သံဆန်ခါပိုက်ဖြင့် ငါးဖမ်းသူကဖမ်း။ မနေ့က မိုးတွေအများကြီးရွာခဲ့တာမို့ ရေများက ဖောဖောသီသီ။ ပျော်စရာကောင်းလိုက်တာများ။ တဝုန်းဝုန်း၊ တဗွမ်းဗွမ်း။

"ဟေ့...အောင်အောင်၊ နင်တို့တက်ခဲ့ကြစမ်း၊ မတက်ခဲ့ရင် ငါကျောင်းအုပ်ဆရာမကြီးကို သွားတိုင်မှာ"

ကုန်းပေါ်က အသံစာစာကြောင့် လှမ်းကြည့်လိုက်တော့ ဖြူဖြူသက်ဦးဆောင်သော မိန်းကလေးတစ်သိုက်။ သူတို့ချောင်းထဲလာဖို့ တိုင်ပင်ကြတာကို ဖြူဖြူသက် သိနေနှင့်တာမှန်း သဘောပေါက်လိုက်လေပြီ။ သူတို့အဖွဲ့ကလည်းမမှု။ ဟေးဟေးဟားဟား အော်ရင်း နင်တို့လည်းဆင်းခဲ့ပါလားလို့ အဖော်စပ်လိုက်ပါသေး၏။

"ငါတကယ်ပြောနေတာနော်"

ဖြူဖြူသက်က အတန်းထဲမှာ စာလည်းတော်၊ စွာလည်းစွာ။ ကျောင်းအုပ်ဆရာမကြီးက ကျောင်းဝင်းထဲမှာပဲနေတာကို သိပေမယ့် ဖြူဖြူသက်၏အတွင်းစိတ်ရင်း နူးညံ့မှန်း သူသိနေတာမို့ အပျော်အပြုံးမပျက်။

"နင်တို့ ငရဲကြီးမှာမကြောက်ဘူးလား"

ကုန်းပေါ်ကအသံစာစာကြောင့်
လှမ်းကြည့်လိုက်တော့ဖြူ
ဖြူသက်ဦးဆောင်သော
မိန်းကလေးတစ်သိုက်။
သူတို့ချောင်းထဲလာဖို့
တိုင်ပင်ကြတာကို
ဖြူဖြူသက်
သိနေနှင့်တာမှန်း
သဘောပေါက်လိုက်လေပြီ။
သူတို့အဖွဲ့က....



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူသက် လှမ်းအော်ပြန်ပါ၏။ အဖော်သူငယ်ချင်းများက ဖြူဖြူသက်နှင့် မိန်းကလေးတစ်သိုက်ကို လျှာထုတ်ပြ၊ မျက်နှာပြောင်ပြကြနှင့် မြူးပျော်နေကြ၏။

"ငရဲဆိုတာ ချိုနဲ့လားဟေ့၊ မြွေနဂါးတောင် ကြောက်ဘူးကွယ်"

သူ ဟစ်အော်ရယ် မောရင်း ဖမ်းမိထားသော ငါးတစ်ကောင်ကို ဖြူဖြူသက်တို့ မိန်းကလေးအဖွဲ့ မြင်တွေ့အောင် မြှောက်ပြလိုက်၏။

"အေးပါ.....အေးပါ၊ ရယ်ထားကြပါ၊ ကဲ.....ထွေးထွေးရေ၊ နင့်ဗလာစာအုပ်ထဲ ရေးမှတ်လိုက် ပေတော့"


ထွေးထွေးခင်က ဗလာစာအုပ်နှင့် ခဲတံထုတ်ယူကာ သူတို့အဖွဲ့ တစ်ဦးတစ်ယောက်ချင်းစီ၏ နာမည်များ မှတ်သားကာ တွေ့ကြသေးတာပေါ့လို့အော်ရင်း ထွက် သွားကြတော့၏။

အချိန်တွေကုန်လို့ကုန်မှန်းပင် မသိလိုက်။ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအနီးဝန်းကျင်မှ လူကြီးသူများ ရောက်လာကာ သူတို့အဖွဲ့ကို နားရွက်လိမ်ဆွဲ၍ ခေါ်ယူသွားကြပါတော့သည်။

နောက်နေ့မှာ သူတို့မိဘများ ကိုခေါ်ယူပြီး ကျောင်းအုပ်ဆရာမကြီးက လက်မှတ်ရေးထိုးခိုင်းပါ၏။ အဖေ့တုတ်စာကို ကောင်းကောင်း ကြီးခံလိုက်ရသော သူ့မှာ ဖြူဖြူသက်ကို မကျေနိုင်၊ မချမ်းနိုင်။ အမေကတော့ သူ့ကို ချစ်တာမို့ အဖေနှင့် ရန်ဖြစ်ကြပါသေးသည်။

"အိုး.....သားယောကျ်ားလေး မွေးထားတာ၊ ထောင်အပြင် တန်းမရှိဘူး၊ ယောကျ်ားလေးဆိုတာ ဒီလိုရဲမှပေါ့"

♛♛♛♛♛



ဖြူဖြူသက်၏ အဖေနှင့် အမေက လားရှိုးမြို့နယ်၏ ရုံးဌာနတစ် ခုမှ ဝန်ထမ်းများဖြစ်ပြီး ဖြူဖြူသက်က အငယ်ဆုံးမို့ အစ်ကိုကြီး၊ အစ်မကြီးများ၏ ဦးဆောင်မှုအောက်မှာပဲ ငြိမ်သက်စွာ ကြီးပြင်းခဲ့ရသူဖြစ်ပါသည်။

သူ့မှာတော့ အမေ့ထံမှ ငါးညှီနံ့နှင့် ငါးတွေကို ရေခဲခွဲမည့်၊ ရိုက်မည့် အဖေ့ရေခဲခွဲသံ တဒုန်းဒုန်းထဲ ညီ၊ ညီမလေးများကို ထိန်းကျောင်းရင်း ရှင်သန်ခဲ့ရသူ။

တစ်ခါတစ်ရံ ဖြူဖြူသက်နှင့် မျက်နှာချင်းဆိုင်ရမှာ မဝံ့။ ဖြူဖြူသက်၏ အစ်ကိုကြီးက အင်ဂျင်နီယာဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲမှာ။ ဖြူဖြူသက်၏ အစ်မကြီးက လားရှိုးဆေးရုံကြီးမှာ နာ့စ်ဖြစ်သွားတော့ သူ့လုပ်နေမှုဘဝ အဆင့်

www.burmeseclassic.com



အတန်းနှင့် ဖြူဖြူသက်၏ အခြေအနေ အကြီးအကျယ် ခြားနားခဲ့ရပြီ။

ဖြူဖြူသက်ကတော့ သူမှ မဟုတ်ပါ။ နီးစပ်ရာသူငယ်ချင်းများအတွက် ကယ်တင်ရှင်ကြီးလုပ်တတ်တာ အမြဲပင်။ 'ငါ့အမေက ငါးအရှင်တွေကို ထုသတ်ရောင်းတာမဟုတ်ဘူး၊ ရန်ကုန်၊ မန္တလေးက ရေခဲရိုက်ပြီး ရောက်လာတဲ့ငါးတွေကိုမှ ပြန်ရောင်းတာ'လို့ သူရင်ကော့ပြီး ပြောပြချင်ပါသည်။

"ဟိုးတုန်းက ငါးကန်တွေပိုင်တဲ့ အင်းသူကြီးကလေ ငါးတွေနဲ့ အကျိုးပေးသန်ပြီး ချမ်းသာလာတဲ့ တစ်နေ့ ရွှေတိဂုံဘုရားကြီးသွားဖူးတာ၊ ဘုရားကို မမြင်ရ၊ မဖူးရဘဲ ဘုရားကွယ်သတဲ့"

"ဟယ်....ဘုရားကွယ်တယ်ဆိုတာ ဘာလဲ"

ထူးထူးဆန်းဆန်းစကားတွေ ပြောပြတတ်သော ဖြူဖြူသက်၏ အနီးအပါးမှာ စာသင်ဖော် တိုင်းရင်းသားပေါင်းစုံ စုဝေး ဝန်းရံနေတတ်ပါသည်။ အစ်ကိုကြီး၊ အစ်မကြီးများက စံပြဖြစ်နေမှတော့ ဖြူဖြူသက် လိမ္မာတာ မဆန်းပါချေ။ အစ်ကိုကြီးဖြစ်သော သူကကော..။

ကုန်တင်ကုန်ချသမားဖြစ်သောအဖေ အရက်ဒဏ်ဖြင့် ဆုံးပါးသွားတော့ အမေ အိမ်ထောင်ဦးစီးနေရာ ရောက်သွားသည်။

ကိုးတန်းကျောင်းသားအဖြစ်နှင့်ပဲ သူ့ပညာရေး အဆုံးသတ်သွားသည်။ အမေ့ဈေးရောင်းမှုမှာ သူပိုင်းကူရသည်။ သူ ဖြူဖြူသက်၏အကြောင်းတွေကိုတော့ သူငယ်



ချင်းများကနေတစ်ဆင့် မနာလိုစရာ ကောင်းလောက်အောင်ပဲ ကြားသိ နေရပါသည်။ သူ့ဆိုင်မှာ ဖြူဖြူ သက်တို့မိသားစု ငါး၊ ပုစွန်များလာ ရှာဝယ်ယူလေတိုင်း သူရှောင်ထွက် နေတတ်ပါသည်။

တစ်ရက် နေ့ခင်းပိုင်း လူရှင်းချိန် အမေ ဈေးထဲဈေးဝယ်ထွက်သည်။ ဖြူဖြူသက် ရောက်လာချိန်မှာ သူက ဈေးခုံပေါ်တွင် ယင်ကောင်တွေမောင်းနေမိသည်။ တွေ့တော့လည်း ဖြူဖြူသက်နှင့်မှတည့်တည့်ကြီး တိုးတွေ့သည်။

"အောင်အောင်ရေ..ငါးကြင်းခုတ်သား တစ်ထောင်ဖိုးလောက်"

သူ ရှက်သွားမိပါသည်။ အခြား သူငယ်ချင်း မိန်းကလေးများကို မျက်နှာပြောင်တိုက်ပြီး နောက်ပြောင်တတ်ပေမယ့် ဖြူဖြူသက်ကို ထိုသို့မဟုတ်။

"မရောင်းဘူးဟာ"

"နင်....နင် ဘာပြောတာလဲ ဟင်"

"ဒီငါးတွေက ရောင်းဖို့မဟုတ်

www.burmeseclassic.com



ဘူးလို့''

''ဟင်.....ဒါဖြင့် လွှင့်ပစ်ဖို့လား၊ ဝယ်စရာဆိုင်တွေက အများကြီးပါဟာ၊ ဒါပေမဲ့ ဖေဖေတို့၊ မေမေတို့က နင်တို့မိသားစုဆိုင်မှာ အားပေးရင် ကုသိုလ်ရမယ်ဆိုလို့လေ၊ ဒါနဲ့ နင့်မျက်နှာကို ငါကြည့်ပါရစေဦး၊ ကြည့်စမ်း...ကြည့်စမ်း၊ နင် ကွမ်းတွေစားနေတာပေါ့၊ ကွမ်းစားတယ်ဆိုတာ စိတ်ဂနာမငြိမ်တဲ့ သူတွေစားတာတဲ့''

သူ့ခေါင်း ဆတ်ခနဲထောင် ထတ်သွားရသည်။

''နင်တော့ ရိုက်ပေါက်ပဲ ဖြူဖြူ တစ်ဈေးလုံး ပျိုပျိုအိုအို၊ ကျားကျားမမ အားလုံး ကွမ်းစား၊ ကွမ်းဝါးကြတာ''

''မစားရင် ပိုကောင်းတာပေါ့ဟာ၊ ကျောက်ကပ်လည်းပျက်စီးတယ်၊ ပတ်ဝန်းကျင်လည်းညစ်ပတ်တယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှုလည်း ထိခိုက်တယ်၊ နင်ကွမ်းစားနေသမျှတော့လေ ငါစကားမပြောချင်ဘူး သိလား''

ထိုနေ့မှစ၍ ဖြူဖြူသက်တစ်ယောက် သူ့ကိုတွေ့တာနှင့်ပင် သူ့မျက်ခမ်းကို ကြည့်တတ်ပါ၏။ ကွမ်းစားတာလေးကို ငါးပါးသီလထဲ ဆွဲထည့်ချင်သေးလားဆိုပြီး ငိုကာချဲ့ချွန်းသော ဖြူဖြူသက်ကိုရွဲ့ကာစားပြသေး၏။

ဒါပေမဲ့ ဖြူဖြူသက်တစ်ယောက် သူ့ကိုတွေ့တာနှင့်ပင် အမှန်တကယ် ဖယ်ရှောင်ခွာနေမှန်း သိရသောအခါ သူ ထိုညမှာ အိပ်မပျော်တတ်တော့တာ ဘာကြောင့်မှန်းမသိ။ 'ဖြူလေးက ကွမ်းစားတဲ့လူတွေပြောတဲ့စကားကို အယုံအကြည်နည်းတတ်တယ်ကွ'လို့ ဖြူဖြူသက်၏အစ်ကိုကြီး ကိုကျော်သက် ပြောပြသောအခါ သူမဟုတ်တော့သည့်အလား ငါးနှစ်တိုင်တိုင် စားခဲ့သောကွမ်းက တိခနဲပြတ်၏။

မာစတာတက်နေသော ဖြူဖြူသက်ကို တွေ့ချင်လာလျှင် လားရှိုးတက္ကသိုလ်အနီးမှာ ဆိုင်ကယ်တစ်စီးနှင့် မယောင်မလည်သွားတတ်ပါ၏။ တစ်ခါတလေ ဖြူဖြူသက်နှင့် သူဆုံတွေ့မိသည့်အခါ ဟီးခနဲနေအောင် သူရယ်ပြမိပါ၏။ ထိုအခါ ဖြူဖြူသက်၏မျက်စောင်းတစ်ခု လက်ဆောင်ရပါ၏။

ဂုဏ်ရည်တုကိုပဲ ဖြူဖြူသက်လေးစားမည်မှန်း သူအားငယ်စွာသိနှင့်ထားပေမယ့် ဖြူဖြူသက်ဆီကနေ ကြားရမည့်စကားလေးတွေကို သူမျှော်လင့်မိပါသည်။ ဖြူဖြူသက်၏နှုတ်မှ ထွက်လာသမျှစကားတိုင်းက တန်ဖိုးရှိမှန်းလည်း သူသိထားပါသည်။

''ရုပ်ရည် လှပခံ့ညားမှု၊ ပညာ တတ်မှု၊ စည်းစိမ်ချမ်းသာ ကြွယ်ဝမှုတွေကြောင့် လူတစ်ယောက်ကို လူလို့သတ်မှတ်ရမှာ ငါဝန်လေးတယ် အောင်အောင်၊ အရေးကြီးတာက ကိုယ်ကျင့်တရားပဲ၊ ကိုယ်ကျင့်တရား ကောင်းမွန်သူဟာ ဘယ်မြေ၊ ဘယ်ရေပေါ်မှာပဲနေနေ လက်မထောင်ပြီး နေလို့ရတယ်''

ဖြူဖြူသက်ကို သူအထင်ကြီးနေမိတာ ထိုစကားတွေကြောင့်လည်း ဖြစ်ပါလိမ့်မည်။ သူနှင့်အတူ သီးစုံဖျော်ရည်ဆိုင်ထိုင်ရမှာ၊ ဆန်ပြားသုပ် အတူစားကြရမှာကို ဖြူဖြူသက် မငြင်းဆန်တတ်ခဲ့။ သူ့ကို လူတစ်ယောက်အဖြစ် ဖြူဖြူသက် အသိအမှတ်ပြုပေးတာကိုပဲ သူ့မှာ ကျေးဇူးတင်မဆုံးဖြစ်မိပါသည်။ သူ့ကိုလည်း ကျောင်းပြန်တက်ဖို့ အတန်တန် နားချတတ်ပေမယ့် သူ စာမကျက်ချင်တော့။ ကလေးများနှင့်ရောပြီး စာမေးပွဲမဖြေချင်တော့။

''ဖေဖေ၊ မေမေတို့က ပြောတယ်ဟ၊ လူတစ်ယောက်ကို ခင်မင်မိရင် အဲဒီလူကို အသုံးမချပါနဲ့တဲ့၊ အဲဒီလူအတွက် အကောင်းဆုံးဖြစ်နိုင်မယ်ထင်တာကို ဖြည့်ဆည်းကူညီပေးလိုက်ပါတဲ့''

ဖြူဖြူသက်နှင့် အတူတွဲမိကြ

www.burmeseclassic.com



မှ သူ အရေးပေါ်လူနာတွေအတွက် သွေးလှူဒါန်းခဲ့ရတာ အကြိမ်ကြိမ်။ သူ့မှာ ဘာရောဂါမှမရှိရအောင် ဖြူဖြူသက်တစ်ယောက် ဂရုစိုက်ပေးရှာပါသည်။ အမေကတော့ ဖြူဖြူသက်တို့မိသားစုနှင့် ခင်မင်ရတာ ရွှေအိုးကောက်ရသလိုပဲလို့ ပြောတတ်ပါသည်။

သူ့အောက်က ညီငယ်တစ်ယောက်ကတော့ ဖြူဖြူသက်၏ အစ်ကို၊ အစ်မများ ချော့တစ်ခါ၊ ငေါက်တစ်လှည့် အိမ်ခေါ်စာသင်ပေးမှုကြောင့် အနိမ့်ဆုံးအမှတ်ဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့ရပါ၏။ ထိုအခါမှပင် သူ့ညီလေးမှာ ဖြူဖြူသက်တို့မိသားစုထံ ငိုယိုပြေးလွှားကာ ကန်တော့ရှာပါ၏။ ထိုနေ့မှာ အမေ ဈေးမရောင်းနိုင်။ ခြေတုန်လက်တုန်နှင့် တစ်ဈေးလုံးရှိလူတွေဆီ သားငယ်စာမေးပွဲအောင်ကြောင်း မျက်ရည်စက်လက်နှင့် ဝမ်းသာအားရလိုက်ကြွားရှာပါ၏။

"တကယ်တော့လေ အခြေအနေချင်း ကွာခြားတဲ့ ငါတို့မိသားစုကို နင်တို့က လျစ်လျူရှုလို့ ရနေတာပဲမဟုတ်လား ဖြူဖြူရယ်"

"မာနဆိုတာ ထားကောင်းတဲ့ အရာမဟုတ်ဘူးလို့ တို့ကိုးကွယ်တဲ့ ဘုန်းဘုန်းက ဆုံးမထားတယ်လေ၊ ပြီးတော့ ငါတို့လိုလူငယ်တွေက အဖြူရောင်လေ၊ အရောင်မျိုးစုံ အဆိုးခံရနိုင်တဲ့ အခြေအနေတွေမှ အများကြီးပါ၊ ဒါပေမဲ့ အောင်အောင်ရယ် ငါက ဘယ်လောက်ပဲ ဆွဲခေါ်ဆွဲခေါ် နင်ပြင်မှုဖြစ်တာပါ၊ အမေဘယ်လောက်သိပ်သိပ် ကိုယ်အိပ်မှပျော်တာပါဆိုသလိုပေါ့လေ၊ ရှေးရှေးက အတိတ်ဘဝအကုသိုလ်ကြောင့် နင့်မိသားစုထဲ နင်လူဖြစ်ရပေမယ့် နင်ကော၊ နင့်ညီလေးပါ စံပြဖြစ်အောင် နေထိုင်ပြနေပြီပဲလေ၊ ငါ့အစ်ကို၊ အစ်မတွေကို အရမ်းကျေးဇူးတင်တယ် အောင်အောင်၊ သူတို့ကြောင့် ငါခုလို အရောင်တက်လာခဲ့ရတာ"

♛♛♛♛♛

ရေခဲသယ်လာသော သူ့ဆိုင်ကယ်နှင့် အမျိုးသမီးတစ်ယောက်ကို ပွတ်ဆွဲမိသည်။ ထိုအမျိုးသမီးရသောဒဏ်ရာက နည်းနည်း။ အဖော်ပါလာသော အမျိုးသမီးက ခပ်စွာစွာမို့ သူ ယခုလို အချုပ်ခန်းထဲ ရောက်လာရလေသည်။

ကျောက်စိမ်းပုတီးလေးကို သူ ကြေကွဲစွာကြည့်လိုက်မိသည်။ သူနှင့် ထိုကျောက်စိမ်းပုတီး တန်ရဲ့လား။

ညနေစာလာပို့ပေးသောအမေ့ကို သူ မကြည့်ရက်ပြန်ပါ။

"နေ့လယ်က မိုးတွေကြီးနေ လို့ သားရယ်၊ အမေတို့ငှားနေတဲ့ အိမ်ဘက်မှာ ရေတွေထပ်ကြီးလာ မှာ စိုးရတယ်၊ မင့်ညီလေး၊ ညီမ လေးတွေလည်း....."

သူ မကြားချင်တော့။ သူတို့ အိမ်က ချောင်းနှင့်ကပ်နေတာ ချောင်းရေလျှံလာလျှင် အုတ်တံ တိုင်း အခိုင်အမာကြီးတွေပင် ပြို ပျက်ရစမြဲ။

"အမေ နှစ်လုံးထီတွေ ထိုး မနေနဲ့၊ အချုပ်ခန်းထဲရောက်ရတဲ့ စိတ်က ဘယ်လိုဆိုတာ ကျွန်တော် ခုလိုလက်တွေ့ရောက်မှ သိရတာ"

"အေးပါ သားကြီးရယ်"

မထိုးတော့ပါဘူးလို့တော့ အမေမပြော။

"သားကြီး မြန်မြန်ပြန်လာ ဖြစ်မှာ၊ အမေတစ်ယောက်တည်း ဈေးခင်းရ၊ သိမ်းရတာ သိပ်ကသိ တာပဲ၊ ဟိုဘက်ကိုတော့ ဆေးကုသ စရိတ်နဲ့ ကျေအေးပေးဖို့ မော ကျော်သက် ညှိပေးနေတာ ရပြီ ပြောတယ်၊ သား အာမခံနဲ့လွတ် နိုင်ဖို့ မနက်ဖြန်....."

"တော်ပါတော့ အမေရာ သားရှက်လှပါပြီ၊ ဖြူဖြူသက် မနက်ပိုင်းက လာကတည်းက သား ရိပ်မိနေပါပြီ၊ ဖြူဖြူသက်ရဲ့အစ် ကိုကျော်သက်က ဌာနဆိုင်ရာ ငန်းခွင်ထဲမှာ အညွန့်တလူလူနဲ့

www.burmeseclassic.com



နေရတာကိုဗျာ၊ အမေသွားပြီး အပူ
တပ်တာမဟုတ်လား''

''အခု တရားလိုအမျိုး
သမီးက မောင်ကျော်သက်နဲ့
ကျောင်းနေဖက်မို့ ကျေးအေးလွှာမှာ
သက်မှတ်ထိုးပေးတာပါတဲ့''

မျက်ရည်လေးတ စမ်းစမ်းနှင့်
အမေပြန် သွားတော့
သူ့လက်သီးကို ကျစ်
ကျစ်ပါအောင် ဆုပ်
ချေလိုက်မိသည်။ သူ
အံကြိတ်ထားသည့်
ကြားကပင် မျက်ရည်
များ တဝေါဝေါပြို
ဆင်းလာရပါ၏။
တစ်ပင်လဲခဲ့ပေမယ့်
အမေတစ်ပင် မထူခဲ့ပါ
လား။ သူ့အမေ့ကို
ငါးမရောင်းစေချင်
တော့ပါ။

'ကျွန်တော် လဲ
ချင်လဲသွားပါစေ၊
သမ္မာအာဇီဝ အလုပ် တစ်ခုခုကို
ချွေးနဲ့ရင်းပြီး ရှာကျွေးမယ်'လို့
သူ့ရင်ထဲက အခါခါပြောနေမိ
သည်။

ငရဲဆိုတာ ချိန်ခွင်လားကွဲ့၊ မြွေ
နဂါးတောင် ကြောက်ဘူးကွယ်လို့
ယယ်စဥ်အခါက နားမလည်ဘဲနှင့်
ပြောဆိုခဲ့မိတာ။ ယခု အချုပ်ခန်း
ဆိုတာ သူ့အတွက်တော့ ငရဲခန်း
တမျှ။ ထောင်ကျရမည်ဆိုလျှင်
တော့.....။

''ဒီတစ်ခါ ဆိုင်ကယ်စီးရင်
သတိနဲ့စီးမှပဲဖြစ်တော့မှာ၊ ငါ
ထောင်ကျခဲ့ရင် ငါ့ညီလေး၊ ညီမ
လေးတွေ တစ်သက်လုံး လူတော
တိုးနိုင်မှာမဟုတ်ဘူး''



သူလွတ်မြောက်ဖို့အရေး ကူ
ညီပေးနေသော ကိုကျော်သက်၏
မျက်နှာကို မြင်ယောင်မိရင်း အား
နာနေမိပါသည်။

''ကိုယ်ကျင့်တရားကောင်းမွန်
သူဟာ ဘယ်မြေ၊ ဘယ်ရေပေါ်မှာ
ပဲနေနေ လက်မထောင်ပြီး နေလို့
ရတယ်''

''လူတစ်ယောက်ကို ခင်မိရင်
အဲဒီလူကို အသုံးမချပါနဲ့တဲ့၊ အဲဒီ
လူအတွက် အကောင်းဆုံးဖြစ်မယ်
ထင်တာကို ဖြည့်ဆည်းကူညီပေး
လိုက်ပါတဲ့''


''ငါက ဘယ်လောက်ပဲ ဆွဲ
ခေါ်ဆွဲခေါ် နင်ပြင်မှဖြစ်တာပါ၊
အမေဘယ်လောက်သိပ်သိပ် ကိုယ်
အိပ်မှပျော်တာပါဆိုသလိုပေါ့''

''ငါရှက်တတ်လို့ လာ
တွေ့တာပေါ့ အောင်
အောင်၊ ငါ့သူငယ်ချင်း
အောင်အောင်ခန့်ဆို
သူဟာ လူဆိုး၊ လူ
မိုက် တစ်ယောက်
အဖြစ် အချုပ်ထဲ၊
ထောင်ထဲ ကျင့်
သားရ သွားမှာကို
ငါရှက်လို့လာ တွေ့
တာ''

မျက်ရည်ဝိုး
တဝါးကြားမှပင်
စိပ်ပုတီးကို ဆုပ်
ကိုင်ရင်း သူပြုံးလိုက်မိပါသည်။

ဖြူဖြူသက်တို့မိသားစု၏
ကျေးဇူးတရားကို အားနာကြောင်း၊
ကျေးဇူးတင်ကြောင်း ပြောနေမည့်
အစား မနက်ဖြန်မနက် ထွက်ပေါ်
လာမည့် နေမင်း၏အလင်းရောင်
နှင့်အတူ သူ၏စိတ်ဓာတ်ခွန်အား
တို့ကို အသစ်တစ်ဖန် အကောင်း
ဆုံးအဖြစ်. .။ **နှင်းစက် (ကော့ရှိုး)**

www.burmeseclassic.com



## ဆုမွန်ဦး (ဟာသ်ာတ)

# ကာလဝိပါက်

မိန်းမနဲ့ယောကျ်ား တစ်ယောက်က ဘာလို့များ ငါတို့ အိမ်ဘက်ကို ကြည့်ကြည့်နေပါလိမ့်၊ ပြီးတော့လည်း စကားတွေ ပြောနေကြတယ်၊ ငါ့စိတ်ကပဲထင်နေတာလား၊ တိုက်ပဲတိုက်ဆိုင်နေတာလား၊ တိုက်ဆိုင် တယ်ဆိုရင်လည်း......



www.burmeseclassic.com

www.burmeseclassic.com





# ကာလဝိပါက်

ဆုမွန်ဦး (ဟင်္သာတ)

ဦးဘထွန်းသည် ရန်ကုန်မြို့စွန် လူခြေတိတ်ဆိတ်သော ရပ်ကွက်လေးတွင် သမီးနှစ်ယောက်နှင့်အတူနေထိုင်သည်။ ဇနီးသည် မရှိ။ ဇနီးသည်မှာ လွန်ခဲ့သော သုံးနှစ်လောက်က ကင်ဆာရောဂါဖြင့် ဆုံးပါးသွားခဲ့ပြီဖြစ်လေသည်။ ဦးဘထွန်းတွင် ဂျစ်ကားလေး တစ်စီးရှိ၏။ ဇနီးသည်ရှိစဉ်က ဝယ်ပေးခဲ့ခြင်းဖြစ်လေ၏။ သမီးနှစ်ယောက်မှာ အစိုးရရုံးတစ်ခုမှ ဝန်ထမ်းများဖြစ်၍ ရုံးသို့သွားကြသည်။ ဇနီး သည်မရှိ၊ အလုပ်မှလည်း ပင်စင်ယူထားသူတစ်ယောက် မို့ ဘဝက အထီးကျန်ဆန်လှသည်။

နံနက်ပိုင်းများတွင် ဦးဘထွန်းသည် အိမ်ရှိဂျစ်ကားလေးဖြင့် ရပ်ကွက်အစွန် အနီးအနားတစ်ဝိုက်သို့ လှည့်လည်မောင်းနှင်သွားလာရင်း လေညင်းခံလေ့ရှိ၏။ ထိုမှ ဈေးတစ်ခုသို့ဝင်သည်။ ဘုရားပန်းနှင့် ဆွမ်းတော်ကပ်ရန် သစ်သီးများကို ဝယ်ခြမ်းကာ အိမ်ရောက်သည်နှင့် ဘုရားပန်းအိုးလဲပြီး အသီးအနှံများဖြင့် ဆွမ်းတော်ကပ်ကာ ဘုရားဝတ်ပြု၊ ရှိခိုးရင်း ပုတီးစိပ်လေ့ရှိသည်။



ဦးဘထွန်းတို့တိုက်လေးနှင့် မျက်နှာချင်းဆိုင် လမ်းမကြီးတစ်ဖက်တွင် 'မိုးစက်ဖြူ' ဟူသော လက်ဖက်ရည်ဆိုင်ကြီးတစ်ဆိုင်ရှိ၏။ ထိုဆိုင်ကြီးသည် ထာဝစဉ် စားသောက်သူများနှင့် စည်ကားလျက်ရှိ၏။ ကားဂိတ်နှင့်နီး၍လည်း တက္ကစီသမားတစ်စု စုဝေးရာ၊ စတည်းချရာ နေရာတစ်ခုဖြစ်နေလေသည်။

ဦးဘထွန်းသည် နံနက်တိုင်း အိပ်ရာထ၊ ရေမိုးချိုးပြီးတိုင်း ဘုရား ရှိခိုးလေ့ရှိ၏။ ဘုရားရှိခိုးပြီး၍ ကားမောင်းမထွက်ခင် အိမ်ရှေ့တည့်တည့် ပြတင်းပေါက်လေးကိုဖွင့်၍ လေညင်းခံကာ ဟိုကြည့်သည် ကြည့်ပြုမိ၏။ ထိုအခါ လက်ဖက် ရည်ဆိုင်ထဲမှ ယောကျာ်းတစ် ယောက်နှင့် မိန်းမတစ်ယောက်မှာ မိမိတို့အိမ်ကြီးဆီသို့ အကဲခတ်သော အကြည့်များဖြင့်ကြည့်ရင်း ပြောဆိုနေသည်များကို တွေ့ရတတ်သည်။

အစကနဦး တစ်ရက်နှစ်ရက်တွင် ဦးဘထွန်းသည် တိုက်ဆိုင်သည်ဟုသာ တွေးလိုက်သည်။ သုံး



www.burmeseclassic.com

www.burmeseclassic.com



ရက်ခန့်ဆက်၍ တွေ့လာသည်တွင်တော့ ဦးဘထွန်း သံသယဝင်လာသည်။ စိတ်ထဲတွင်လည်း တစ်မျိုးဖြစ်လာ၏။

"အလို..ဒီမိန်းမနဲ့ယောကျ်ားတစ်ယောက်က ဘာလို့များ ငါတို့အိမ်ဘက်ကို ကြည့်ကြည့်နေပါလိမ့်၊ ပြီးတော့လည်း စကားတွေပြောနေကြတယ်၊ ငါ့စိတ်ကပဲထင်နေတာလား၊ တိုက်ပဲတိုက်ဆိုင်နေတာလား၊ တိုက်ဆိုင်တယ်ဆိုရင်လည်း တစ်ရက်နှစ်ရက်ပေါ့၊ အခုတော့ သုံးလေးရက်လောက်ရှိပြီဆိုတော့ တိုက်ဆိုင်တာမဖြစ်နိုင်ဘူး၊ ဘာတွေတိုင်ပင်နေတာလဲ၊ အင်း.. ထူးခြားနေတာတော့ သေချာတယ်"



ယောကျ်ားဖြစ်သူမှာ အသက် ၃၀ ခန့်ရှိပြီဖြစ်သော်လည်း မိန်းကလေးငယ်မှာ အသက် ၂၀ ခန့်သာရှိဦးမည်ဖြစ်သည်။ ပြီးတော့ မိန်းကလေးက ယခုခေတ် ဟော့ရှော့ပုံသဏ္ဌာန် အဝတ်အစားများနှင့် အမိုက်စား၊ အလန်းစား ဝတ်စားထားသော မိန်းကလေးတစ်ယောက်ဖြစ်၏။

♛♛♛♛♛

BURMESE CLASSIC

ဦးဘထွန်းသည် နေ့စဉ်နံနက်တိုင်း သူ၏ဂျစ်ကားလေးဖြင့် ရပ်ကွက်အနီးအနားတစ်ဝိုက်သို့ ကားမောင်းရင်း လှည့်လည်သွားလာလေ့ရှိ၏။ ထိုသို့သွားလာမှုများကို လက်ဖက်ရည်ဆိုင်ထဲမှ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်မှာ မှတ်သားထားရင်းလေ့လာနေလေ၏။ ဦးဘထွန်း၏ ကားနံပါတ်ကိုပင် အလွတ်ရနေလေ၏။

ထိုအကြောင်းများကိုတော့ ဦးဘထွန်း မသိရှာ။ ကိုယ့်ဘာသာ သွားမြဲသွား၍ လာမြဲသာလာနေလေသည်။ သည်နေ့ အိပ်ရာထတော့ သမီးအပျိုကြီးနှစ်ယောက်က ရုံးသွားကြရမည့်ရက်မို့ ဈေးမှပြန်လာရင်း ချက်ရေးပြုတ်ရေး လုပ်နေကြလေသည်။

အိပ်ရာနိုးလာသော ဦးဘထွန်းကို သမီးကြီးဖြစ်သူ မျိုးသဇာက.....

"ဖေဖေ နိုးလာပြီလား၊ မျက်နှာသစ်ပြီးရင် လက်ဖက်ရည်နဲ့ ထမင်းကြော် စားပွဲပေါ်မှာ ပြင်ထားတယ်"

"အေး....အေး၊ ကောင်းပြီသမီး"

စကားဆုံးတော့ ဦးဘထွန်း မျက်နှာသစ်ရန် ရေစည်နားသို့ဆင်းလာခဲ့သည်။ ပြီးတော့ သမီးကြီးပြင်ဆင်ပေးထားသော ထမင်းကြော်နှင့် လက်ဖက်ရည်ကို သောက်သည်၊ ဘုရားရှိခိုးသည်။

ဦးဘထွန်း ခြံမှထွက်ရန် ပြင်ဆင်နေချိန်တွင် သမီးနှစ်ယောက်သည်လည်း အသီးသီး ရုံးသွားကြရန် ပြင်ဆင်နေကြ၏။ ဂျစ်ကားလေးကို စက်နှိုးလိုက်သည်။ အိမ်ရှေ့လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ မိမိအိမ်ကြီးသို့ အကဲခတ်နေသောယောကျ်ားနှင့်မိန်းကလေးတို့ကို ကြည့်လိုက်၏။ ငေးငေး၍လား၊




www.burmeseclassic.com

www.burmeseclassic.com

မလာသေး၍လားမသိ။ လုံးဝမတွေ့ရပေ။ ဦးဘထွန်း ကားလေးကို မောင်း၍ထွက်လာခဲ့လေတော့၏။

♛♛♛♛♛



မိုးတွေက သဲသဲမဲမဲရွာလာလေသည်။ ရွာလေသည်မှ အုံနှင့်ကျင်းနှင့် မိုးရေများ သွန်ကြဲချလိုက်သလို ဒလဟောဖြစ်၏။ ဦးဘထွန်း သွားနေကျအတိုင်း ရပ်ကွက်အစွန် လမ်းလေးများကို လှည့်လည်မောင်းနှင်ရင်း မိုးနှင့်အတူ အေးအေးမြမြပါလာသော မိုးလေအေးလေးများကို ရှူရှိုက်နေမိ၏။

ဦးဘထွန်းတို့ရပ်ကွက်လေးသည် မြို့စွန်ရပ်ကွက်တစ်ခုဖြစ်ခြင်း၊ လူသူမစည်ကားသေးသော ရပ်ကွက်ဖြစ်ခြင်းများကြောင့် သွားရသာရလွယ်ကူသလို အထူးသဖြင့် ကားမောင်း၍ကောင်းလေသည်။ ရပ်ကွက်တွင်းရှိ အိမ်ရာကွက်များသည် များသောအားဖြင့် အိမ်ဆောက်ရသေးသော မြေကွက်လွတ်များသာ များလေသည်။

ဦးဘထွန်း ဈေးလေးတစ်ခုသို့ ဝင်လိုက်ရင်း ဘုရားပန်းနှင့် ဆွမ်းတော်တင်ရန် သစ်သီးလေးများဝယ်၍ ကားကိုချိုးကွေ့ရင်း ထွက်လာခဲ့သည်။ လမ်းချိုးတစ်ခုသို့ ရောက်လာ၏။ ထိုအခါ တစ်ဖက်ရှိ လမ်းတစ်ခုသို့ ဝင်လိုက်လေလျှင် ရှေ့တူရူ ခပ်လှမ်းလှမ်း၌ ကားကိုတားလာနေသော မိန်းကလေးတစ်ဦးကို တွေ့ရတော့သည်။ ဦးဘထွန်း ကားကိုရပ်ပေးလိုက်၏။

"ဦး..သမီးကို ကူ...ကူညီပါလားရှင်"

"ကျုပ်...ကျုပ်က ဘာကိုကူညီရမှာလဲဗျ"

"ဪ.....ဒီလိုပါဦး။ ဟိုရှေ့က ကားတစ်စီးက သမီးကို ပွတ်တိုက်သွားတာမို့ သမီးက လဲကျပြီး ရွှံ့ဗွက်တွေလည်း ပေကုန်တယ်၊ ဒါပေမဲ့ ကားသမားကတော့ ရပ်တောင်မရပ်ဘဲ အတင်းမောင်းပြေးသွားပါတယ်ရှင်၊ ဘာမှကြီးကြီးမားမား မဖြစ်ပေမယ့် ရုတ်တရက်လဲကျသွားတဲ့အရှိန်နဲ့ ခြေထောက်နည်းနည်း နာသွားတာမို့ ဟိုရှေ့က ကားမှတ်တိုင်လေးကို လိုက်လို့ရရင် လိုက်ခဲ့ပါရစေရှင်"

မိန်းကလေးစကားဆုံးတော့ ဦးဘထွန်း မိန်းကလေးကို တစ်ချက်ကြည့်လိုက်သည်။ ဟုတ်ပါသည်။ မိန်းကလေးခမျာ မိမိအိမ်၌ရှိသော သမီးလေးများအရွယ်သာရှိ၏။ တစ်ကိုယ်လုံးရွှံ့ရေများက မြင်မကောင်း မရှုရက်စရာ ပေကျံနေလေသည်။

"ဟုတ်ပါရဲ့ဗျာ၊ ကားသမားဆိုတဲ့လူတွေကလည်း ကိုယ်ချင်းစာတတ်တဲ့သူ ခပ်ရှားရှားပဲဗျာ၊ ကဲ.....ကဲ လာ.....လာ ကျုပ်ကားပေါ်ကိုတက်၊ မင်းသွားမယ့် ကားမှတ်တိုင်ကို ပို့ပေးပါ့မယ်"

စကားဆုံးတော့ မိန်းကလေးက ဦးဘထွန်းဘေးရှိ ခုံလေးပေါ်သို့ တင်ပျဉ်ချိတ်၍တက်လိုက်ရင်း ကားလေးက မိုးသဲသဲများကြားမှထွက်လာခဲ့သည်။

"ဒါနဲ့ မိန်းကလေးက ဘယ်

www.burmeseclassic.com



ကပြန်လာတာလဲဗျ၊ ထီးလည်း မပါ၊ မိုးရေတွေကလည်းရွှဲလို့''


''ဩော်..သမီးက ဒီရပ်ကွက်လေးနားက မိတ်ဆွေတစ်ယောက်ဆီကို လာတာပါ၊ မိတ်ဆွေကမရှိဘူး၊ အိမ်တံခါးပိတ်ပြီး မြို့ထဲသွား သတဲ့၊ ဒါနဲ့ ပြန်အလာမှာ ဒီလိုဖြစ်တာပါပဲရှင်''

''ဟုတ်ပါတယ်ဗျာ၊ လူတွေက လည်း ခက်တယ်ဗျာ၊ တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်ဆိုသလို ကားသမားတွေကိုပဲ တစ်ဖက်သတ် အပြစ်ပြောလို့ မဖြစ်သေးဘူး၊ တချို့ကျတော့လည်း ကားသမားကို တမင်အလိမ်အညာတွေနဲ့ ခွင်ဆင်ပြီး ကားနားရောက်မှ ကားရှေ့လှဲချတာတို့၊ ဘာမှမဖြစ်ဘဲနဲ့လည်း ဖြစ်ဟန်ဆောင်ပြီး ဆေးဖိုးဝါးခ တောင်းကြတာတွေ ရှိတာမို့ ကားသမားတွေက ကိစ္စတစ်ခုဖြစ်လာရင် ကိုယ့်အမှား၊ သူ့အမှား နောက်မှရှင်းမယ်ဆိုပြီး တမင်ကိုယ်လွတ်ရှောင်ပြေးကြတာတွေရှိတယ်''

''ဟုတ်ပါတယ်''

''ဒါပေမဲ့ မိန်းကလေးအဖြစ်ကတော့ ဒီလိုမဟုတ်ပါဘူး၊ တမင်ကို ကားသမားက ယုတ်မာတာ''

စကားတပြောပြောဖြင့်မောင်းလာရင်း ကားလေးက လမ်းတစ်ခု၏



ကားမှတ်တိုင်တစ်ခုဆီသို့ရောက်လာသည်။ ဦးဘထွန်း ကားကိုရပ်လိုက်၏။

''ကဲ.....ကဲ မိန်းကလေး၊ ကားမှတ်တိုင်ကိုရောက်ပြီ''

''ဩော်....အတွေးနဲ့ငေးလာလိုက်တာ၊ မှတ်တိုင်ရောက်ပြီလား''

''ဟုတ်တယ်၊ ရောက်ပြီဗျ''

မိန်းကလေး ကားပေါ်မှဆင်းမည်အလုပ်.....

''အို.....ကျွတ်...ကျွတ်၊ နာလိုက်တာရှင်၊ ဖြစ်စက သွေးပူနေလို့လားမသိဘူး၊ အခုမှနာလာတယ်''

ခြေထောက် ထောက်၍မရသော မိန်းကလေးကို ဦးဘထွန်း ကားပေါ်မှ တွဲ၍ ဆင်းစေလိုက်၏၊ တစ်ဖက်သို့ပြန်အလှည့် အသံတစ်သံကို ကြားလိုက်ရတော့သည်။

''မိသံစဉ်.....ဒါက ဘယ်က ပြန်လာတာလဲ၊ မင်းဘာအချိုး ချိုးတာလဲ၊ လင်မယား စကား များရန် ဖြစ်တာလေးနဲ့ မင်းက အိမ်က ဆင်း သွားရတယ်လို့၊ ဒါနဲ့ နေပါဦးဗျ၊ ခင်ဗျားက ဘယ်သူလဲ၊ ခင်ဗျားက ကျုပ်မိန်းမကို ဘယ်ကို ခေါ်သွားပြီး ပြန်လာတာလဲ''

ထိုလူ၏စကားကြောင့်.....

''ဒီမှာ ငါ့ညီ၊ မင်းစကား ရင့်သီးလွန်းနေပါလား၊ ဦးကို မိန်းကလေးက လမ်းမှာအကူအညီ တောင်းလာလို့ ကားပေါ်တင်ပြီး ခေါ်လာပေးတာ၊ မင်း ဘာစကားတွေ ပြောနေတာလဲ''

''တော်စမ်းပါဗျာ၊ ခင်ဗျား အကြောင်း မသိတာမှတ်လို့၊ ကျု

www.burmeseclassic.com

တို့ ဒီရပ်ကွက်လေးမှာ စုံစမ်းပြီးပြီ၊ ခင်ဗျားက ဘုရားဒကာလိုလို၊ တရားသမားလိုလိုနဲ့ မိန်းကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် လှည့်ဖြားဖျက်ဆီးနေတာ သေိတာမှတ်လို့၊ ကဲ...ခင်ဗျားကားနဲ့ ခေါ်တင်သွားတဲ့ မိန်းကလေးက မိန်းမပျက်တစ်ယောက်မဟုတ်ဘူး ကာမပိုင်ယောကျ်ားရှိတယ်၊ ကျုပ်နဲ့စိတ်ကောက်ပြီး သူ အိမ်ပေါ်ကဆင်းသွားတာ၊ ဒါကို ခင်ဗျားက အခွင့်ကောင်းယူပြီး အသုံးချခဲ့တယ်ပေါ့၊ ဟုတ်လား"

"ဟော့ကောင် ငါ့ညီ၊ မင်းစကားတွေက တကယ်ကိုလွန်နေပြီနော်"

"ဟဲ့...မိသံစဉ်၊ နင်ငါ့ကိုမှန်မှန်ပြောစမ်း၊ ဒီလူကြီး နင့်ကိုဘယ်ခေါ်သွားတာလဲ"

ထိုအခိုက် မိန်းကလေးမှာ သူမ၏ယောကျ်ားဆိုသူဆီသို့ ပြေးသွားရင်း.....

"ကျွန်...ကျွန်မကို ခွင့်လွှတ်ပါ ကိုမိုးဝေရယ်၊ ကျွန်မလည်း စိတ်ညစ်ညစ်နဲ့ သူငယ်ချင်းဆီသွားရင်း မတွေ့တာနဲ့ မိုးရေတွေထဲ လျှောက်လာရင်း သွားမိသွားရာ သွားနေတုန်း ဒီဦးလေးကြီးက ကားရပ်ပြီး ကျွန်မကို တည်းခိုခန်းတစ်ခုကို ခေါ်သွားတယ်၊ ပြီးတော့... ဟင့်.....ဟင့်၊ ဟီး...ဟီး...ဟီး၊

ဦး.....ဦးစဉ်းစားပါရစေဦး
ငါ့ညီရာ၊ ဒီကိစ္စက
ဦးလုံးဝမဟုတ်တာတော့
သေချာတယ်၊
အခုလောလောဆယ်ဦး
ဘာတွေလုပ်ရမလဲမသိဘူး၊
အိမ်ကသမီးလေး
တွေသိသွားရင်လည်းအခက်၊
နောက်တစ်နေ့
တစ်နေ့ရာရာမှာ.....

ကျွန်မကိုသာ သတ်လိုက်ပါတော့ ကိုမိုးဝေရယ်"

"ဟာ...ဟာ မဟုတ်ဘူး..... မဟုတ်ဘူး၊ မိန်းကလေး မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းကို ငါ ဘယ်မှခေါ်မသွားဘူး၊ မင်းက အကူအညီတောင်းလို့သာ ငါက ကားပေါ်တင်ခေါ်ခဲ့ရတာလေ"

"တော်ပြီဗျာ၊ ခင်ဗျားဟာ လူမဆန်တဲ့ လူယုတ်မာတစ်ယောက်ပဲ၊ အသက်လည်းကြီးနေပါပြီ၊ ခုကိစ္စကို ခင်ဗျားနဲ့ကျုပ်တို့ ရဲစခန်းမှာ ရှင်းကြမယ်"

"အို.....အို အဲဒီလိုတော့ မလုပ်ပါနဲ့ ငါ့ညီရယ်၊ မင်းတို့ပြောသလို ဦး မဟုတ်ရပါဘူး"

"တော်ပါဗျာ၊ လောကမှာ သူခိုးဆိုတာ ခိုးပါတယ်လို့ ဘယ်တုန်းက ဝန်ခံဘူးလို့လဲ၊ စကားရှည်ပါတယ်ဗျာ၊ ခုကိစ္စ ခင်ဗျားဘယ်လိုရှင်းမလဲ၊ ပြော"

"ဦး.....ဦး စဉ်းစားပါရစေဦး ငါ့ညီရာ၊ ဒီကိစ္စက ဦးလုံးဝမဟုတ်တာတော့ သေချာတယ်၊ အခုလောလောဆယ် ဦး ဘာတွေလုပ်ရမလဲမသိဘူး၊ အိမ်ကသမီးလေးတွေ သိသွားရင်လည်း အခက်၊ နောက်တစ်နေ့ တစ်နေ့ရာရာမှာ ဦးတို့ ညှိနှိုင်းကြရင်ကောင်းမယ်ထင်တယ်၊ ရော့...ရော့၊ ဦးရဲ့လိပ်စာကတ်နဲ့ ဖုန်းနံပါတ်လေး ပေးခဲ့ပါ့မယ်"

"ကောင်းပြီလေ၊ ခင်ဗျားကတိတည်ပါစေ"

စကားဆုံးတော့ တုန်တုန်ယင်ယင်ဖြင့် ကားပေါ်တက်ရင်းမောင်းထွက်သွားသည့် ဦးဘထွန်းကို ကြည့်ရင်း သံစဉ်နှင့် မိုးဝေတို့နှစ်ယောက် အောင်ပွဲခံအပြုံးများ ပြုံးလိုက်ကြသည်။

♛♛♛♛♛



www.burmeseclassic.com

www.burmeseclassic.com



ဦးဘထွန်း ဘုရားရှိခိုးနေချိန်ဖြစ်သည်။

စားပွဲပေါ်တွင်တင်ထားသောဖုန်းမှ အသံမြည်လာသည်။

"ကလင်..ကလင်...ကလင်"

ဘုရားကို အတိုချုံး၍ရှိခိုးရင်းထလိုက်သည်။ ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟယ်လို ဦးဘထွန်းလားခင်ဗျာ"

"ဪ.....ဟုတ်ပါတယ်၊ ဘယ်သူလဲ ပြောပါခင်ဗျာ"

"ကျွန်တော် မိုးဝေပါခင်ဗျား"

မိုးဝေဆို၍ ဦးဘထွန်း ပျာပျာသလဲဖြစ်သွားသည်။ သမီးများ ရှိ၊ မရှိ ဟိုဟိုသည်သည်ကိုလည်းကြည့်၍အကဲခတ်လိုက်သည်။
တော်သေးသည်။ သမီးနှစ်ယောက်
မှာ မရှိကြတော့။ အလုပ်သွားကြ
ပေပြီ။

"ဗျို့.....ဦးဘထွန်း၊ မိုးဝေ
ဆိုလို့ လိပ်ပြာတွေဘာတွေတောင်
လွင့်သွားသလားမသိဘူး၊ အဲဒီ
လောက်လည်း မကြောက်နေပါနဲ့
ဗျာ၊ ယောက်ျားပဲ၊ ကိုယ်လုပ်ထား
တဲ့ကိစ္စကိုတော့ ကိုယ်တာဝန်ယူရ
တဲ့သတ္တိရှိရမှာပေါ့"

"ဒီမှာ မောင်မိုးဝေ၊ ဒီကိစ္စက
လည်း ကျုပ်နဲ့ဘာမှမဆိုင်ဘူး
တမင်အစွပ်စွဲခံရတာ၊ ဒါပေမဲ့ ကျုပ်
က ကျုပ်သမီးလေးနှစ်ယောက်နဲ့
ကျုပ်ဂုဏ်သိက္ခာအတွက် အဆင်
ပြေမလားဆိုပြီး ညှိနှိုင်းဖို့ စဉ်းစား
နေတာ၊ ဒီလိုအကျပ်ကိုင်တဲ့စကား
မျိုးတော့ မပြောနဲ့"

"ရပါတယ်၊ ခင်ဗျား ဘာလုပ်
မလဲဆိုတာသာ ကျွန်တော့်ကိုပြော
ပါ၊ အင်း.....ခင်ဗျား ပြေလည်
အောင် ရှင်းမပေးရင်တော့ ကျုပ်
တို့ဘက်မှာ သက်သေခံပစ္စည်းတွေ
ခိုင်ခိုင်လုံလုံ လုပ်ထားတယ်ဆိုတာ
ခင်ဗျားသိစေချင်တယ်"

"ရပါတယ်လေ၊ ကျုပ်ရဲ့က
ကြမ္မာပဲပေါ့၊ ဒါဆို ဘယ်မှာဆုံကြ
မလဲ မိုးဝေ"

"ဪ.....ဒီလိုတွေလည်း

**ကျုပ်သမီးလေး
နှစ်ယောက်နဲ့
ကျုပ်ဂုဏ်သိက္ခာအတွက်
အဆင်ပြေမလားဆိုပြီး
ညှိနှိုင်းဖို့စဉ်းစားနေတာ၊
ဒီလိုအကျပ်ကိုင်တဲ့
စကားမျိုးတော့.....**



www.burmeseclassic.com

ဦးဘထွန်းက လူကြီးတစ်ယောက်ပီသသားဗျ။ ကဲပါလေ...မနက်ဖြန်မနက် ၉ နာရီတိတိ၊ မြို့စွန်---သမ်းထိပ်က ခတ္တာမြိုင်ဆိုတဲ့ လက်ဖက်ရည်ဆိုင်မှာတွေ့မယ်"

"ကောင်းပြီလေ၊ ကျုပ်လာခဲ့ပါ့မယ်"

နံနက် ၈ နာရီခွဲခန့်ရှိတော့ မြို့စွန်ရှိ ခတ္တာမြိုင်လက်ဖက်ရည်ဆိုင်လေးရှေ့သို့ တက္ကစီကား အဖြူရောင်လေးတစ်စီးက ထိုးဆိုက်၍ရပ်လာသည်။

ကားပေါ်မှ လူနှစ်ယောက်ဆင်းလာ၏။ ထိုလူနှစ်ဦးမှာ သံစဉ်ရှိသော သံစဉ်တမျှ လှပကြော့ရှင်းသော မိန်းကလေးတစ်ဦးနှင့် ...သဟူသော ယောက်ျားတစ်ဦး...တာဖြစ်လေသည်။ ထောင့်ကျကျ...ပွဲတစ်ခုတွင် ထိုင်လိုက်ကြ၏။ ...မ်းမဘက်ဆီသို့လည်း မကြာ... ငေး၍ငေး၍ ကြည့်နေကြ...သည်။ နာရီဝက်ခန့်...သည့်အခါ ဂျစ်ကားတစ်စီးက...ဆိုင်ရှေ့ သို့...ဆိုက်လာပြီးရပ်လိုက်သည်။

မိုးဝေနှင့်သံစဉ်တို့ ပြုံးသွား...သည်။ ဂျစ်ကားပေါ်မှ လူတစ်ယောက်ဆင်းလာလေသည်။ သားရေအိတ်ကြီးတစ်လုံးကိုလည်း လက်မှဆွဲ၍လာသည်။ ဆိုင်ထဲဝင်လိုက်ပြီး ခုံများကိုကြည့်၍ လိုက်ရှာသည်။ မိုးဝေက လှမ်းခေါ်လိုက်သည်။



"ဦးဘထွန်း....."

ခေါ်သံကြောင့် ဦးဘထွန်း မိုးဝေတို့ရှိနေသောခုံသို့ လျှောက်လာသည်။

"ထိုင်ပါ ဦးဘထွန်း၊ ဘာသောက်မလဲ"

"မသောက်တော့ပါဘူး မောင်မိုးဝေ"

"ဘယ်ဟုတ်ပါ့မလဲဗျာ၊ ရင်အေးသွားအောင် အအေးလေးသောက်လိုက်ပါလား"

"မ.....မသောက်တော့ပါဘူးဗျာ၊ ကဲ.....ဒါနဲ့ ပြောပါ မောင်မိုးဝေ"

"နေပါဦး ဦးဘထွန်းရယ်၊ မလောပါနဲ့၊ ဒီကိစ္စ ခင်ဗျားဘက်က ကျေနပ်တယ်နော်"

"ကျေနပ်ပါတယ်ဗျာ"

"ဒါဆိုလည်း ပြီးတာပဲဗျာ၊ ပြီးတော့မှ ရဲတိုင်ဘာတိုင်လုပ်ရင်တော့ ခင်ဗျားမလွယ်ဘူးမှတ်"

"မတိုင်ပါဘူး မောင်မိုးဝေ၊ ဒါဆို ဦးက ဘယ်လောက်ပေးရမှာလဲ"

"မများပါဘူး၊ ၁၅ သိန်းတည်းပါ"

www.burmeseclassic.com



“ဗျာ.....၁၅ သိန်း ဟုတ်လား”

“ဘာလဲ၊ များလို့လား ဦးဘထွန်း၊ ဒီလိုဆိုလည်း ခင်ဗျားသဘောပဲ၊ ငွေ ၁၅ သိန်းဆိုတာ မများပါဘူး၊ ခင်ဗျားသိက္ခာကို ၁၅ သိန်းနဲ့ ဝယ်လို့ရမလား စဉ်းစားကြည့်ပါ”

“၁၀ သိန်းပဲ လုပ်ပါ မောင်မိုးဝေ”

“ကဲပါဗျာ ခင်ဗျားကို စာနာပေးတဲ့သဘောနဲ့ ၁၀ သိန်းပဲပေး ပါ၊ လက်ခံပါတယ်”

စကားဆုံးတော့ ဦးဘထွန်း သားရေအိတ်ကြီးထဲမှ ငွေငါးသိန်းထုပ် နှစ်ထုပ်ကို ဖွင့်၍ယူမည်အပြု လျှင်မြန်လှသော ဖြစ်ရပ်တစ်ခုကြောင့် ကြောင်သွားသည်။

“ဂျောက်.....ဂျောက်”

ဦးဘထွန်း မော့ကြည့်လိုက်သည်။ အရပ်သားဝတ်စုံဝတ်ထားသော ရဲတပ်ဖွဲ့ဝင် သုံးလေးဦးက သံစဉ်နှင့် မိုးဝေကို လက်ထိတ်ခတ်လိုက်ကြသည်။

“ခင်ဗျားတို့အားလုံး မတ်တတ်ရပ်လိုက်ကြ”

ဦးဘထွန်းက အဖြစ်မှန်အားလုံးကို ရှင်းပြလိုက်သည်။



“တော်သေးတာပေါ့ဗျာ၊ လက်မတင်လေးတင် ပွဲပြီးသွားလို့၊ ဒါမှမဟုတ်ရင် ဦးလေးတော့ သားကောင်စာရင်းမှာ တစ်ဦးစာရင်းတိုးသွားဦးမှာ၊ ခု မိုးဝေနဲ့သံစဉ်ဆိုတဲ့ နာမည်ဝှက်တွေနဲ့ လူတွေကို ခွင်ဆင်ပြီး လိုက်လိမ်နေတဲ့လူနှ ဦးကတော့ လင်မယားအစစ်တွေ မဟုတ်ဘူး၊ ဒုစရိုက်လောကမှ နာ မည်ဆိုးနဲ့ရှိနေတဲ့ မေသူ လှစိုးပဲ ဖြစ်တယ်၊ ဒီလိုအမှုမျိုးတွေ မြို့နယ် တိုင်းမှာဖြစ်ပွားလို့ ကျ တို့ဒုစရိုက် နှိမ်နင်းရေး အဖွဲ့တွေ လိုက်နေတ ကြားက လွတ်သွာ တယ်၊ ဒီနေ့တော့ နာမည်စာရင်းရှိသူနှစ်ဦ ကို ခြေရာခံမိလို့ ထော ကြပ်မကွာလိုက်လာ ရင်း ခုလိုလက်ပူးလက ကြပ် ဖမ်းမိတာပါပဲ”

“ကျေးဇူးပါပဲ၊ ဦ သီသီလေး ကံကောင် သွားတာပါပဲ ငါ့တူ ရယ်၊ ဒါကလည် ဘုရားတရားတွေ ဂုဏ်ကျေးဇူးတွေကြော ထင်ပါတယ်”

စကားဆုံးတော့ ဦးဘထွန်း ရဲတပ်ဖွဲ့ဝ များကို နှုတ်ဆက်၍ထွက်လာ သည်။ မိုးတွေကတော့ သဲသဲမ ရွာသွန်းနေလေ၏။

ဆုမွန်ဦး (ဟသာ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ချစ်ထုံးဖြေပါ

ကိုမိုး (ရွှေပြည်သာ)

ထွန်းနိုင်က ဓာတ်ပုံအယ်လ်ဘမ်ကိုဖွင့်လှစ်၍ တစ်ပုံချင်း လှန်လှောကြည့်လိုက်သည်။ ဖနီးသည် ဘွဲ့ယူစဉ်က အခမ်းအနားတက်စဉ် အမှတ်တရရိုက်ထားသော ဓာတ်ပုံများထဲမှာမှ သူတို့ဖနီးမောင်နှံ မငွေးနှင့် တွဲရိုက်ထားသောဓာတ်ပုံကို ဆွဲထုတ်ယူလိုက်သည်။

Great 2 အခြေခံစာရေးဝန်ထမ်း ဒုတိယအဆင့် သင်တန်းအောင်စာရင်းက ထွက်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် မပြီးပြတ်နိုင်သေးသော သံယောဇဉ်စာရင်းရှင်းတမ်းတစ်ခုကို ယခုဓာတ်ပုံနှင့် သူအသုံးတော်ခံရှင်းလင်းရန် ကြံစည်မိခြင်းဖြစ်သည်။ ညိုမြီကို သူ ဓာတ်ပုံထုတ်ပြရမည်။

သူကိုယ်တိုင်က အိမ်ထောင်သည်ဖြစ်နေသော်လည်း နှလုံးသားထဲက တောင့်တစွဲငြိ ထင်ကျန်ရစ်နေသေးသည့် မတင်မကျ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သူ ပြတ်အောင်ဖြတ်ဖို့ လိုအပ်ပေမည်။ ချစ်ခွင့်တောင်းခံခဲ့ခြင်း၊ သမီးရည်းစားအဖြစ် ပေါ်ပေါ်ထင်ထင် မသွားလာခဲ့ဘူးသော်လည်း သင်တန်းကာလတစ်ခုလုံး၌လည်းကောင်း၊ ဝန်ထမ်းအသိုင်းအဝိုင်းက လည်းကောင်း ရင်းနှီးပတ်သက် နေဂ ပြီဟူသော အကြည့်ကို ရှင်းလင် ပစ်ရန်လို အပ်မည်လည်းဖြစ် သည်။



ပျော်ရွှင်ဖွယ်ရာ သင်တန် ကာလတစ်ခုကို ဖန်တီးခဲ့မိရင် စိတ်ကစားတတ်ခြင်းကို အကော အထည်ဖော်ခဲ့မိသော သူ့နှလုံးသ ကို ချစ်ဝက်ပါထဲက ကယ်တင် မည်ဖြစ်ပါ၏။

"ညိုမြီ ဒီဓာတ်ပုံမှာ မင်းတေ လား၊ ဒါက ကိုယ့်အမျိုးသမီး ဘေးမှာက တို့နဲ့အတူ သင်တန် လာတက်တဲ့ မငွေးပဲလေ၊ တကပ တော့ မငွေးက ကိုယ့်ဖနီးရဲ့ င ငယ်ချင်းအရင်းကြီးပါ၊ ဒါကြော တို့ကို နှောင့်ယှက်မိတာပဲပေါ့"

စိတ်ထဲက ကြံစည်ထားသ ကို ရီဟာဖယ် ရေရွတ်ကြည့်လိုင မိခြင်းလည်းဖြစ်ပါသည်။

♛♛♛♛♛

www.burmeseclassic.com



စာရေးဝန်ထမ်း ဒုတိယ အဆင့် Great 2 သင်တန်းစတက်ခဲ့သောနေ့ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၏ တာဝန်ပေးမှုအရ သင်တန်းတက်ရောက်ကြသူများက ထွန်းနိုင်၊ မဌေး၊ ဇင်မာနွယ်နှင့် သိန်းဟံတို့ဖြစ်ကြသည်။ သူတို့လေးယောက်စလုံး အဆင့်မြင့်ပညာဦးစီးဌာန၏လက်အောက်ခံ နယ်မြေခွဲတက္ကသိုလ်တစ်ခု၏ စာရေးဝန်ထမ်းများဖြစ်ကြသည်။

သည်နေ့ သင်တန်းစတက်ရသည့်နေ့ဖြစ်၍ အပျိုကြီးမဌေးက အပျံစားပြင်ဆင်ထားသည်။

လေးယောက်စလုံး ဘတ်စ်ကားစီးခဲ့၍ သခင်မြပန်းခြံအနီးရှိ သင်တန်းကျောင်းသို့ လာခဲ့ကြရာ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးဖြစ်၍ စုံတွဲများကဲ့သို့ ဖြစ်နေရသည်။

တကယ်ဆိုလျှင် ဇင်မာနွယ်နှင့် သိန်းဟံက လက်ရှိသမီးရည်းစားများဖြစ်နေ၍ ဇင်မာနွယ့်ဆွဲခြင်းကို သိန်းဟံက ကိုင်ပေးရင်းလိုက်ပါခဲ့သည်။ ထို့အတူပင် အစ်မကဲ့သို့ ချစ်ခင်ရသော မဌေး၏ဆွဲခြင်းကိုလည်း ထွန်းနိုင်က ကိုင်တွယ်ရင်း အတူရောက်ခဲ့ကြခြင်းဖြစ်သည်။

သင်တန်းတက်ခါစဖြစ်၍ ဌာန ပေါင်းစုံမှ ဝန်ထမ်းများပါရှိကြသည်။ စုံတွဲနှစ်တွဲလိုဖြစ်နေသော ထွန်းနိုင် တို့အဖွဲ့ကိုလည်း တချို့က ကွက် ကြည့် ကွက်ကြည့် နှင့် ကြည့်ကြပေ လိမ့်မည်။

ပထမတစ်ရက် မဌေးနှင့် ဇင်မာနွယ်က နှစ်ယောက်တွဲစားပွဲခုံ



တွင် နေရာယူထိုင်ခဲ့ရာ သူတို့အနောက်ခုံမှာ ထွန်းနိုင်နှင့် သိန်းဟံက ထိုင်ခဲ့ကြပါ၏။ ဇင်မာနွယ်က ရည်းစားသိန်းဟံနှင့်လည်း ထိုင်ခွင့်ရချင်သလို အစ်မလို ခင်မင်ရင်းနှီးသော မဌေးနှင့်လည်းတွဲထိုင်လို၏။ သို့ပါ၍လည်း သင်တန်းရက် နောက်ထပ်တစ်ရက်တွင် စားပွဲခုံနှစ်ခုတွဲ၌ ထိုင်ခုံသုံးခုံ တွဲစပ်ထိုင်ခဲ့ကာ သိန်းဟံက အရှေ့ရောက်သွားခဲ့ရသည်။

အတွဲပဲ့သွားရသော ထွန်းနိုင်မှာ စားပွဲခုံနှစ်ခုံတွင် ထိုင်ခုံတစ်ခုံတည်းနှင့် ကျန်ရစ်နေခဲ့၏။

"ဒီမှာ ကျွန်မတို့ထိုင်လို့ရမလားဟင်၊ အနောက်မှာထိုင်ရတာ ကျောက်သင်ပုန်းကစာကို သိပ်မမြင်ရလို့"

ပထမစတက်စဉ်က မတွေ့ဘူးသေးသော အမျိုးသမီးလေးတစ်ဦးဖြစ်သည်။ သူနှင့်အတူ ဆံပင်ရှည်လေးနှင့် ဆွဲဆောင်မှုရှိသော အလှပိုင်ရှင် မိန်းကလေးတစ်ယောက်လည်း ပါရှိခဲ့သည်။

"ဩော်...ဟုတ်...ဟုတ်ကဲ့ ရပါတယ်၊ ထိုင်ချင်လည်းထိုင်

www.burmeseclassic.com



လေ"

"ကျွန်မတို့က နှစ်ယောက်ထိုင်မှာနော်၊ အစ်ကိုက ရှေ့အဖွဲ့လိုပဲ ဘေးကိုနည်းနည်းလောက်ကပ်ပေးပါလား"

"ဟုတ်.....ဟုတ်ကဲ့ပါ"

ရှေ့က နှစ်ယောက်စားပွဲ သုံးယောက်ထိုင်သကဲ့သို့ ဖြစ်ခဲ့ရပေရာ သိန်းဟံက အရှေ့ကိုမကြည့်ဘဲ ထွန်းနိုင်နောက်ကိုလှည့်ကြည့်ကာ ပြုံးပြလိုက်သည်။

တိုက်ဆိုင်စွာပင် ဆံပင်ရှည်နှင့် မြတ်နိုးစရာကောင်းသော မိန်းကလေးတစ်ဦးနှင့် သူ့အဖော် ဘေးရောက်လာခဲ့ရာ ထွန်းနိုင် ရင်ခုန်သံ နည်းနည်းမြန်ချင်မိသွားသည်။ ရှေ့ထိုင်ခုံမှာ သုံးယောက်ထိုင်ရင်း ရင်းနှီးနေသကဲ့သို့ နောက်ခုံမှ လူသုံးယောက်လည်း သူငယ်ချင်းအစုအဖွဲ့လေးတစ်ခုဖြစ်ခဲ့ရပါသည်။

**လက်ရေးလျင်မြန်လှသော ထွန်းနိုင်က ဆရာကြီးရေးပြီးသည်နှင့်သူက ကူးပြီးသားဖြစ်နေသည်။ ဘေးကညိုမြ လိုက်ကူးရေး၍ ရနိုင်ရန်စာအုပ်ကိုပါ ရွှေ့ပြီးကူးယူစေပါ၏။ သည်လိုနှင့်ပင်....**

ဆံပင်ရှည်ရှည်နှင့် မိန်းကလေးက သူ့အမည် စန်းနုရီဟုခေါ်ကြောင်း မိတ်ဆက်ပေးသည်။ ထွန်းနိုင်နှင့်ကပ်လျက် ထိုင်ခွင့်ရသော မိန်းကလေးကလည်း ညိုမြထွန်းအေးပါဟု မိတ်ဆက်လေသည်။ သူတို့နှစ်ယောက်စလုံး ဝန်ကြီးဌာနတူ စာရေးဝန်ထမ်းများဖြစ်ကြောင်း ရှင်းလင်းပြောခဲ့ပါ၏။ ထွန်းနိုင်ကလည်း သူ့ကိုယ်သူမိတ်ဆက်ပေးရင်း အရှေ့ထိုင်ခုံမှ သုံးယောက်ကိုပါ တစ်ဆက်တည်း မိတ်ဆက်ပေးလိုက်ရသည်။

ဖြစ်ချင်တော့ သင်တန်းနှစ်ရက် နောက်ကျတက်သော ညိုမြက အဝေးမှုန်ဖြစ်နေသည်။ အရင်ရောက်နေသော သင်တန်းသားတို့က နေရာယူထားပြီးဖြစ်ခဲ့ရာ ကျောက်သင်ပုန်းနှင့်ကပ်သော နေရာကို ရွေးချယ်ရှာဖွေရင်း ထွန်းနိုင်အနီး ရောက်ခဲ့ကြခြင်းဖြစ်သည်။

ဝန်ထမ်းစည်းမျဉ်း သင်ကြားပေးသော ဆရာကြီးက စာသင်ကြားရာတွင် ကျောက်သင်ပုန်း (Black Board)၌သာ မှတ်စုကိုရေးပေးလေ့ရှိပြီး သင်တန်းသား/သူများက ကူးရေးရလေ့ရှိနေသည်။

ပထမ စာလိုက်ကူးလျှင် ညိုမြက စန်းနုရီဆီကတစ်ဆင့် မှတ်စုလိုက်ကူးရသည်။ Black Board ၌ ပေါ်သောစာသော မသဲကွဲ၍ဖြစ်သည်။ သို့သော် စန်းနုရီကလည်း ဘေးမှအဖော်ကို စောင့်ကူးပေးနေရင်း လိုက်မမီဖြစ်ခဲ့ရပေရာ ညိုမြက ထွန်းနိုင်ဘက်သို့တစ်လှည့်ကြည့်ကူးလေသည်။

လက်ရေးလျင်မြန်လှသော ထွန်းနိုင်က ဆရာကြီးရေးပြီးသည်နှင့် သူက ကူးပြီးသားဖြစ်နေသည်။ ဘေးကညိုမြ လိုက်ကူးရေး၍ရနိုင်ရန် စာအုပ်ကိုပါရွှေ့ပြီး ကူးယူစေပါ၏။ သည်လိုနှင့်ပင် စာအုပ်ထဲမှ စာပေးကူးသောသူနှင့် စာလိုက်ရေးသူတို့ ပိုမိုခင်မင်ခဲ့ရပါသည်။

စတွေ့တွေ့ချင်းမှာတော့ ထွန်းနိုင် စိတ်ကစားမိသည်က စန်းနုရီဖြစ်သည်။

သို့သော် စန်းနုရီက ညနေသင်တန်းမှပြန်ခဲ့လျှင် လာကြိုသော ညော့်သည်အမျိုးသားရှိနေသည်။ ထိုသူမှ မျက်ထောင့်နီကြီးနှင့် သူတို့အဖွဲ့ကို ကြည့်ခဲ့ရာမှ စန်းနုရီကို ငဲ့သဲ့သဲ့မလုပ်ရဲတော့ချေ။

သင်တန်းပြီး၍ အိမ်ပြန်ကြလျှင် ကြိုမည့်သူလည်းမရှိ၊ အဖော်လည်းမပါရှိသော ညိုမြကိုတော့ ထွန်းနိုင်က အဖော်အဖြစ် အရှေ့ပြန်ပေးရင်း စောင့်ရှောက်ပေးချင်မိသည်။

www.burmeseclassic.com



သင်တန်းတက်ရက်များက တစ်ပတ်မှ တစ်လခန့်ဖြစ်လာခဲ့သည်။ အဖော်လေးယောက်တွဲပြန်ရသည်ကို ထွန်းနိုင် စိတ်ဝင်စားမှု နည်းလာခဲ့ပေပြီ။ သခင်မြပန်းခြံဘေးမှ သူငယ်ချင်းများနှင့် တွဲလျှောက်နေရရင်း မငွေးဆွဲခြင်းကိုင်၍ ရောက်လာရခြင်း၊ ပြန်ရခြင်းတွင် တစ်ခုခုလိုအပ်သကဲ့သို့ ဖြစ်ခဲ့ပါသည်။

တုံ့နှေးတုံ့နှေး အိမ်ပြန်ရသော အဖော်မရှိသည့် ညိုမီကို စောင့်ဆိုင်း စကားပြောလိုစိတ်က ရင်ထဲမှာ သိမ်းဆည်းထားခဲ့ရင်းနှင့်ပင်။

သည်လိုနှင့် သင်တန်းတက်ခဲ့သည့်ကာလ တစ်လကျော်ခဲ့ရပေပြီ။

တစ်ရက် အိမ်အလုပ်များလုပ်ပေးခဲ့ရင်း ထွန်းနိုင် သင်တန်းတစ်ရက် ပျက်ခဲ့ရသည်။ နောက်နေ့ ရုံးတက်၍ ရုံးခန်းထဲမရောက်ခင်.....

"ဟေ့ကောင် ထွန်းနိုင်၊ ခဏလာဦး"

ဟု သိန်းဟံက လှမ်းခေါ်လာသည်။

ထွန်းနိုင် သူငယ်ချင်းသိန်းဟံအနီးသို့အရောက်.....

"မင်း ဒီနေ့ သင်တန်းတက်ဖို့သွားရင် ပြဿနာရှင်းရမလားပဲ ဟေ့ကောင်ရေ"

"ဟေ.....မနေ့က ဘာဖြစ်ခဲ့လို့လဲကွ"

"မင်းနဲ့အတူတွဲထိုင်တဲ့ နှစ်ယောက်ထဲက စန်းနုရီကို မငွေးက သီးသန့်ခေါ်ပြီး စကားပြောတယ်ကွ၊ ငါတို့နှစ်ယောက်ကတော့ မကြားလိုက်ဘူး၊ မင်းက အိမ်ထောင်ရှိတဲ့သူဖြစ်တယ်ဆိုတာ သတိပေးစကားပြောတာလားလို့ ငါထင်တယ်"

"ဟာကွာ.....မငွေးကတော့ လုပ်ချလိုက်ပြန်ပြီ၊ မတတ်နိုင်ဘူးပေါ့ကွာ၊ သင်တန်းရောက်တော့မှ မီးစင်ကြည့်ကကြတာပေါ့"

သည့်နောက်ပိုင်း ရုံးဌာနအလုပ်တချို့ကို ဆောင်ရွက်နိုင်သမျှ ဆောင်ရွက်ခဲ့အပြီး သင်တန်းတက်ရောက်ရန် ဘတ်စ်ကားဂိတ်သို့ ဦးစွာထွက်လာခဲ့ကြသည်။

ယခင်နေ့များကအတိုင်း လေးယောက်အတူ လျှောက်လာခဲ့ရင်း မငွေးက.....

"ဟိုအကောင် နာဘူး၊ နင်ကျောင်းရောက်ရင် နင့်ဟာမ အီးမှန်တဲ့မျက်နှာပဲ တွေ့ရပြီသာမှတ်"

"အေးပါ၊ ဒါမျိုးကြပ်ကြပ်လုပ်၊ အပျိုကြီးဘဝနဲ့ ဇာတ်သိမ်းရလိမ့်မယ်"

"ဒါက ငါ့အကြောင်းနဲ့ငါပဲလေ၊ မိငွေးတို့က မပိုင်ရင် ခြင်ထောင်မရိုက်ဘူး၊ သိရဲ့လား"

သင်တန်းတက်သူ လေးယောက်ထဲမှာမှ အသက်အကြီးဆုံးလည်းဖြစ်၊ အပျိုကြီးလည်းဖြစ်နေရသူ မငွေးက စုံတွဲတွေဖြစ်ခဲ့ကြလျှင် ကြားထဲက ပြဿနာတစ်ခုခုဖန်တီးတတ်သည်။ ကိစ္စရပ်တစ်ခုခုတွင်လည်း တခြားသူကို ထွန်းထိုးအနိုင်ယူရမှ ကျေနပ်တတ်သူဖြစ်ရာ ညိုမီကို ထွန်းနိုင်နှင့် တပူးတွဲတွဲရှိနေခဲ့၍ စိတ်အနှောင့်အယှက်ဖြစ်ရန် ဖန်တီးခြင်းဖြစ်နိုင်သည်။

မောင်နှမစိတ်ထားနှင့်ဖြစ်၍ ထွန်းနိုင်က မငွေးဆွဲခြင်းကို ကိုင်ပေးရင်း သင်တန်းတက်ဖြစ်ခဲ့၏။ ဒါ ကိုမှ သူငယ်ချင်းအသစ်ဖြစ်ခွင့်ရသူ ညိုမီက စကားပြောခဲ့ဘူးသည်။

"အစ်ကိုက ဘာဖြစ်လို့ အဲဒီအစ်မဆွဲခြင်းကို ကိုင်ပေးရတာလဲ"

"ဩော်.....ဖင်မာနွယ်တို့အတွဲက အလိုက်တသိနဲ့ သူ့ရည်းစားဆွဲခြင်းကိုင်ပေးခဲ့လို့ ရုံးသမားချင်းအတူတူ ကိုယ့်အစ်မဆွဲခြင်းကို ဆွဲပေးတာပဲလေ၊ ဘာဖြစ်လို့လဲ"

"ဩော်.....ဘာမှမဖြစ်ပါဘူး၊ အစ်ကိုက ခြင်းတောင်းဆွဲထားရင် သိပ်မလိုက်ဖက်သလိုပဲ"

ထိုအဖြစ်အပျက်ကို ရုံးသမား

www.burmeseclassic.com

အချင်းချင်းမို့ ထွန်းနိုင်က ပြန်ရှင်းပြခဲ့မိဖြစ်ရာ မဒွေးက ညိုမီကို စိတ်ဆိုးသယောင်ဖြစ်နေခဲ့ရပါ၏။ ထွန်းနိုင် အိမ်ထောင်သည်ဖြစ်သည်ကို သိနေ၍ မဒွေးက ခြင်းကိုင်ခိုင်းခဲ့ရင်း ဒေါက်ဖြုတ်ခြင်းလည်းဖြစ်သည်။ ဒါကိုမှ ရည်းစားမဟုတ်သူ၏ခြင်းကို ကိုင်ပေးသော ထွန်းနိုင်အား ညိုမီက ကြည့်မရသည့်ပုံ သဏ္ဍာန်ဖြစ်နေရခြင်းပင်။

သို့ဖြစ်ပေရာ မလွတ်လပ်သော ကြိုးစကို အပျိုကြီးမဒွေးနှင့် ညိုမီတို့က အပြိုင်ဆွဲနေသည့် အလား ထင်စရာရှိနေသည်။ သည်လိုနှင့် လေးယောက်စလုံး သင်တန်းခန်းမထဲ ရောက်ခဲ့ကြသည်။

ထွန်းနိုင်၏ထိုင်ခုံတွင် စန်းနုရီကို မတွေ့ရဘဲ ညိုမီထွန်းအေး တစ်ယောက်တည်းသာ ရောက်နေခဲ့ပါ၏။

"ဟော့...ဒီနေ့ မစန်းနုရီမလာဘူးလား"

"ဟော့အေး၊ သူရုံးမတက်ဘူး"

ညိုမီက ထွန်းနိုင်ကို ခပ်ပြတ်ပြတ်ပင် ပြောချလိုက်သည်။ ပြောဆိုပုံအရ မနေ့က မဒွေးနှင့်အဆင်မပြေဖြစ်ခဲ့ရ၍ တုံ့ပြန်လာခြင်းဟု ထင်စရာရှိနေသည်။

သည်နေ့ ဝန် ထမ်းစည်းမျဉ်း သင်ခန်းစာကို ပင်စင်စား သင်တန်းဆရာကြီးက Black Board၌ ချရေးပြီး ကူးယူစေသည်။ အဝေးမှုန်သော ညိုမီက ထွန်းနိုင်ထံမှ ကြည့်မကူးဘဲ ကျောက်သင်ပုန်းကသာ ကြည့်ကူးနေလေသည်။ စိတ်ဆိုးစိတ်ကောက်ဖြစ်နေသည်မှာ စာကိုလိုက်ကူးမရခြင်းကတစ်ကြောင်း၊ ထိုင်ခုံရှေ့မှ မဒွေး၏ စကားသံကို ကြားထားရ၍တစ်ကြောင်း ဖြစ်နိုင်သည်ဟု ထွန်းနိုင် တွက်ဆထားသည်။



သည်လိုနှင့် နေ့လယ်ဘက် မုန့်စားအနားပေးချိန် ရောက်ရှိလာသည်။

"အစ်ကို့ကို ညိုမီ နှစ်ယောက်တည်းပြောစရာရှိလို့ ကင်န်တင်းကို လိုက်ခဲ့ပေးပါ"

ဟူသော စာရွက်အပိုင်းလေးက ထွန်းနိုင်ရှေ့သို့ ရောက်ချလာသည်။

ထွန်းနိုင်အတွက် လေးယောက်အတူ စားသောက်ဆိုင်သွားနေကျဖြစ်ရာ ရှေ့မှသူငယ်ချင်းများကို အကဲခတ်လိုက်ပြီးမှ ညိုမီ့ကို ခေါင်းညိတ်ပြလိုက်ရသည်။

"ဟဲ့.....လာလေ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"

နားချိန်ရောက်သည်နှင့် ရှေ့ကသုံးယောက် အပြင်ထွက်ရန် ဟန်ပြင်ပြီး မဒွေးက သူ့ကိုခေါ်ထုတ်သည်။

"ကျွန်တော် မလိုက်တော့ဘူး မဒွေး၊ အစ်မတို့သုံးယောက်ပဲသွားကြပါ"

www.burmeseclassic.com



ညိုမီနှင့် အချိတ်အဆက်လုပ်ထားသည့်ဖြစ်ရာ ထွန်းနိုင်က ခပ်တည်တည်နှင့်ပင် ရှောင်လိုက်ပါ၏။

သည်လိုနှင့် မဒွေး၊ ဇင်မာနွယ်နှင့် သိန်းဟံတို့သုံးယောက်က သီးခြားထွက်သွားခဲ့ပြီး ထွန်းနိုင်က ညိုမီထွန်းအေးနှင့် ရုံးအပြင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် စကားပြောဖြစ်ခဲ့သည်။

♛♛♛♛♛

"အစ်ကို ဘာသောက်မှာလဲ၊ အရင်မှာလိုက်လေ"

"ဩော်.....အေး တို့က ပေါ့ဆိမ့်ပဲ၊ ညိုမီကရော"

"ညီမ အအေးတစ်ပုလင်းသောက်မယ်"

"ဟေ့.....ညီလေးရေ ပေါ့ဆိမ့်ရိုးရိုးနဲ့ လိမ္မော်တစ်ပုလင်းပေးပါကွာ"

စားပွဲထိုးကို ထွန်းနိုင်ကလှမ်းမှာလိုက်ရင်း ညိုမီ့ထံမှ စကားသံကို စတင်မေးမြန်းတူးဆွလိုက်၏။

"ကဲ.....ညိုမီ ပြောလေ၊ တို့ကို ဘာပြောစရာရှိနေလို့လဲ"

"မနေ့က အစ်ကိုတို့အဖွဲ့ထဲက ဟိုအစ်မက မစန်းနုရီကို စကားလာပြောသွားတယ်၊ အစ်ကိုထွန်းနိုင်က စိတ်မမှန်ဘူးတဲ့၊ ကြောင်တောင်တောင်ဖြစ်နေပြီး တစ်ခါတလေ ဝက်ရူးပြန်တတ်တယ်လို့ လာပြောတယ်လေ၊ အဲဒါတကယ်ပဲလား၊ ဟုတ်ရောဟုတ်လို့လားဟင်"

"ဟင်.....မဒွေးက တို့အကြောင်းကို အဲဒီလိုပဲပြောတာလား"

"ဟုတ်ပါတယ်ဆို၊ နောက်ပြီးသူကပြောသေးတယ်၊ အူကြောင်ကြောင်လူနဲ့ ပေါင်းတဲ့လူတွေ အူတူတူဖြစ်မှာစိုးလို့ သတိပေးရတာပါတဲ့၊ အဲဒါကရော ဘာအဓိပ္ပာယ်လဲဟင်"

ရုံးရောက်စဉ်က သိန်းဟံက သတိပေးထားခဲ့၍ အတော်ဖြေရှင်းရခက်မည့်ပြဿနာဟု ထွန်းနိုင်ထင်ထားမိခဲ့သည်။ သို့သော် မိန်းမ,ရှိသည်ကို အသိပေးခြင်းမျိုးမဟုတ်ဘဲ တခြားကိစ္စရပ်တစ်ခုနှင့် သွေးတိုးစမ်းထားသကဲ့သို့ ဖြစ်နေရာ.....

"ဩော်...ဒါက တို့ကို သက်သက်မဲ့နောက်တာဖြစ်မှာပါ၊ ရုံးမှာဆို တို့က ကုလားသီချင်းလည်းဆိုပြတယ်၊ တရုတ်၊ ဂျပန်သီချင်းလည်း ဆိုပြတယ်လေ၊ ပျော်ပျော်နေတဲ့သူမို့ အူကြောင်ကြောင်ဖြစ်နေတယ်လို့ သူ့ဘာသာသူ ယူဆတာကို ပြောတာဖြစ်မှာပါ"

"ညိုမီပြောချင်တာက အဲဒါပဲ အစ်ကို၊ အဲဒီလိုပြောတာ ညိုမီမခံချင်ဘူး၊ ဘာလို့ အဲဒီလို ပေါတောတောနေရတာလဲကွာ"

"သူကတော့ အူကြောင်ကြောင်လို့ သတ်မှတ်တာပဲလေ၊ ညိုမီ အကြောင်းသိချင်ရင် အတွင်းကျကျ ပေါင်းကြည့်တော့ သိရမှာပေါ့၊ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ညိုမီလည်း အဲဒါပြောမလို့ပဲ၊ သူကမပေါင်းစေချင်ရင် ကိုယ်က ပိုပေါင်းမယ်၊ သူငယ်ချင်းလို၊ မောင်နှမလိုစိတ်နဲ့ ညိုမီ့ကို ပိုပြီးခင်ခင်မင်မင် ဆက်ဆံပါလားဟင်၊ သင်တန်းရက်တွေမှာ ညိုမီနဲ့အတူတူ လက်ဖက်ရည်သောက်လေ၊ အစ်ကို့လက်ဖက်ရည်ဖိုးလောက်တော့ ညိုမီတတ်နိုင်ပါတယ်၊ ဘယ်လိုလဲ"

ထိုစကားရပ်လေးကြောင့် ထွန်းနိုင်နှလုံးသားထက်ဝယ် ငလျင်ငယ်လေးတစ်ခု လှုပ်ခတ်သွားရပါသည်။ အစားအသောက်၊ လမ်းစရိတ်တို့ကို မဒွေးက ဒိုင်ခံရှင်းပေးနေခဲ့သော်လည်း ရင်ခုန်သံအသစ်များ ဖန်တီးပေးမည့်သူ ညိုမီကို သူဦးစားပေးချင်စိတ် ဖြစ်ခဲ့ရသည်။

♛♛♛♛♛

ယနေ့ သင်တန်းဆင်းချိန်တစ်ခု၏ ထုံးစံအတိုင်း ထွန်းနိုင်တို့ လေးယောက် ဘတ်စ်ကားဂိတ်ဆီသို့ ရောက်ဖြစ်ခဲ့ကြသည်။ စီးနေကျ

www.burmeseclassic.com



ဘတ်စ်ကားက ဂိတ်ကိုလာရပ်ခဲ့၍ လေးယောက်သား ကားပေါ်တက် ဖြစ်ခဲ့ကြသည်။ ကျောင်းဆင်းချိန်က ဂိတ်ဝတွင် စန်းနုရီကိုလာကြို သော သူ့အမျိုးသားနှင့်တွေ့လိုက်ရသည်။ ကျောင်းတံခါးမကြီးရှေ့ ထိုင်ခုံပေါ်တွင်မူ ညိုမီထွန်းအေးက ဆွဲခြင်းကို ဘေးချထားပြီး ထိုင်စောင့်နေသည်ကို ထွန်းနိုင်တွေ့ခဲ့ရသည်။သူငယ်ချင်းများမသိအောင် ညိုမှီ့အနားကပ်ပြီး သူသွားမေးလိုက်သည်။

"ဟေ့ ဘယ်သူ့ကိုစောင့်နေတာလဲ"

"အတူတူပြန်ရမယ့်သူကိုပေါ့"

ဟု ဆိုလာသည်။

မငွေးတို့နှင့် ဘတ်စ်ကားပေါ်ရောက်နှင့်နေသော်လည်း ထိုစကားရပ်လေးက သူ့ကို နှောင့်ယှက်ကလူပြုနေသည်။ ညိုမီက အတူတူပြန်ရမယ့်သူကို စောင့်နေသည်ဟု ဆိုလာခဲ့ရာ ထိုသူက မည်သို့သောလူမျိုး ဖြစ်နေသလဲဟု သူသိချင်စိတ်ဖြစ်ပေါ်ရခြင်းပင်။ သို့ပါ၍လည်း ကားစီးသည်မှာ (၂)မှတ်တိုင်ရောက်သည်နှင့်.....

"မငွေး ကျွန်တော် မြို့ထဲမှာ ဝယ်စရာတစ်ခုပေါ်လာလို့ ဒီမှာပဲ ဆင်းတော့မယ်နော်"

ပြောပြီးသည်နှင့် ဘတ်စ်ကားပေါ်မှ သူဆင်းလိုက်သည်။ စိတ်ထဲက မရှင်းမလင်းဖြစ်နေရသော ပြဿနာကို ဖြေရှင်းရန် သင်တန်းကျောင်းဆီသို့ ဘတ်စ်ကားပြန်စီးခဲ့ရလေသည်။ ကားဂိတ်ရောက်သည်နှင့် သင်တန်းကျောင်းဂိတ်ဝနားကို သူ ခပ်သွက်သွက်လျှောက်ခဲ့မိဖြစ်သည်။

ကျောင်း၌ သင်တန်းသား၊ သင်တန်းသူများအားလုံး ကုန်နေပြီဖြစ်သကဲ့သို့ ဝန်ထမ်းအဖွဲ့များလည်း ပြန်ခဲ့ကြပြီဖြစ်ပါသည်။ သို့သော် ညိုမီထွန်းအေးတစ်ယောက်ဖွဲ့ကောင်းကောင်းနှင့် အဖော်စောင့်နေဆဲဖြစ်သည်ကို တွေ့မြင်ခွင့်ရသည်။ အူကြောင်ကြောင်နိုင်လှသော ထွန်းနိုင်က ညိုမှီ့အနားသို့ လျှောက်သွားသည်။

"ရှင် ဘာဖြစ်လို့ ပြန်လာတာလဲ"

"ကိုယ့်သူငယ်ချင်းက မိတ်ဆွေစောင့်နေတာ တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ အဖော်လုပ်ပေးချင်တာ"

"ကိုယ်စောင့်ရမယ့်လူစောင့်တာပဲလေ၊ ရှင့်အပူ ဘာပါလို့လဲ"

နှုတ်ခမ်းလေးစူနေသော ညိုမီ၏ ညို့မျက်ဝန်းတွင် ထွန်းနိုင်တစ်ယောက် ကျောက်ရုပ်သဖွယ် ဖြစ်ခဲ့ရပါသည်။

သည်လိုနှင့် နောက်ထပ် မိနစ်နှစ်ဆယ်ခန့် နှစ်ယောက်တည်း ထိုင်စောင့်ခဲ့ကြသည်။

"ကဲပါ ဒီအချိန်ကျမှတော့ ညည်းကိုကြိုမယ့်သူလည်း လာ တော့မယ်မထင်ပါဘူး၊ ငါ့ကိုပဲ ကြို ပို့လုပ်တဲ့သူလို့ သတ်မှတ်ပြီး ပြန် လိုက်ကြရအောင်လား"

ဘုမသိ၊ ဘမသိ၊ ရည်းစားမ မှန်းမသိ၊ မရှိမှန်းလည်း မသိရှိဘ သမီးရည်းစားအတွဲကဲ့သို့ အတူတွဲ လျှောက်ခွင့်ရခဲ့ပါသည်။ ထိုအချိန် တွင်မှ မိုးကလည်း သဲကြီးမဲကြီး ရွာချလိုက်ပြန်သည်။ သခင်မြပန်း ခြံဘေးက ဖြတ်လျှောက်ခဲ့ရသော သူတို့စုံတွဲတွင် ညိုမီထံမှာသာ ထီး တစ်ချောင်းပါရှိနေသည်။

သည်လိုနှင့် ကားဂိတ်ရောက် ခဲ့ပြီး မင်္ဂလာတောင်ညွန့်ဘက်ပြန် မည့်ကားပေါ် သူတို့တက်ဖြစ်ခဲ့ကြ သည်။

"ညိုမီရေ တို့ (၃၅)လမ်းထဲ ကို ခဏသွားကြရအောင်ကွာ၊ လာ ပါ၊ တို့ ကြေးအိုးဝယ်တိုက်ပါ့မယ်"

ဘတ်စ်ကားပေါ်မှာ ညိုမီက ချက်ချင်းအဖြေမပေးဘဲ ခဏ အကြာတွင်မှ မဝံ့မရဲ ခေါင်းညိတ်ပြ လာသည်။ မြို့ထဲ ပန်းဆိုးတန်း ကားမှတ်တိုင်တွင် နှစ်ဦးသားဆင်း ခဲ့ကြပြီး ၃၅လမ်း အလယ် ဘယ်ဘက် ရှိ ဟောင်ကောင်ကြေး အိုးဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com

ရှင်ဦးသား လမ်းလျှောက်ဝင်ခဲ့ကြ
သည်။

ကြေးအိုးဆိုင်၏ ချောင်ကျကျ
တစ်နေရာတွင် ရေစိုပြီး ခိုက်ခိုက်
တုန်အောင် ချမ်းတုန်နေသော အေး
ချမ်းနေမှုကို ကြေးအိုးအပူအငွေး
ဓာတ်နှင့် ဖြေခဲ့ကြရသည်။ မင်္ဂလာ
တောင်ညွန့်သို့ပြန်ရမည့် ညိုမီနှင့်
ရွှေပြည်သာသို့ပြန်ရမည့် ထွန်းနိုင်
တို့ ည ၇ နာရီကျော်သည် အထိ
စကားများက ပြော၍ မကုန်နိုင်
အောင်ရှိခဲ့ ကြပါသည်။

မည်သို့ပင်ဆိုစေ
မိုးလည်းစဲ



သွားခဲ့ပြီဖြစ်၍ နှစ်ယောက်သား
လမ်းခွဲခဲ့ကြသည်။ ညိုမီ့ကို ဘတ်စ်
ကားဂိတ်ဆီသို့ လိုက်ပို့တင်ပေးခဲ့
ပြီးမှ ထွန်းနိုင် ရွှေပြည်သာပြန်ခဲ့ရ
ပါသည်။

♛♛♛♛♛

သင်တန်းကာလ (၆)လ၏
တစ်ဝက်ကျော်ကျော်ခန့်လောက်တွင်
ထွန်းနိုင်က မငွေးဆွဲခြင်းကိုလည်း
မကိုင်ဖြစ်တော့ဘဲ ညိုမီ၏ကျောင်း
အပြန်ဘတ်စ်ကားအတူစီးသူဖြစ်ခဲ့
လေသည်။

သည်လိုနှင့် သင်တန်းဆင်း
ရက်ကာလများဆီသို့ နီးကပ်ခဲ့လေ
ပြီ။

သင်တန်းသား၊ သင်တန်းသူ
များ အားလုံးစုံလင်သည့် နေ့ရက်
တစ်ရက်တွင် အာစရိယပူဇော်ပွဲ
ဖြစ်မြောက်ရေး အမှုဆောင်
ရွေးချယ်ပွဲကို မဲစာရင်းနှင့်
ဆုံးဖြတ်ခဲ့ရာ အမှုဆောင်
ခြောက်ဦးတွင် ညိုမီနှင့်
ထွန်းနိုင်တို့ ပါရှိခဲ့ကြ
သည်။

သို့ဖြစ်ပေရာ အမှု
ဆောင် (E.C) ခြောက်
ယောက်က ပစ္စည်း
ဝယ်ယူရေးတာဝန်ကို
ထွန်းနိုင်နှင့် ညိုမီအား
သီးခြား တာဝန်ပေးအပ်ခဲ့ကြပါ၏။
နဂိုကမှ အတူတူခရီး သွားလာခွင့်
ရချင်နေသူနှစ်ဦးတို့ ထူးထူးခြားခြား
ဆုံတွေ့ခွင့်ရခဲ့ခြင်းပင်။

ရုံးပိတ်ရက်တစ်ရက်တွင်
ပစ္စည်းဝယ်ယူရန် မြို့ထဲတွင်အချိန်း
အချက်ပြုလုပ်ဖြစ်ခဲ့သည်။ ထိုနေ့
က မြို့ထဲမှာပင် ရုပ်ရှင်ရုံတစ်ရုံ၌
ရုပ်ရှင်အတူကြည့်ဖြစ်ခဲ့ပြီးမှ မင်္ဂလာ
ဈေးတွင် ပစ္စည်းများဝယ်ယူခဲ့ကြ
သည်။ ဆရာများအတွက် လုံချည်၊
ဆရာမများအတွက် ပိတ်စ၊ ပါ
တိတ်ထဘီနှင့် တိုင်ကပ်နာရီများကို
ပါ ဝယ်ခဲ့ကြပြီး ထမင်းပေါင်းဆိုင်
တစ်ဆိုင်တွင် ညနေစာ စားဖြစ်ခဲ့
လေသည်။

ထမင်းပေါင်းဆိုင်တွင် ထိုင်
နားနေရင်း ထွန်းနိုင်က.....

"ကဲ.....ဘယ်လိုလဲ၊ တို့ရုံး
က မငွေးပြောသလို အူကြောင်
ကြောင်နဲ့က အသုံးချလို့ အဆင်
ပြေနေပြီမဟုတ်လား"

"ဟင်း.....မရှိသုံးပါနော်၊ ညို
မီ့အတွက်တော့ အသုံးဝင်တယ်လို့
မသတ်မှတ်သေးပါဘူး"

"ဒါဆို အမှန်ပြောလေ၊ တို့
က တကယ်ပဲ အူကြောင်ကြောင်
လား"

"မဟုတ်ပါဘူး၊ ကိုထွန်းနိုင်
က တကယ်ခင်ဖို့ကောင်းတဲ့ အစ်
ကိုတစ်ယောက်လို့ ညိုမီ အမှတ်

www.burmeseclassic.com



ပေးပါတယ်''

သည်လိုနှင့် ထမင်းပေါင်းပန်းကန်များက စားပွဲပေါ်ရောက်ချလာသည်။ ဟင်းရည်ပူပူ၊ ထမင်းပေါင်းပူပူကို ဗိုက်ဆာဆာနှင့် ခပ်သွက်သွက်စားသောက်ခဲ့ရာ ထွန်းနိုင်နဖူးထက်က ချွေးစလေးများ စားပွဲပေါ်သို့ ပြုတ်ကျလာသည်။ သည်ကြားထဲ ညိုမြိုနှင့် ဟင်းရည်ခွက်ထဲအတူတူနှိုက်ခပ်မိရာက အပြုံးချင်းပါဆုံခွင့်ရခဲ့သည်။ ချွေးစများစိုနေသော ထွန်းနိုင်ကို ညိုမြိုက လက်ကိုင်ပဝါလေး လှမ်းပေးလိုက်သည်။

''အစ်ကို ချွေးတွေထွက်နေတယ်၊ ရော့.....သုတ်လိုက်ဦး''

ညိုမြို့လက်ကိုင်ပဝါနှင့် ချွေးသုတ်လိုက်ပြီး.....

''လက်ကိုင်ပဝါကို ပြန်မပေးတော့ဘူးနော်၊ တို့အမှတ်တရသိမ်းထားချင်လို့၊ ပြီးတော့ သင်တန်းတုန်းက ညိုမြိုပြောဖူးတယ်မဟုတ်လား၊ သူငယ်ချင်းလို၊ မောင်နှမလို ဂရုစိုက်ပေးပါဆိုတာလေ''

''ဟုတ်တယ်လေ၊ ညိုမြို အဲဒီလိုပြောဖူးပါတယ်''

''တကယ်လို့ ဒီ့ထက်ပိုခင်ပြီး ဂရုစိုက်ပေးပါဆိုလည်း တို့ကငြင်းပယ်မှာမဟုတ်ပါဘူးလို့''

''အို....သွားပါ၊ ဘာတွေလာပြောနေတာလဲ၊ အစ်ကို ဆိုးလာတယ်နော်''

♛♛♛♛♛

မြို့ထဲသို့ရောက်ခွင့်ကြုံခဲ့၍ သခင်မြပန်းခြံအနီး သင်တန်းတက်ခဲ့ကြသော စာရင်းရုံးဘက်သို့သွားကာ ထွန်းနိုင် အောင်စာရင်းကြည့်ခဲ့လေသည်။ ရုံးမှအတူတူတက်ရောက်ခဲ့ကြသော မဌေး၊ ဇင်မာနွယ်၊ သိန်းဟံနှင့် သူတို့လေးယောက်စလုံး အောင်မြင်ခဲ့ကြသည်။ ညိုမြိုထွန်းအေးနှင့် စန်းနုရီတို့လည်း အောင်စာရင်းမှာတွေ့ခဲ့ရပါသည်။ မြို့ထဲကကိစ္စပြီးသည်နှင့် ထွန်းနိုင် ရုံးကိုခပ်စောစောပင်ပြန်ရောက်ခဲ့သည်။ ဦးစွာ မိတ်ဆွေသုံးယောက်ကို အောင်စာရင်းအကြောင်း အသိပေးခဲ့ပြီး ရုံးအံဆွဲထဲက ဖုန်းနံပါတ်ရေးမှတ်ထားသော စာအုပ်ကို ထုတ်ယူလိုက်မိဖြစ်၏။

သင်တန်းတက်ရောက်စဉ်က ညိုမြိုရေးပေးထားသော ဖုန်းနံပါတ်ကို ရှာဖွေမိခြင်းဖြစ်သည်။ ညိုမြိုရုံးဖုန်းနံပါတ်ကို ရှာတွေ့သည်နှင့် ထိုဝန်ကြီးဌာနရုံးဖုန်းဆီသို့ နံပါတ်ကောက်လှည့်လိုက်သည်။

''ဟယ်လို.....မညိုမြိုထွန်းအေးနဲ့ စကားပြောချင်လို့ပါ''

''ခဏကိုင်ထားပေးပါ''

ခဏအကြာ.....

''ဟယ်လို..ကျွန်မ ညိုမြိုပါ''

''ဟော့.....ညိုမြို၊ ငါ ငို[...] တက္ကသိုလ်က ထွန်းနိုင်ပါ''

''အမယ်လေး...ကိုထွန်းနိုင်[...] ရယ်၊ ပျောက်နေလိုက်တာ၊ ညို[...] ဆီတောင် ဖုန်းဆက်ဖော်မရ[...] နော်၊ ဒီက သတိရနေတာ သိ[...] လား''

''အခု Great 2 အောင်စာရ[...] ထွက်နေပြီလေ၊ အဲဒါအကြော[...] ကြားပေးတာပါဟ''

''ဩော်..အောင်စာရင်းတော[...] ထွက်နေပြီလား၊ ဘယ်လိုလဲ၊ အ[...] ကိုတို့အဖွဲ့တွေ အောင်တယ်မဟု[...] လား''

''အေးပါဟ အောင်တယ်၊ [...] နဲ့ မစန်းနုရီလည်း အောင်တ[...] လေ''

''ဒါဆို ကျေးဇူးပဲနော် [...] ထွန်းနိုင်၊ ကျွန်မ ကိုထွန်းနိုင်[...] ကိုစောင့်နေတာ၊ အခုဆက်လာ[...] တော့ အတော်ပဲ၊ အောင်စာရင်း[...] ကျွန်မ မနေ့က သိပြီးသားပါ။ [...] ပေမဲ့ ကျွန်မ ဒီသင်တန်းအောင်[...] တာ ကိုထွန်းနိုင်ရဲ့ကျေးဇူး[...] အများကြီးပါပါတယ်၊ ဒါကြော[...] တွေ့ချင်တယ်၊ ကျေးဇူးဆပ်ပြီး [...] ကျွေးချင်လို့၊ မနက်ဖြန်စနေ[...] ကျွန်မတို့ရုံးကို လာခဲ့ပေးပါ[...] ကျွန်မ အိုဗာတိုင်ဆင်းပေး[...] ရုံးမှာရှိနေမယ်လေ၊ ဘယ်လို[...]



www.burmeseclassic.com

www.burmeseclassic.com





“အေးပါ၊ အေး ညည်းက ဖိတ်ကြားတော့လည်း လာခဲ့ပေးရတာပေါ့၊ မနက် ၁၀ နာရီလောက် ရောက်ရင်ရမလား”

“ဟုတ်ကဲ့ အစ်ကို၊ ဒါဆို ကျွန်မ ဂိတ်ဝကို မှာထားလိုက်မယ်၊ ဆက်ဆက်စောင့်နေမယ်နော်၊ ဒါပဲ”

♛♛♛♛♛

ဝန်ကြီးရုံး၏ ဝင်းတံခါးချပ်ကြီးများက နှစ်ထပ်ဆင့်ကာရံထားသည်။ ဂိတ်ဝတွင် လက်နက်ကိုင်အစောင့်များပင် ရှိနေ၍ ထွန်းနိုင်ကျောချမ်းမိစရာဖြစ်နေခဲ့ရသည်။ စိတ်ကိုအားတင်းပြီး ဂိတ်ဝအနီးသို့ သွားခဲ့ကာ ဌာနစိတ်နှင့် ဝန်ထမ်းအမည်ကို ဖွင့်ပြောလိုက်မှ တစ်ကိုယ်စာလူဝင်ပေါက်ကို ဖွင့်လှစ်ပေးပြီး အခန်းတစ်ခုဆီ ညွှန်ပြပေးလာပါ၏။

မဟူရာရောင်လမ်းမကို မြက်ခင်းစိမ်းစိမ်းလေးများက လှပစွာ လွှမ်းခြုံရစ်ပတ်ထားသည်။ ရုံးပိတ်ရက်ဖြစ်နေခဲ့၍ လူတစ်ဦးတစ်ယောက်ကိုမျှ တွေ့ခွင့်မရဘဲ လုံခြုံရေးဝန်ထမ်းညွှန်ပြရာ ရုံးခန်းတစ်ခုဆီ တစ်ယောက်တည်းလျှောက်လာခဲ့ပြီး အခန်းတွင်းသို့ ဝင်ရောက်လိုက်သည်။

မှန်အကြည်စားကို ဖောက်မြင်ရသော အခန်းကျယ်ကြီးတစ်ခုထဲ၌ ညိုမီထွန်းအေးကို သူတွေ့ခွင့်ရပါသည်။ ညိုမီကမူ မှန်အပြင်ကို လှမ်းကြည့်နေရင်းကမှ ထွန်းနိုင်ကို တွေ့လိုက်ရ၍ အခြားတစ်ယောက်ကို နှုတ်ဆက်ပြီး အခန်းအပြင်သို့ ထွက်လာသည်။

အမြင်အားဖြင့်စိမ်းနေသော ရုံးခန်းကြီး၏ အသွင်အပြင်က ယောင်ချာချာဖြစ်နေရှာသော ထွန်းနိုင်၏စိတ်ကို ချောက်ချားမှုဖြစ်စေခဲ့သည်။ ညိုမီကိုတွေ့ရပြီဖြစ်၍ လွယ်ထားသော လွယ်အိတ်ထဲ လက်နှိုက်ရင်း ဓာတ်ပုံပါ၊ မပါကို သူစမ်းကြည့်လိုက်မိသည်။

“လာလေ ကိုထွန်းနိုင်၊ ညိုမီတို့ အောက်ရုံးကဆိုင်ကို သွားကြတာပေါ့”

“ဆိုင်က အဝေးကြီးပဲလား ညိုမီ”

“သိပ်မဝေးပါဘူး၊ ဒီကရုံးတွေက ခပ်ကျဲကျဲဆောက်ထားတာဆိုတော့ ညိုမီတို့အနေနဲ့ကတော့ ဒီလိုပဲ လျှောက်သွားနေကျပါပဲ၊ ဒီရှေ့က ဂိုဒေါင်ကျော်ရင် ရောက်ပြီလေ၊ ဝန်ကြီးရုံးစားသောက်ဆိုင်တွေဆိုတော့ အစားအသောက်ကတော့ သိပ်မစုံဘူး၊ ကိုထွန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



လာမယ်ဆိုလို့ ညိုမီက ရှမ်းခေါက်ဆွဲ မှာထားတယ်၊ ကြိုက်တယ် မဟုတ်လား''

သည်လိုနှင့် ညိုမီ ကြိုတင်မှာထားသော စားသောက်ဆိုင်တစ်ခုထဲသို့ နှစ်ဦးသားရောက်ရှိခဲ့ကြသည်။

''ကဲ..ညိုမီ ပြောစရာရှိတယ်ဆိုတာ ဘာလဲ၊ တို့ကိုပြောလေ''

''ဩော်.....အခု Great 2 အောင်ခဲ့တာ ကိုထွန်းနိုင်ရဲ့ကျေးဇူး မကင်းဘူးမဟုတ်လား၊ ကျောင်းမှာတုန်းက ညီမက အစ်ကို့ကို အတင်းတွယ်ကပ်၊ ဒုက္ခပေးခဲ့ဘူးတော့ တခြားလူတွေက တစ်မျိုးထင်ကြမလားပဲလေ၊ တကယ်တော့ ရိုးရိုးသားသား ခင်ကြတာကို အစ်ကိုနဲ့ ညိုမီပဲ သိကြတာပါ၊ ညိုမီတို့ဝန်ကြီးရုံး ဝန်ထမ်းတွေဆိုတာက နေထိုင်မှုမှာ ကျစ်လျစ်သိမ်မွေ့မှုရှိကြရတယ်၊ ယောကျ်ားလေးမိတ်ဆွေတွေနဲ့ အရောတဝင်မနေရဘူး၊ ရုံးစည်းကမ်းဘောင်အရဆို စိတ်ကျဉ်းကျပ်တယ် အစ်ကိုရဲ့၊ ဒါကိုမှ သင်တန်းကာလပဲဆိုပြီး ညိုမီက အစ်ကို့ရုံးက အစ်မကို အနိုင်ယူပြချင်မိခဲ့တယ်၊ အဲဒီစိတ်နဲ့ပဲ အစ်ကို့ကို ပိုပြီးရင်းရင်းနှီးနှီး နေပြခဲ့မိတယ်လေ''

''----''

''ပြီးခဲ့တဲ့တစ်ပတ်လောက်က ကျွန်မတို့ရုံးက ဌာနတူ သူငယ်ချင်းမလေးတစ်ယောက် အလုပ်ပြုတ်သွားတယ် အစ်ကို၊ အဲဒီကိုယ်တွေ့ဖြစ်ရပ်လေးကို ယှဉ်တွေးပြီး အစ်ကို့ကို ညိုမီ ရှင်းပြချင်တာပါ၊ ဩော်.....စားစရာတွေရောက်လာပြီ၊ စားလိုက်ဦး၊ အစ်မရေ...လက်ဖက်ရည်ပါ နှစ်ခွက်ချပေးနော်၊ ကျွန်မက ထုံးစံအတိုင်း၊ ဒီအစ်ကိုက ပေါ့ဆိမ့်ပါ''

ညှို့သည်အဖြစ်ရောက်လာသော ထွန်းနိုင်တစ်ယောက် ညိုမီ၏ စကားလမ်းကြောင်းထဲ မေ့မြောနေမိခဲ့သည်။

သည်လိုနှင့် စားပွဲရှေ့ရောက်လာသော ရှမ်းခေါက်ဆွဲကို တစ်လုတ်နှစ်လုတ် စားခဲ့ကြရင်း ညိုမီက စကားဆက်လာသည်။

''အဲဒီသူငယ်ချင်း ဘာလို့အလုပ်ပြုတ်ရလဲ သိလား အစ်ကို၊ သူက မယားရှိပြီးသားယောကျ်ားကို အိမ်ထောင်ပြုလို့တဲ့၊ ဝန်ကြီးရုံးရဲ့ သိက္ခာကျရတယ်ဆိုပြီး အလုပ်ထုတ်ပစ်လိုက်တာပါ၊ သူက အလုပ်အပြုတ်ခံပြီး ယောကျ်ားယူခဲ့ပေမယ့် အခု သူ့ယောကျ်ားက အရင်မယားကြီးဆီ ပြန်သွားပြီလို့ ကြားရတယ်လေ''

ညိုမီက သူ့စကားရပ်ကို ခေတ္တနားထားလိုက်ပြီးမှ ဆက်ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ညှို့မိနဲ့ အစ်ကိုတို့ ခင်မင်ကြတာမှာ အစ်ကိုက အိမ်ထောင်သည်ဖြစ်မှန်း ညှို့မိ အစောကြီးကတည်းက သိပြီးသားပါ"

ရုတ်တရက် ထိုစကားသံကြောင့် လွယ်ထားမိသော လွယ်အိတ်ကို မဆီမဆိုင်ပင် ထွန်းနိုင်လှမ်းကိုင်ကြည့်လိုက်မိ သည်။ အိမ်ထောင်သည်ဖြစ်နေသည်ကို သိနှင့်နေခြင်းက သူ ဖြေရှင်းရမည့်အချက်ကို ဖွင့်ချပေးလိုက်သည် ပင်ဖြစ်ရာ ထွန်းနိုင်ဘာ ပြောရမှန်းမသိဖြစ်သွားသည်။

"သင်တန်းကာလ တစ်ခုမှာ ညီမစိတ် ပျော် ချင်တဲ့အတွက် အခုလို ရင်းရင်း နှီးနှီး ဆက်ဆံခဲ့ မိတာပါ၊ ကိုယ့်အတွက်နဲ့ တခြားသူရဲ့ နှလုံးသားမှာ ဒဏ်ရာ မဖြစ်စေချင်ဘူးလေ၊ ညှို့မိက အခုအနေနဲ့လည်း ဘာမှဖြစ်မသွားဘူး၊ ဒါကြောင့် ညှို့မိအစ်ကို တို့မိသားစုနဲ့ တခြားတစ်နေရာမှာ ဆုံခဲ့မိရင် နှုတ်ဆက်လို့လည်းရတယ်၊ မုန့်ဝယ်ကျွေးလို့လည်းရတယ်၊ မဟုတ်ဘူးလား"

ဖြေရှင်းမပြရတော့ဘဲ ဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီဖြစ်ရာ ထွန်းနိုင်က ရောက်နှင့်နေသော လက်ဖက်ရည်ခွက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။ ပြီးနောက်.....



"အေးလေ ညှို့မိ၊ ညည်းက ဖိတ်ခေါ်လာလို့ တို့ တကူးတက လာပေးရတာပါ၊ ကိစ္စလည်းပြီးပြီ ဆိုတော့ တို့ကို ပြန်ခွင့်ပြုဦး"

"ဟုတ်.....ဟုတ်ကဲ့ အစ်ကို၊ ညှို့မိ လက်ပြန်နှုတ်မဆက်တော့ဘူးနော်၊ အကျင့်ပါသွားမှာစိုးလို့"

ထွန်းနိုင်က ညှို့မိကိုမကြည့်တော့ဘဲ ချာခနဲလှည့်ထွက်ခဲ့သည်။ ထိုလက်ဖက်ရည်ဆိုင်ဘက်ဆီ နှစ်ဦးသား လျှောက်လာခဲ့စဉ်က ဂိုဒေါင်တစ်ခုအနီးရှိ အမှိုက်ပုံတစ်ပုံကို သူတွေ့ခဲ့ရပြီးဖြစ်သည်။

ယခုပြန်အထွက် တွင်မူ လွယ်အိတ်ထဲက မဒွေးနှင့် သူတို့လင် မယားတွဲရိုက်ထားသော ဓာတ်ပုံကို ထုတ်ယူလိုက် ပြီး အစိတ်စိတ်အမြှာမြှာ ဖြစ်အောင် ဆွဲဖြဲလုံးချေခဲ့ကာ အမှိုက်ပုံတွင် လွှင့်ပစ်ခဲ့လေသည်။

ထိုဓာတ်ပုံအစိတ် အပိုင်းများနှင့်အတူ တူပင် ချစ်မှုရေးရာ ခံစားခဲ့ရမှုတို့ သည်လည်း အမှိုက်များ ကဲ့သို့ပင် အသုံးမဝင်ဖြစ်ရပါချေ၏။ သူ၏ သီးခြားနိုးထလာသော နှလုံးသားရိုက်ခတ်မှုကို ညှို့မိက အလံဖြူပြရုပ်သိမ်းပေးခဲ့သည်ပင်ဖြစ်ခဲ့ပေရာ.....။

ကိုမိုး (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက်ဦးဝေ

# တုနှိုင်းမဲ့ မေတ္တာရှင်

။အခန်းဆက်ဝတ္ထုရှည်။



www.burmeseclassic.com

www.burmeseclassic.com





ထက်ထက်ဦးဝေ

# တုန့်နှိုင်းမဲ့မေတ္တာရှင်

အခန်းဆက် ဝတ္ထု

ယဉ်မေ၏ဘဝတွင် မုဆိုးမမိခင်ကြီး ဒေါ်ကျော့မေနှင့် ညီမဖြစ်သူ ခင်ဝေတို့သည်သာ ဆွေမျိုးဟူ၍ရှိခဲ့သည်။ လောကအလယ်တွင် သားအမိသုံးယောက်သာရှိကြသည့် အိမ်ထောင်တစ်စုတွင် မိခင်ရှိနေ၍ ယဉ်မေတို့ညီအစ်မနှစ်ယောက်မှာ ဘဝရပ်တည်မှု အဆင်ပြေခဲ့ရ၏။ မိခင်၏ ဆိုဆုံးမမှုအောက်၌လူတွေအကြောင်းကို ကောင်းစွာနားလည်ခွင့်ရရှိခဲ့သည်။

''အဖေရှိတုန်းက ခေါ်ခေါ်ပြောပြော ဆက်ဆံနေတဲ့လူတွေက အဖေသည်းဆုံးရော သမီးတို့ကို လှည့်တောင်မကြည့်ကြတော့ဘူး အမေရယ်၊ ဒေါ်ခင်ခင်ထိုက်တို့ မိသားစုဆိုရင် ပိုတောင်ဆိုးသေးတယ်''

ယဉ်မေက ဟင်းရွက်ခြွေနေရာမှ မိခင်မျက်နှာကို လှမ်းကြည့်ကာ ပြောလိုက်သည်။ ခင်ဝေက ငရုတ်သီးထောင်းနေရာမှ အစ်မ၏စကားကို ထောက်ခံလိုက်၏။



''ဟုတ်တယ် အမေရာ၊ ဒေါ်ခင်ခင်ထိုက်ယောကျ်ား ဆုံးတုန်းက ဆိုရင် အဖေက မိတ်ဆွေဆိုတဲ့ အသိနဲ့ အစအဆုံး ကူညီခဲ့တာပဲ မဟုတ်လား၊ အဖေဆုံးတော့ သတင်းလာမေးဖော်တောင်မရဘူး၊ သူ့သားသမီးတွေလည်း ဒီအတိုင်းပဲ၊ ဟင်း.....ကျေးဇူးမသိတတ်တဲ့ မိသားစုတွေ''

ခံပြင်းစိတ်နှင့် ငရုတ်သီးကို ပြင်းပြင်းလေးဆက်ထောင်းနေလိုက် ပြန်သည်။ သမီးနှစ်ဦး၏ မကျေနပ်ပုံများကြောင့် ဒေါ်ကျော့မေမှာ နှစ်သိမ့်စကားကို ပြောလိုက်ရ၏။

''အိုကွယ်.....အမေက အခုမှ မုဆိုးမပူပူနွေးနွေးဖြစ်ခဲ့တာပါ၊ ဒီတော့ မုဆိုးမတွေရဲ့ဘဝကို ခံစားတတ်ပါပြီ၊ ကိုယ့်ရှေ့က မားမားမတ်မတ်ရပ်တည်မယ့် လင်သား



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ စိတ်ဓာတ်ကျခဲ့တယ်၊ မိသားစုတာဝန်ဟာ ကိုယ့်ရဲ့ပခုံးပေါ်မှာ ထမ်းထားရပြီလေ၊ ဒါကြောင့် ကိုယ့်မိသားစုအရေးကိုပဲ အာရုံစိုက်နေရတော့ တခြားလူမှုရေးကိစ္စတွေမှာ လစ်ဟင်း ကုန်တာပေါ့ကွယ်''

ညီအစ်မနှစ်ဦးမှာ မိခင်၏စာ နာစိတ်ကို နားလည်ခဲ့ကြ၏။ ဆက် ပြောရမည့် စကားများမှာလည်း ချောင်းဝတွင် တစ်ဆို့ပျောက်ကွယ်သွားရတော့သည်။ တကယ်ဆိုလျှင် မိခင်ကသာ ကိုယ်ချင်းစာစိတ်နှင့် ခွင့်လွှတ်ခဲ့သော်လည်း ဒေါ်ခင်ခင်ထိုက်က ဘဝတူမုဆိုးမဟူသည့် အသိဖြင့် အားပေးမှုမရှိခဲ့ပေ။ ယဉ်မေ သိရသလောက်ဆိုလျှင် ဒေါ် ခင်ခင်ထိုက်သည် သူတို့၏မိဘများထံတွင် ငွေကြေးမှအစ ချေးငှားခဲ့ဖူး၏။

''ဒေါ်ခင်ခင်ထိုက်ဆီမှာ အမေတို့ အကြွေးတွေ ရှိနေသေးလားဟင်''

''ဩော်..ဒီကလေးမ၊ အမေ့ကို ဘာတွေလာမေးနေပါလိမ့်နော်''

''ဒီမိန်းမကြီးဆီမှာ သမီးတို့ရဲ့အကြွေးတွေရှိနေရင် တောင်းရအောင်လို့ပေါ့ အမေရယ်၊ သမီးတို့မှာလည်း အဖေမရှိတော့ ရှိတာလေးတွေ ရောင်းချစားနေရတာလေ၊ ဝင်ငွေမှမရှိတော့တာပဲ အမေရယ်၊ ဒီတော့ ရမယ့်အကြွေးတွေကို တောင်းသင့်ရင် တောင်းရမှာပေါ့''

ဒေါ်ကျော့မေထံမှ သက်ပြင်းချသည့်အကြည့်ကြောင့် ယဉ်မေမှာ မိခင်၏အခက်အခဲကို ဖြေရှင်းပေးနိုင်မည့် နည်းလမ်းမျိုးကို ရှာကြည့်မိ၏။



''ဟုတ်တယ် အမေ ခင်ဝေ သွားတောင်းပေးမယ်၊ အစ်မယဉ် မေလည်း လိုက်ခဲ့လေ''

''ဟယ်..ငါက စကား အပြော အဆို မတတ်ဘူး ခင်ဝေ၊ နင့်ဘာသာပဲ အဆင်ပြေအောင်ပြောပြီး တောင်းခဲ့နော်''

''ဟင်း.....သတ္တိမရှိတာ သိ သားပဲ၊ အစ်မယဉ်မေ မတောင်းရဲရင် ခင်ဝေ တောင်းပြမယ်၊ အမေ့ အကြွေးက ဘယ်လောက် တောင်ရှိနေသလဲဟင်''

ခင်ဝေမှာ အရာရာကို ရှက် ကြောက်တတ်လွန်းသော အစ်မ အကြောင်းကို သိနေ၍ အားမကိုး တော့ပေ။

''နေပါစေတော့ သမီးတို့ ရယ်၊ သူ့မှာလည်းအဆင်ပြေတာ မဟုတ်တာ''

''အမေ့လို ညှာတာစိတ်မျိုး နေရင် ဘယ်လိုအကြွေးသမားက မှ အကြွေးပြန်ဆပ်ချင်ကြမှာ မဟုတ်ဘူး၊ သူ့သမီးမေသက်က ဆွဲကြိုးနဲ့၊ လက်စွပ်နဲ့ ဖြစ်နေ လေ၊ သူများအကြွေးလည်း ပေး စိတ်ကူးဦးမှပေါ့''

www.burmeseclassic.com



''ကလေးမလေးတွေက အရွယ်ရောက်နေကြတော့ လှချင်ချင်ရှာမှာပေါ့ကွယ်''

''ဩော်.....အမေ့သမီးတွေလည်း အရွယ်ရောက်နေပါပြီနော်၊ သူတို့လို ဝတ်စားချင်တာပါပဲ၊ အခုအချိန်ထိ ဆွဲကြိုးတို့၊ လက်စွပ်တို့ မဝတ်ခဲ့ဖူးသေးပါဘူး၊ ယဉ်မေတို့ ဘာကြောင့်များ ဆင်းရဲခဲ့ရပါလိမ့် အမေရယ်''

ယဉ်မေထံမှ ဝမ်းနည်းစကားလေးကြောင့် ဒေါ်ကျော့မေ၏ခံစားမှုက နှလုံးသားအထိ စူးနစ်ခဲ့ရသည်။ သည်တော့ သမီးများသိလာစေရန် ရင်ဖွင့်ပြောပြမိ၏။

''အမေတို့မိဘတွေက ချမ်းသာကြသူတွေပါကွယ်၊ အမေ့မှာ မောင်နှမသုံးယောက်ရှိတယ်၊ အမေက အထွေးဆုံးသမီးပေါ့၊ အမေ့ရဲ့အထက်မှာ အစ်ကိုကြီးနဲ့ အစ်မရှိကြတယ်''

မိခင်ထံမှ တစ်စွန်းတစ်စ ကြားရရုံနှင့် ယဉ်မေမှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်းပါ။ ဘာပဲပြောပြော ဆွေမျိုးအသိုင်းအဝိုင်းက တောင့်တင်းပြည့်စုံလျှင် မိမိတို့က မှီခိုနိုင်မည်ပဲလေ။

''အထွေးဆုံးသမီးမို့ အားလုံးက အချစ်ပိုခဲ့ကြပါတယ်၊ ဒါပေမဲ့ကွယ် အချစ်ကြီးရင် အမျက်ကြီးတယ်လို့ ဆိုကြမလား၊ အမေဟာ သမီးအဖေကိုယူခဲ့လို့ အားလုံးရဲ့ အမွေပြတ်စွန့်လွှတ်မှုကိုခံခဲ့ရတယ်၊ အမေ့ကို ခြေသလုံးအိမ်တိုင် တစ်ကောင်ကြွက် အညတရတစ်ယောက်ကို ယူရမလားဆိုပြီး ဒေါသဖြစ်ခဲ့ကြတယ်၊ ဒီတော့ အမေတို့ဘက်ကလည်း စိတ်နာနာနဲ့ ရန်ကုန်မြို့ကြီးကို ထွက်လာခဲ့ကြတယ် ဆိုပါတော့''

ဒေါ်ကျော့မေပြောပြသည့် ဇာတ်လမ်းမှာ ပြီးဆုံးသွားသော်



လည်း ယဉ်မေကဖြင့် မပြီးဆုံးနိုင်သေးပါ။ စိတ်က မတင်မကျဖြင့် မိခင်ကို အပြစ်တင်မိ၏။

''အခုလို ယဉ်မေတို့ ဒုက္ခရောက်နေတာကို အဘိုးအဘွားနဲ့ ဆွေမျိုးတွေကို ပြောပြသင့်တယ် အမေရယ်၊ အဖေလည်း ရှိတော့တာမှမဟုတ်တာ၊ သူတို့လည်းခွင့်လွှတ်လက်ခံကြမှာပါ''

''တိတ်တိတ်စမ်း ယဉ်မေ၊ နောင်ကို ဒီစကားမျိုး အမေ့ကိုလာမပြောနဲ့တော့၊ လောကဓံကို ခံနိုင်ရည်ရှိလို့ ညည်းတို့အဖေကို ယူခဲ့တာပေါ့အေ၊ ကိုယ်လျှောက်နေတဲ့လမ်းမှာ ဘယ်လိုအတားအဆီးမျိုး၊ အခက်အခဲမျိုးရှိနေပါစေ၊ နောက်ပြန်လှည့်ပြေးချင်တဲ့ ပျော့ညံ့တဲ့စိတ်ဓာတ်မျိုး အမေ့မှာမရှိဘူး''

ယဉ်မေက မိခင်ဖြစ်သူအား စိတ်ပျက်စွာ ကြည့်နေမိ၏။

''ညည်းတို့အဖေလည်း အမေ့စိတ်အတိုင်းပဲ၊ သူ့သမီးလေးတွေကို မျက်နှာမငယ်ရအောင် ကုန်တင်ကားကို ခါးချည့်အောင်မောင်းပြီး လုပ်ကျွေးခဲ့ရှာတယ်၊ နေ့ရောညပါ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရတာ သမီးတို့အမြင်ပါအေ၊ လူချမ်းသာအောင် မထားခဲ့ပေမယ့် စိတ်ချမ်းသာအောင် ထားနိုင်ခဲ့တယ်၊ မကောင်းတာဆိုရင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ သူ့သမီးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပညာအမွေပဲ ပေးနိုင်မယ်ဆိုပြီး ပညာရေးကို အားပေးခဲ့တာလေ''

မိခင်၏မျက်ဝန်းထဲမှ မျက်ရည်ကြည်လေးများကြောင့် ယဉ်မေတစ်ယောက် စိတ်မကောင်းဖြစ်သွားရပြန်သည်။

''ဒါကြောင့် ပညာရေးကိုကြိုးစားကြစမ်းပါကွယ်၊ သမီးတို့ ကံကောင်းရင် အမေလည်းကံကောင်းမှာပါ၊ မိဘဆိုတာ သားသမီးလုပ်စာကို မမျှော်ကိုးကြပေမယ့် သားသမီးကောင်းစားရင် ပီတိဖြစ်နေကြသူတွေပါ၊ ယဉ်မေ ညည်းက အကြီးဆိုတော့ ဆုံးမရမယ်၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်နိုင်မှာမဟုတ်လား''

''ယဉ်မေအတွက် စိတ်ချပါအမေရာ၊ အခုချိန်ထိ အဖေသာရှိနေဦးမယ်ဆိုရင် ဘယ်လောက်ကောင်းမလဲနော်''

ဆုံးပါးသွားသော ဖခင် ဦးသက်မောင်ကို တမ်းတမိပြန်သည်။ ဖခင်မရှိသည့်အချိန်ရောက်မှ ဖခင်တစ်ဦး၏ အရေးပါပုံကို သိခဲ့ရလေတော့၏။ အဖေသာရှိနေရင် သူတို့မိသားစု အခုလို ကျပ်တည်းကြလိမ့်မည်မဟုတ်ချေ။ ယခုတော့ တစ်စတစ်စ သိသာလာ၏။

''သမီးတို့အဖေ ဆုံးပါးသွားခဲ့တာလည်း ကံတရားကြောင့်ပေါ့လေ၊ လူတွေဟာ ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်ကြရတာ မမွှတာပဲပေါ့၊ သေခြင်းတရားကို ဘယ်သူတွေက လွန်ဆန်နိုင်မှာလဲကွယ်''

ဒေါ်ကျော့မေ၏ တရားစကားလေးက ယဉ်မေအတွက် တရားမရနိုင်ပါ။ မိခင်သာ မာနလျှော့လျှင် ၎င်းတို့မိသားစု ထိုသို့ချို့ငဲ့စွာ နေထိုင်ကြရလိမ့်မည်မဟုတ်ဟု ခေါင်းထဲတွင် စွဲငြိနေ၏။ မိခင်၏ မာနစိတ်ကို နားလည်သော်လည်း ဘဝကို ဖြတ်လမ်းနည်းဖြင့် သက်သာစွာလျှောက်လိုစိတ်ဖြစ်ပေါ်နေခဲ့မိသည်။ သည်တော့ မိခင်အကြောင်းကို စပ်စုထားခဲ့၏။

''အမေ့ရဲ့မိဘတွေက ဘယ်မှာနေလဲဟင်''

ထိုစကားသည် မိခင်၏ လျှို့ဝှက်ချက်တစ်ခုပင်။ ယဉ်မေ၏ မရဲတရဲအမေးကြောင့် အဖြေမရသည့်အပြင် မိခင်ထံမှ ငြူစူမှုကိုသာရခဲ့တော့သည်။

''အဲဒီမေးခွန်းကို ငါသေတဲ့အထိ ပြောခဲ့မှာမဟုတ်ဘူး ယဉ်မေ၊ ညည်းဟာ ငါ့သမီးပါအေ၊ ညည်းပါးစပ်ဟလိုက်တာနဲ့ ညည်းဗိုက်ထဲမှာ အူဘယ်နှခွေရှိမှန်း ငါသိပြီးသား''

ယဉ်မေက ဟင်းရွက်ခြွေပြီးသား ဆန်ခါလေးကိုကိုင်ကာ ရေဆေးရန် ရေကပြင်သို့ ထွက်သွားခဲ့၏။ ယဉ်မေထက် အရင်ရောက်နှင့်နေသော ခင်ဝေက သူမထံမှ ဟင်းရွက်ဆန်ခါလေးကို လှမ်းယူကာ.....

''ပေး.....အစ်မယဉ်မေ၊ ခင်ဝေဆေးပေးမယ်၊ အစ်မကလည်း အမေ့အကြောင်းကို သိလျက်နဲ့ သွားစပ်စုတယ်၊ အစ်မက အမေ့လို မာနကိုမရှိဘူး''

ရင်ထဲမှဒေါသက ခင်ဝေထံ သို့ ရောက်သွားခဲ့သည်။

''ဟဲ့.....အဲဒီမာနကို လျှော့ လိုက်ရင် တို့တစ်တွေ ချမ်းသာမှာ အမှန်ပဲ၊ အခုတော့ ကြည့်ပါဦး၊ လူ ဖြစ်ပြီး သူများတွေလို တန်းတူမနေ နိုင်၊ မစားနိုင်၊ မဝတ်နိုင်တဲ့ဘဝ ဘယ်လောက်စိတ်ဆင်းရဲဖို့ကောင်း သလဲ၊ နင်က ငယ်သေးတော့ ဒါ တွေကို နားလည်မှာမဟုတ်ပါဘူး''

ခင်ဝေ၏ သရော်ပြုံးသော ကြောင့် ယဉ်မေမှာ စကားကိုဆက် ပြောလိုက်သည်။

''ပင်မြင့်ထက်ကပန်းကို ပိုင် ဆိုင်ချင်ရင် တုံးခုပြီး တက်ခူးသ ခူးရမယ်၊ ဒါမှမဟုတ် တံချူနဲ့ သင့်ရင် ခူးရမယ် ခင်ဝေ၊ ငါ တစ်တွေရဲ့ဘဝမှာလည်း တုံး တံချူတို့လို ကူညီမယ့်အရာမျိုး လိုအပ်တယ်၊ ငါပြောတာ ခ



www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်တယ်နော်''

''ပင်ယံထက်ကပန်းကို ပိုင်ဆိုင်နိုင်ဖို့ ခင်ဝေသာဆိုရင် ကိုယ့်အားကိုယ်ကိုးပြီး အပင်ပေါ်တက်ခူးမိမှာပဲ၊ ကျွန်မကတော့ အဲဒီလိုပင်ပင်ပန်းပန်းတက်ခူးပြီးမှ ရလာတဲ့ပန်းကို တန်ဖိုးထားတယ် အစ်မယဉ်မေ''

''သွား.....နင်လည်း အမေနဲ့ အတူတူပဲ၊ ပြောရတာ ပါးစပ်ညောင်းတယ်''

ခင်ဝေတစ်ယောက် နှုတ်ခမ်းကွေးညွတ်ရုံမျှပြုံးလျက် ကျန်ရစ်ခဲ့သည်။ ညီအစ်မနှစ်ဦးမှာ ခံယူချက်ချင်း မတူညီကြ၍ အစ်မဖြစ်သူ၏ ရှေ့ရေးအတွက် ရင်လေးရသည်က အမှန်ပါ။

♛♛♛♛

တဘက်ကိုခေါင်းဆောင်းကာ အိမ်ပေါ်သို့တက်လာသည့် ဒေါ်ကျော့မေမှာ သမီးနှစ်ယောက်၏ စကျက်သံကြောင့် ကိုယ်ရှိန်သတ်၍ ခြေကိုဖွဖွနင်းရင်း လျှောက်လိုက်ရသည်။ ခေါင်းပေါ်မှ တဘက်လေးကိုချွတ်ပြီးမှ ကြိုးတန်းပေါ် ဖြန့်တင်လိုက်၏။ သမီးကြီးယဉ်မေက မိခင်ကို လှမ်းမြင်ပုံမရချေ။ အေးဆေးစွာ စာဖတ်နေသည်။ သမီးငယ် ခင်ဝေကသာ လှမ်းမြင်၍ စာအုပ်ကိုပိတ်ပြီး မိခင်အနားသို့ ရောက်လာခဲ့၏။

''အမေ အဆင်ပြေလားဟင်''

ခေါင်းကို ဖြည်းလေးစွာ ခါယမ်းပြပြီး ပင့်သက်မောကိုချလိုက်သည်။ ခင်ဝေက မိခင်၏မျက်နှာကို အကဲခတ်၍ ခပ်တိုးတိုးဆိုရှာ၏။

''သမီးမှာ မုန့်ဖိုးစုထားတာရှိတယ် အမေ၊ အမေ့မှာရော ဘယ်လောက်ရှိလဲ၊ အဲဒါနှစ်ခုပေါင်းလိုက်ရင် အစ်မအတွက် စာအုပ်ဖိုးတော့ရမှာပါ''

ရပ်ကွက်ထဲရှိ ငွေချေးငှားသူထံတွင် သွားရောက်ချေးငှားသော်လည်း ဒေါ်ကျော့မေတွင် နေ့စဉ်ဝင်ငွေမရှိသည့်အတွက် ငွေချေးမည့်သူ မရှိခဲ့ချေ။

''နေဦးအမေ၊ သမီးစုထားတာ သွားယူလိုက်ဦးမယ်''

လိမ္မာသိတတ်လွန်းသော သမီးငယ်ထံ ကျေးဇူးတင်စွာလှမ်းကြည့်မိ၏။ ခင်ဝေသည် ယဉ်မေထက် မိဘအပေါ်ကို ပိုသိတတ်သူပင်။ အစ်မအတွက် အမြဲတမ်းအနစ်နာခံတတ်သူလည်းဖြစ်သည်။ မကြာမီ ခင်ဝေ၏လက်ထဲ၌ ငွေစက္ကူလေးများ ပါလာတော့သည်။

''ရော့.....အမေ၊ စုစုပေါင်း တစ်ထောင့်ငါးရာနှစ်ဆယ်''

''ညည်းအစ်မရဲ့ စာအုပ်ဖိုးကို မေးလိုက်ပါဦးအေ''

ထဘီအထက်ဆင်ကြားတွင် လိပ်ထည့်ထားသည့် တစ်ထောင်တန်တစ်ရွက်ကိုဖြေကာ ဒေါ်ကျော့မေက နားစွင့်နေလိုက်၏။

''အစ်မယဉ်မေ အစ်မရဲ့စာအုပ်ဖိုးက ဘယ်လောက်လဲတဲ့''

''နှစ်ထောင့်နှစ်ရာ၊ မနက်ဖြန် နောက်ဆုံးနော်''

''သိပါတယ်နော်''

ခင်ဝေရောက်လာသည်နှင့် မိခင်ဖြစ်သူက ငွေကျပ်နှစ်ထောင့်နှစ်ရာကို ပေးလိုက်သည်။ ပိုငွေသုံးရာ့နှစ်ဆယ်ကို ခင်ဝေထံ ပြန်ပေးလိုက်၏။

''နေပါစေ အမေရယ်၊ သမီးက စာအုပ်မဝယ်နိုင်လည်း သူငယ်ချင်းတွေဆီက ကပ်ကြည့်လို့ရပါတယ်၊ မမကသာ အရေးကြီးတာပါ၊ ဩော်.....ဆန်အိုးထဲမှာ ဆန်ကုန်နေပြီ အမေ''

''ဒါဆိုလည်း ဈေးမှာ ဆန်လေးလုံးနဲ့ ကန်စွန်းရွက်တော့ ရနိုင်သေးတယ်၊ အမေ ဈေးကိုပြေးလိုက်ဦးမယ်နော်''

''ဟုတ်ကဲ့ပါ အမေ''

အိမ်ပေါ်မှပြေးဆင်းသွားသော မိခင်ဖြစ်သူကို သနားနေမိ၏။ မိခင်သည် အသက်လေးဆယ့်ငါးကျော်ရုံလေးနှင့် မုဆိုးမဖြစ်ခဲ့ရသည်။

အိမ်ထောင်သစ်ထူရန် အရွယ်



www.burmeseclassic.com

www.burmeseclassic.com

လေးရှိနေသေးသော်လည်း ခင်ဝေတို့ညီအစ်မကြောင့် အိမ်ထောင်ပြုရန် စိတ်ကူးတော့မည်မဟုတ်ပေ။

ဖခင်ရှိစဉ်က မြိုးမြိုးမြက်မြက်တာ တတ်သော မိခင်ကြောင့် အိမ်ထောင်ပစ္စည်းလေးများ ဝယ်ယူ



ထားခဲ့နိုင်သည်။ ယခုတော့ ထိုပစ္စည်းလေးများမှာ တစ်ခုပြီးတစ်ခု ကုန်ဆုံးသွားကြ၏။ မိသားစုရှေ့မှ မားမားမတ်မတ် ရပ်တည်မည့် ဖခင်မရှိတော့သည့်အချိန်တွင် အခက်အခဲအမျိုးမျိုးကို တွေ့ကြုံရတော့သည်။

"အမေဈေးသွားပြီလား ခင်ဝေ''

"ဟုတ်တယ်လေ၊ အခုပဲသွားတာ၊ မတွေ့လိုက်ဘူးလား''

"ဒီနေ့လည်း ကန်စွန်းရွက်ရေလုံပြုတ်ပဲနေမှာပဲ၊ ကြာရင် လိပ်ဖြစ်တော့မယ်''

"ဒီကန်စွန်းရွက်တောင် ခင်ဝေပေးလို့ စားရတာ''ဟု နှုတ်က ပြောလိုက်ချင်သော်လည်း မသိတတ်သည့် သားသမီးကို အမေကတောင် ဥပေက္ခာပြုထားမှ ခင်ဝေတို့ကလည်း အမေ့နည်းတူပါ။ ယဉ်မေအပေါ် နှုတ်တုံ့မပြန်ချင်တော့ပေ။

အစ်မဖြစ်သူမှာ အိမ်၏ စီးပွားရေးကိုလည်း စိတ်မဝင်စား၊ ဈေးဖိုးကို မည်သို့ရသနည်းဆိုသည်ကိုလည်း သူမနှင့်မဆိုင်သလိုပင်။ ကျောင်းမသွားခင် အိုးခွက်ပန်းကန် လှန်ပြီးထည့်စား၊ ကျောင်းမှပြန်လာလျှင် ရှိသမျှ လှန်လှောစားမည်။ ပူပင်သောက မရှိခဲ့ပေ။

တစ်ခါတလေ ငါးဟင်းချက်လျှင် ကြီးပေ့ဆိုသည့်အတုံးကို ယူစားတတ်၏။ မိခင်အတွက် ဦးချထားရကောင်းမှန်း မသိတတ်ပါ။ သည့်အကျင့်၊ သည့်အနေအထိုင်မျိုးနှင့် မိဘညီအစ်ကိုမောင်နှမများအပေါ် ငဲ့ညှာသနားစာနာတတ်မှု မရှိခြင်းသည် ယဉ်မေအတွက် မပြင်နိုင်သည့် အမူအကျင့်တစ်ခုရယ်ဟုပင် ဆိုရပေမည်။

"ယဉ်မေရေ.....ခင်ဝေရေ''

ဘေးအိမ်မှ ဒေါ်ဘုမ၏ခေါ်သံဖြစ်၏။ နှစ်ဦးစလုံး ပြေးအထွက်တွင် ဒေါ်ဘုမက အသိပေးခဲ့၏။

"ညည်းတို့အမေ လမ်းမှာမူးလဲလို့အေ၊ လမ်းထိပ်က တရုတ်မအိမ်မှာရောက်နေတယ်၊ သွားခေါ်လိုက်ကြဦး''

"ဟုတ်လားကြီးတော်၊ အမေ သတိရရဲ့လားဟင်''

ခင်ဝေမှာ စိုးရိမ်တကြီးဖြစ်နေသလောက် ယဉ်မေကတော့ ငြိမ်နေ၏။ ဒေါ်ဘုမ ထွက်သွားသည်နှင့်.....

"အစ်မယဉ်မေ လာလေ၊ အမေ့ကို သွားခေါ်ရအောင်''

"နင်ပဲသွားလိုက်ပါတော့ ခင်ဝေရယ်၊ ကျောင်းချိန်နီးနေလို့ ရေချိုးတော့မယ်''

ခင်ဝေ၏ဒေါသမှာ အထွတ်အထိပ်သို့ ရောက်သွားရတော့၏။

www.burmeseclassic.com



အသားများပင် တဆတ်ဆတ်တုန်လာသည်။ ကိုယ့်ထက်အငယ်ဆိုလျှင်လည်း ရိုက်နှက်ဆုံးမမိမည်ပင်။

"ဩော်.....အမေကအရေးကြီးလား၊ ရေချိုးပြီးကျောင်းသွားဖို့က အရေးကြီးလား၊ သေသေချာချာ ပြန်စဉ်းစားစမ်းပါဦး၊ ခင်ဝေတို့မှာ အဖေမရှိတော့ဘူးနော်၊ ဒီအမေသာ မရှိတော့ရင် ခင်ဝေတို့ရဲ့ ဘဝတွေဟာ သောင်ပြင်လွှတ်တဲ့ခွေးလို မိဘမဲ့ဘဝကို ရောက်ရတော့မယ်၊ အစ်မ မလိုက်ချင်ရင်နေ၊ ခင်ဝေတော့ ကျောင်းမတက်ရလည်း အရေးမကြီးဘူး၊ သွားမယ်"

ကိုယ့်ထက်အငယ်က ပြန်သည်ဆုံးမနေသည့်အတွက် ယဉ်မေမှာ ပါးစပ်အဟောင်းသားနှင့်ဖြစ်ရင်း အရှက်ရသွားမိသည့်အပြင် သူမကိုယ်တိုင်လည်း မှားမှန်းသိလိုက်တော့၏။ သည်တော့ ခပ်ဝေးဝေးသို့ရောက်နေသည့် ခင်ဝေကို လှမ်းအော်ပြောလိုက်သည်။

"ခင်ဝေ နေပါဦးဟာ၊ ငါတို့အမေ့ဆီကို သွားကြရအောင်နော်"

ခင်ဝေမှာ ထိုစကားလေးကြောင့် မျက်နှာလေး ပြုံးယောင်သန်းကာ စောင့်နေလေသည်။

တကယ်ဆိုလျှင် အစ်မဖြစ်သူသည် ဆုံးမရခက်ခဲသော မိန်းကလေးတစ်ယောက်မဟုတ်ပေ။ ခင်ဝေမှာ အစ်မဖြစ်သူကိုကြည့်၍ ဝမ်းသာပီတိဖြစ်နေမိ၏။ သူမက အငယ်ဆိုတော့လည်း အကြီးကို ဆရာပြန်လုပ်ပြီး ဆုံးမမိသည်ကို မဝံ့မရဲဖြစ်မိသည်ကအမှန်ပါ။

ထိုသို့မပြောပြပြန်လျှင်လည်း သည်တစ်သက် သိတတ်လာမည် မဟုတ်ပေ။ ယဉ်မေမှာ သူ့ဝသီအတိုင်း အပူအပင်မရှိဘဲ နေတတ်သည်ကို ခွင့်လွှတ်ထားနိုင်ပါသော်လည်း ရှေ့လျှောက်ရမည့် ဘဝခရီးကြမ်းအတွက် ခင်ဝေကပဲ ဦးဆောင်သွားရမည်မှန်း သိနေ၏။

သူတို့ညီအစ်မ ရောက်သွားသည့်အချိန်တွင် မိခင်ဖြစ်သူမှာ သတိရနေပေပြီ။ ဒေါ်ကျော့မေအနီးတွင် အမျိုးသမီးကြီးများ ဝိုင်းနေကြသည်။

"ဩော်.....သမီးတွေ လာပါပြီတော်။ တကတည်း ကိုယ့်ရောဂါကိုယ်ဂရုမစိုက်ဘဲ စိတ်က သမီးတွေဆီပဲ တမ်းတနေတာအေ"

"ညည်းတို့အမေကို ဂရုစိုက်နော်၊ မီးယပ်သွေးဆုံးဖြစ်ချင်လို့ပါအေ၊ မစိုးရိမ်ရပါဘူး"

"ဟုတ်ကဲ့ ဒေါ်ကြီး၊ အမေ့ကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်၊ ခင်ဝေတို့ ကြားကြားချင်း ပြေးလာရတာပါ"

ခင်ဝေက နှုတ်သွက်နေသလောက် ယဉ်မေမှာ နှုတ်ဆိတ်

**ကိုယ့်ထက်အငယ်က ပြန်သည် ဆုံးမနေသည့်အတွက် ယဉ်မေမှာ ပါးစပ် အဟောင်းသားနှင့်ဖြစ်ရင်း အရှက်ရသွားမိသည့်အပြင် သူမကိုယ်တိုင်လည်း မှားမှန်းသိလိုက်တော့၏။ သည်တော့.....**



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မိခင်၏နံဘေးတွင် ရှိနေကြသည့် အမျိုးသမီးများနှင့် မိခင်ဖြစ်သူကို နှိုင်းယှဉ်၍ကြည့်မိ၏။ ပြီးတော့ သနားသွားခဲ့သည်။ မိခင်မှာ ထိုအမျိုးသမီးများထက်ငယ်ပေမယ့် အရွယ်ကျနေရှာ၏။ ဆင်းရဲပင်ပန်းမှုဒဏ်ကြောင့် မိခင်ထံတွင် အလှတရားများ မရှိကြတော့ပေ။

“အခုလေးတင် မကျော့မေကို ပြောပြနေတာလေ၊ ညည်းတို့သားအမိတစ်တွေ စားဝတ်နေရေးခက်ခဲနေရင် လမ်းထိပ်မှာ အကြော်တဲလေးထိုးပြီး အကြော်ရောင်းပါလားလို့၊ ညည်းတို့မရှက်တတ်ရင်ပေါ့လေ”

ခင်ဝေအဖို့ ရေငတ်တုန်း ရေတွင်းထဲကျသလိုပင်။ မိသားစုစားဝတ်နေရေးအတွက် ခင်ဝေက အလုပ်တစ်ခုခုလုပ်ရန် စိတ်ကူးနေခဲ့၏။ သို့သော် အရင်းအနှီးမရှိသည့်အတွက် ခင်ဝေ၏စိတ်ကူးများမှာ သဲထဲရေသွန်ဖြစ်ခဲ့ရပြန်သည်။

“မဖြစ်ပါဘူး အစ်မရယ်၊ သမီးတွေနဲ့ အကြော်ရောင်းလို့မဖြစ်ပါဘူး”

မိခင်က သမီးများ၏ ဂုဏ်သိက္ခာအတွက် ငဲ့ညှာနေခြင်းဆိုသည်မှာ ထင်ရှားနေ၏။ အထူးသဖြင့် ယဉ်မေအတွက်သာဖြစ်ပါလိမ့်မည်။ မိခင်ထံမှ ထိုစကားကြောင့် ယဉ်မေတစ်ယောက် ထခုန်မိမတတ် ဝမ်းသာနေမိ၏။ သို့သော်လည်း.....

“ဟာ.....အမေကလည်း ဒေါ်ကြီးတို့စီစဉ်တာကို လက်ခံပေးလိုက်ပါ၊ ဒေါ်ကြီးတို့ ခင်ဝေကတော့ ကျောင်းထွက်ပြီး အမေနဲ့ကူရောင်းမယ်၊ အမေ့နောက်မှာ ခင်ဝေအမြဲရှိနေမှာပါနော်”

“ယဉ်မေကရော ညီမလေးလို အမေ့ကိုပြောလိုက်ပါဦးလား”

အကြောင်းမသိသည့် ဒေါ်သက်က ပြောလာသည့်အတွက် ယဉ်မေမှာ ဟန်ဆောင်ပန်ဆောင်ဖြင့် ပြောလိုက်ရ၏။

“ဟုတ်တယ်အမေ၊ ဒေါ်ကြီးတို့စီစဉ်တာကို လက်ခံလိုက်ပါ”

ယဉ်မေ၏ရင်ထဲမှ ပြောသည်ဟုထင်မှတ်မိပြီး ဒေါ်ကျော့မေမှာ အားတက်သွားရတော့၏။ ဝဲယာတစ်ဖက်တစ်ချက်စီတွင် သမီးနှစ်ယောက်၏အင်အားရှိနေမှုတော့ ဒေါ်ကျော့မေအတွက် သတ္တိရှိနေပြီမှာ အမှန်ဖြစ်သည်။

“ဒီငွေတွေက ညည်းတို့မိသားစုအတွက် ကြီးတော်တို့က စေတနာနဲ့ ကူညီတာနော်၊ ပြန်ဆပ်စရာမလိုဘူး၊ အလုပ်ကိုသာ အောင်မြင်အောင်လုပ်၊ တကယ်ဖြစ်ချင်ရင် တကယ်လုပ်၊ အဟုတ်ဖြစ်ရမှာပေါ့အေ”

“ဟုတ်ကဲ့ပါ ကြီးတော်”

သည့်နောက်တွင် မိခင်ကိုတွဲခေါ်ပြီး သားအမိသုံးယောက် အိမ်သို့ပြန်ခဲ့ကြ၏။ အိမ်အပြန်လမ်းတွင် ခင်ဝေမှာ သွက်လက်နေရှာသည်။ သူတို့၏အနာဂတ်သည် မျှော်လင့်ချက်များကြောင့် ထွက်ပြူစ နေမင်းကြီးပမာ ရောင်ခြည်အလင်းတန်းများ ယှက်သန်းနေလေပြီဟု ထင်လိုက်ရသည်။

♛♛♛♛♛

“အမေရေ.....ဒီနေ့တော့ အကြော်မုန့်နှစ်က အနေတော်ပဲတော့”

ခင်ဝေက ဒန်ဇလားနှင့်ထည့်ထားသည့် မုန့်နှစ်များကို နယ်နေရာမှ ဝမ်းသာအားရ ပြောပြလိုက်သည်။ ပထမစစချင်းတွင် မုန့်နှစ်များကို သွန်ပစ်ခဲ့ရသည်။ ဆန်နှစ်ကို မစပ်တတ်သည့်အတွက် သွန်ပစ်ခဲ့ရသည့် အရင်းအနှီးများက မနည်းတော့ပေ။ ကိုယ်မကျွမ်းကျင်သည့်အလုပ်ဖြစ်၍ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ သို့ပေမယ့် မိခင်ကြီးက စိတ်ဓာတ်မကျခဲ့ပေ။ ခင်ဝေ၏စိတ်ဓာတ်မှာ မိခင်၏စိတ်ဓာတ်နှင့် တူနေ၏။

“ဟုတ်လား သမီး၊ အဲဒီနည်းကို မှတ်ထားနော်၊ အကြော်မှာ မုန့်နှစ်စပ်တာ အရေးအကြီးဆုံးပဲကွဲ့



www.burmeseclassic.com

www.burmeseclassic.com

မုန့်နှစ်ကောင်းမှ အကြော်ကောင်းရမယ်၊ စားတဲ့သူကြိုက်မှ အမေတို့ ပိုရောင်းရမှာပေါ့အေ"

"အဲဒီနည်းကို ဟိုဘက်ပိုင်းက အကြော်သည်ဆီက ရလာတာ အမေ၊ သမီးတို့သာအကြော်ရောင်းမယ်ဆိုရင် သူတို့က နည်းပေးမှာ မဟုတ်ဘူးနော်"

ခင်ဝေကိုယ်တိုင် ထိုအကြော်ဆိုင်လေးတွင် သွားထိုင်ပြီး ကူညီလုပ်ကိုင်ပေးခဲ့သည့်အတွက် မုန့်စပ်နည်းကို ရလာခဲ့ခြင်းဖြစ်၏။ ခင်ဝေက အောက်ကျို့စိတ်၊ မရှက်မကြောက်စိတ်တို့ဖြင့် အကြော်ပညာကို သင်ယူခဲ့သူဖြစ်၏။ ယဉ်မေနှင့် လားလားမျှမဆိုင်ပေ။ ဤသို့ပင် အားကိုးရသော သမီးငယ်ဖြစ်သည်။

"ဒါပေါ့ သမီးရယ်၊ လူတွေမှာ အတ္တစိတ်ဖုံးပြီး အများလုပ်တတ်ကြတာပဲ၊ တကယ်တော့ ပင်လယ်ရေဆိုတာ လူတိုင်းခပ်သောက်လို့မကုန်နိုင်ပါဘူးကွယ်"

ခင်ဝေကိုယ်တိုင်စပ်သည့်မုန့်နှစ်ကြောင့် တစ်စတစ်စ လူကြိုက်များလာပြီး ခင်ဝေ၏ အကြော်ဆိုင်လေးတွင် စားသူ၊ ဝယ်သူများဖြင့် စည်ကားလာတော့သည်။ သည်တော့ အကြော်သည်မလေးခင်ဝေအဖြစ် ပြောင်းလဲရပ်တည်ခဲ့ရတော့၏။

"စောစောက သမီးရဲ့အတန်းပိုင်ဆရာမ လာသွားတယ်ကွဲ့၊ အမေက အကျိုးသင့်အကြောင်းသင့် ပြောပြလိုက်လို့ စိတ်မကောင်းဖြစ်ပြီး ပြန်သွားရှာတယ်၊ ဆရာမအနေနဲ့ သမီးအပေါ် သံယောဇဉ်တော်တော်ရှိသားပဲ၊ ကျောင်းပြန်နေပါလား"

"သမီးက မနက်ခင်းကျောင်းလေ အမေ၊ ကျောင်းသွားနေရင် အမေ့ရဲ့အကြော်ဆိုင်လေးကို ဘယ်သူတွေက ကူရောင်းပေးမှာလဲ၊ အကြော်ဆိုတာ မနက်ခင်းကျမှ ပိုရောင်းရတာနော်"

ခင်ဝေပြောတော့လည်း မှန်နေပြန်သည်။ ယဉ်မေကတော့ ကျောင်းထွက်ရန်မဆိုထားနှင့်၊ ကျောင်းမသွားရမည်ကိုပင် စိုးရိမ်နေတတ်သူပါ။ မိသားစုအတွက် အားကိုးမရမှန်း သိသာလှသည်။

"မနက်ဖြန်ကာစပြီး ရပ်ကွက်ထဲ အကြော်လှည့်ရောင်းကြည့်မယ်၊ တခြားရပ်ကွက်တွေကဝယ်ရင် ခင်ဝေတို့ ဒီ့ထက်ပိုမြတ်မှာ အမေ၊ စီးပွားရေးလုပ်တာ အမြတ်လိုချင်လို့မဟုတ်လား၊ ဒီတော့ စီးပွားရေးနဲ့ တူအောင်လုပ်ရမယ်"

ခင်ဝေထံမှစကားကြောင့် ယဉ်မေက မျက်စောင်းထိုးလိုက်၏။ သမ္မာအာဇီဝဖြင့် ဘဝကို သန့်ရှင်းစင်ကြယ်စွာ ရပ်တည်နိုင်ဖို့ ကြိုးစားခြင်း၏တန်ဖိုးကို မသိ၍ဖြစ်နိုင်၏။

"အမယ်လေး..ကြီးကြီးကျယ်ကျယ်၊ သူ့ကိုယ်သူ အကြော်ရောင်းတာများ ကုမ္ပဏီဖွင့်နေသလားအောက်မေ့ရတယ်၊ လေလုံးတွေလျှော့ပါဦးအေ၊ အဖေ့အမျိုးတွေကြားရင် ရယ်နေကြပါဦးမယ်"

"ခင်ဝေတို့မှာ ခြေတွေလက်တွေရှိတယ်၊ ခြေကောင်းလက်ကောင်းနဲ့ ဘယ်အမျိုးကိုမှ အားမကိုးဘူး အစ်မယဉ်မေ"

"အေး.....အဆင်မပြေလို့ စိတ်ညစ်ပြီး ညည်းသံမကြားချင်လို့ အေ၊ ခုကတည်းက ကြိုပြောထားမယ်နော်၊ အကြော်လည်ရောင်းရင်တော့ ငါက လျှောက်မရောင်းရဲဘူး၊ ရှက်တယ်"

ကြိုတင်ကာကွယ်ထားမိ၏။ ခင်ဝေက ကလေးသာသာမို့ အကြောင်းမဟုတ်ပေမယ့် သူမက အရွယ်ရောက်နေ၍ သူငယ်ချင်းများနှင့် လမ်းတွင်ကြုံဆုံခဲ့သည်ရှိသော် ရှက်စရာဟု ထင်မှတ်ထားမိသည်။

"စိတ်ချ.....စိတ်ချ၊ လျှောက်ရောင်းဖို့က ခင်ဝေ့ရဲ့တာဝန်ထားစမ်းပါ အစ်မယဉ်မေရာ၊ အ,လုပ်ဟူသမျှ ဂုဏ်ရှိစွတဲ့၊ သူများပစ္စည်းခိုးတာလည်းမဟုတ်ဘူး၊ လုတာလည်းမဟုတ်ဘူး၊ ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာပဲဟာ၊ ခင်ဝေကတော့ မရှက်ပါဘူး။ ဂုဏ်တောင်ယူသေးတယ်''

''အေး..အေး၊ ယူ....ယူ၊ ငါ့အဖို့ကတော့ အကြော်လည်း မရောင်းရရင် ပြီးရော''

ခင်ဝေစကားကြောင့် ယဉ်မေမှာ စိတ်ချမ်းသာသွားခဲ့သည်။ နောက်တစ်နေ့ အကြော်ဆိုင်လေး ထွက်သည့်အခါ ခင်ဝေက သူမ

ဝယ်သူရောက်လာ၍ လုပ်
လက်စအလုပ်ကို
ခဏနားပြီး
အကြော်ကိုရောင်းလိုက်၏။
အချဉ်ရည်ထုပ်လေးများမှာ
ခင်ဝေကိုယ်တိုင်
ညကတည်းက
ထုပ်ပိုးထားသည့်အတွက်
လက်ကိုပေကျံခြင်း
မဖြစ်တော့ပေ။
ခင်ဝေမှာအလုပ်
နှင့်ဝတ်သက်လျှင်.....

ပြောသည့်အတိုင်း အကြော်ဗန်းလေးကို ခေါင်းပေါ်ရွက်ကာ တစ်လမ်းဝင်၊တစ်လမ်းထွက်ဖြင့် မရှက်မကြောက် ရောင်းခဲ့၏။ ခင်ဝေတွင် ယဉ်မေထက်သာသည်က အနစ်နာခံတတ်သော စိတ်ဓာတ်လေးရှိနေခြင်းပင်။

''သမီးလေးက သနားစရာပါကွယ်၊ သူ့ခမျာ ကျောင်းထွက်ပြီး လုပ်ဖို့ စိတ်ကူးမိမှာမဟုတ်ပါဘူးလေ၊ မိဘက အဆင်မပြေလို့သာ သူ့ခမျာ ကျောင်းထွက်လိုက်ရတာ၊ အင်း....သူ့အဖေသာသိရင် အမေ့ကိုခွင့်လွှတ်မှာမဟုတ်ပါဘူး''

မိခင်ဖြစ်သူက မျက်ရည်လေး တစမ်းစမ်းနှင့် အကြော်ဆက်ကြော်နေသလို ယဉ်မေကလည်း ဘူးသီးများ လှီးစိတ်နေ၏။

''အစ်မ ဘူးသီးကြော် ငါးခု ပေးပါ''

''အေး.....ခဏလေးနော်''

ဝယ်သူရောက်လာ၍ လုပ်လက်စအလုပ်ကို ခဏနားပြီး အကြော်ကိုရောင်းလိုက်၏။ အချဉ်ရည်ထုပ်လေးများမှာ ခင်ဝေကိုယ်တိုင် ညကတည်းက ထုပ်ပိုးထားသည့်အတွက် လက်ကိုပေကျံခြင်း မဖြစ်တော့ပေ။ ခင်ဝေမှာ အလုပ်နှင့်ပတ်သက်လျှင် ဤသို့ပင် စေ့စပ်သေချာစွာ လုပ်တတ်သည်။

''ယဉ်မေ အကြော်နောက်တစ်ပွဲချဦးဟာ''

ရပ်ကွက်ထဲတွင် ပွဲစားယောင်ယောင်၊ ဘာယောင်ယောင်နှင့် ဟန်းဖုန်းကို ခါးတွင်ချိတ်၍ အကြော်လာစားတတ်သူ စိုးရာဇာမှာ အလုပ်ကိစ္စကို အကြောင်းပြ၍ ယဉ်မေတို့အကြော်ဆိုင်လေးသို့ ရောက်လာတတ်သည်။

''ဟ.....အကြော်တွေက အေးလို့ပါလား''

''အပိုတွေပြောမနေနဲ့၊ အစ်ကို စိုးရာဇာ စားမှာသာစား၊ စောစောကမှ အိုးထဲကချထားတာ''

ယဉ်မေတို့က အကြော်ရောင်းပေမယ့် ဆင်းရဲသားမာနတော့ရှိ၏။ မည်သို့မျှ အောက်ကျို့ခံပြီးမပြောတတ်ခဲ့ပေ။

''ခင်ဝေလေးနဲ့များ တခြားစီပဲ၊ နင့်မျက်နှာကြီးက ပုပ်သိုးနေတာပဲ၊ နင့်အကြော်ကို အလကား မစားပါဘူး၊ ဝယ်စားမှာပါနော်''

စကားကို အဖက်လုပ်ပြီး မပြောချင်တော့ပါ။ အကြော်ရောင်းရရေးအတွက် စားသုံးသူကို မျက်နှာချိုသွေးပြီး အကြိုက်ဆောင်တတ်သည့် ဈေးရောင်းသူများထဲတွင် ယဉ်မေမပါပေ။

''ဟဲ့.....ငတ်လှချည်လား အကြော်ဗန်းထဲက အကြော်တွေကို ဘာဖြစ်လို့လိုက်ကောက်စားနေရသလဲ''



www.burmeseclassic.com

www.burmeseclassic.com



ယဉ်မေ၏ဒေါသက အကြော်လာဝယ်သည့် ဖိုးထူးထံရောက်သွား၏။ ဖိုးထူး၏ခေါင်းကိုခေါက်လိုက်၍ ကောင်လေးမှာ ရှုံ့မဲ့သွားရှာ၏။

"ပြော ဘာကြော်ဝယ်မှာလဲ"

"ငှက်ပျောကြော်နှစ်ခု"

"ရော့.....၊ ပေး ပိုက်ဆံ"

အကြော်နှစ်ခုကို ပလတ်စတစ်အိတ်လေးနှင့်ထည့်ပေးပြီး ဖိုးထူးကို ငွေအမ်းလိုက်သည်။ ကိစ္စပြီးသည်နှင့် ဖိုးထူးမှာ သံခွေလေးကိုလှိမ့်ပြီး ဆော့ကစားလျက်ထွက်သွားတော့၏။

"ခင်ဗျားဟာလေးက လှပေမယ့် ကြိုက်ဈေးမပေးနိုင်ဘူးနော်၊ ဈေးသိပ်ခေါ်ရင် လန့်သွားကြလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ လှပေမယ့် သုံးစားလို့ရတာမဟုတ်ဘူး ကိုစိုးရာဇာရဲ့"

"ဒါကတော့ဗျာ ကိုယ့်လက်ထဲရောက်ရင် ပြုပြင်ယူကြပေါ့၊ ဒါလေးက အချောင်ရမှာနော်၊ စိတ်ဘူးမလွဲကြနဲ့"

ယဉ်မေတစ်ယောက် စိုးရာဇာတို့စကားကြောင့် ဒေါသကထောင်းခနဲထွက်သွားရတော့သည်။ မိမိအားရှေ့တွင်ထားပြီး စောင်းမြောင်းပြောဆို စော်ကားနေခြင်းအားသည်သို့မျှ စိတ်ကိုထိန်းချုပ်၍ မရနိုင်တော့ပေ။ ထို့ကြောင့် ဘူးသးလှီးသည့်ဓားကို လက်ထဲတွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး.....



"ယဉ်မေကို ဘာမှတ်နေလဲ၊ ထိရဲရင် ထိကြည့်စမ်း၊ အသက်ချင်းလဲပစ်လိုက်မယ်"

"ဟောဗျာ.....ဒါကဘာဖြစ်တာလဲ ယဉ်မေရာ"

စိုးရာဇာတို့အုပ်စုမှာ ကြောင်နေပြီး အသားများတဆတ်ဆတ်တုန်နေသော ယဉ်မေ၏လုပ်ရပ်ကို နားမလည်ကြရှာပေ။

"ဘာဖြစ်ရမှာလဲ၊ ရှင်တို့က ချောပြီးသုံးစားလို့မရဘူးနဲ့ ယဉ်မေ့ကို စောင်းချိတ်ပြောနေကြတာမဟုတ်လား"

"ဟား..ဟား...ဟား၊ ရယ်ရတယ်ဟော့၊ ငါတို့ကကားအကြောင်းပြောနေကြတာ၊ နင့်အကြောင်းမဟုတ်ဘူးဟ"

"ဟား.....ဟား.....ဟား"

အားလုံးမှာ ပွဲကျသွားကြသည်။ ယဉ်မေလည်း ခုမှပင် သဘောပေါက်ခဲ့၏။ ရှက်ကိုးရှက်ကန်းနှင့် သူတို့ရှေ့မှ ထွက်သွားမိသည်။ မိခင်က ယဉ်မေကိုခေါ်ကာ စိုးရာဇာတို့အပေါ် သည်းခံစိတ်ထားရန် တိုးတိတ်စွာ ဆုံးမခဲ့၏။

"လာမစားလည်း ဘာအရေးလဲ အမေရာ၊ တခြားစားမယ့်သူတွေ ရောက်လာမှာပဲ၊ သူတို့စားမှ အကြော်က ရောင်းရတာမဟုတ်ပါဘူး"

ဒေါ်ကျော့မေက ခေါင်းမာလွန်းသော ယဉ်မေကို သက်ပြင်းချ၍သာ ကြည့်နေမိတော့သည်။ ခင်ဝေနှင့် ဆက်ဆံရေးက တခြားစီပင်။ ခင်ဝေက သည်းခံစိတ်ဖြင့် သနားအောင်နေတတ်၏။ စိုးရာဇာကဲ့သို့ စီးပွားရေးပြေလည်သူများ အဖွဲ့လိုက်ရောက်လာလျှင် အနည်းဆုံး သုံးထောင်ဖိုးခန့်ရောင်းရ၏။ ပြီးလျှင် ခင်ဝေအတွက် အပိုဘောက်ဆူးအဖြစ် မုန့်ဖိုးပေးသွားသေးသည်။ ဤသို့သော စားသုံးသူမျိုးကို သည်းခံစိတ်ရှိရန် တိုး

www.burmeseclassic.com



တိတ်စွာ ကျိတ်၍ဆုံးမသော်လည်း ယဉ်မေတစ်ယောက်ကဖြင့် ဒေါ်ကျော့မေ ဖြစ်ချင်သလို ဖြစ်မလာခဲ့ပေ။

"နင်နဲ့တော့ ခက်တော့တာပဲ ယဉ်မေရယ်"

♛♛♛♛

အကြော်ဆိုင်လေးထဲတွင်ထိုင်ရောင်းနေရပေမယ့် ၎င်း၏ဆိုင်လေးသို့ လာရောက်အားပေးကြသော သူငယ်ချင်းများနှင့် ဆုံရတိုင်း ယဉ်မေမှာ အားငယ်ခဲ့ရသည်။ တချို့သော သူငယ်ချင်းများ၏အထင်အမြင်သေးသောမျက်လုံးများနှင့် နှိမ့်ချသော အကြည့်များကြောင့် ယဉ်မေတစ်ယောက် သေလုမတတ် ခံစားနေရသည်။

"သွားမယ်နော်၊ အကြော်သည်မလေး"

ထိုသို့အခေါ်ခံရလျှင် ယဉ်မေမှာ ခံရခက်ခက်ဖြင့် ခေါင်းကြီးကိုသာ ငုံ့ထားမိပြီး မျက်ရည်များကချက်ချင်းဝဲတက်လာရတော့သည်။ ပြီးတော့လည်း မပြည့်စုံခဲ့ရသောဘဝကြောင့် အားငယ်ခဲ့ရသည်မှာ ယဉ်မေ၏ ရင်တွင်းမှ အပြင်းထန်ဆုံးသော ခံစားချက်တစ်ခုဖြစ်နေရတော့၏။

"ငါတို့ ဘာကြောင့်ဆင်းရဲရတာလဲ"

ထိုအမေးမျိုးကိုသာ အထပ်ထပ်အခါခါ မေးခွန်းထုတ် စဉ်းစားနေမိ၏။ နောက်ဆုံးအဖြေကတော့ မိခင်၏ မထားသင့်သော မာန ကြောင့်ဖြစ်မှန်း ယဉ်မေ သိနေခဲ့ သည်။ မိခင်အလစ်တွင် ခင်ဝေကို ရင်ဖွင့်ပြောပြမိ၏။

"အမေကသာ အဖေနဲ့မယူ ဖြစ်ခဲ့ရင် ငါတို့တစ်တွေ ဒီလိုဆင်း ရဲဒုက္ခ ရောက်ကြမှာမဟုတ်ဘူးနော် ခင်ဝေ၊ အဘိုးအဘွားတွေဆီမှာ ချမ်းချမ်းသာသာနဲ့ နေကြရမှာပဲ ဟယ်"

ခင်ဝေက အစ်မဖြစ်သူကို ခ လေးထောက်ရင်း ပြောလိုက်သည်။

"ဟုတ်ပါလိမ့်မယ် အားကြီး ကြီး၊ အမေသာ အဖေ့ကိုမယူရင် အစ်မနဲ့ ခင်ဝေလည်း အမေ့သမီး ဖြစ်လာနိုင်မှာမဟုတ်ဘူး၊ ဘယ် ဗိုက်ထဲဝင်စားပြီး ဘယ်လိုဘဝမျိုး ရောက်နေကြမလဲဆိုတာ မသိနိုင် ဘူးလေ၊ အခုထက် ဒုက္ခပိုရောက် ချင်ရောက်နေမှာပေါ့"

"ဟယ်.....ဟုတ်ပါရဲ့နော် အဟိ....."

ရှက်ရယ်ရယ်မိတော့သည်။ ခင်ဝေပြောသည်မှာ မှန်ကန်သည် အတွက် ကံကိုပဲ အပြစ်ပုံချရ တော့မည်။

"ခင်ဝေတို့ကသိုလ်ကံ အစ်မရယ်၊ လူတိုင်းဟာ ချမ်း သာသာနဲ့ နေချင်ကြတာပဲပေါ့၊ တော့ လောကဓံတရားကို ကြ





www.burmeseclassic.com

www.burmeseclassic.com



ခံနိုင်ရမယ်၊ စိတ်ပျက်၊ စိတ်ညစ်နေရင် ဘဝမှာ အောင်မြင်မှုကိုရမှာမဟုတ်ဘူး၊ ဘဝမှာ အောင်အောင်မြင်မြင် ရပ်တည်နိုင်ဖို့အတွက် ခင်ဝေတို့ ရုန်းကန်လှုပ်ရှားနေကြတာပဲမဟုတ်လား"

"နင်ပြောတာမှန်တယ် ခင်ဝေ၊ ဒါပေမဲ့ဟာ တစ်နေ့တစ်နေ့ မီးဖိုနားမှာပဲနေရပြီး၊ အကြော်ညှော်နံ့တွေ ရှူရတော့ ကြာရင် လုံးပါးပါးလာမှာ၊ ငါတို့က ငယ်ရွယ်သူဆိုတော့ အကြောင်းမဟုတ်ဘူး၊ အမေ့ကျန်းမာရေးကိုသာ စိုးရိမ်မိတယ်ဟာ၊ အမေသနားပါတယ်"

"ဟင်း..ဒါနဲ့တောင် အမေ့ကိုစော်ကားလိုက်သေးတယ်၊ ဘဝဆိုတာ ဒီလိုပဲပေါ့ အစ်မရယ်၊ ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်ပေါ့နော်"

"အေး.....အဲဒီချမ်းသာတဲ့ အချိန်ကို ဘယ်တော့မှရောက်မလဲ မသိဘူးနော်၊ အမေမသေခင်တော့ အမေ့ကို ကောင်းကောင်းမွန်မွန်ထားချင်တယ်၊ အဲဒါ ငါ့ရဲ့အဖြစ်စေချင်ဆုံးဆန္ဒပဲ ခင်ဝေ"

"သာဓု...သာဓု၊ နှစ်ကြိမ်ပဲခေါ်ထားဦးမယ်နော်"

ညီအစ်မနှစ်ယောက် စကားကောင်းနေစဉ် ဂျိမ်းခနဲ လျှပ်စီးလက်မိုးချုန်းသံကြောင့် ကြောက်လန့်တုန်လှုပ်သွားကြ၏။ ခဏ

**နင်ပြောတာမှန်တယ်ခင်ဝေ၊ ဒါပေမဲ့ဟာတစ်နေ့တစ်နေ့ မီးဖိုနားမှာပဲနေရပြီး အကြော်ညှော်နံ့တွေရှူရတော့ကြာရင်လုံးပါး ပါးလာမှာ၊ ငါတို့က ငယ်ရွယ်သူဆိုတော့ အကြောင်းမဟုတ်ဘူး အမေ့ ကျန်းမာရေးကိုသာ .....**

အကြာတွင် မိုးများတဖွဲဖွဲနှင့်ရွာချလာတော့သည်။

"ဒုက္ခပါပဲ အစ်မရယ်၊ မိုးကဒီလိုပဲရွာနေရင် အကြော်တွေကုန်ပါဦးတော့မလား၊ မိုးတွင်းရယ် မြန်မြန်ကုန်ပါတော့ဟယ်"

သူတို့လို အကြော်သည်ဘဝမှာ နံနက်လင်းသည်နှင့် မိုးမရွာစေရန် ဆုတောင်းရသည်ကအမော ပင်။ မိုးမရွာမှ အကြော်အရောင်းသွက်၏။ မိုးရွာလျှင် မည်သူမျှ အကြော်ထွက်မဝယ်ကြပေ။ ထိုအခါမျိုးတွင် အကြော်မကုန်၍ လွှင့်ပစ်လိုက်ရသည်က အကြိမ်ကြိမ်ပါ။ ကြာတော့ အရင်းထိခိုက်လာရတော့သည်။

ထိုသို့အရင်းပျောက်ခါနီးတွင် ခင်ဝေ၏စုဆောင်းငွေလေးများကြောင့် အကြော်သက်ပြန်ရှည်လာရသည်။

"အင်း.....ခင်ဝေ...ခင်ဝေ၊ ယဉ်မေနဲ့တော့ တခြားစီပါလားနော်၊ သူ့မုန့်ဖိုးလေးတွေဟာ သူသုံးရတယ်လို့ မရှိပါလား၊ သနားစရာပါပဲကွယ်"

"ဟင်း.....အမေက ခင်ဝေကိုပဲ သနားနေ၊ ယဉ်မေကျတော့ မသနားဘူးပေါ့လေ"

ခင်ဝေဈေးရောင်းပြန်မလာခင် ယဉ်မေက အကြော်ဆိုင်ကို တာဝန်ယူရ၏။ ယခုလည်း ခင်ဝေကို ချီးမွမ်းနေ၍ မိခင်ကို မကျေမနပ်နှင့် မေးလိုက်မိသည်။

"အလိုအေ၊ ညည်းက ဘာများ အားကိုးရတယ်ရှိလို့တုံး၊ မုန့်ဖိုးရတာတောင် နည်းလို့ ကျူပ်အလစ်မှာ နှိုက်သွားသေးတယ် မဟုတ်လား၊ ငါသိတယ် ယဉ်မေ

www.burmeseclassic.com



ရေ့''

သည်တော့မှ ယဉ်မေ၏လေသံမှာ ပျော့သွားတော့သည်။

''ကျောင်းမှာ သူများတွေသုံးကြသလို အမေ့သမီးက မသုံးနိုင်ပါဘူး အမေရယ်၊ ကျောင်းကမိဘမဲ့ ပရဟိတအလှူငွေကောက်ခံတဲ့အခါ ကိုယ်တတ်နိုင်သလောက် ထည့်ဝင်ရတာပေါ့နော်၊ ဘိုးဘွား ရိပ်သာအတွက်အလှူငွေကောက်လည်း သမီးထည့်တာပဲ၊ ကုသိုလ် ရတဲ့အလှူမျိုးဆိုရင် သမီးက အငတ်ခံပြီးအလှူငွေထည့်တာပါနော်''

''ဟုတ်ပါပြီ ကျောင်းအမရယ်၊ ဒီလိုထည့်နိုင်ဖို့ အမေ့ဆီကနှိုက်သွားတယ်ပေါ့''

''အဟိ.....အမေကလည်း''

ယဉ်မေတွင် စေတနာသဒ္ဓါတရားရှိကြောင်း ဒေါ်ကျော့မေ သိခွင့်ရရှိတော့၏။ ငယ်ငယ်ကဆိုလျှင် အလှူခံမှန်သမျှကို မလှူရလျှင် ငိုတတ်၏။ အိမ်ထဲဝင်လာသော သီလရှင်၊ အဘိုးအို၊ အဘွားအိုများမှအစ အလှူခံပုဂ္ဂိုလ်အဆုံး လှူရမှ ကျေနပ်သည်။

''အမေ မိုးတွေမှောင်လာပါလား၊ ဒီပုံအတိုင်းဆို ယဉ်မေတို့ အကြော်တွေ အလကားဖြစ်ကုန်ဦးမှာပဲ''

ကောင်းကင်တွင် မိုးသားများက် တလိပ်လိပ်တက်လာကြပြီး မည်းမှောင်အုံ့မှိုင်းနေပေပြီ။ ရွေ့လျားနေသော မိုးတိမ်များရှိသည့် ကောင်းကင်ကြီးကို ယဉ်မေကမော့ကြည့်၍ မိခင်ကိုအသိပေးလိုက်သည်။ မိုးရာသီကို ယဉ်မေ စိတ်အညစ်ဆုံးဖြစ်၏။ စိုစိုစွတ်စွတ်သွားလာရသည့်အပြင် အကြော်လည်း

> မိခင်၏
> မျက်လုံးအကြည့်တွင်
> သမီးငယ်အတွက်
> စိုးရိမ်မှုအရိပ်အယောင်များကို
> တွေ့မြင်နေရသည်။
> အကြော်များကို
> မကုန်ကုန်အောင်
> ရောင်းလာခဲ့သော
> ခင်ဝေမှာမိုးရေများကို
> သူ့ဇနီးလေးဖြင့်
> အကာအကွယ်ပြု၍......

အရောင်းပါး၏။

ယဉ်မေတို့က အကြော်ဆိုင်လေးတွင် ရောင်းရသည့်အတွက် အကြောင်းမဟုတ်သော်လည်း လှည့်လည်ရောင်းနေသူ ခင်ဝေမှာ အခက်အခဲဖြစ်ရတော့သည်။ ထိုအချိန်မျိုးတွင် မိုးအေးအေးနှင့်ကျေ နေတတ်သည့် အိမ်များကြောင့် ဝယ်နေကျဖောက်သည်မှ အပ အကြော်အရောင်းမတွင်ကျယ်တတ်ပေ။

''သမီးရဲ့ညီမလည်း ပြန်မလာသေးပါလား၊ မနေ့ကလည်း မိုးမိလာတယ်၊ ဒီကလေးတော့ ဖျားတော့မှာပဲကွယ်''

''ဟော.....ဟိုမှာ ခင်ဝေပြန်လာပြီ အမေ''

မိခင်၏မျက်လုံးအကြည့်တွင် သမီးငယ်အတွက် စိုးရိမ်မှုအရိပ်အယောင်များကို တွေ့မြင်နေရသည်။ အကြော်များကို မကုန်ကုန်အောင် ရောင်းလာခဲ့သော ခင်ဝေမှာ မိုးရေများကို သူ့ဇနီးလေးဖြင့် အကာအကွယ်ပြု၍ လျှောက်လာနေ၏။

''မိုးအရမ်းရွာနေရင် ပြန်လာရောပေါ့ သမီးရယ်''

ခင်ဝေက မိခင်၏ကရုဏာစကားကို မကြားဟန်ပြု၍ ယဘီအထက်ဆင်ကြားမှ ပလတ်စတစ်နှင့်လိပ်ထားသည့် ငွေစက္ကူထုတ်



www.burmeseclassic.com

www.burmeseclassic.com

ယူနေသည်။

"ရှော့.....အမေ၊ အကြော်ရောင်းရငွေတွေ၊ နောက်ဆုံးငါးခုကျန်လို့ လျှော့ရောင်းလိုက်ရတယ်၊ မိုးက အပြန်မှမိတာပါ"

ယဉ်မေက မိခင်၏ပခုံးပေါ်မှ အဘက်ညစ်ညစ်လေးကိုယူကာ ညီမ၏ဆံပင်များကို သုတ်ပေးနေသည့်အတွက် ဒေါ်ကျော့မေမှာ မျက်ရည်စို့သွားရ၏။

"သမီးတို့အဖေသာ ရှိနေရင် ဒီဘဝမျိုးကို မြင်ရက်မှာမဟုတ်ပါဘူးကွယ်၊ ငွေဆိုတာ ကိုယ်တိုင်ရှာကြည့်မှ ခက်ခဲမှန်းသိရပါလား၊ အမေတို့အတွက် ဒီနေ့ရောင်းရငွေက မနက်ဖြန်အတွက်အရင်းပါပဲ၊ မိုးတွင်းမှာ အမြတ်ထက်အရင်း ရဖို့က အရေးကြီးနေတယ်၊ မိုးကုန်မှပဲ ဒီဒုက္ခက လွတ်မြောက်မှာပါ သမီးတို့ရယ်၊ အားတင်းထားကြစမ်းပါကွယ်"

မိခင်၏စကားသည် ယဉ်မေတို့ညီအစ်မအတွက် အားဆေးသဖွယ် ဖြစ်ခဲ့ရ၏။ သို့သော် ညီအစ်မနှစ်ယောက်စလုံးမှာ မိခင်ကိုကြည့်၍ သနားမိကြသည်။ မီးဖိုနားတွင်ထိုင်ပြီး အကြော်များစွာကို ကြော်နေရ၍ ပူလောင်သော အသားအရေ၊ ညှော်နံ့နှင့်ယှဉ်ပါးနေပြီဖြစ်သော နှာခေါင်းနှင့် ပြာများကြောင့် ဖြူတစ်ကွက်၊ မည်းတစ်ကွက်ဖြစ်နေသော ဆံပင်၊ ဆီပူပေါက်လောင်ထားသော လက်များမှာ အသားမာပင် တက်နေကြပြီ။ မိခင်ဖြစ်သူမှာ အချိန်အနည်းငယ်အတွင်းမှာပင် ဇရာသို့ ချင်းနင်းဝင်ရောက်ခဲ့ရသည်ကို သတိပြုမိခဲ့ကြ၏။



ခင်ဝေလည်း ဘာထူးပါမည်နည်း။ လတ်သောအသားအရေမှာ အညိုဘက်သို့ ကူးနေပြီဖြစ်၏။ နေရောင်ကြောင့် နီကြောင်ကြောင်ဖြစ်လာသော ဆံပင်အပြင် မနားမနေ လျှောက်လှမ်းနေရသည့် ခြေဖဝါးတွင် အသားမာပင် တက်နေခဲ့လေပြီ။ နောက်ပြီး "အကြော်စုံရမယ်၊ အကြော်စုံ"ဟု အကြိမ်ပေါင်းများစွာ အော်ရလွန်း၍ ကွဲအက်လာသော လည်ချောင်း၊ ပြူးထွက်လာသော မျက်လုံးများနှင့် ချောင်ကျသွားသော မျက်နှာလေးမှာ ဆင်းရဲခြင်းဝဋ်ဒုက္ခတစ်ခု၏အမှတ် လက္ခဏာများသဖွယ် ဖြစ်လာရသည်။

ယဉ်မေတစ်ယောက်သာလျှင် အိပ်ရေးပျက်သည်မှလွဲ၍ ထူးထူးခြားခြား ဘာမှမဖြစ်ခဲ့ပေ။

♛♛♛♛♛

"ဟင်.....အမေရေ ခင်ဝေဖျားနေပြီ"

ဝေလီဝေလင်းအချိန်ရောက်တိုင်း ခင်ဝေမှာ အိပ်ရာမှ စောစီး


www.burmeseclassic.com

www.burmeseclassic.com

စွာ နိုးတတ်သူဖြစ်၏။ ယနေ့တော့ ခင်ဝေ အိပ်ရာမှထမလာ၍ ယဉ်မေက လူးလဲထရင်း ကြည့်မိရာမှ ဖျားနေမှန်းသိခဲ့ရသည်။

မိခင်ဖြစ်သူမှာ ခြင်ထောင်ကို ပင်မဖြုတ်နိုင်ဘဲ ခင်ဝေရှိရာသို့ ချက်ချင်းရောက်လာ၏။ တစ်ကိုယ်လုံး ခြစ်ခြစ်တောက် ကိုယ်ပူနေ၍ စိတ်ညစ်သွားရပြန်သည်။

"မနေ့က မိုးမိပြီး ဖျားတာပဲ ကွယ်၊ သမီးခင်ဝေ..ခင်ဝေ၊ သတိရရဲ့လားဟင်"

ခင်ဝေက မျက်လုံးလေးလှန်ကြည့်ကာ ခေါင်းလေး ညိတ်ပြခဲ့၏။ ခင်ဝေ မရှိလျှင် အကြော်များကို လျှောက်ရောင်းရန် မည်သူကတာဝန်ယူပါမည်နည်း။ မုန့်များကို ကြိတ်ပြီးဖြစ်၍ လျှော့ရန်လည်း မဖြစ်တော့ပေ။ ထိုအကြော်များကို လျှောက် ရောင်းရန်လည်း ယဉ်မေ သတ္တိမရှိပြန်ပေ။ ယဉ်မေအတွက် အခက်တွေ့နေရတော့၏။

"ယဉ်မေရေ၊ ညည်းညီမကို အနွေးထည်လေးဝတ်ပေးပြီး အိမ်တံခါးကို သေသေချာချာပိတ်ခဲ့၊ အမေ အရင်သွားနှင့်မယ်"

အကြော်ပစ္စည်းတချို့ကိုသယ်ဆောင်ပြီး လမ်းထိပ်သို့ မိခင်ဖြစ်သူထွက်သွားမှ ယဉ်မေလည်း လုပ်စရာရှိသည်တို့ကို အလျင်အမြန် လုပ်လိုက်ရ၏။ ခဏအကြာတွင် ဆွဲခြင်းလေးကို ကိုင်ဆွဲ၍ ခြံတံခါး



ကို သံကြိုးဖြင့်တုပ်ပြီး ချည်နှောင်လိုက်သည်။ တံခါးမှာ ဝါးကပ်ဖြင့် လုပ်ထားသည့် ခနော်ခနဲ့တံခါးလေး ဖြစ်သည်။ မခိုင်ခံ့သော်လည်း အရံအတားတော့ရ၏။

ခင်ဝေအကြော်လိုက်ရောင်းလျှင် အသုံးပြုသည့် အကြော်ဗန်းလေးကို မေ့ချင်ယောင်ဆောင်ပြီး တမင်ထားပစ်ခဲ့သည်။ မိခင်ဖြစ်သူက ခင်ဝေလို အကြော်လျှောက်ရောင်းရန် ယဉ်မေကို မတိုက်တွန်းခဲ့ပေ။ ထိုနေ့က အကြော်ကိုလျှော့ကာ ကြော်ခဲ့ရ၏။

"ဟ...ဒီနေ့ နင်တို့အကြော်တွေ စောစောကုန်ပါလား၊ ရောင်းကောင်းတယ်နဲ့တူတယ်နော်"

မုန့်နည်းနေ၍ ဝယ်နေကျ ဖောက်သည် ဦးမြက မေး၏။ မိုးမရွာသည့်အတွက် ဆိုင်လေးတွင် အဝယ်ကျနေ၏။

"ခင်ဝေအော်သံမကြားလို့ ဆိုင်အသလိုက်လာဝယ်ရတာလေ၊ ဒီကောင်မလေး ဘယ်နေရာများ လျှောက်ရောင်းနေသလဲ မသိဘူး"

"ခင်ဝေဖျားနေလို့ ဈေးမထွက်နိုင်ဘူး အဒေါ်"

"အလို.....သံခြေထောက်က ဖျားနေသတဲ့လား"

"မနေ့က မိုးမိပြီးဖျားတာပါ"

ဒေါ်တင်နုမှာ ခင်ဝေအပေါ် သံယောဇဉ်ရှိပုံရသည်။ သူ့အိမ်တွင်ရှိသည့်ဆေးလေးကို လာ ရှာ၏။

"ကျေးဇူးတင်ပါတယ် အဒေါ် ရယ်"

www.burmeseclassic.com



"ခင်ဝေနေကောင်းမှ ဈေးရောင်းနိုင်မယ်မဟုတ်လား၊ ဒီကောင်မလေးက သဘောကောင်းရှာပါတယ်၊ ရောင်းတတ်၊ ဝယ်တတ်တယ်"

ခင်ဝေနှင့်ယှဉ်လိုက်လျှင် ယဉ်မေကို ချီးကျူးမည့်သူ မရှိပေ။ ကျောင်းချိန်နီး၍ အိမ်ပြန်ရာတွင်လည်း မိခင်ဖြစ်သူက မှာပြန်၏။

"ယဉ်မေရေ သမီးညီမကို ငန်းနီကျော်ဆေးမှုန့်လေး တိုက်လိုက်ဦးနော်၊ အကြော်ဆိုင်ကို မလာနဲ့လို့ ပြောလိုက်ဦး၊ အညော်မိရင် အဖျားတာရှည်ဦးမယ်"

"ဟုတ်ကဲ့ပါ အမေရယ်၊ ပြောလိုက်ပါ့မယ်"

ခြေဆောင့်ကာ ထွက်လာမိသည်။ တစ်လမ်းလုံးစဉ်းစားလာပြီး မျက်ရည်ဝဲလာရသည်။ ညီအစ်မနှစ်ယောက်သာရှိကြသည့် မိမိတို့တွင် အမေက ယဉ်မေထက် ခင်ဝေ့ကို အချစ်ပိုသည်ဟု ထင်မိသည်။ ယဉ်မေဖျားချိန်တွင် နဖူးကိုပင် တစ်ချက်မှမစမ်းဖူးသည့် မိခင်မှာ ခင်ဝေအတွက်ဆိုလျှင် အရာရာကို လိုက်လျောလွန်းလှသည်ဟု မြင်မိ၏။ သည်တော့ ယဉ်မေ့ရင်ထဲတွင် ခံစားရဖန်များလာသောအခါ အစိုင်အခဲဖြစ်လာသည့် မကျေနပ်ချက်များက ဒြပ်ဝတ္ထုတစ်ခုအဖြစ်ဖြစ် တည်လာကြတော့

အမေက ယဉ်မေထက် ခင်ဝေ့ကို
အချစ်ပိုသည်ဟု
ထင်မိသည်။
ယဉ်မေဖျားချိန်တွင် နဖူးကိုပင်
တစ်ချက်မှမစမ်းဖူးသည့်
မိခင်မှာ ခင်ဝေအတွက်ဆိုလျှင်
အရာရာကို
လိုက်လျောလွန်းလှသည်ဟု မြင်မိ၏။
သည်တော့ ယဉ်မေ့ရင်ထဲတွင်
ခံစားရဖန်များလာသောအခါ
အစိုင်အခဲဖြစ်လာသည့်
မကျေနပ်ချက်များက.....

သည်။

တကယ်တမ်း မိခင်၏ရင်ထဲမှ မေတ္တာ၊ ကရုဏာများကို ယဉ်မေ မသိနားမလည်ခဲ့၍ မိခင်၏ရင်တွင်းခံစားချက်များကို မစာနာတတ်ခဲ့ခြင်းပဲဖြစ်၏။

"မကျော့မေရေ ယဉ်မေလေးက ရုပ်ကလေးလည်းရှိ၊ လှလည်းလှ၊ ဉာဏ်လည်းကောင်းပါဘိနဲ့၊ အလုပ်တစ်ခုကို ဣန္ဒြေရရ လုပ်နိုင်းပါလားရှင်၊ အကြော်ဆိုင်ဆိုတာက ယောကျ်ားပေါင်းစုံလာတတ်ကြတဲ့နေရာပါ၊ ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူလည်းရှိတာပဲ၊ မတော်တရော်နဲ့တွေ့သွားရင် အခက်သားလား"

ဒေါ်ဘုမပြောသည့်စကားကို ဒေါ်ကျော့မေက အထပ်ထပ်အခါခါ စဉ်းစားကြည့်သည်။ ဒေါ်ဘုမပြောသလိုပင် အရွယ်ရောက်လာပြီဖြစ်သော ယဉ်မေမှာ ၎င်းနှင့်အတူ အကြော်ရောင်းနေရပေမယ့် အကြော်ဆိုင်လေးသို့ အချိန်မှန်မှန်ရောက်လာတတ်သော ပုရိသအရွယ်အမျိုးမျိုးတို့၏ မျက်လုံးအကြည့်ဒဏ်ကို ခံနေရရှာ၏။ မိမိက မိခင်ဖြစ်၍ ထိုယောကျ်ားများ၏ အကြည့်များကို မကြိုက်ပေ။ သို့ပေမယ့် သမီးအား အန္တရာယ်မပြု အောင်တော့ စောင့်ရှောက်နေရသည်။

သမီးမိန်းကလေးများ မွေးထားသည့်အတွက် မကောင်းမှုလုပ်ငန်းထဲ ရောက်သွားမည်ကိုလည်း စိုးရိမ်နေရသည်။ အပေါင်းအသင်းမကောင်းလျှင် ပျက်စီးတတ်ကြ၏။ ထို့ကြောင့် မိမိမျက်စိအောက်တွင်ထားသည်ကမှ စိတ်ချရပေမည်။ ဒါတောင် လစ်လျှင်လစ်သလို ပုရိသများက သွေးတိုးစမ်းချင်ကြသေးသည်။

"ဟဲ့...ယဉ်မေ၊ နင့်အကြော်တွေက အေးလိုက်တာဟာ၊ ဈေး.. ပြန်လဲပေးစမ်းပါဦး"

www.burmeseclassic.com



အကြော်ပန်းကန်ကိုပေးသလို မျိုးဖြင့် ယဉ်မေ၏လက်လေးအား ဖမ်းကိုင်လိုက်သည်ကို ဒေါ်ကျော့မေက မြင်တွေ့လိုက်ရသည်။ သမီးဖြစ်သူက လက်ကိုပုတ်ချလိုက်သည့် အပြုအမူကြောင့် သမီး၏ ရှေ့ရေးအတွက် ရင်လေး ရပြန််၏။

"နင်ကလည်းဟာ အကဲပါ လိုက်တာ၊ ဘယ်လိုဖြစ်တာလဲ"

"အေးလေ၊ ဈေးရောင်းရင် လက်ကိုကိုင်မိ၊ ထိမိမှာပဲ၊ အထိ မခံနိုင်ရင် ဈေးမရောင်းနဲ့"

ရှက်ရမ်းရမ်း... ငြိမ်မနေသည်ကို အပြစ်ဟု ထင်... သလားမသိ... ယဉ်မေကို မကျေ... နပ်၍ ပြောနေကြပြန်သည်။ မိန်းမသား ချည်းနေထိုင်ရသည့်ဘဝမှာ အန္တရာယ်များလွန်းသည်ဟု ဒေါ်ကျော့မေက တွေးကြည့်နေမိ၏။

"အကြော်လာစားရင်ကောင်းကောင်းစားပါ၊ လက်မသရမ်းနဲ့၊ မကြိုက်ဘူး၊ ယဉ်မေတို့က ဆင်းရဲပေမယ့် အကျင့်စာရိတ္တတော့ မပျက်ဘူး၊ အားနာပြီး ငြိမ်နေမှာလည်းမဟုတ်ဘူး"

ခပ်ပြတ်ပြတ်ပြောမှ ရှက်ရွံ့ဟန်ဖြင့် တောင်းပန်လာကြ၏။ ယဉ်မေမှာ သူမှန်လျှင် လျှော့မည့်သူမဟုတ်ပေ။



"နင်ကလည်းဟာ မတော်တဆ ကိုင်မိတာပါဟ"

"အဲဒီမတော်တဆကနေ ပြဿနာကြီးမားလာရတာ၊ မှုခင်းဂျာနယ်တွေဖတ်ကြည့်ရင် သိနိုင်တယ်"

"တော်ပါတော့ဟာ၊ တောင်းပန်ပါတယ်"

"တောင်းပန်ရင်လည်း အေ... အေးဆေးဆေး စားပြီးပြန်ကြ..."

ယဉ်မေလို ဂုဏ်သိက္ခာန... ပတ်သက်၍ ဆတ်ဆတ်ထိမ... သော မိန်းကလေးကြောင့် သူ... ကပဲ မသိချင်ယောင်ဆောင်က... ပြန်ပြီးတောင်းပ... သွားကြသည်... သည် ကြားထ... ညနေတိုင်းမူးပြ... ရမ်းကားတတ်... သော အရက်... သမားများ၏ရ... ကိုလည်းကြော... နေရသေးသည်၊

"ဟေ့ ... ယဉ်မေ၊ ဒီက... လာဦး"

ခေါင်းမထော... နိုင်အောင် သော... ထားကြပေမယ်... လစ်လျှင်လစ်သ... အခွင့်အရေးရလျှင်ရသလို ... ပုတ်၊ ခေါင်းပုတ်လုပ်တတ်ကြ...

"နေ အစ်မယဉ်မေ၊ ခင်... သွားလိုက်မယ်"

ခင်ဝေမှာ ကလေးမက... အပျို မကျအရွယ်ဖြစ်၏။ အနား... ရောက်လာသော ခင်ဝေကိုကြ...



www.burmeseclassic.com

www.burmeseclassic.com



၍ သူတို့တစ်တွေ နှာခေါင်းရှုံ့သွားကြသည်။

"ဘာမှာမလဲ ဦးလေးကြီး၊ အကြော်စုံရှိတယ်"

"ဟုတ်လား၊ ဒါဆိုလည်း ယဉ်မေရဲ့အသည်းကျွတ်ကျွတလေးကြော်ပေးစမ်းပါကွာ၊ ဟား... ဟား"

"ရွှရွှလေးနော်၊ ငါတို့က ရွှမှ ကြိုက်တာ၊ ဟဲ.....ဟဲ"

ခင်ဝေက အနားတွင်ရှိနေသည့် ဘူးသီးစိတ်သည့်ဓားကို ရုတ်တရက် ကောက်ကိုင်ကာ အရက်သမားများရှိရာသို့ တိုးကပ်သွားခဲ့သည်။

"ထပ်ပြောစမ်းပါဦး၊ ရှင်တို့လျှာတွေကို ဖြတ်ပစ်မယ်၊ အကြော်ရောင်းတာ၊ လူရောင်းတာမဟုတ်ဘူး၊ ခင်ဝေကို ဘာမှတ်နေလဲ"

"ဟဲ့.....သမီး ခင်ဝေ၊ ပေးစမ်း၊ ဒီဓား"

မိခင်က အကြော်ဆယ်ယူနေရာမှထလာပြီး ခင်ဝေ၏လက်ထဲမှ ဓားကို ဆွဲယူလိုက်ရသည်။ အမူးသမားနှစ်ယောက်လည်း ပုဆိုးပင် ပြင်မဝတ်နိုင်တော့ဘဲ အကြော်ဆိုင်အတွင်းမှ သုတ်ခြေတင်ထွက်ပြေးသွားကြတော့သည်။

"အကြော်ရောင်းရတာလည်း အကုသိုလ်များလိုက်တာ အမေရယ်၊ မြေနိမ့်ရာလှံစိုက်ချင်နေကြပါလားနော်"

"ဒေါသကို အသိနဲ့ထိန်းစမ်းပါ ခင်ဝေ၊ ဒေါသရဲ့နောက်မှာ ဖြစ်လာမယ့် နောက်ဆက်တွဲပြဿနာတွေကို မျက်စိတစ်ဆုံးတွေးကြည့်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ထောင်ထဲဝင်ချင်လို့လား၊ ဒေါသကြောင့် အများတွေ့တဲ့သူတွေ ထောင်ထဲမှာအများကြီးပဲ"

ဒေါ်ကျော့မေ၏ ဆုံးမစကားကြောင့် ခင်ဝေမှာ ငြိမ်ကျသွားတော့သည်။ အစ်မကိုစော်ကားလာသည့်အတွက် ခင်ဝေ မခံနိုင်ပါ။ ထို့ အတူ မိခင်လည်း ခံနိုင်မည်မဟုတ်ပေ။

တစ်နေ့အပျိုကြီးမစန်းမြနှင့်
လမ်းတွင်ဆုံမိကြသည်။
မစန်းမြမှာရပ်ကွက်ထဲတွင်
စက်ချုပ်ဆိုင်
ဖွင့်ထားသူဖြစ်၏။
မစန်းမြ၏မိခင်နှင့်
ဒေါ်ကျော့မေတို့မှာ......

"ဈေးသည်ဆိုတာ အရာရာကို သည်းခံစိတ်မွေးရမယ်၊ လွန်ကဲလာရင်တော့ ရပ်ကွက်ရုံးကို သွားတိုင်ပြီး အကူအညီတောင်းရင် ဘယ်သူမှ ထပ်ပြီးစော်ကားရဲမှာ မဟုတ်ဘူး၊ တရားဥပဒေဆိုတာ အန္တရာယ်ပေးလာသူတွေကို အပြစ်ပေးဖို့ ချမှတ်ထားတဲ့ စည်းမျဉ်းပဲ၊ ဥပဒေနဲ့ ဖြေရှင်းကြရမယ်"

သမီးမိန်းကလေးများ မွေးထားသောမိခင်မှာ စိုးရိမ်ခြင်းထက် ပိုကဲသည့် ပူပန်ခြင်းမျိုးဖြင့် အရွယ်ရောက်လာသော သမီးများ၏ဘဝ ရှေ့ရေးအတွက် ကြိုတင်၍ စိတ်မောနေရပြန်လေသည်။

♛♛♛♛♛

"ဟော...အကြော်ဆိုင်သိမ်းပြီး ပြန်လာတာလား ဒေါ်လေး"

"ဈေးထဲမှာ ဆီသွားဝယ်မလို့ အပျိုကြီးရေ"

တစ်နေ့ အပျိုကြီးမစန်းမြနှင့် လမ်းတွင်ဆုံမိကြသည်။ မစန်းမြမှာ ရပ်ကွက်ထဲတွင် စက်ချုပ်ဆိုင်ဖွင့်ထားသူဖြစ်၏။ မစန်းမြ၏မိခင်နှင့် ဒေါ်ကျော့မေတို့မှာ ခင်မင်ကြသူများလည်းဖြစ်ကြသည်။

"အမေကတောင် ဒေါ်လေးမလာလို့ မေးနေရှာတာ၊ အကြော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးက ရောင်းကောင်းရဲ့လား ဟင်''

''အသင့်အတင့်ပါပဲကွယ်''

မစန်းမြ၏အကြည့်က ဒေါ်ကျော့မေ၏လက်ထဲမှ ပြာများ၊ အိုးမဲများ ပေကျံနေသည့် ဆီပုံးလေးဆီ သို့ ရောက်သွား၏။ ထိုနောက်မှ သူမသည် သူတို့သားအမိသုံးဦး၏ ဘဝကို စာနာတတ်သူပီပီ သမီးကြီး ယဉ်မေအတွက် စိတ်ချမ်းသာစရာစကားလေးကို ပြောပြခဲ့ရသည်။

''ယဉ်မေကို စက်ချုပ်သင်နိုင်းပါလား ဒေါ်လေးရယ်၊ စာမေးပွဲဖြေပြီးလို့ အားလပ်နေသားပဲ၊ ကျွန်မ တာဝန်ယူသင်ပေးပါ့မယ်၊ တစ်သက်လုံး အကြော်ရောင်းနေရတာ ထက်စာရင် စက်ချုပ်သင်တာကမှ ဒေါ်လေးသမီးရဲ့ ဘဝရှေ့ရေးအတွက် စိတ်အေးနိုင်မှာ၊ စက်ချုပ် တတ်ရင် ထမင်းမငတ်ပါဘူးရှင်''

မစန်းမြ၏စေတနာကို ဒေါ်ကျော့မေနားလည်ပါ၏။ သို့ပေမယ့် စက်ချုပ်သင်ခိုင်းရန် ၎င်းထံတွင် ငွေကြေးမပြည့်စုံခဲ့ပေ။ တစ်ခါက အကြော်လာစားသူများထံမှ ကြားခဲ့ရသည်ကို စက်ချုပ်အတတ်သင်လျှင် ငွေတစ်သိန်းကျော်ကုန်ကျမည်ဟု သိခဲ့၏။ ၎င်းထံတွင် တစ်သိန်းမဆိုနှင့်၊ တစ်ရာရဖို့ပင်အနိုင်နိုင်ပါ။

''နော် ဒေါ်လေး၊ စန်းမြပြောတာ သဘောပေါက်တယ်နော်''

''သဘောပေါက်ပါတယ်ကွယ် ဒါပေမဲ့ ဒေါ်လေးမှာ စက်ချုပ်သင်ဖို့ ငွေမှမရှိတာ အပျိုကြီးရယ်''

မစန်းမြက သွားလေးများပေါ်အောင် ပြုံးပြီးနောက် ဒေါ်ကျော့မေ၏လက်များကို ဆွဲယူနှစ်သိမ့်လိုက်၏။

''ဒေါ်လေးသာ ယဉ်မေကို သင်ခိုင်းရင် ကျွန်မက ငွေတစ်ပြားမှမယူဘဲ သင်ပေးသွားမှာပါရှင်၊ ကျွန်မရဲ့စက်ဆိုင်မှာ အသင်အနေနဲ့ ဝင်ကူပြီး စက်ချုပ်တတ်သွားရင် ဆိုင်ခွဲဖွင့်နိုင်တဲ့အထိ ကူညီမှာပါ ဒေါ်လေးရယ်''

ဒေါ်ကျော့မေအဖို့ ဖရဏာပီတိ ဝမ်းဆီထိပမာ။ စေတနာဖြင့် ပြောလာသည့် အပျိုကြီးကိုပင် ထိုင်၍ကန်တော့လိုက်ချင်ပါဘိ။ မိသားစု အဆင်ပြေနိုင်မည့် ဘဝထွက်ပေါက်မှာ သမီးကြီးကို စက်ချုပ်သင်နိုင်မည့် အခွင့်အလမ်းသာရှိ၏။ ပြီးနောက် သမီးငယ်ပါ အစ်မနှင့်တွဲ၍ စက်ချုပ်ဆိုင်ဖွင့်နိုင်လျှင် ကလေးရရ၊ တည်တည်ငြိမ်ငြိမ်နှင့် အသက်ရှူချောင်နိုင်ပါလိမ့်မည်ဟု တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com





အကြော်ဆိုင်လေးမှ ဆီချေး များ၊ အညှော်နံ့ များ၊ မီးခိုးများ၊ ရဲ ရဲနီသော အချဉ်ရည်များနှင့်စာလျှင် တဂျုန်းဂျုန်း စက်ချုပ်သံများ၊ အထည်များ၊ အပ်နှင့် အပ်ချည်များကြားတွင် နေရသည်က ပို၍သင့် တော်ပါလိမ့်မည်။ ယဉ်မေ၏ ဘဝရေ့ရေးအတွက် ဝမ်းသာမိသည်မှာ ပြောဖွယ်ရာမရှိပေ။ မိခင်ဖြစ်သူအဖို့ ရေငတ်တုန်း ရေတွင်းထဲကျခဲ့ရပြီဟု ဆိုရပေမည်။

"ကျေးဇူးတင်လိုက်တာ အပျိုကြီးရယ်၊ ခုမှပဲ ယဉ်မေအတွက် စိတ်အေးရတော့တယ်၊ ဒေါ်လေးလည်း သူအကြော်ရောင်းနေရတာကို မကြည့်ရက်ပါဘူးကွယ်"

**ဒေါ်ကျော့မေမှာ**
**အိမ်ပြန်ရောက်သောအခါ**
**မစန်းမြ၏စကားများကို**
**ယဉ်မေအားပြောပြလိုက်၏။**
**ယဉ်မေ၏မျက်နှာမှာ**
**အစွမ်းကုန်သာသည့်**
**လပြည့်ညတွင်**
**ထွက်သည့်လမင်းပမာ....**

"ဒါဆို မနက်ဖြန် စောစော လွှတ်လိုက်နော်၊ ထမင်းချိုင့်ထည့် မပေးလိုက်ပါနဲ့၊ ကျွန်မတို့အတွက် တစ်ယောက်စာပိုလည်းအကြောင်း မဟုတ်ဘူး ဒေါ်လေး။ ည ၉ နာရီမှ ပြန်ရမှာနော်"

"အေး..အေး၊ လွှတ်လိုက်ပါ့မယ်ကွယ်"

ထမင်းချိုင့်အတွက် အခက်အခဲဖြစ်မည်ကိုသိနေ၍ မစန်းမြက ကြိုတင်ပြောလိုက်ခြင်းပဲဖြစ်သည်။ ဝမ်းသာအားရဖြင့် လမ်းလျှောက်သွားနေသော ဒေါ်ကျော့မေကို ရပ် ကြည့်ရင်း အပျိုကြီးမစန်းမြမှာ သက်ပြင်းတစ်ချက်ကို ချလိုက်မိတော့သည်။

ဒေါ်ကျော့မေမှာ အိမ်ပြန်ရောက်သော အခါ မစန်းမြ၏စကားများကို ယဉ်မေအား ပြောပြလိုက်၏။ ယဉ်မေ၏မျက်နှာမှာ အစွမ်းကုန်သာသည့် လပြည့်ညတွင်ထွက်သည့် လမင်းပမာ ဝင်းလက်သွားတော့သည်။

"အဲဒါ သမီးတို့အတွက် ကယ်တင်ရှင်ပဲ အမေ၊ သမီးလေ အစ်မစန်းမြရဲ့ စက်ချုပ်ဆိုင်လေးကို ရောက်တိုင်း အားကျမိတယ်၊ ငါလည်းတစ်နေ့ ဒီလိုပဲဖြစ်ရ မယ်လို့ အားတင်းထားတာပါ၊ သမီးကြိုးစားမယ် အမေ၊ အမေနဲ့ခင်ဝေကို စက်ချုပ်ကျွေးမယ်"

"စက်ချုပ်သင်ပေးတဲ့ မစန်းမြရဲ့စကားကို နားထောင်ရမယ်နော်၊ သူဟာ အမေတို့ရဲ့ကျေးဇူးရှင်ပါကွယ်"

"စိတ်ချပါ အမေရယ်၊ အပျိုကြီးက ယဉ်မေကို ချစ်ပါတယ်၊ အမေရှိတုန်းကဆိုရင် ယဉ်မေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခင် ဝေကို အပျိုကြီးက ချစ်လို့ခေါ် ထိန်းခဲ့တာဆို၊ ဒီတော့ သမီးက လည်း အပျိုကြီးချစ်အောင် နေပြ ရမှာပေါ့နော်''

ထိုပညာကိုတော့ ဒေါ်ကျော့ မေက သင်ပြပေးရန်မလိုပေ။ ယဉ် မေမှာ အများကချစ်ခင်အောင် နေ ထိုင်တတ်သူဖြစ်၏။ အထူးသဖြင့် သူ့အတွက် အကျိုးပြုမည့်သူဆို လျှင် အောက်ကျခံ၍ ဆက်ဆံ တတ်သည်။ ထိုအကြောင်းကို ခင် ဝေသိသည့်အခါ အစ်မဖြစ်သူ အတွက် ဝမ်းသာ၍မဆုံးပေ။

''ဝမ်းသာလိုက်တာ အစ်မ ယဉ်မေရယ်၊ ခင်ဝေလေ အစ်မကို အဲဒီလို အေးအေးချမ်းချမ်း ဣန္ဒြေ ရရ အလုပ်မျိုးနဲ့ပဲ ရပ်တည်နေတာ

မရှိဆင်းရဲသူတွေမှ
သားသမီးများ
ထွန်းကားတတ်ကြသည်လား
မသိပေ။
မလောက်မငနှင့်
ကျွေး မွေးရသည်ကို
စိတ်မညစ်သည့် အပြင်
မသောင်းအေးမှာ....

ကို မြင်ချင်နေတာ၊ အကြော်ဆိုင် လေးကို ခင်ဝေပဲ အဆင်ပြေ အောင် ဆက်လုပ်လိုက် မယ်၊ ဒီအတွက် နောက် ဆံမတင်းနဲ့ နော်''

ယဉ်မေမှာ အကြော် မရောင်းရလျှင် ပိုကြိုက် သူဖြစ်၍ အကြော်ဆိုင်အတွက် နောက်ဆံ တင်းရန် နေနေသာသာ သတိ ပင်မရခဲ့ပေ။ရင်ထဲတွင်တော့ 'အကြော်သည် ဘဝကလွတ်ပြီ' ဟုသာ သဘောထားခဲ့၏။

ထို့နောက် အကြော်ဆိုင် လေးတွင် ယဉ်မေမရှိ သည့် အတွက် ခင်ဝေမှာ ပို၍အပင်ပန်း ခံခဲ့ရသည်။

''အကြော်လျှောက် မရောင်း နဲ့တော့ ခင်ဝေ၊ အမေလည်း ဆိုင်မှာ တစ်ယောက်တည်း လက်မလည်ဘူး၊ အကြော်ရောင်း မယ့် ဖောက်သည်ရှိရင် ပေးလိုက် လေကွယ်''

''ဖိုးထူးတို့မောင်နှမနှစ် ယောက်က အကြော်ရောင်းချင် တယ်လို့ သမီးကိုပြောထားတယ် အမေ''

''ဩော်.....သနားပါတယ် ကွယ်၊ နှစ်ယောက်အားဆိုလည်း မဆိုးပါဘူး၊ အရင်းပဲယူပြီး အမြတ် လေးတွေကို သူတို့စားပါစေ သမီး ရယ်''

''ဟုတ်ကဲ့ပါ အမေ''

ဖိုးထူးတို့မိသားစုသည် သူတို့ မိသားစုထက် အခြေအနေပိုဆိုး သည်။ ဆိုက်ကားနင်းသော ဖခင် ဦးဖိုက်ပူက ဖိုးထူးတို့ မောင်နှမ ခုနစ်ယောက်ကို မည်သို့လောက်င အောင် ကျွေးနိုင်ပါမည်နည်း။ ၁၂ နှစ်အရွယ် ဖိုးထူးအောက်၌ အရွယ် မရောက်သူများ ကျန်သေးသည်။ ဖိုးထူး၏မိခင်ကို အရပ်ထဲမှ ခေတ် သစ်ရှင်မွေးလွန်းဟု အမည်ပေး ထားကြ၏။ တစ်ခါတလေ ခင်ဝေ ၏အကြော်ဆိုင်လေးသို့ ဖိုးထူးမိခင် က အကြော်ဝယ်ရန်လာခိုက် ညည်းတွားသံများကို လည်း ပြန်လည် ကြားယောင်နေမိသည်။

''ခင်ဝေရေ ဒီနေ့လည်း အကြွေးပဲမှတ်ထားဦးနော်၊ မနက် ဖြန်မှ ယူသမျှပေါင်းရှင်းတော့ မယ်''

''ဦးဖိုက်ပူ ပြန်မလာသေးဘူး လား အစ်မရဲ့''

''ဒီနေ့ ဆိုက်ကားမထွက်နိုင် ဘူးလေ ခင်ဝေရယ်''

အကြော်ဗန်းထဲမှ ရွေးယူထား သည့် အကြော်များအား ခင်ဝေက အိတ်ထဲထည့်ရင်း မေးလိုက်၏။

''ဟင်.....ဘာဖြစ်လို့လဲ''

''မနေ့က ဆိုက်ကားမှာ

www.burmeseclassic.com

လို့ နောက်ခွေလိမ်သွားတယ်လေ၊ အခု ပြင်နေရတော့ ဒီနေ့မထွက်နိုင်တော့ဘူးပေါ့၊ ကလေးတွေက အချိန်တန်ရင် ဗိုက်ဆာကုန်ကြပြီ၊ ခင်ဝေတို့အကြော်ဆိုင်လေးရှိလို့ တော်သေးတာပေါ့အေ''

''ကလေးတွေနဲ့ ဒီအကြော်က လောက်ပါ့မလား အစ်မရဲ့''

''တစ်ယောက်တစ်ခု လေ၊ မဝလည်း မတတ်နိုင်ဘူး''

အချဉ်ရည်ကို ပန်းကန်ထဲ ထည့်ပေးလိုက်သည်။ ဖိုးထူး၏ မိခင် ဒေါ်သောင်းအေးမှာ အကြော်အိတ်လေးကိုဆွဲကာ ငှင်းနှင့်အတူပါလာသော သမီးကို ပေးလိုက်၏။

''ရော့.....အေးမိ၊ ဒါကိုယူ၊ အမေက အချဉ်ရည် ပန်းကန်ကိုယူ လာမယ်၊ သွားပြီ ခင်ဝေရေ''

''ဟုတ်ကဲ့ အစ်မ''

မရှိဆင်းရဲသူတွေမှ သားသမီးများ ထွန်းကားတတ်ကြသည်လား မသိပေ။ မလောက်မငနှင့် ကျွေးမွေးရသည်ကို စိတ်မညစ်သည့်အပြင် မသောင်းအေးမှာ သုခဟု ထင်နေမည်လားမသိပေ။

ယဉ်မေမရှိသည့်နောက် ခင်ဝေအား မိခင်ဖြစ်သူက သူနှင့်အတူ ရောင်းရန် အကြော်ဆိုင်လေးသို့ ခေါ်ထားရတော့သည်။ ဖိုးထူးတို့ မောင်နှမရောက်လာ၍ အကြော်ရောင်းအားမှာ မကျ



သည့်အပြင် ခင်ဝေ၏ကြိုးစားမှုကြောင့် ယခင် ကထက်ပိုတိုးတက်လာ၏။

''အင်း.ခုမှပဲ ခင်ဝေရဲ့ နေပူမိတဲ့အသားအရေက ပြန်ပြီးဖြူဝင်းလာတော့တယ်''

''အသားမဖြူလည်း အရေးမကြီးပါဘူး အမေရယ်၊ လောကမှာ အဆင်းထက် အချင်းရှိဖို့သာ အရေးအကြီးဆုံးပါပဲ''

ဒေါ်ကျော့မေက သမီးကြီးထက် သမီးငယ်မှာ ပို၍သနားစရာကောင်းနေသည်ဟု ထင်မိသည်။ အဝတ်အစားဆိုလျှင်လည်း အစ်မအတွက် ဦးစားပေးခဲ့ရှာ၏။ ခင်ဝေကိုကြည့်လိုက်လျှင် သည်အင်္ကျီနှင့်သည်လုံချည်သာ ထပ်နေသည်။

''အကြော်ဆိုင်ထဲမှာ နေရတော့ ဆီတို့၊ မီးခိုးတို့၊ အချဉ်ရည်တို့နဲ့ မကင်းဘူး အမေ၊ ဝတ်ထားစားထားလည်း ပေကျံကုန်တာပဲ၊ ထဘီကောင်း၊ အင်္ကျီကောင်းနဲ့ မတန်ပါဘူး၊ ခင်ဝေတို့က ဘဝသမားလေ အမေရဲ့''


''အောင်မာ.... အစ်မကိုဦးစားပေးတာများ ဘဝသမားလေး၊ ဘာလေးနဲ့၊ ညည်းလည်း အပျိုအရွယ်ရောက်နေပြီ၊ သပ်သပ်ရပ်ရပ်ဝတ်စားဦးမှပေါ့၊ တော်ကြာ ဖောက်သည်တွေက ညည်းကိုကြည့်ပြီး အကြော်စားချင်စိတ် ပျောက်သွားမှ ခက်မယ်''

**နောက်လဆက်ဖတ်ပါရန်**

**လေးစားစွာဖြင့်**

**ထက်ထက်ဦးဝေ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ဦးချစ်မောင်လိုလူနဲ့ ကြုံဖူးတဲ့ အဖြစ်တွေရယ်

နီကြည်ကို

ကျုပ် ကားပေါ်ကဆင်းလာတဲ့ အချိန်ထိ မိုးက တဖြောက်ဖြောက် ရွာနေတုန်းပဲ။ ကားပေါ်မှာလည်း ရွာလာတာပဲ။ ကားပေါ်ကဆင်းပြီး ဟောဗန္ဒုလလမ်းအတိုင်း အနောက်ဘက်ကို လျှောက်လာခဲ့ တယ်။ လေက တစ်ချက်တစ်ချက် ဆော့လိုက်တိုင်း ကျုပ်ဆောင်းလာ တဲ့ မိန်းမဆောင်းထီးလေးက လန် ထန်သွားတယ်။

ပန်းဆိုးတန်းထောင့်ကိုရောက် တော့ မီးစိမ်းပြနေတာနဲ့ ကျုပ် တစ် ဖက်လမ်းကို ကူးလာခဲ့တယ်။ မိုးကတော့ တဖွဲဖွဲရွာနေတုန်းပဲ။ အများကြီးလည်း မဟုတ်ဘူး။ ဒါပေမဲ့ ထီးမပါရင်တော့ စိုမှာပဲ။ ပန်းဆိုးတန်းလမ်းအတိုင်း အရှေ့ ဘက်ခြမ်းကနေ မြောက်ဘက်ကို ကျုပ်လျှောက်လာတုန်း လျှပ်စစ် ပစ္စည်းအရောင်း ဆိုင်တစ်ခုရှေ့ ရောက်တော့ အသားလတ်လတ်၊ အင်္ကျီဖြူနဲ့ လူတစ်ယောက်က ကျုပ်မျက်နှာကို သေသေချာချာ ကြည့်ပြီး.....

"အစ်ကိုကြီး ထီးအကြုံလိုက် ပါရစေဗျာ၊ ထီးမပါလို့ မိုးခိုနေတာ ကြာပြီ၊ အရေးကြီးကိစ္စရှိလို့ပါဗျာ နော်"



ဩော်.....ဘာပါလိမ့်လို့။ ဒါ များ ခက်တဲ့ကိစ္စမှတ်လို့။ ဒါပေမဲ့ ကျုပ်ဆောင်းလာတာက မိန်းမ ဆောင်းထီးဆိုတော့ နှစ်ယောက် ဆောင်းရင် လုံပါ့မလားလို့ ကျုပ် စဉ်းစားမိတယ်။ သို့သော်လည်း သူ့ မှာလည်း အခက်အခဲရှိလို့ အကူအညီတောင်းတာပဲလို့ ကျုပ် သဘောပေါက်ပါတယ်။ ဒါကြောင့် မို့.....

"ရပါတယ်၊ လိုက်ခဲ့ပါ"

"ကျေးဇူးပဲ အစ်ကိုကြီးရာ၊ မိုး စဲမလားလို့ ရပ်စောင့်နေတာ ကြာပြီ၊ အစ်ကိုကြီးက ဘယ်ဘက် သွားမှာလဲ"

"၃၂လမ်း အပေါ်ဘက်ကို"

"ဟာ အတော်ပဲ၊ ကျွန်တော် က ယောမင်းကြီးလမ်းကိုသွားမလို့၊ Trader Hotel အောက်အထိ လိုက် ခဲ့မယ်၊ ကံကောင်းရင်တော့ အဲဒီ

www.burmeseclassic.com

လောက်ဆို မိုးစဲရောပေါ့''

ကျုပ်တို့နှစ်ယောက် စကားတပြောပြောနဲ့ လျှောက်လာလိုက်တာ အနော်ရထာလမ်းပေါ်တောင်ရောက်လာပြီ။ စကားတပြောပြောဆိုတာက ကျုပ်ကပြောရတယ်မရှိပါဘူး။ သူပဲပြောလာတာ။ သူ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စ၊ သူ့မိသားစုကိစ္စ၊ ကျုပ်က နားထောင်သက်သက်။

အဲဒီလူက ပထမတော့ ကျုပ်နဲ့ပခုံးချင်းယှဉ်ပြီး လိုက်လာတာ။ နောက် သူ့ဘယ်ဘက်လက်က ကျုပ်ပခုံးပေါ် လာတင်လိုက်တယ်။ ညာလက်ကလည်း ကျုပ်ယာဘက်ပခုံးကို လာကိုင်ထားတယ်။



မိုးရွာလို့ လူသိပ်မရှုပ်ပေမယ့် လူရှောင်ပြီးသွားနေရတဲ့ အနော်ရထာလမ်းရဲ့ ပလက်ဖောင်းပေါ်မှာ ကျုပ်ဖတ်ဖူးတဲ့ အကြောင်းအရာလေးတစ်ခုကို သွားသတိရတယ်။ ကြာတော့ကြာပါပြီ။ စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးရေးတဲ့ သူလိုလူဆိုတဲ့ စာအုပ်ထဲက အကြောင်းအရာကလေးတစ်ခုပါ။ ဂျာနယ်ကျော်မမလေးက သူ့ယောကျ်ား ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်းကို ရေးထားတာပါ။

သူ့ယောကျ်ား ဦးချစ်မောင်ဟာ ဘယ်လိုအားနာတတ်တယ်ဆို တဲ့အကြောင်းပါ။ အဲဒါက ဘာလဲဆိုတော့ တစ်ခါတုန်းက ဦးချစ်မောင်ဟာ အခုလိုမိုးလေးတဖွဲဖွဲ ရွာနေတုန်း ထီးကလေးဆောင်းပြီး ဗိုလ်ချုပ်လမ်းအတိုင်း လျှောက်လာတုန်း တစ်နေရာမှာ မိုးခိုနေတဲ့လူ တစ်ယောက်က ထီးအကြုံလိုက်ပြီး

ဦးချစ်မောင်ဆီကပိုက်ဆံကို ခ
ပိုက်နှိုက်ယူနေတာ ဦးချစ်မောင်
သိတယ်။ ဒါပေမဲ့ အဲဒီလူနှိုက်
တာ လက်ပူးလက်ကြပ်ဖမ်းလို
ရင် ရှက်သွားမှာပဲဆိုပြီး ငြိမ်ခံ
လိုက်ရတယ်တဲ့။ အဲဒီလောက် ဂျ
နယ်ကျော်ဦးချစ်မောင်ဟာ ရိုး
လူ။

အခုလည်း ကျုပ် အဲဒီ
အဖြစ်မျိုးနဲ့ကြုံနေပြီ။ ကျုပ်သိ
ပေါ့ဗျာ။ ကျုပ်လည်း ခေသူ
မဟုတ်ဘဲ။ စကားတွေ ဖော
လောက်အောင်ပြော၊ ပခုံးကိုဖ
လက်တွေကလည်း အငြိမ်မနေ
ဟား.....ဟား ရယ်ရတယ်
Trader Hotel အောက်ရော
တော့.....

"အစ်ကိုကြီး ကျေးဇူးပဲ
ကျွန်တော် ဒီအောက်မှာနေခဲ့
မယ်၊ မိုးစဲမှပဲ ဆက်သွား
မယ်''

''ဟုတ်ပြီ.....ဟုတ်ပြီ''

ကျုပ် Trader Hotel ထော
ရောက်တော့ ၃၂ လမ်းဘက်
သွားမလို့ အနောက်ဘက်ကို
မီ ဟိုတယ်ဆင်ဝင်အောက်မှာ
နေခဲ့တဲ့ စောစောကလူကို
လှည့်ကြည့်လိုက်တယ်။ မရှိတော့
ဘူး။ မြန်လိုက်တာ။ ခုလောက်
ကားမှတ်တိုင်ကိုရောက်နေလော
ရောပေါ့။ ကြုံရကာနဲ့ သူ

www.burmeseclassic.com



လိုက်သွားတော့မှာ။

ယောမင်းကြီးလမ်းကို သွားမယ်ဆိုတာ အလကား။ ပါးစပ်ထဲ တွေ့ရာလျှောက်ပြောတာ။ ကျုပ် သိတယ်။ ကျုပ် သိပ်ရယ်ချင်တယ်။ ကျုပ်အိတ်ထဲမှာ ငါးဆယ်တန်၊ နှစ်ရာတန် အထပ်လိုက်က စုစုပေါင်းမှ နှစ်ထောင်ကျော်ကျော်လောက်ရှိတာ။ ပါသွားပြီ။ ဦးချစ်မောင်လိုလူမျိုးက တစ်ရာမှာတစ်ယောက်ရှိတာ။ အဲဒီတစ်ရာထဲက တစ်ယောက်က ကျုပ်မပါဘူးဆိုတာ သေချာတယ်။

ကျုပ်အိတ်ထဲက ငွေနှစ်ထောင်လောက် ပါသွားတာဆိုတော့ သိရဲ့သားနဲ့ ကျုပ်ဘာဖြစ်လို့ ခံလိုက်ရတာလဲ။ ကျုပ် ဒီအလုပ်ကို ဘယ်တော့မှမလုပ်ပါဘူးလို့ ဆုံးဖြတ်ထားပြီးသား။ ဒါပေမဲ့ မခံချင်လွန်းလို့ပါ။ ကျုပ်လိုလူမျိုးကို ခါးပိုက်လာနှိုက်သွားတာ အဲဒီကောင်ညံ့လို့။

ဒီကောင်က အပေါ်လိုင်းသမား။ ဝါမရင့်သေးဘူး။ လုပ်တာ မသေသပ်ဘူး။ ကျုပ်က ထောင်က ထွက်လာတာ နှစ်လလောက်ပဲရှိသေးတာ။ အမှုက ခါး။ ခါးပိုက်နှိုက်မှုပေါ့။

ထောင်ကထွက်လာပြီး ကတည်းက နောက် ဘယ်တော့မှ မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား။ ကောင်းကောင်းမွန်မွန် ရှာဖွေစားသောက်တော့မယ်လို့ စဉ်းစားထားပြီးသား။

ကျုပ်က ဦးချစ်မောင်မဟုတ်တော့ ဒီတစ်ခါတည်းပါ။ မခံချင်လွန်းလို့ပါ။ နောက် ဘယ်တော့မှ မလုပ်တော့ပါဘူးလို့ ကတိပေးပါတယ်။

ကျုပ်ဆီမှာ သူ့ဆီက နှိုက်ယူထားလိုက်တဲ့ ခါးကြားထိုးတဲ့ သားရေပိုက်ဆံအိတ်ကလေး။ အထဲမှာ တစ်ထောင်တန်တွေ အထပ်လိုက်ဗျာ။

♛♛♛♛♛

လောကကြီးက ရယ်စရာပါ။ ကြုံရဆုံရတာတွေများသလို သင်ခန်းစာယူစရာတွေကလည်း များလှပါရဲ့။ အခုတင်ပြမယ့်အကြောင်းအရာက လောကကြီးထဲမှာ ကြုံရဆုံရတဲ့ ဒုတိယဇာတ်လမ်းတစ်ပုဒ်လို့ ဆိုပါတော့ဗျာ။ အဖြစ်က ဒီလိုပါ။

♛♛♛♛♛

“ကားပိုင်ရှင် ဦးစိန်ဝင်းမော်က ဒီဇီဒီစက်ဟော့”

“သဘော်သားကြီး ဦးလှဦးက ထမင်းပေါင်းအိုးဟော့”



**ယောမင်းကြီးလမ်းကို**
**သွားမယ်ဆိုတာ**
**အလကား။**
**ပါးစပ်ထဲတွေ့ရာလျှောက်ပြောတာ။**
**ကျုပ် သိတယ်။**
**ကျုပ် သိပ်ရယ်ချင်တယ်။**
**ကျုပ်အိတ်ထဲမှာ**
**ငါးဆယ်တန်၊ နှစ်ရာတန်**
**အထပ်လိုက်က**
**စုစုပေါင်းမှ**
**နှစ်ထောင်ကျော်ကျော်လောက်ရှိတာ။**
**ပါသွားပြီ။**
**ဦးချစ်မောင်လိုလူမျိုးက.......**



www.burmeseclassic.com

"ဟာ.....ဒီမှာက ဓာတ်ဘူး တစ်လုံး၊ ဒါပေမဲ့ ဓာတ်ဘူးက အဟောင်းကြီးပါလား၊ အစင်းတွေ၊ အရာတွေနဲ့"

တစ်ယောက်တစ်လှည့် ကိုင်ကြည့်နေကြသောကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။ မင်္ဂလာဆောင်လက်ဖွဲ့တယ်ဆိုတာ အသစ်အဆန်းကို အမြတ်တနိုးနဲ့ လက်ဖွဲ့ကြတာပဲ ကြားပါတယ်။ ပစ္စည်းအဟောင်းကို လက်ဖွဲ့တာတော့ ကျွန်တော်လည်း လက်မဖွဲ့ဖူးပါ။ ကြုံလည်းမကြုံဖူးပါ။ အဲဒါကြောင့်မို့ ဓာတ်ဘူးကို ယူကြည့်လိုက်တော့.....

ဟုတ်တယ်။ ဓာတ်ဘူးက အဟောင်းကြီးပါ။ ဘူးအပေါ်မှာ အစင်းရာတွေ၊ အခြစ်ရာတွေတောင် ပါသေးတယ်။

"သားရေ...ဒါဘယ်သူလက်ဖွဲ့တာလဲ"

ကလေးတစ်ယောက်က ပါကင်ထုပ်ထားသော စာရွက်ပေါ်က လက်ဖွဲ့သူအမည်ရေးထားသော စာရွက်ကိုယူပေး၍ ဖတ်ကြည့်လိုက်တော့ ကျွန်တော် အံ့သြသွားသည်။ လက်ဖွဲ့ပိုင်ရှင်က ကျွန်တော့်မိတ်ဆွေ စာရေးဆရာတစ်ယောက်ဖြစ်နေသည်။ ကျွန်တော်နှင့် အင်မတန်ခင်မင်ရင်းနှီးသည်။ ဘာကြောင့် ဓာတ်ဘူးဟောင်းကြီးကို လက်ဖွဲ့ရသလဲ မစဉ်းစားတတ်။

ရင်ထဲမှာတော့ တအံ့တွေးတွေးနှင့်။ မိတ်ဆွေစာရေးဆရာနှင့် ခဏခဏဆုံတိုင်း ဓာတ်ဘူးဟောင်းကြီးကို သတိရနေသည်။

သုံးလေးလလောက်ကြာတော့ မိတ်ဆွေစာရေးဆရာနှင့် ဆိုင်တစ်ခုမှာဆုံကြရင်း သားသမီးအကြောင်း စကားရောက်သွားတော့ ကျွန်တော့်သားရဲ့ မင်္ဂလာဆောင်ကိစ္စကို ပြောဖြစ်သွားသည်။ မင်္ဂလာဆောင်ကုန်ကျစရိတ်နှင့် ရတဲ့လက်ဖွဲ့ငွေ၊ ပစ္စည်း ကာမိရဲ့လား၊ အဆင်ပြေရဲ့လားပြောကြရင်း သူက.....



"သူငယ်ချင်း ငါကတော့ဘာ ရယ်မဟုတ်ပါဘူးကွာ၊ လက်ဖွဲ့ဖို့ စဉ်းစားပြီး စတိုးဆိုင်တစ်ခုကို ရောက်သွားတော့ ဒီဇိုင်းအသစ်အဆန်းနဲ့ ဓာတ်ဘူးနီနီရဲရဲလေးတစ်လုံး မျက်စိထဲမှာ သွားတွေ့တယ်၊ အဲဒါလေးကို ကြိုက်ပြီး ဆိုင်မှာတစ်ခါတည်း ပါကင်လုပ်ခိုင်းလိုက်တာပဲ၊ လေးထောင်ကျော်တယ်"

"ဘာ....ဓာတ်ဘူးက နီနီရဲရဲလေး ဟုတ်လား"

"ဟုတ်တယ်လေ၊ ငါက နီနီရဲရဲဆို သိပ်ကြိုက်တာ၊ မင်းရဲ့သားက အနီရောင်မကြိုက်လို့လား"

"မဟုတ်ဘူးကွ၊ တစ်ခုခုတော့လွဲနေပြီ၊ မင်းလက်ဖွဲ့တာက အနီရဲရဲနော်၊ တို့ဖောက်ကြည့်လိုက်တော့ အပြာရောင်ဓာတ်ဘူး၊ နောက် အသစ်မဟုတ်ဘူး၊ အဟောင်းကြီး၊ ဟောင်းတာမှ ဘူးပေါ်မှာ အစင်းတွေရော၊ အခြစ်ရာတွေရော ပါလိုက်သေး"

"ဟေ...ဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ ငါလက်ဖွဲ့တာက ငါ့အကြိုက် အရောင်ရဲရဲလေး၊ နောက်ပြီး အသစ်ပါ၊ ကိုယ့်သူငယ်ချင်းကို အခုလိုဟာမျိုး ဘယ်လက်ဖွဲ့ပါ့မလဲ၊ စိတ်တောင်မကောင်းဘူး၊ အခု မင်းပြောမှ ငါသိရတာ"

"အေး.....ငါလည်း အားနာ



www.burmeseclassic.com

www.burmeseclassic.com



ို့ မပြောတာ၊ ဒါပေမဲ့ ဒီလိုတော့ ဖြစ်သင့်ဘူးလို့ ငါလည်းထင်တယ်၊ ခုတော့ ငါလည်း သဘောပေါက်သွားပြီ၊ မင်းအဖြစ်က ဒီလိုကွ"

"ဘယ်လိုလဲကွ၊ ပြောပါဦး"

"ပြီးခဲ့တဲ့အပတ်က ငါ့သမီးအကြီးက ပါကင်ပေပါနဲ့ ထုပ်ထားတဲ့ အထုပ်ကလေးတစ်ခုအိမ်ကို ယူလာတယ်၊ ငါက ဘာလုပ်ဖို့လဲ မေးတော့ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာဆောင်အတွက် လက်ဖွဲ့ဖို့တဲ့၊ အထဲက ဘာလဲဆိုတော့ ခွက်ဘူးတဲ့၊ ဒါပေမဲ့သူက အိမ်ရောက်တာနဲ့ ပါကင်ကိုဖောက်နေတယ်၊ ငါက သမီးကို ဘာဖြစ်လို့ ဖောက်နေတာလဲ၊ လုပ်ထားတာက လှလှကလေး၊ တော်ကြာ ပြန်ပိတ်တော့ မကျဘူးဖြစ်နေ မှာပေါ့ဆိုတော့ သူက သူ့စိတ်ထဲမှာ မသင်္ကာလို့တဲ့ မသင်္ကာရတဲ့ အကြောင်းရင်းက ဆိုင်မှာ စိတ်ကြိုက်တွေ့တဲ့ ခွက်ဘူးကိုရွေးပြီး ပါကင်လုပ်ခိုင်းတယ်၊ လုပ်ခိုင်းပြီး တစ်နေရာက သူစိတ်ဝင်စားတဲ့ ပစ္စည်းတွေကို လျှောက်ကြည့်နေတယ်၊ ပြန်လာတော့ ပါကင်လုပ်ပြီးသား အဆင်သင့်ပဲ၊ ဒါပေမဲ့ အဲဒီဆိုင်ကလူတွေရဲ့ အမူအရာတွေ၊ အကြည့်တွေက မသင်္ကာစရာဖြစ်



နေလို့ အိမ်ရောက်မှ ဖောက်ကြည့်တာတဲ့၊ ဖောက်ကြည့်တော့သူ ရွေး ထားတဲ့ခွက်ဘူးမဟုတ်ဘူး၊ တခြားခွက်ဘူးတစ်လုံးဖြစ်နေတဲ့ အပြင် အဲဒီခွက်ဘူးက တစ်ခုခုနဲ့ထိမိ တိုက်မိထားတဲ့ ပိန်ချိုင့်နေတဲ့အရာကြီးလည်း ပါသေးတယ်၊ သဘောကတော့ ရောင်းလို့မရတဲ့ ခွက်ဘူးအပိန်ကြီးကို ကာယကံရှင် မသိအောင် လဲထည့်ပေးလိုက်တာပဲ၊ အိမ်သုံးမှာ မဟုတ်ဘဲ မင်္ဂလာဆောင် လက်ဖွဲ့မှာဆိုတော့ ဖွင့်မကြည့်တာ သေချာပြီဆိုပြီး လဲထည့်ပေးလိုက်တာ၊ သမီးက ဆိုင်ကို သွား ပြန်ပြောတော့ မှားသွားလို့ပါတဲ့၊ မင်းအဖြစ်က အဲဒီအတိုင်းပဲ၊ ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ နောက်အဲဒါမျိုးတွေ ကြုံဖူးရင် သတိထားတာ အကောင်းဆုံးပဲ၊ ငါတောင် သမီးဆီက လက်တွေ့ကြုံမှ သိရတာ"

"ဒီအဖြစ်မျိုး မသိရင် သတို့သားနဲ့ သတို့သမီးကတော့ လက်ဖွဲ့သူကို တစ်မျိုးထင်မှာပဲ၊ မင်းတောင် ငါ့ကို အဲဒီလိုထင်နေတာ မဟုတ်လား"

"အဲဒီတော့ ဟိုစာရေးဆရာတစ်ယောက်ရေးတဲ့ ခေါင်းစဉ်လို ကြုံဖူးတဲ့အဖြစ်တွေရယ်ပေါ့ကွာ"

**နီကြည်ကို**



www.burmeseclassic.com

www.burmeseclassic.com

# ဒွေးမယ်နော် ပန်း

မျက်ရည်



သေချာတာကတော့
အဲဒီမမ က အရမ်းလှတယ်။
ဆံပင်ဆိုရင် အရှည်ကြီးပဲ။
ရုပ်ရည်ကလည်း
ဝိုင်းစက်ပြီတယ်။ အရပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com






ပန်းမျက်ရည်

ဒွေးမယ်နော်

ပန်းတို့အိမ်နဲ့တစ်လမ်းတည်း နေတဲ့ မမက ၁၀တန်းလည်း အောင်ပြီးပြီ။ ဖြစ်ချင်တော့ အဲဒီ မမရဲ့အမေက ဆုံးသွား တယ်။ ဒါနဲ့ပဲ ကျောင်းဆက် မတက်ဘဲနဲ့ စက်ချုပ် သင် တန်းတက်မယ်တဲ့။ ဒီနေရာ မှာ မတက်ချင်ဘူးတဲ့။ မြို့ပေါ်ကိုသွားပြီး သင် မယ်တဲ့။ မြို့ကြီးပြကြီးဆို တော့ ပန်းတို့နေတဲ့နေရာ ကနေ ရန်ကုန်မြို့ပေါ်သွား ရင် ကားက လေးနာရီစီးရ တယ်။

ပန်းတို့က ကလေးတွေ ဆိုတော့ ရန်ကုန်ကို အခွေ ကြည့်မှမြင်ရတယ်။ ဗွီဒီယို ရုံကနေ ကြော်ငြာတယ်။ ဒီနေ့ပြသ တဲ့ ချစ်လူမိုက်ကားက ရန်ကုန်ရွှေ မြို့တော်ကြီးမှာ ရိုက်ကူးထားတာ ဖြစ်ပါတယ်တဲ့။ ဒီလိုကြားလိုက်ရ ကတည်းက ဒီကားကို ကြည့်ချင် နေကြပြီလေ။

ပန်းတို့က ဆင်းရဲတော့



မနက်ရောက်ရင် ပဲနွတ်ချိန်ဆိုရင် ပဲနွတ်၊ ပဲနွတ်ချိန်မဟုတ်ရင် သူများ အိမ်တွေမှာ အဝတ်လျှော်ပေါ့။ မဟုတ်ရင် ရေခဲချောင်းလိုက် ရောင်းပေါ့။ အခုဆိုရင် ဈေးရောင်း ပေါ့။ ဆီးသီးသုပ်နဲ့ မြေပဲပြုတ် ရောင်းတယ်။ စားကြဦးမလား။ ဟဲ....ဟဲ နောက်တာနော်။ ယောင် သွားလို့။ ပန်းတို့က ရရာအလုပ်ကို လုပ်ကိုင်ပေ မယ့် အဲဒီမမက ရန်ကုန်မှာ စက်ချုပ်သင်တန်းတက်ဖို့ ကို တာစူနေတယ်။

ပန်းကိုတောင် ပြောလိုက် သေးတယ်။ ရန်ကုန်မှာက အကုန် အလန်းတဲ့။ ငါလည်း ရန်ကုန်ရောက်ရင် အလန်း နေမယ်တဲ့။ ရုပ်ရှင်ကြည့် မယ်တဲ့၊ ဟက်ပီးဝေါ်သွား မယ်တဲ့၊ ရှော့ပင်းထွက်မယ်တဲ့။ ပန်းက ဘာမှမသိတော့ ပန်း ကို ကြွားနေတာပေါ့။ ပြီးတော့ ပြောသေးတယ်။ ငါက ရန်ကုန်သူ

www.burmeseclassic.com



ဖြစ်ချင်တယ်တဲ့။ ဒီစကားက တော့ ဘာလဲတော့ ပန်းမသိဘူး။


သေချာတာကတော့ အဲဒီမမ က အရမ်းလှတယ်။ ဆံပင်ဆိုရင် အရှည်ကြီးပဲ။ ရုပ်ရည်ကလည်း ...စုကိုမီတယ်။ အရပ်ကလည်း သကမွန်မြင့်နီးနီးပေါ့။ တော်တော် ကိုလှပါတယ်။ ရပ်ကွက်ထဲမှာဆို ရင် အဲဒီမမ အလှဆုံး။ ပန်းတို့က မြို့ပေါ်ရပ်ကွက်မှာ နေတာမဟုတ် တော့ ပန်းတို့အပိုင်းကနေသွားမှ မြို့ထဲရောက်တယ်။ မြို့ထဲက ဂုဏ် ရှိသူတွေကတောင် သူ့ကိုလက်ခံ ခဲ့တယ်။

ဒီနေ့တော့ သူတကယ်သွား ပြီ။ ပန်းကိုကားဂိတ်လိုက်ပို့တဲ့။ သူ့ အထုပ်ကိုရွက်ပြီး ကားဂိတ်လိုက်ပို့ တော့ မမက မုန့်ဖိုးပေးခဲ့တယ်။ ငါပြန်လာ ရင်လည်း မုန့်ဖိုးပေး မယ်တဲ့။ ပန်းထွက် လာတော့ အဲဒီမမ အဖေနဲ့တိုးတယ်။ ဦးသာထူးတဲ့။ ပန်းကို တောင် မေးလိုက်သေး တယ်။ ရန်ကုန်မမ သွားပြီပေါ့ ဟုတ်လားတဲ့။ ပန်းက အံ့သြနေတာပေါ့။ သားအဖတွေဖြစ်ပြီးတော့ ဘယ်လို စကား ပြောတာလဲပေါ့။ ပန်းလည်း ကိုယ့်အလုပ် ကိုယ်လုပ်ရင်းနဲ့ နွေတစ်နွေ ကုန်သွားခဲ့ပါတယ်။

♛♛♛♛♛

နောက် မမပြန်ရောက်လာ တယ်။ ရောက်ရောက်ချင်း ပန်းကို ကြည့်ပြီး ရေသွားချိုးတဲ့။ ပြီးရင် အိမ်ကိုလာလည်ဦးတဲ့။ ပန်းရင်ထဲ မှာတော့ ဩော်...ဘဝင်မြင့်ချင်နေ ပြီလား မမရယ်။ ဆံပင်ရှည်ကြီးကို လည်း တစ်ဝက်ဖြတ်ပြီး ဖြောင့်ခဲ့ တယ်။ မျက်နှာကလည်း သနပ်ခါး ပါးကွက်ကြား ပျောက်လုလုပေါ့။ ထဘီအစား စကတ်တို၊ ရင်ဖုံး အကျီအစား ဘလောက်ပွပွအကျီ နဲ့ပေါ့။

ပန်းက အလုပ်အားလုံးလုပ် ပြီးမှ ရေချိုးပြီး အဲဒီမမအိမ်ကိုသွား တော့ အဲဒီမမက ဟိန်းဝေယံနဲ့တွေ့ ခဲ့တယ်၊ နေတိုးနဲ့လည်း ခင်ခဲ့ တယ်၊ စိုင်းစိုင်းနဲ့တောင် မုန့်အတူ စားခဲ့ သေးတယ်တဲ့။ ပန်းလည်း ပါးစပ်အဟောင်းသားနဲ့ပေါ့။ ဟုတ် မဟုတ်တော့ မသိဘူး။ ပြောတာက တော့ အစုံပဲ။ မမ တော်တော်လှ လာတယ်။



မမက သူ သနပ်ခါးမလူးချင် တော့ဘူးတဲ့။ ရန်ကုန်က သူ့ သူငယ်ချင်းတွေက သနပ် ခါးမ လူးဘူးတဲ့။ ပန်း အတွက်လက်ဆောင် တွေ ပေးတယ်။ နှုတ်ခမ်းနီ၊ လက် သည်းနီ တွေ ပန်း ဒါတွေ မလုပ်တတ်ပါ ဘူး။ ပေးတော့ လည်း ယူ ထားလိုက်တာ ပေါ့။ နောက်နေ့ ရက်လောက်နေရင် ကားဂိတ်ကို လိုက် ပို့ဦးတဲ့။ ပန်းပြန် လာတော့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီမမ စက်ချုပ်သင်တန်း သွားတက်တာကလည်း စက် အကြောင်းလည်း မပြောဘူးပေါ့။ န်းလည်း ကိုယ့်အလုပ်နဲ့ ကိုယ်မို့ မေ့သွားခဲ့တယ်။

အဲဒီမမလည်း ပြန်ရောက် တော့ အဲဒီမမရဲ့အဖေ ဖုန်းမဲပေါက် တယ်။ အဲဒါကို လူကြုံနဲ့တောင်း ခိုင်းတယ်တဲ့။ ပိုက်ဆံတွေလည်း တောင်းတယ်တဲ့။ မမအဖေလည်း ရှိတာတွေ ပို့ရလွန်းလို့ ကုန် သလောက်ရှိတဲ့အချိန်မှာတော့ မမ ကို လှမ်းခေါ်တယ်တဲ့။ မမက သူ မအားဘူးတဲ့။ ဦးလေးရဲ့ နောက်ဆုံး အချိန်မှ မမရောက်လာတယ်။

အလာကောင်းပေမယ့်လည်း သေကံရောက်တဲ့ဦးလေးက ဆုံး သွားခဲ့ပြီ။ မမနဲ့အတူ လူကြီးတစ် ယောက် ပါလာတယ်။ သူကလည်း အသက်သာကြီးတာ။ ဘောင်းဘီ တိုနဲ့။ မမကလည်း အရင်တုန်းက ထက် ပိုဆိုးခဲ့ပြီ။

ဆံပင်တွေအရောင်ဆိုး၊ ဆံ ထ်က ပိုပြီးတော့တောင် တိုနေပြီ။ ကတ်အရှည်အစား စကတ်အတို နဲ့။ ဦးလေးရဲ့နာရေးမှာ ငိုနေတာ တောင် လှပအောင် ခြယ်သပုံများ င်းသမီးရှုံးတယ်။

ပန်းကိုတွေ့တော့ မမက နှင့် ကိုကြည့်လိုက်ရင် အမြဲတမ်း ညစ် နေတာပဲတဲ့။ ပန်းရင်ထဲမှာတော့ မမ လူပေါင်းမှားနေပြီလားလို့ တွေး မိတယ်။ ဒါပေမဲ့လည်း မမက ပျော် နေပုံပါပဲ။ ပန်းတို့အားလုံး ကူညီ မှုကြောင့် အားလုံးပြီးစီးသွားတော့ မမက အားလုံးကို ကျေးဇူးပဲတဲ့ ဒါပေမဲ့ မြန်မာလိုပြောတာမဟုတ် ဘူး။ Thank you တဲ့။

ပန်းရင်ထဲမှာတော့ ရန်ကုန်သူ တွေက အင်္ဂလိပ်လိုပဲပြောတာလာ လို့ တွေးမိသေးတယ်။ မမက ၆ တစ်ခါတော့ ပန်းကိုလက်ဆောင် မပေးသလို လိုက်ပို့ဦးလို့လည် မပြောတော့ဘူး။ ပါလာတဲ့ လူကြီး နဲ့ ပျော်လိုက်၊ ဘုရားအစုံဖူးလိုက် နဲ့။

ပန်းကတော့ မိသားစုကိုရှာ ဖွေကျွေးရင်း ပရဟိတလုပ်ငန်းတွေ ထဲ ဝင်ပါနေပြီ။ မမကတော့ အဖေ ဆုံးတာတောင် ဝမ်းနည်းမှုမရှိပုံများ အလှပြင်တောင်မပျက်ဘူး။

♛♛♛♛♛

ရပ်ကွက်ထဲမှာလည်း ပြော နေကြပြီ။ ပန်းတို့အလုပ်တွေက လက်လှုပ်ရုံမက ခြေထောက်တွေ တောင့်တင်းတဲ့အထိ၊ နောက်ဆုံး သွေးထွက်သံယိုတဲ့ထိကို လှုပ်ရှား မှ ပိုက်ဆံရတာလေ။ မမကျတော့ ပန်းတို့လိုမဟုတ်ဘူး။ လှပကြော့ ရှင်းလို့



အခုဆိုရင် မမတစ်ယောက် ပြုံးပျော်လို့၊ ရယ်မောလို့မဆုံးပေါ့။ ပန်းအတွေးထဲမှာတော့ မမ သေ တစ်ပန် သက်တစ်ဆုံး ပြုံးပျော်နိုင် ပါစေ မမရယ်လို့ ဆုတောင်းပေး နေမိတယ်။

တစ်နေ့မှာတော့ လှပြီးရင်းလှ တဲ့ မမတစ်ယောက် ပန်းတို့တွေ နေတဲ့မြို့ကို ပြန်ရောက်လာတယ်။ ပန်းက အိမ်တစ်အိမ်ရဲ့ရှေ့မှာ ထိုး သုတ်ပေးနေတယ်။ ပန်းကိုခေါ် လိုက်တော့ ပန်း ဟာခနဲဖြစ်သွား တယ်။ မမရဲ့အသွင်က လှပြီးသား ထက် ပိုလှချင်နေတာနဲ့တူတယ်။ ပန်းကြည့်လိုက်တော့ စကတ်နေရာ မှာ ဘောင်းဘီနဲ့။ အပေါ်အင်္ကျီက

www.burmeseclassic.com

လည်း တိုလိုက်တာမှ ချက်ပေါ်တော့မယ်။ ပန်းအလုပ်တွေလုပ်နေတာ ရေမသောက်လည်းရတယ်။ ပင်ပန်းချင်သလောက်ပင်ပန်း။ အခုတော့ ချွေးတွေရွှဲရွှဲစိုနေတဲ့ကြားက ...ကိုမြင်ပြီး အာတွေခြောက်လို့ ရေတွေငတ်လာတယ်။

မမက ဘာကြည့်နေတာလဲတဲ့။ ပန်းမှာ ပြန်ပြောဖို့ စကားမရှိဘူး။ ပန်းရင်ထဲမှာတော့ ရင်မောစွာနဲ့ မျက်ဝန်းမှာ မျက်ရည်တွေလား၊ ချွေးတွေလား ဖြစ်သွားခဲ့တယ်။

ဒါကိုမမက ဥပေက္ခာပြုပြီး ပန်းရေ ညနေလာခဲ့ဦးလို့ပြောပြီး ထွက်သွားလိုက်တာ ဆံပင်တိုက ဝဲပြီးကျန်ခဲ့တယ်။ ဒီလောက်ဆံပင်ကောင်းတဲ့မမ။ အခုတော့ ပန်းလောက်တောင် မရှည်တော့ဘူး။ ပန်းစိတ်ထဲမှာတော့ ဟိုတစ်ခါတုန်းကတော့ ဟိုလူကြီးပါလာတော့ ပန်းကို အရေးတောင်မလုပ်ဘူးလို့ တွေးနေမိတယ်။

ခုတော့ ပန်းကမှ သံယောဇဉ်မပြတ်တာပဲ၊ သွားရဦးမှာပေါ့။ ပန်းညနေ ၆ နာရီလောက်မှာ အလုပ်ပြီးတော့ ည ၈ နာရီလောက် မမတို့အိမ်ကို သွားလိုက်တယ်။ မမကဖုန်းပြောနေတယ်။ အိမ်တစ်အိမ်လုံးလည်း ဖုန်တွေပြည့်လို့။ ပန်းက မနေနိုင်တာနဲ့ ဖုန်ရှင်းပေါ့။



အားလုံးပြီးတဲ့အထိ မမ... ဖုန်းပြောလို့ မပြီးသေးဘူး။ ပ... လည်း အိပ်ချင်တာနဲ့ မမကို ... ဟန်လက်ဟန်နဲ့ ပြန်မယ်လို့ပြေ... တော့ မမက လက်ကိုလာ... တယ်။ မသွားနဲ့ဦးတဲ့။ မမ... လမ်းလျှောက် ရင်း ဖုန်းပြောတ... တော်တော်လှတာပဲ။ ချစ်စ... လေး။ ဘောင်းဘီကလည်း ပေါ... တစ်ဝက်လောက်ပဲ ရှိတော့တယ်... အသားကလည်းဖြူတော့ ခြေ... လေးတွေက ချစ်စရာ တော်တော်... ကောင်းတာပဲ။

ပန်း အိပ်ငိုက်လာတာနဲ့ မ... ကိုမပြောဘဲ အိမ်ပြန်လာခဲ့တယ်... ပန်းအိမ်ရောက်တော့ အိပ်ပျော်သွ... တော့တယ်။

မနက်လင်းတော့ လင်ဗန်း... ယူပြီး ဈေးကိုဦးတည်ခဲ့တယ်။ ... အချိန်က ဖရဲသီးရောင်းလို့ရပြီ... ဗန်းထဲကို ဖရဲသီးစိတ်အပြည့်ထ... ပြီး လိုက်ရောင်းနေခဲ့တယ်။ ဖရဲ... နှစ်စိတ်လောက်ကျန်တဲ့အချိန်မှ... ကလေးတစ်ယောက်ကို ဆိုင်က... တိုက်တော့ ပန်းရှေ့မှာပဲဆိုတော... ပန်းပဲကူညီပြီး ဆေးရုံပို့ပေးခဲ့တယ်... သွေးလိုတယ်ဆိုလို့ ပန်း သွေးလှ... ခဲ့တယ်။

ညနေ အိမ်ပြန်ရောက်တော့... တောင် ပန်းအမေက [illegible]နေသေး... တယ်။ ဒီနေ့ ပိုက်[illegible]ရတာ နည်း...



www.burmeseclassic.com

www.burmeseclassic.com

လို့တဲ့။ ပန်းကတော့ ပျော်တယ်။ ပန်းက ပရဟိတအလုပ်ကို နှစ်သက်တယ်လေ။

♛♛♛♛♛

ညနေ ၄ နာရီအချိန်.....

ပန်း အိမ်မှာ နှစ်နာရီပဲ နေရသေးတယ်။ မမက အိမ်ကိုလာပြီး ပန်းကိုလိုက်ခေါ်တယ်။ အိမ်မှာက အစ်ကိုကြီးသူငယ်ချင်း သုံးယောက်ရှိတယ်။ အဖေ့ဦးလေးငယ်ရဲ့သား ပန်းမောင်လေးနဲ့ သူတို့ရွယ်တူ သုံးယောက်ရှိတယ်။ ဒီလောက်လူတွေအများကြီးကြားထဲမှာ မမအင်္ကျီက စွပ်ကျယ်သာသာလေး။ ဘောင်းဘီက တိုတိုကပ်ကပ်လေး။ ပန်းတူလေးဘောင်းဘီလောက်ပဲရှိမယ်။

ပန်း စိတ်ညစ်သွားတာပဲ။ အဖေက ပန်းကို နင့်မမနဲ့ မြန်မြန်လိုက်သွားတဲ့။ အဖေက ပန်းကို အချစ်ဆုံး။ ဘာလို့လဲဆိုတော့ ပန်းက ဒီနေ့အထိ အဖေ အဝေးတစ်နေရာကို ပန်းမသိဘဲထွက်သွားရင် ပန်း ဖျားတော့တာပဲ။ ဒီလောက်ထိ ပန်းကို ဂရုစိုက်တဲ့အဖေ။

ပန်းကို တစ်ခါမှ စကား အကျယ်ကြီး မပြောဘူးတဲ့အဖေက မမကိုလည်းတွေ့ရော ပန်းကိုထ အော်တာ။ ပန်း ကြောက်တောင် ကြောက်လာတယ်။ အဖေ့ကို ဘာမှပြန်မပြောတော့ဘဲနဲ့ မမ လာဆိုပြီး ခြံထဲကို ဒုန်းစိုင်းထွက်ခဲ့ရတယ်။ မမတို့အိမ်ရောက်တော့ မမက.....

"နင့်အဖေက ဘာလို့ ငါလာမှ နင့်ကိုပြောတာလဲ"

အဲဒီလိုမေးတော့ ပန်းကတော့ သိတဲ့အတိုင်းပဲပေါ့။

"အဖေ အလုပ်အဆင်မပြေတိုင်း ဒီလိုပါပဲ"

အဲဒီလိုကြည့်ကောင်းအောင် ပြောပေမယ့် မမက ငါ့ပုံစံကြောင့်လားမသိဘူးတဲ့။ ပန်းစိတ်ထဲမှာတော့ ဟုတ်တယ်လို့ပြောပေမယ့် ပါးစပ်ကတော့.....

"မဟုတ်ပါဘူး မမရယ်၊ မမလှတာပဲ၊ လှလား၊ မလှလားဆိုရင် မမနာမည် မယ်လှကနေ မမဖြစ်နေပြီ"

မမက ဒီ့ထက်ပိုလှချင်တယ်တဲ့။ ဩော်.....လှတဲ့သူတွေများ ပိုလှချင်ကြတယ်နော်။ မမက ဒီမှာ ပန်းအတွက်လက်ဆောင်တဲ့။ ပန်းကြည့်လိုက်တော့ ဂါဝန်တိုတိုလေး။ ဒီမှာ နောက်တစ်ထည်ဆိုပြီးပေးလို့ ကြည့်လိုက်တော့ စကတ်က ပေါင်ထိပ်ရောက်တော့မယ်။

"မမ ပန်း မယူဘူး၊ မမဟာတွေက ကြည့်ရဆိုးတယ်"

အဲဒီလိုပြောလိုက်တာကို.....

"ပန်းက ရန်ကုန်မှမရောက်ဘူးတာပဲ၊ ပန်းတို့အရွယ်လေးတွေ ဒါလေးတွေဝတ်ရင် ချစ်စရာလေး ပန်းရဲ့၊ ဝတ်ပါလား"

"မဝတ်တော့ပါဘူး မမ၊ မမ အခုပြန်လာတာ ဦးလေးအတွက် အလှူလုပ်ဖို့လားဟင်"

အဲဒီလိုမေးတော့.....

"မဟုတ်ဘူး ပန်းရဲ့၊ ဒီအိမ်နဲ့ခြံကို ရောင်းမလို့"

ပန်းရင်ထဲမှာ အလုံးကြီးထလာတယ်။ ပန်းထင်တာတွေ တခွစီပေါ့နော်။

ပန်းကို တစ်ခါမှ
စကား အကျယ်ကြီး
မပြောဘူးတဲ့အဖေက
မမကိုလည်းတွေ့ရော
ပန်းကိုထ အော်တာ။
ပန်း ကြောက်တောင်
ကြောက်လာတယ်။
အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



"မမရယ် မရောင်းပါနဲ့လား၊ မမ ရန်ကုန်မှာ အလုပ်လုပ်တာလည်း ပိုက်ဆံရနေတာပဲ မမရယ်"

"ပန်းမသိပါဘူး"

မမက ရန်ကုန်သူလုပ်မှာတဲ့။ မမက ဒီနေ့ထိ ရန်ကုန်သူဖြစ်ချင်တုန်း။

"ဟဲ့.....ပန်း၊ နင်တို့မြို့က ကျဉ်းတယ်၊ ရန်ကုန်မြို့က တစ်နေ ကုန်ပတ်ရင်တောင် ကျန်သေးတယ်"

မမက ဒီတစ်ခါ ဒီကိုလာတာ နောက်ဆုံးပဲတဲ့။ နောက်ဘယ်တော့မှ မလာတော့ဘူးတဲ့။ ပန်းက ဘာဖြစ်လို့လဲမေးတော့ မမက ဒီနေရာမှာနေရင် မတိုးတက်ဘူးတဲ့။ ဒီအိမ်နဲ့ခြံကို ရောင်းပြီးရတဲ့ငွေနဲ့ ရန်ကုန်မှာ စူပါမားကတ်ဖွင့်မယ်တဲ့။ စူပါမားကတ်ဆိုတာ ဘာလဲတော့ ပန်းမသိဘူး။ သေချာတာကတော့ ပန်းအထင် မမ ဖြစ်မှာမမဟုတ်ဘူးဆိုတာပဲ။ မမ ဒီလောက်အလှတွေပြင်နေမှတော့ ဘာဖြစ်မှာလဲ။ ဒီလောက် မော်ဒယ်လ်ရှုံးအောင်လှနေမှတော့ ထပ်ဖြစ်စေဦးတော့။ မော်ဒယ်လ်ဂဲလ်ကလွဲပြီး ဘာဖြစ်မှာလဲ။ ရင်ထဲကစကားကို နှုတ်ကဖွင့်ဟမပြောရဲပါဘူး။ မမက ဒီအချိန်မှာ ရန်ကုန်သူကလွဲပြီး ဘာမှမဖြစ်ချင်တဲ့မမ။ ပြောလည်း နားဝင်မှာမှမဟုတ်တာ။ မမက ပန်းကို ကြည့်ပြီး.....

"ပန်း မမနဲ့လိုက်ခဲ့ပါလား၊ လခကောင်းကောင်းပေးမယ်လေ"

ပန်းက ပြန်ပြောလိုက်ပါတယ်။

"ပန်းမှာက မိသားစုရှိတယ်လေ။ ပြီးတော့ ပန်းက ပရဟိတလုပ်ချင်တယ်၊ ပန်းအသက်ရှင်နေတာ အားလုံးအတွက်ဖြစ်ရမယ် မမရဲ့"

"နင်နဲ့ငါက ခံယူချက်မှ မတူတာဘဲ"

ပန်းကို မမက ဗေဒင်တွက်ခဲ့တယ်။ နင့်လိုလူမျိုး ဘယ်တော့မှ မတိုးတက်ဘူးတဲ့။ ပန်းကတော့ ပန်း တစ်နေ့ ဖြစ်ချင်တဲ့ ပရဟိတအလုပ်နဲ့ အလုပ်ကောင်းကောင်းလေးတစ်ခုကို အခြေကျအောင်လုပ်မယ်ပေါ့။ ပန်းကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်တာတော့ မမလွန်တာပေါ့။ ပန်း သည်းခံလိုက်ပါတယ်။ မမက ပန်းကို.....

"ပန်းရေ ပြန်ချင်ပြန်တော့၊ ဖုန်းဆက်မလို့၊ နောက်နှစ်ရက်လောက်နေရင် လိုက်ပို့ဦး"

ပန်း ဘာကိုမှ ပြန်မပြောချင်တာနဲ့ ထွက်လာခဲ့တယ်။ မမပေးတဲ့ ဂါဝန်နဲ့စကတ်ကိုလည်း ထားခဲ့တယ်။

♛♛♛♛♛

တစ်နေ့ အဖေ့ညီဝမ်းကွဲ ရောက်လာတယ်။ ပန်းကို ဈေးဆိုင်ထိုင်ခိုင်းမလို့ လာခေါ်တာတဲ့။ ဈေးဆိုင်က မြို့ထဲမှာဆိုတော့ အိမ်မှာပြန်မအိပ်ရဘူးတဲ့။ ဦးလေးက မိုင်းရှူးသွားမှာမို့တဲ့။

အဖေရော အမေကပ် သဘောတူတယ်။ ဘာလို့လဲဆိုတော့ ဒီမှာက ရရာအလုပ်တွေလုပ်နေရလို့ပဲ။ ဒါဆို အခုလိုက်ခဲ့တဲ့။ အဖေက မနက်မှလာပို့မယ်လို့ ပြောတယ်။ ဒါကို ဦးလေးက လက်မခံဘူး။ ကိုကြီးတို့သုံးဖို့ ငွေယူထားလိုက်ဦးတဲ့။ ပြီးတော့ ပြောသေးတယ်။

"ပန်းကိုကျွန်တော်ခေါ်တာက ဆိုင်မှာလူလိုလို့မဟုတ်ဘူး၊ ဆိုင်မှာ စိတ်ချရမယ်ထင်လို့ထားမှာ၊ ပန်းအကြောင်းတွေကို ကျွန်တော် သေသေချာချာစုံစမ်းပြီးပြီ၊ စိတ်ဓာတ်ကို ကြိုက်တယ်၊ လူငယ်ဆိုတာ ဒီလိုဖြစ်နေရမှာပေါ့"

အဲဒီလိုပြောပြီး ဟိုနေ့က ဆိုင်ကယ်တိုက်တဲ့ ကလေးအကြောင်းတွေပါ ထည့်ပြောတော့ အမေနဲ့ အဖေကပါ အံ့သြနေတယ်။ အဲဒါတွေကြောင့်ပါတယ်ဆိုပေမယ့် ပန်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့စာရိတ္တကို ပိုကြိုက်လို့တဲ့။

အဖေလိုက်ပို့မယ်ဆိုတော့ အမေနဲ့တကွ အားလုံးကိုနှုတ်ဆက်ပြီး ဦးလေးအိမ်ကို အဲဒီညပဲလိုက်ခဲ့တော့တယ်။ မြို့ထဲလမ်းဆိုတော့ လူမပြတ်ဘူးပေါ့။ တိုက်က နှစ်ထပ်တိုက်။ အပေါ်ထပ်မှာ လူနေပြီး အောက်ထပ်မှာ စျေးရောင်းတယ်။

ပန်းရောက်တော့ အလုပ် သမားတွေတော့ မရှိတော့ဘူး။ ဦးလေး မိန်းမရယ်၊ ကလေးတွေရယ်ပဲရှိတယ်။ ဆိုင်တံခါးတောင် ပိတ်ပြီးနေပြီ။

ပန်းကို ဦးလေး မိန်းမကလည်း ကြည်ဖြူတယ်။ အပြုံးတွေနဲ့ဆိုတော့ ပန်းနေရတာ ပျော်တာပေါ့။

ကလေးနှစ်ယောက်ကလည်း ယောကျ်ားလေးတွေဆိုတော့ လွတ်လွတ်လပ်လပ်နဲ့ ပန်းတို့နေလာ လိုက်တာ လုပ်ရင်းကိုင်ရင်းနဲ့ နှစ်နှစ်ပြည့်သွားတယ်။ အချိန်တွေ မကြာလိုက်သလိုပဲ။

အရင်က စုတ်ပြတ်သတ်နေတဲ့ ပန်းက အခုဆိုရင် အသားတွေဖြူ ဆံပင်တွေရှည်၊ အရပ်တွေရှည်နဲ့။ လှလှပပဖြစ်လာတာ ပန်းကိုယ် ပန်း မသိဘူး။ တစ်နေ့မှာတော့ ပန်း မမျှော်လင့်ထားတဲ့ သတင်းကြားရတယ်။

အမေက ပန်းနေတဲ့အိမ်ကို လာရင် အကြော်အလှော်တွေလုပ်ပြီး ယူလာနေကျ။ ဒီနေ့ ပါမလာတော့ ပန်းက.....



"အမေ အကြော်အလှော်တွေ မပါလာပါလား"

အဲဒီလိုမေးတော့ အမေက...

"သမီးမသိဘူးလား"

လို့ ပြန်မေးတယ်။

ပန်းက ပန်းတို့နေတဲ့ရပ်ကွက်ကို မရောက်တော့တာ ကြာပြီလေ။

"ဘာဖြစ်လို့လဲအမေရဲ့"

အဲဒီလိုမေးတော့.....

"ပန်းကိုခင်တဲ့မမလေး ပြန်ရောက်လာပြီးဆုံးသွားလို့ ဒီနေ့ အသုဘချ တဲ့နေ့လေ"

"ဟာ.....ဟုတ်လား အမေ၊ သမီးသွားချင်လိုက်တာ"

အမေ့ကိုပူဆာပေမယ့် အမေက.....

"မသွားပါနဲ့ သမီးရယ်"

"ဘာဖြစ်လို့လဲ အမေ"

အဲဒီလိုမေးလိုက်တော့ မမ ရောဂါက ခုခံအားကျဆင်းမှုကူး စက်ရောဂါ (AIDS)တဲ့။ အဲဒါကြောင့် မီးရှို့မှာတဲ့။

ရန်ကုန်သူဖြစ်ချင်တဲ့ မမရဲ့ ဇာတ်လမ်းကတော့ အခုဇာတ်နာ ဖြစ်သွားပြီပေါ့နော်။ ဖြစ်ချင်ဦးဟဲ့ ရန်ကုန်သူ။ ပန်းငိုချင်ပေမယ့် မျက်ရည်တွေ မကျတော့ဘူး။ ဘာလို့ လဲဆိုတော့ မမနဲ့ပန်းမျက်ရည်မမျှတဘူးလေ။ ပန်းမျက်လုံးထဲ မှာတော့ မမမျက်နှာတွေ ပျံ့ဝဲလို့ ပေါ့။

**ဖွေးမယ်နော်**

[redacted]

www.burmeseclassic.com

ကောသိမိုးသူ

# ထိုသယ်နှစ်





www.burmeseclassic.com

www.burmeseclassic.com





ထိုဆယ်နှစ်

ကေသီမိုးသူ

“နည်းနည်းလေးမှ လှုပ်မယ် မကြံနဲ့နော်၊ လှုပ်မယ်ကြံလိုက်တာနဲ့ တစ်ခါတည်း ဖက်ပြုတ်သွားပြီလို့သာ မှတ်လိုက်ပေတော့”

မျက်နှာအောက်ပိုင်းတွင် အဝတ်နက်ဖြင့် စည်းထားကာ လက်ထဲမှ ဓားရှည်နှင့် ခြိမ်းခြောက်စကား ဆိုနေသော ကျူးကျော်ဝင်ရောက်လာသူကိုကြည့်၍ ဦးငွေလှိုင်မှာ တုတ်တုတ်မျှမလှုပ်ရဲပေ။ မျက်နှာပင် မဖော်ရဲဘဲ ဦးခေါင်းကို ငုံ့ထားနေရသည်။

သူတို့အားလုံး သုံးယောက်တိတိဖြစ်သည်။ သူတို့၏မျက်နှာကို အဝတ်နက်ကြီးများဖြင့် စည်းနှောင်ထားပြီး လက်ထဲတွင်လည်း ဓားရှည်များ ကိုယ်စီကိုင်ထားကြသည်။ နှစ်ယောက်က ဦးငွေလှိုင်၏ဘေးတွင်ရှိနေပြီး ကျန်တစ်ယောက်က ဇနီးဖြစ်သူ ဒေါ်မယ်ခ၏ဘေးတွင် ရှိနေသည်။

“ကဲ.....ဦးငွေလှိုင်၊ မနက်က အိမ်ရောင်းလို့ရထားတဲ့ ငွေတစ်သိန်းကို အသာတကြည် ထုတ်ပေးပေတော့”

ဦးငွေလှိုင်၏ လည်ကုပ်ပေါ်တွင် ဓားဝဲထားသောခေါင်းဆောင်ဖြစ်ဟန်တူသူက ဝဲလက်ကိုဖြန့်ကာ တောင်းခံနေသည်။



ဦးငွေလှိုင်သည် မျက်စိမျက်နှာ ပျက်သွားရာမှ တံတွေးတစ်ချက် မျိုချလိုက်ပြီးနောက် အထစ်ထစ်အငေါ့ငေါ့၊ တုန်တုန်ယင်ယင်ဖြင့်...

“ဘာ.....ဘာငွေလဲကွယ်၊ ကျုပ်တို့မှာ ဘာအရောင်းအဝယ်မှ မလုပ်ခဲ့လို့ ဘာငွေမှ လည်း မရှိပါဘူးကွယ်”

“တော်စမ်း အဘိုးကြီး၊ ဘာ ဖြစ်လို့ စကားအပိုတွေနဲ့ အချိန်ဖြုန်းချင်နေတာလဲ၊ ဘာလဲ အသက်အသေခံပြီးမှ အဲဒီငွေကို ထုတ်ပေး ချင်နေတာလား၊ ကျုပ်က စိတ်တိုတတ်တယ်နော်၊ လူသတ်ရမှာလည်း ဝန်မလေးဘူး၊ ဒါကြောင့် လူသတ်တဲ့လက်နက်ကို ကိုင်ထား ရဲတယ်ဆိုတာ သဘောပေါက်ထား



www.burmeseclassic.com

www.burmeseclassic.com



ဖို့ကောင်းတယ်''

ခေါင်းဆောင်လုပ်သူက စိတ်မရှည်တော့သလို ငေါက်ဆတ်ဆတ် လေသံဖြင့် ပြောလာသောကြောင့် ဦးငွေလှိုင်မှာ အသာငြိမ်ကျသွား၏။

အဲဒါဆိုရင်
ကျုပ်တို့သွားမယ်၊
အော်မယ်တော့မကြံနဲ့၊
ဒီအတိုင်းပဲငြိမ်ငြိမ်လေးနေ၊
အဲဒီလိုနေရင်
ခင်ဗျားကြီးတို့နှစ်ယောက်
လူ့ပြည်မှာ
ကြာကြာလေးနေရမှာပဲ၊
နို့မို့ဆိုရင်တော့
ဖြတ်လမ်းကနေ
ရဲပြည်ကို
ရောက်သွားလိမ့်မယ်၊
ကျုပ် ပြောတာ......



လုယက်သူ ခေါင်းဆောင်သည် ပြောသည့်အတိုင်း တကယ်လက်တွေ့ လုပ်မည့်ပုံစံရှိနေသည်။ စိုးရိမ်စိတ်ဖြစ်ရခြင်းနှင့် အတူ ကြောက်စိတ်ကြောင့်လည်း ဦးငွေလှိုင်၏ တစ်ကိုယ်လုံးတွင် ဇောချွေးများ တစ်ခဏချင်း ပြန်ထွက်လာသည်။သူ့ကိုယ်တွင် ရေချိုးထားသလားဟုပင်မှတ်ထင်ရလောက်အောင် စိုရွှဲသွားတော့၏။

''ကဲ.....အဘွားကြီး၊ အဘိုးကြီးကတော့ ခေါင်းမာနေပြီ၊ ခင်ဗျားကရော ဘယ်လိုလဲ၊ ခေါင်းမာဦး မှာလား၊ အဲဒီလိုဆိုရင်တော့ ခင်ဗျားကြီးကို အရင်ရှင်းပစ်ရတော့မှာပဲ၊ ကျားကြီးအကြောင်းကို ခင်ဗျားတို့ မကြားဖူးသေးဘူးနဲ့ တူတယ်၊ ဟုတ်လား''

ကျားကြီးဆိုသည့်နာမည်ကို ကြားလိုက်ရသောကြောင့်ထင်သည်၊ ဒေါ်မယ်ခ၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်လာသည်။ တစ်ဆက်တည်းဆိုသလို ဖွတ်အတင်းအားယူပြီး ပြောရဟန်ဖြင့် တုန်တုန်ယင်ယင်ပင်.....

''ပြော.....ပြောပါ့မယ် မောင် ကျားကြီးရယ်၊ အဲဒီပိုက်ဆံတွေက မီးဖိုခန်းထဲက ကြောင်အိမ်ထဲမှာ ရှိနေပါတယ်ကွယ်''

''အဲဒါ အမှန်ပဲနော်''

ကျားကြီးက ကျိန်းသေပေါက်ဖြစ်စေရန် တိတိကျကျမေးသည်။ ဒေါ်မယ်ခက ဦးခေါင်းကို တွင်တွင်ကြီးညိတ်ပြလျက်.....

''အဲဒါ အမှန်ပါပဲ မောင်ကျားကြီးရယ်၊ မောင်ကျားကြီးကို အဒေါ်မလိမ်ရဲပါဘူးကွယ်''



www.burmeseclassic.com

www.burmeseclassic.com

သည်တော့လည်း ကျားကြီးသည် သူ့လူတစ်ယောက်အား.....

"ဟော့..မီးဖိုခန်းထဲက ကြောင်အိမ်ထဲမှာ ငွေကိုသွားယူခဲ့စမ်း"

ကျားကြီးက အမိန့်ပေးလိုက်သည်။ သူ့တပည့်တစ်ယောက်က သူတို့အနားမှ ထွက်သွား၏။ မကြာမီ ငွေထုပ်နှင့်အတူ ပြန်ရောက်လာသည်။

"အဲဒါဆိုရင် ကျုပ်တို့သွားမယ်၊ အော်မယ်တော့မကြံနဲ့၊ ဒီအတိုင်းပဲ ငြိမ်ငြိမ်လေးနေ၊ အဲဒီလိုနေရင် ခင်ဗျားကြီးတို့နှစ်ယောက် လူ့ပြည်မှာ ကြာကြာလေးနေရမှာပဲ၊ နို့မို့ဆိုရင်တော့ ဖြတ်လမ်းကနေငရဲ ပြည်ကိုရောက်သွားလိမ့်မယ်၊ ကျုပ် ပြောတာသဘောပေါက်တယ်နော်"

ကျားကြီးနှင့်
သူ့လူနှစ် ယောက်
မြင်းနှင့်ထွက်ခွာသွားသည့်
အသံ
ကြားလိုက်ရပြီးနောက်
အတော်လေးကြာတော့မှပင်
ဦးငွေ လှိုင်သည်
ဦးခေါင်းမော့ကာ.....

ထို့နောက် ကျားကြီးသည် သူ့လူနှစ်ယောက်အား မျက်နှာရိပ်မျက် နှာကဲပြုပြီးနောက် ထိုနေရာမှ ထွက်ခွာသွားကြတော့သည်။

ကျားကြီးနှင့် သူ့လူနှစ်ယောက် မြင်းနှင့်ထွက်ခွာသွားသည့် အသံ ကြားလိုက်ရပြီးနောက် အတော်လေးကြာတော့မှပင် ဦးငွေလှိုင်သည် ဦးခေါင်းမော့ကာ အသံကုန်ဟစ်အော်လေတော့၏။

"ကယ်ကြပါဦးဗျို့၊ ကျုပ်တို့အိမ်ကို ဝင်ပြီးလုယက်သွားပါတယ်"

သို့တစေ ထိုအချိန်တွင် ကျားကြီးနှင့် သူ့လူနှစ်ယောက်သည် အဝေးဆီသို့ ရောက်ရှိသွားပြီဖြစ်သည်။



♛♛♛♛♛

ညသည် မည်းမည်းမှောင်နေသည်။ ကောင်းကင်မှာ လမသာ၊ ကြယ်မလင်း။ တိမ်မည်းညိုများက ထူထပ်စွာ အုပ်မိုးထားသောကြောင့် ဖြစ်သည်။ လေတိုက်လိုက်တိုင်း သစ်ရွက်ခြောက်များက တဖြုတ်ဖြုတ်ကြွေကျနေသည်။

သည်နေရာတစ်ဝိုက်တွင် ကားအသွားအလာနှင့်လူအသွားအလာပါ ပြတ်လုချိန်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ည ၁၀ နာရီထိုးရန် ဆယ့်ငါးမိနစ်လောက်သာလိုတော့သည်။

မင်းခန့်သည် နေရာသို့ ရောက်နေသည်မှာ နာရီဝက်ခန့် ရှိရော့မည်။ သူက လူတစ်ယောက်ကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။ တိတိကျကျပြောရလျှင် သူငယ်ချင်း မိုးသူကို စောင့်ဆိုင်းနေခြင်းဖြစ်သည်။

အင်း.....မိုးသူဆိုလို့ သူနှင့် မိုးသူ မတွေ့ဖြစ်တော့သည်မှာ ဆယ်နှစ်ရှိနေပြီ။ ကျောင်းနေတုန်းက ကျောင်းနေဖက် အချစ်ဆုံး သူငယ်ချင်းများဖြစ်ပြီး အခြေအနေအကြောင်းကြောင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် ကွဲကွာပြီး အဝေးတစ်နေရာဆီသို့ ရောက်သွားကြသည်။ စာချင်းတော့ အဆက်အသွယ်ရှိခဲ့ကြသည်။ ဆယ်နှစ်တင်းတင်းပြည့်သည့်နေ့ ည ၁၀ နာရီတိတိထိုးသည့်အချိန်၌ ဤနေရာတွင် ပြန်လည်ဆုံတွေ့ရန် စာရေး၍ တစ်ယောက်ကိုတစ်ယောက် အသိပေးထားခဲ့ကြသည်။

ထို့ကြောင့်လည်း မင်းခန့်သည် သူငယ်ချင်းဖြစ်သူ မိုးသူနှင့် တွေ့ဆုံရန် ဤနေရာသို့ ရောက်ရှိလာပြီး အသင့်စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်။



**ကွဲကွာပြီး အဝေးတစ်နေရာဆီသို့ရောက် သွားကြသည်။ စာချင်းတော့ အဆက်အသွယ်ရှိခဲ့ကြသည်။ ဆယ်နှစ်တင်းတင်း ပြည့်သည့်နေ့ ည ၁၀ နာရီတိတိထိုးသည့် အချိန်၌......**

အချိန်သည် တရွေ့ရွေ့ဖြင့် ကုန်ဆုံးလွန်မြောက်လာသည်။

ရပ်စောင့်နေရင်း မိုးသူအကြောင်းက သူ့ဦးနှောက်ထဲသို့ အပြေးအလွှား ဝင်ရောက်လာသည်။ ဆယ်တန်းကျောင်းသားဘဝတုန်းက အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာမိသည်။

ဆယ်တန်းကျောင်းသားဘဝက မင်းခန့်က စာတော်သလောက် မိုးသူက စာညံ့သည်။ ကျောင်းစာတွင် အာရုံမထားဘဲ ကိုယ့်ဘဝတိုးတက်ရေးကို ဘယ်တော့မှမရှေးရှုခဲ့။ အစဉ်အမြဲဆိုသလို ပေါ့ပေါ့ပြက်ပြက်နေတတ်ပြီး ဘာတစ်ခုမှ လေးလေးနက်နက်မရှိခဲ့ပေ။ ထို့ကြောင့်လည်း မင်းခန့်က ဆယ်တန်းအောင်ခဲ့ပြီး မိုးသူမှာ နှစ်ကျအဖြစ် ကျောင်းထွက်ခဲ့ရ၏။ ထိုမှ တစ်ယောက်နှင့်တစ်ယောက် လမ်းခွဲသွားကြတော့သည်။

♛♛♛♛♛

မင်းခန့် အတွေးစ ပြတ်တောက်သွားသည်မှာ အဝေးမှ မီးကင်းဆီက သံချောင်းခေါက်သံ ဆယ်ချက်တိတိကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။ ချိန်းဆိုထားသည့်အချိန် ၁၀ နာရီတိတိသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားပြီဟု သိလိုက်၏။

ထိုစဉ်မှာပင်.....

သူ့ဘက်ဆီသို့ ဖြည်းဖြည်း မှန်မှန်ဖြင့် လျှောက်လှမ်းလာနေသော လူတစ်ယောက်၏အရိပ်ကို မြင်လိုက်ရသည်။ မိုးသူများလား မသိ။

ထိုသူသည် တစ်စတစ်စဖြင့် မင်းခန့်နှင့် နီးကပ်လာသည်။ လက်တစ်ကမ်းအကွာအဝေးသို့ ရောက်သည်နှင့် ထိုသူက ခြေလှမ်းအစုံကို ရပ်တန့်၍.....

"ခင်ဗျားက ကိုမင်းခန့်ဆိုတာများလား"

"ဟုတ်တယ်၊ ကျုပ်မင်းခန့်ပဲ၊ ခင်ဗျား ဘယ်သူလဲ"

မင်းခန့်က ပြန်မေးလိုက်ရာ ထိုသူက.....

"ကျုပ်ဘယ်သူဘယ်ဝါဆိုတာ နောက်တော့ ခင်ဗျားသိရမှာပေါ့၊ ကိုမိုးသူက သူကိုယ်တိုင်မလာနိုင်လို့ ကျုပ်ကိုလွှတ်လိုက်တာပါ၊ ရော့.... သူရေးပေးလိုက်တဲ့စာ ကျုပ်ဆီမှာပါလာတယ်၊ အဲဒီစာကို ခင်ဗျားအရင်ဖတ်ကြည့်လိုက်ပါဦး"

မင်းခန့်သည် ဇဝေဇဝါဖြင့် ထိုသူလှမ်းပေးလိုက်သည့်စာကိုယူ၍ ဖြန့်လိုက်သည်။ ထိုသူက မင်းခန့်မြင်သာစေရန် သူ့တွင်ပါလာသည့် လက်နှိပ်ဓာတ်မီးအသေးစားဖြင့် အလင်းရောင်ပေးသည်။

**သူငယ်ချင်း မင်းခန့်**

**ငါကိုယ်တိုင် မလာနိုင်တာကို ခွင့်လွှတ်ပါ။ ဆယ်နှစ်ဆိုတဲ့အချိန်ကာလအတိုင်းအတာဟာ**



**လူတစ်ယောက်ရဲ့ဘဝကို အကြီးအကျယ် ပြောင်းလဲစေနိုင်တာပဲနော်။ တစ်ချိန်တုန်းက စာအင်မတန်ညံ့ပြီး အဆော့မက်ခဲ့တဲ့ငါဟာ အခုအချိန်မှာတော့ အခြေအနေအရပ်ရပ်ကြောင့် ဆယ်တန်းကို အမြင့်ဆုံးအမှတ်နဲ့ အောင်ပြီး တက္ကသိုလ်က ဘွဲ့တစ်ခုရခဲ့တယ်။ ဘွဲ့ရပြီး မြန်မာနိုင်ငံရဲ့ တပ်ဖွဲ့ထဲကိုဝင်ခဲ့တယ်။ အခု ငါ ဒုရဲအုပ်တစ်ယောက်ဖြစ်နေပြီ၊ လူဆိုးခေါင်းဆောင် ကျားကြီးကိုဖမ်းဖို့ တာဝန်ပေးအပ်တာကို ခံရတယ်။**

**အေး...အင်မတန်အုံညို့ဆောင်တောစာအင်မတန်တော်ပြီး ကျောင်းစာကို ကြိုးစားခဲ့တဲ့ မင်းဟာ အခုအချိန်မှာ လူဆိုးခေါင်းဆောင်ကျားကြီးဖြစ်နေတာကို မင်းရဲ့ဓာတ်ပုံကို မြင်လိုက်ရလို့ ငါသိလိုက်ရတယ်။ ငါတော်တော်အံ့အားသင့်သွားပြီး မယုံနိုင်အောင်လည်းဖြစ်သွားတယ်။ နောက်ပြီး အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့ မင်းကို ငါကိုယ်တိုင် ဖမ်းပေးရမှာကို အားနာ တယ်ကွာ။ တကယ်ပါ။ ဒါကြောင့် ငါ့လူတစ် ယောက်ကို မင်းဆီကိုလွှတ်လိုက်ရတာပါ။ အဲဒီအတွက် ငါ့ကိုခွင့်လွှတ်နားလည်ပေးပါကွာ။**

**ဒါပါပဲ**

**သူငယ်ချင်း၊ မိုးသူ**

စာအဆုံးတွင် မင်းခန့် သက် ပြင်းချလိုက်မိသည်။ ထိုအချိန် မှာပင် သူ့ရှေ့တွင်ရှိနေသည့်လူက လက် ထိတ်ကို လျင်မြန်စွာထုတ်၍ မင်းခန့်၏ လက်ကို ခတ်လိုက်တော့၏။ ဩော်...ဆယ်နှစ်ဆိုသည့်ကာလအတိုင်းအတာသည် အရာရာကို ပြောင်းလဲစေနိုင်စွမ်းရှိပါလားဟု မင်းခန့်တစ်ယောက် နောင်တနှင့်အတူ တွေးမိတော့သည်။

**ကေသီမိုးသူ**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com



မိချို

ဒီမွန်း

အခုတလော လူက မကြာခဏ ချူချာနေတယ်။ အစားအိမ်ကလည်း ပြန်အောင့်နေတာမို့ အစားအသောက်ကိုလည်း ဆင်ခြင်နေရတယ်။ မဆင်ခြင်ပြန်ရင်လည်း ကိုယ့်ဒုက္ခ ကိုယ်ရှာသလိုပဲ နေမှာ။ အဆင့်မြင့်တဲ့ စင်ကာပူနိုင်ငံမှာ အဆင့်မြင့်ဆေးဝါးတွေနဲ့ ဘယ်လောက်ပဲ ခေတ်မီတိုး တက်ပါတယ် ဆိုဆို မွေးရပ်မြေလိုတော့ ကိုယ့်ကိုယ်ကိုယ် လုံခြုံမှုမရှိသလို ခံစားရတယ်။ နေမကောင်းဖြစ်တဲ့အခါ မျိုးနဲ့ ကျန်းမာရေးကလည်း မကြာခဏဆိုသလို ချူချာတတ်တော့ ပိုဆိုးတယ်။ နေမကောင်းပါဘူးဆိုမှ မိသားစုကို လွမ်းတဲ့အလွမ်းက ပိုပြီးနှိပ်စက်ပြန်တယ်။



တချို့များ မိန်းကလေးတန်မဲ့ မိဝေး၊ ဖဝေးမှာ အကြာကြီးနေနိုင်ကြတာ သိရတော့ ကိုယ်လို ဆင်ကိုးစီးစားမကုန်နဲ့ ခန္ဓာကိုယ်နဲ့ ယောက်ျားရင့်မာကြီးက ရှက်စရာတောင်ကောင်းသေးတယ်။ မတတ်နိုင်ဘူးလေ။ လူဆိုတာ ပျော်ရာမှာ မနေရ၊ တော်ရာမှာ နေရဆိုတဲ့ စကားလည်း ရှိနေတာပဲ။ နှစ်တွေ ဘယ်လိုပဲပြောင်းပြောင်း ဇာတိမြေကိုတော့ လူတိုင်း လွမ်းဆွတ်သတိ ရတတ်ကြတာပဲ မဟုတ်လား။ ကိုယ်တိုင်က ခံစားချက်နုသူဖြစ်တော့ ပိုဆိုးတယ်လို့ ဆိုရမယ်။ ဇာတိမြေရဲ့ အစားအသောက် ဆိုတာလည်း မထိမတွေ့ရတာ အတော်ကြာလှပေါ့။ နှစ်စဉ်၊ လစဉ်ကျင်းပနေတဲ့ ရိုးရာ၊ ပွဲလေ့ဆိုတာလည်း လွမ်းတယ် ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့တော့ လုံလောက်မယ်မထင်ဘူး။ ဒီ ကြားထဲ အလုပ်ဆိုတာကြီးနဲ့ အောင်မြင်မှုဆိုတာကိုပဲ ရှေ့တန်းတင်နေကြတဲ့ အနောက်နိုင်ငံတွေဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ မိသားစုဆက်ဆံရေးဆိုတာ တောင် ဝတ္တုရားဆန်နေတယ်။ သွေးသားရင်းချာ မိသားစုတွေ တောင်မှ သူစိမ်းဆန်နေမှတော့ အိမ်နီးနားချင်း သံယောဇဉ်ဆိုတာ နေရာတွေမှာ ပျောက်ဆုံးသွား တာ ကြာခဲ့ပြီထင်တယ်။

ဒီလို အထီးကျန်မှုတွေကပဲ လူကို အလုပ်လုပ်နေတာထက် ပို ပြီး ပင်ပန်းစေပြန်တယ်။ စိတ်ကို လည်း ပိုပြီးထိခိုက်စေတယ်လို့ထင် မိကြောင်း ပြန်တွေးကြည့်မယ်ဆို ရင် ကျွန်တော့်ရဲ့ ငယ်ဘဝအချိန် တွေထဲမှာ မိချိုဆိုတဲ့ သူငယ်ချင်း တစ်ယောက်အကြောင်းလည်း မပါ မဖြစ် ပါရတော့မှာပေါ့။

ယနေ့ခေတ် ကလေးငယ်များ တွင်တော့ ကျွန်တော်တို့လို အမှတ် တရများစွာရရှိရန် မလွယ်ကူ လောက်ပေ။ အရှိန်အဟုန်ပြင်းပြင်း နှင့် စီးဆင်းနေသော ၂၁ ရာစု ကစားနည်းတွေကလည်း ဒုနဲ့ဒေး။ လူသိများသော ကစားနည်းတွေ ပါဝင်သလို လူသိနည်းနေသော ကစားနည်းတွေလည်း အပုံအပင် ရှိနိုင်သည်ပဲလေ။ ကျွန်တော်တို့ ခေတ်က မရှိခဲ့သော ဂိမ်းဆိုင်များ မှာလည်း ယခုဆိုရင် နေရာအနှံ့ အပြားမှာ လက်ညှိုးထိုးမလွဲ။

ကွန်ပျူတာဂိမ်း၊ ပီအက်စ် သရီး၊ ပီအက်စ်တူး စသည်ဖြင့် လည်း စုံလင်ကွဲပြားကြသေးတယ်။ ကျွန်တော့်အထင်တော့ ထိုကဲ့သို့ သော ကစားနည်းများဖြင့် ကြီးပြင်းလာသော ကလေး ငယ်တွေရဲ့ ကိုယ်လက်လှုပ် ရှားမှုစွမ်းရည်၊ ပေါင်းသင်း ဆက်ဆံတတ်မှုစွမ်းရည်၊ ပတ်ဝန်း ကျင် သဘာဝအနေအထား လေ့ လာမှတ်သားတတ်မှု စွမ်းရည် တို့ကို အများကြီး ဆုံးရှုံးစေနိုင် တယ်လို့လည်း တွေးမိပြန်တယ်။



အစစအရာရာ တိုးတက် ပြောင်းလဲလာမှု၏ တစ်ဖက်တွင် ဆုံးရှုံးသွားရသည့် အချက်များက လည်း လွန်စွာပင် နှမြောတသဖြစ် စရာကောင်းလှပြန်တယ်။ မိချိုဆို တာ ယောကျ်ားလေးတစ်ယောက် ဖြစ်လျက်သားနဲ့ မိန်းကလေးနာ မည်တွင်နေတဲ့သူတစ်ယောက်။

သူ့နာမည်အရင်းက မိုးကျော် သူ။ ဒါပေမဲ့ သူ့ကို ဘယ်သူက နာမည်ရင်း မခေါ်ကြဘူး။ မွေး တုန်းကတည်းက အမြဲပြုံးချိုနေ တတ်တဲ့ မျက်နှာကြောင့် မိချိုရယ် လို့ ဆရာမတစ်ယောက်က နာမည် ပေးခဲ့တာကြောင့်ပဲ မိချို ဆိုတဲ့ အိမ်နာမည်က တစ်ရပ် ကွက်လုံးမှာတွင် သွားတာ သူနဲ့ခင်ပြီး အတော်ကြာတော့ သူပြောပြလို့ သိခဲ့ရတယ်။ သူနဲ့ ကျွန်တော် သူငယ်ချင်းဖြစ် အကြောင်းဖန်လာတာက သူ တို့နေတဲ့ ရပ်ကွက်ထဲကို ကျွန်တော် တို့မိသားစုလေး စပြောင်းဖြစ် အချိန်။

အဲဒီအချိန်က ကျွန်တော် အသက် (၁၂)နှစ်။ သူ့နာမည် သာ မိချို၊ ကျွန်တော်တွေ့တာတော့ အမြဲမှုန်ကုပ်နေတတ်တဲ့မျက်နှာ ဂျစ်ကန်ကန်ပုံစံ။ သူ့ရင်ဘတ် ရိုးအပြိုင်းပြိုင်းကို ဖော်ထွင်း ရလောက်အောင်ပဲ ပိန်ကပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်နဲ့ မလိုက်အောင် သူ့ရဲ့ ဗိုက်ကတော့ ဖောင်းကားလို့နေ တတ်တယ်။

ကျွန်တော်တို့အိမ်နဲ့ နှစ်အိမ် ကျော်မှာ သူတို့အိမ်ရှိတယ်။ ပေနှစ်ဆယ်၊ ပေခြောက်ဆယ်အိမ်များမို့ နှစ်အိမ်ကျော်ဆိုပေမယ့် အလယ်မှာက အိမ်မရှိဘဲ မြေကွက်အလွတ်ကြီးပဲမို့ သူ့အိမ်ကိုယ့်အိမ်ကို ရှင်းလင်းစွာ တွေ့မြင်နေကြရတယ်။

သူနဲ့ကျွန်တော်က အသက်ချင်းကလည်း ရွယ်တူ၊ အတန်းလည်းတူတာမို့ ဖေဖေက ကျွန်တော့်ကို သူငယ်ချင်းလုပ်ဖို့ မိချိုကိုလှမ်းခေါ်ပြီး မိတ်ဆက်ပေးတယ်။ သူ့မှာ လူကြီးတစ်ယောက်ရဲ့ စကားကို နာခံတတ်တဲ့ အလေ့အကျင့်တော့ရှိပုံရတယ်။ ဖေဖေက ကျွန်တော့်အတွက် သူငယ်ချင်းမရှိမှာ၊ ကျွန်တော်တစ်ယောက် တည်းပျင်းနေမှာကို စိုးရိမ်လို့ထင်တယ်။ ကျောင်းသွား၊ ကျောင်းပြန်အပါအဝင် ကျန်တဲ့အချိန်တွေမှာလည်း ကျွန်တော်နဲ့ အတူကစားဖို့ ဖေဖေက မိချိုကိုပြောတော့ ဟုတ်ကဲ့ဆိုပြီး နာခံရှာတယ်။

သူလှည့်ထွက်သွားတော့မှ ကျွန်တော် သူ့နောက်ကျောကို ကြည့်ပြီး ဖေဖေ သား သူနဲ့မခင်ချင်ပါဘူးလို့ဆိုတော့ ဖေဖေက

လမ်းပေါ်မှာမိချိုပစ်ချခဲ့လို့
ဖုန်တွေအလိမ်းလိမ်းဖြစ်နေတဲ့ပဲ
ကိတ်ကိုကြည့်ရင်း
ကျွန်တော့်ရင်ထဲမှာဘာရယ်လို့
အမျိုးအမည်မတပ်နိုင်တဲ့
ခံစားမှုလေးတစ်ခုဝင်လာခဲ့တယ်။
ဖေဖေမသိအောင်
လမ်းမအလယ်ကပဲကိတ်ကို
မြောင်းထဲကို
ကန်ပစ်လိုက်ပြီး.....

ဘာဖြစ်လို့လဲသားရဲ့လို့ မေးရှာတယ်။

မသိပါဘူး၊ သူ့ပုံစံကြီးကို မခင်ချင်ပါဘူးလို့ပြောတော့ ဖေဖေက ကျွန်တော့်ကို နားလည်စွာနဲ့ ပြုံးပြီးကြည့်နေတယ်။ အဲဒီနေ့ကစပြီး ညနေခင်းဆို အလုပ်ကပြန်လာတိုင်း ကျွန်တော့်အတွက် မုန့်ဝယ်လာတတ်တဲ့ ဖေဖေက ခုဆို မိချိုအတွက်ပါ အမြဲသတိတရ ဝယ်လာတတ်တယ်။ ပထမဆုံးအကြိမ် ဖေဖေက မိချိုဆီကို မုန့်ကမ်းပေးတုန်းက လက်ခံရမှာ ရှက်ကိုးရှက်ကန်းနဲ့ မဝံ့မရဲဖြစ်နေတဲ့ မိချိုပုံစံကို ကျွန်တော် မှတ်မိနေတုန်း။ ဖေဖေပေးတဲ့ မုန့်ကို မြိန်ရေရှက်ရေစားနေတဲ့ မိချိုကို ကလေးပီပီ မနာလိုမရှုစိမ့်နဲ့ ငါ့အဖေပေးတဲ့မုန့်ကို စားနေတဲ့ အငတ်ကြီးလို့ ကျွန်တော်ပြောလိုက်တယ်။ စားနေတဲ့မုန့်ကို ချက်ချင်းလွှင့်ပစ်ပြီး ကစားဝိုင်းကထွက်သွားတဲ့ မိချိုကို အံ့သြတကြီး ကျွန်တော် ငေးကြည့်နေမိတယ်။ ယခုအချိန်မှာတော့ မိချိုက လူသာငယ်တာ၊ မာနမငယ်တဲ့သူတစ်ယောက်ဆိုတာ ကျွန်တော်နားလည်လာခဲ့တယ်။

♛♛♛♛♛

လမ်းပေါ်မှာ မိချိုပစ်ချခဲ့လို့ ဖုန်တွေအလိမ်းလိမ်းဖြစ်နေတဲ့ ပဲကိတ်ကိုကြည့်ရင်း ကျွန်တော့်ရင်ထဲမှာ ဘာရယ်လို့ အမျိုးအမည်မတပ်နိုင်တဲ့ ခံစားမှုလေးတစ်ခု ဝင်လာခဲ့တယ်။ ဖေဖေမသိအောင် လမ်းမအလယ်ကပဲကိတ်ကို မြောင်းထဲကိုကန်ပစ်လိုက်ပြီး ခပ်တည်တည်နဲ့ အိမ်ထဲကိုဝင်ခဲ့ပေမယ့် နောက်တစ်နေ့ကျရင် မိချို လာမခေါ်တော့မှာကို ကျွန်တော်စိုးရိမ်နေခဲ့ဖူးတယ်။

စိုးရိမ်နေတဲ့အတိုင်းပဲ နောက်နေ့တွေမှာ မိချိုတစ်ယောက် ကျွန်တော့်ကို လာမခေါ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသွားလည်း အရင်ရက်တွေလို ကျွန်တော့်ကို လာစောင့်မခေါ်တော့ပါ။ ကစားဖို့လည်း လာမခေါ်တတ်တော့သလို သူကစားနေတဲ့နေရာမှာ ကျွန်တော်ပါလာရင်လည်း သူဆက်မကစားတော့ပါ။

ထိုအကြောင်းကို ဖေဖေသိသွားတော့ အလွန်စိတ်ဆိုးသွားပုံရတယ်။ ကျွန်တော့်တစ်သက်မှာ ဖေဖေက ကျွန်တော့်ကို အဲဒီလို တစ်ခါမှ စိတ်မဆိုးခဲ့ဖူးသေးပါဘူး။

လုပ်ရမယ့်ပြိုင်ပွဲက
အပြေးပြိုင်ပွဲ။
ပြေးရမှာက
ကျွန်တော်တို့ရပ်ကွက်ရဲ့ပန်း
ခြံတစ်ကွက်ကို
ပတ်ပြီးပြေးရမှာ၊
ပုံမှန်အတိုင်းဆို
ဖေဖေတမင်ညစ်တာလို့.....

နောက်မှ ဖေဖေက ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်ကို အဲဒီလိုမပြောသင့်ကြောင်းဆုံးမကာ နောက်တစ်ကြိမ် မလုပ်ပါဘူးဆိုတဲ့ကတိကို ပေးခိုင်းတယ်။

ကျွန်တော်လည်း အလွယ်တကူ ကတိပေးလိုက်ပေမယ့် အဲဒီအကြောင်းနဲ့ဆက်စပ်ပြီး ဖေဖေ့ဆီက တစ်စုံတစ်ခုကို ပြန်ရမယ်လို့ မထင်ထားခဲ့မိလိုက်ဘူး။

အဲဒီနေ့က ကျွန်တော်နဲ့မိချို သူများအိမ်အသစ်ဆောက်တာကို ကလေးပီပီ သွားစပ်စုရင်း မိချိုတစ်ယောက် ခြေထောက်မှာ သံစူးခဲ့တယ်။ သံစူးထားတဲ့ဒဏ်ရာက တော်တော်နက်တာမို့ လမ်းတောင်ကောင်းကောင်းမလျှောက်နိုင်ခဲ့ဘူး။ အရင်လို ပြေးလွှားမကစားနိုင်တဲ့အပြင် ကျောင်းကိုပါ ခွင့်တိုင်လိုက်ရတော့ ညနေတွေဆို မိချိုက ကျွန်တော့်ဆီမှာလာပြီး စာကူးရတယ်။ မိချို ခြေထောက်နာနေတာမို့ မဆော့နိုင်သလို ကျွန်တော်လည်း မိချိုဘေးမှာ စကားပြောရင်း ကျောင်းကအဖြစ်အပျက်တွေကို ဖောက်သည်ချရတာပေါ့။

ညနေစောင်းတော့ ဖေဖေက ထုံးစံအတိုင်း သူဝယ်လာတဲ့မုန့်ကို ကျွန်တော်နဲ့မိချိုရှေ့မှာ လှည့်ပတ်ပြီး ကစားလို့နေတယ်။ မိချိုကတော့ ဘာမှမပြောပေမယ့် ကျွန်တော်က ဖေဖေ့လက်ထဲ ပန်းသီးကြီးကို မျက်စိကျပြီး ဖေဖေပေးလာမယ့်အချိန်ကို စိတ်စောနေခဲ့တယ်။ ဘာလို့လဲဆိုတော့ ကျွန်တော် ပန်းသီးအရမ်းကြိုက်မှန်းသိလို့ ဖေဖေတမင်ဝယ်လာတာပဲဆိုတာ အသေအချာသိနေလို့ပါပဲ။

မမျှော်လင့်ဘဲ အဲဒီအချိန်မှာ ဖေဖေက မိချိုနဲ့ကျွန်တော့်ကို ပြိုင်ပွဲတစ်ခုလုပ်ခိုင်းတယ်။ လုပ်ရမယ့်ပြိုင်ပွဲက အပြေးပြိုင်ပွဲ။ ပြေးရမှာက ကျွန်တော်တို့ရပ်ကွက်ရဲ့ ပန်းခြံတစ်ကွက်ကို ပတ်ပြီးပြေးရမှာ၊ ပုံမှန်အတိုင်းဆို ဖေဖေတမင်ညစ်တာလို့ ဆိုရမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မိချိုနဲ့ကျွန်တော် အပြေးပြိုင်ရင် ရှုံးနေကျက ကျွန်တော်။ ခုက မိချိုလည်း ခြေထောက်နာနေတာဆိုတော့ နိုင်ဖို့အခွင့်အရေးနည်းတယ်ဆိုတာ ကျွန်တော်သိလိုက်တယ်။

ကျွန်တော်က မိချိုကို မချိုမချဉ်နဲ့ လှမ်းကြည့်တော့ မိချိုက ပုံမှန်အတိုင်းလေးပဲ ကျွန်တော့်ကို ကြည့်နေတယ်။ ဒီလိုနဲ့ ဖေဖေက ပြိုင်ပွဲရဲ့စည်းကမ်းတွေကို ရှင်းပြပြီးတဲ့အချိန်မှာတော့ ကျွန်တော်တို့နှစ်ယောက်ကို စတင်ပြေးခိုင်းပါတယ်။

♛♛♛♛♛

မထင်မှတ်စွာနဲ့ အဲဒီပြိုင်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com





အရင်တုန်း ကပွဲတွေလိုမျိုးပဲ မိချိုကို ကျွန်တော် ရှုံးခဲ့တယ်။ အဲဒီအရှုံးမှာ တစ်သက်မမေ့နိုင်စရာ အမှတ်တရစကားတွေ ဖေဖေ့ထံမှ ရလိုက်သလို အောင်နိုင်သူတစ်ယောက်ရဲ့ မြိန်ရှက်စွာ စားနေတဲ့ ပန်းသီးတစ်လုံးနဲ့အတူ မိချိုရဲ့ "ပန်းသီးကိုခုမှပဲ စားဖူးတော့ တယ်"ဆိုတဲ့ စကားတစ်ခွန်းကို ကျွန်တော် ဘယ်သောအခါမှ မေ့မယ်မထင်ဘော့ပါဘူး။ တကယ်ဆို ကျွန်တော်ရှုံးတာ မိချို ကိုမဟုတ်ပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ရှုံးသွားတာပါ။

အမြဲတမ်းနိုင်နေကျ မိချိုကို ကြောက်နေတဲ့စိတ်ကပဲ ကျွန်တော့်ကို ရှုံးသွားစေတာပါ။ တကယ်ဆို သံစူးနေလို့ နာနေတဲ့ မိချိုကို ခြေထောက်အကောင်းနဲ့ကျွန်တော်က မနိုင်စရာ အကြောင်းမှမရှိတာ။ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ဖေဖေက ကျွန်တော့်ကို ကိုယ့်ကိုယ် ကိုယ် ယုံကြည်မှုရှိအောင် လုပ်ဖို့ အမြဲသတိပေးတတ်ခဲ့တယ်။

အဲဒီအချိန်ကစပြီး ကျွန်တော် မိချိုကို ကျွန်တော့်ရဲ့သူငယ်ချင်းကောင်းတစ်ယောက်အဖြစ်နဲ့ နင့်နင့်နဲနဲ ခင်တွယ်လာတတ်ခဲ့တယ်။

အသက် (၁၂) နှစ်ကျော်မှ ပန်းသီးဆိုတာကို ပထမဆုံးစားဖူးတဲ့ အစစအရာရာ သူ့ဆီက တော်တော်များများ သင်ယူခဲ့ရတဲ့ အာဂသူရဲကောင်း သူငယ်ချင်း မိချိုပါ။ "ကျွဲမှာ ချိုလိမ်၊ လူမှာနံပိန်"ဆိုတဲ့စကားပုံအတိုင်း မထင်ရအောင်ဘဲ မိချိုက သန်တယ်။ ကျောင်းသွားချိန်နီးပြီဆို ကျွန်တော့်ကို လာစောင့်ခေါ်တတ်တဲ့သူ့ကို ကျွန်တော်က မခံနိုင်အောင် အခြောက်လို့စတဲ့ အခါမှာပဲဖြစ်စေ၊ ကျောင်းဆင်းချိန်လိုမျိုး တစ်နေကုန် ကျောင်းမှာ သင်ခဲ့တဲ့ ကျောင်းစာတွေ အပေါ်မှာပဲဖြစ်စေ မိချိုနဲ့ ကျွန်တော် စကားနိုင်လုကြရင်း မကြာခဏနပန်းလုံးကြတဲ့အခါ ရှုံးသူက ကျွန်တော်။ ခန္ဓာကိုယ်အနေအထားအရသာ ကျွန်တော်ကထွားပေမယ့် မိချိုကိုတော့ ကျွန်တော် ဘယ်တော့မှမနိုင်ပါဘူး။ ထူးထူးခြားခြား ကျွန်တော်တို့နှစ်ယောက်က စကားနိုင်လုတတ်ကြသလို သူများတွေကိုလည်း အစအနောက်သန်တာမျိုးလည်း ထပ်တူနီးပါးကျကြတယ်။ ကစားဖော်မရှိတဲ့ ကျွန်တော့်အဖို့ နောင်တစ်ချိန်မှာ မိချိုကအနွံအတာခံတတ်တဲ့ သူငယ်ချင်းကောင်း တစ်ယောက်ဆိုတာ ကျွန်တော်သိလာတယ်။ ကျွန်တော်နဲ့ တခြားသူ ရန်ဖြစ်နေရင် မိချိုက ကျွန်တော့်ဘက်ကဝင်ကူပါ ပေးတာမျိုး။ ကလေးသဘာဝအတိုင်း ကစားပွဲတွေမှာဆိုရင်လည်း မိချိုနဲ့ ကျွန်တော်က တစ်ဖက်၊ ကျန်တဲ့ကလေး တစ်သိုက်က တစ်ဖက်အတွဲညီညီ ကစားလေ့ ရှိသလို ဘစ်ခါတစ်ရံဆိုရင် ကျွန်တော်နဲ့မိချိုကို သူတို့ကစားတဲ့ပွဲမှာ မပါခိုင်းတဲ့အထိ။

အဲဒီလောက်အထိ ကျွန်တော်နဲ့မိချို အတွဲညီခဲ့ကြတယ်၊ အချိန်

www.burmeseclassic.com

တွေကြာလာလေလေ တစ်ယောက်အကြောင်း တစ်ယောက် ပိုနားလည်လာလေလေမို့ ကျွန်တော့်ကို မတွေ့ရင် မိချိုက လိုက်ရှာနေတတ်ပြီး မိချိုကို မတွေ့ရင်လည်း ကျွန်တော်က လိုက်ရှာနေတတ်သည်။

''မတည့်အတူနေ၊ အတူနေ ရန်ဖြစ်၊ မတွေ့ရင်လိုက်ရှာ''ဆိုပြီး ကျွန်တော်နဲ့မိချိုကို ပတ်ဝန်းကျင်က စနောက်နာမည် ပေးထားကြ သေးတယ်။ မကြာခဏလည်း ရန်ဖြစ်တတ်ကြသလို ဘယ်သူကမှ ပြန်မခေါ်နိုင်းပါဘဲ ပြန်ခေါ်ကြတဲ့ ကျွန်တော်နဲ့မိချို။ ယောကျ်ားလေး တွေမို့ တစ်ခါတလေ နပန်းလုံးကြတဲ့အခါ နဖူးပေါက်၊ ဒူးပြဲဆိုသလို သွေးထွက်သံယိုဖြစ်တဲ့ အခါမျိုးတွေလည်း ရှိခဲ့ဖူးတယ်။

ကျွန်တော်တို့ရဲ့အမေနှစ်ယောက် ကျွန်တော်တို့အတွက် စကားများ ရန်ဖြစ်ခဲ့ကြဖူးပေမယ့် ကိုယ်စီရထားတဲ့ ဒဏ်ရာမပျောက်ခင်မှာပဲ ကျွန်တော်နဲ့မိချိုက လူကြီးတွေ ကွယ်သွားတာနဲ့ ပြန်ခေါ်နေတတ်ကြပြီ။ ဒီလိုနဲ့ပဲ မိချိုနဲ့ ကျွန်တော်တို့နှစ်ယောက်ကို လူကြီးတွေ လျစ်လျူရှုတတ်လာကြတယ်။ ကျွန်တော်ကပဲ တိုင်သည်ဖြစ်စေ၊ မိချိုကပဲ တိုင်သည်ဖြစ်စေ ကျွန်တော်တို့ကို ဘယ်သူမှ အရေးမလုပ်တတ်ကြတော့ဘူး။



မိချိုနဲ့ကျွန်တော်က ဝါသနာတူတယ်၊ စရိုက်တူတယ်။ စိတ်တူကိုယ်တူမို့ တစ်ခုခုဆို သိပ်ပြီးညှိနှိုင်းစရာမလိုဘူး။ အရုပ်ထောင်ပစ်တဲ့ကစားနည်း၊ သားရေကွင်းပစ်တဲ့ ကစားနည်း၊ ဂေါ်လီရိုက်၊ စွန်လွှတ် ဘယ်လိုကစားနည်းမဆို ကလေးဗိုလ်လို့ နာမည်တွင်ရအောင်ကို ပညာစုံခဲ့ကြတယ်။

ကိုယ့်ထက်အသက်ပိုကြီးတဲ့ လူကြီးတွေကစားတဲ့ဝိုင်းမှာလည်း ကျွန်တော်နဲ့မိချိုက မကြောက်မရွံ့ ပါဝင်ဆင်နွှဲတတ်ကြ စမြဲ။ အဲဒီအခါမျိုးမှာ လူကြီးတွေတောင် လက်မြှောက်ရတဲ့အထိ ကျွန်တော်နဲ့မိချိုက အတွဲညီညီနဲ့ ကစားနိုင်ကြတယ်။

တစ်ခါတစ်ရံ ရန်ဖြစ်ထားတဲ့ နေ့မျိုးတွေဆို မိချိုက သူတို့အိမ်ရှေ့က စိန်ပန်းပင်ကြီးအောက်က ခုံတန်းမှာထိုင် ငေးကျွန်တော်တို့ အိမ်ဘက်ကို ခိုးကြည့်နေတတ်သလို ကျွန်တော်ကလည်း မိချိုကိုမတွေ့ရရင် တစ်ခါတလေ သူ့အိမ်ကိုသွား မေးတာမျိုး၊ မိချိုနဲ့ကျွန်တော် ကစားနေကျ နေရာတွေမှာ လိုက်ရှာတတ်တာမျိုးနဲ့ တစ်ယောက်နဲ့ တစ်ယောက် မျက်စိအောက်က အပျောက်မခံတတ်ကြတော့။ တစ်ယောက်က တစ်ယောက်ကို မခေါ်မချင်း အပြန်အလှန် စနောက်ကြရင်း ပြန်ခေါ်ခဲ့ကြတဲ့ အကြိမ်အရေအတွက်လည်း မနည်းခဲ့ပါဘူး။

မိချိုနဲ့ကျွန်တော် အိမ်ကလူကြီးတွေမသိအောင် မြစ်ဘေးမှာ ငါးသွားမျှားတာမျိုး၊ လေးခွတစ်လက်စီနဲ့ ငှက်ခိုးပစ်ကြတာမျိုးလည်းရှိတယ်။ ငါးရတဲ့အခါ လူကြီး



www.burmeseclassic.com

www.burmeseclassic.com

တွေမသိအောင် ခိုးရောင်းပြီး နှစ် ယောက်အတူ မုန့်ဝယ်စားတတ်ကြ လို ငှက်လေးတွေ ရလာရင် ည်း လူကြီးတွေမသိအောင် ဟို ချောင်မှာဝှက်၊ ဒီချောင်ထဲဝှက်။ စ်ခါတလေတော့ ည်း ကြောင်တွေက တ်စားသွားတာမျိုး ည်း ကြုံရတတ်ပြန် ယ်။ တစ်ခါတစ်ရံ ကြီးတွေ မိသွားတဲ့ ခါမျိုးမှာ တော့ ချိုရောကျွန်တော်ပါ ကွဲမတတ် အရိုက် ကြရတယ်။ အဲဒီ ခါမျိုးမှာ ကျွန်တော် မိချိုကို လွဲချတတ် လို မိချိုကလည်း န်တော့်ကို လွှဲချ တ်ပြန်တယ်။ အရှုံး မပျောက်ခင်ပဲ စ်ယောက် အရိုက်ခံ ကို တစ်ယောက် လှောင်ပြောင်ကြရင်းနဲ့ ပြန်ခေါ် ခဲ့ကြတယ်။ တကယ်တော့ န်တော်တို့ငယ်ဘဝတွေဟာ မှတ်တရတွေနဲ့ ပြည့်နှက်လို့ တော့ တယ်။ အရွယ်ရောက်လို့ းတိုင် တွေကိုယ်စီနဲ့ တစ် ောက် တစ်လမ်း လျှောက်ခဲ့ကြ မယ့် လမ်းတွေမတူခဲ့သည့်တိုင်

မိချိုကိုတော့ဖြင့် သတိရနေဆဲ၊ အောက်မေ့ဆဲပါပဲ။

မိချိုလည်း ကျွန်တော့်လိုပဲ ဖြစ်မယ်ထင်တယ်။ အထူးသဖြင့် ကျွန်တော်က ပန်းသီးမြင်တိုင်း မိချိုကို သတိရတယ်။ ကျွန်တော့် ပတ်ဝန်းကျင်မှာရှိတဲ့ ပန်းသီးတွေက ဇာတိမြေကလို တစ်မျိုးတည်းသော၊ တစ်ရောင်တည်းသော ပန်းသီးတွေမဟုတ်။ အမျိုးအစားအစုံအလင်၊ အရောင်အဆင်းမျိုးစုံတို့နဲ့ပါ။ တစ်ခါတစ်ရံ မြေပြင်မှာ ကောက်သူမဲ့နေတဲ့ ပန်းသီးများ



လည်း အပုံအပင် တွေ့ရပြန်သေးတယ်။

•

မိချိုနဲ့ကျွန်တော် အဆက်အသွယ်မရတာ အတော်ကြာပါပြီ။ ဒါပေမဲ့လည်း ကျွန်တော် မိချိုကို သတိရနေသလို မိချိုလည်း ကျွန်တော့်ကို သတိရနေမယ်လို့ ယုံကြည်နေမိပြန်တယ်။ ဒါဟာ ကျွန်တော်တို့နှစ်ယောက်သာ နားလည်နိုင်စွမ်းရှိတဲ့ သဘောတရား လို့ လည်း ယုံကြည်နေတယ်။ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကျွန်တော်နဲ့ မိချို ပြန်ဆုံတွေ့ကြတဲ့အခါမှာ လည်း မနေ့တစ်နေ့က လိုမျိုးပဲ ဆက်ဆံဖြစ်ကြမယ့် ငယ်ပေါင်းသူ ငယ်ချင်းတွေပဲ မဟုတ်ပါလား။ သတိရတယ်ဆိုတာထက်ကို ပိုလွမ်းနေမိတယ် မိချိုရယ်။

**ဒီမွန်**

www.burmeseclassic.com

# အသက် (၅၂)နှစ် ရှိသော်လည်း ထူးထူးခြားခြား အရွယ်တင်သူ



အမေရိကန်နိုင်ငံတွင် Shea Vaughn ဆိုသူ အမျိုးသမီးသည် အသက် (၅၂)နှစ်ကျော်ပြီဖြစ်သော်လည်း ထူးခြားစွာ အသက်(၄၀) အရွယ်သာရှိအောင် နုပျို အရွယ်တင်လျက်ရှိသည်။

ထိုအမျိုးသမီးသည် ဟောလီဝုဒ်မင်းသား Vince Vaughn ၏မိခင် ဖြစ်သည်။ သားသမီး လေးဦးရှိပြီး မြေးများလည်းရှိသည်။ သူမသည် ယခုကဲ့သို့ နုပျိုအောင် ယောဂကျင့်ခြင်း၊ ကိုယ်ခံပညာသင်ကြားခြင်းနှင့် အခြားအားကစား ၂မျိုးခန့်ကို ကစားခဲ့သည်။

Shea Vaughnသည် ယခုအခါ ကမ္ဘာ့အနုပျိုဆုံး အသက်အကြီးဆုံးအမျိုးသမီးစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: World Interesting News


24-5-2014



www.burmeseclassic.com

www.burmeseclassic.com





# ကျန်းမာရေးအတွက် ပိုးကောင်များစားနေရသော ကျောင်းသား

ဒေါက်တာဘွဲ့ယူမည့် Peter ckerton ဆိုသူ ကျောင်းသား သည် နှလုံးရောဂါရှိသူဖြစ်ပြီး သူ နှလုံးရောဂါသက်သာအောင် ပိုး ကောင်များကို ထောင်ချီစားသုံးနေ သည်။

အသက် (၂၄)နှစ်အရွယ် ပီ တာသည် ယခုအချိန်အထိ ပုရစ် ကောင်တစ်သောင်း၊ ကျိုင်း ကောင် ငါးထောင်နှင့် ပေါက်ဖတ် တစ်ထောင်ကို စားသုံးပြီးဖြစ်သည်။ နံနက်စာအဖြစ် ရေခဲသေတ္တာထဲ တွင်ထည့်ထားသော ကျိုင်းကောင် များ၊ နေ့လယ်စာကို ပုရစ် Sandwich နှင့် ညစာကို ပေါက်ဖတ် (အသားလိပ်)များသည် ပီတာ၏ တစ်နေ့စာ အစားအစာများပင်ဖြစ် သည်။


ပိုးကောင်များစားသုံးခြင်းသည် ခန္ဓာကိုယ်ကို ကိုလက်စထရော ပမာဏ မြင့်တက်ခြင်းမှ ကာကွယ် ပေးပြီး သူ၏နှလုံးရောဂါကို သက် သာစေကြောင်း ပီတာက ယုံကြည် ထားသည်။

**ဆောင်းဟေမန်**

Ref: Strange News

28-5-2014

www.burmeseclassic.com



# ကြွက်ကောင်ရေသောင်းချီ၍ ကျွေးမွေးစောင့်ရှောက်ထားသော ဘုရားကျောင်း

အိန္ဒိယနိုင်ငံ၊ ရာဂျက်သန် ပြည်နယ်ရှိ ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် များပြားလှသော ကြွက်များ ပြေးလွှားသွားလာလျက်ရှိပြီး ဒေသခံများက ကြွက်များကို ယုံကြည်ကိုးကွယ်မှုများ ပြုလုပ်လျက်ရှိသည်။

လူများသည် ကြွက်များကို ကျွေးမွေးရန် အစားအစာများကို ယူဆောင်လာကြပြီး ကြီးမားလှသည့် ခွက်ထဲမှ အစားအစာများနှင့် နို့များကို ကျွေးမွေးခဲ့၍ အလုအယက် စားသောက်ကြသည်။ ကြွက်များကြောင့် ပလိပ်ရောဂါ မဖြစ်သလို ကလေးငယ်များကလည်း ကြွက်များနှင့်အတူ ပြေးလွှားဆော့ကစားနေကြသည်။

ထိုဘုရားကျောင်းသို့ ပထမဦးဆုံး လာရောက်လည်ပတ်သူ ညှို့သည်တစ်ဦးက ဘုရားကျောင်းအတွင်း သတိကြီးစွာ သွား ခဲ့ရပြီး ကြွက်များ ခြေထောက် မှ ဖြတ်သွားချိန်တွင် ကြောက် စွာ အော်ဟစ်ခဲ့ရကြောင်း ပြော ကြားခဲ့သည်။

**ဆောင်းဟေ**

Ref: India N

30-5-2



www.burmeseclassic.com

www.burmeseclassic.com



# သူငယ်ချင်းဖြစ်သူ ကျောင်းသားကို



## သတ်ဖြတ်ခဲ့သူ ကျောင်းသူနှစ်ဦး

ယခုအခါ အမေရိကန်နိုင်ငံ အနှံ့အပြားတွင် တက္ကသိုလ်များ၌ ဘွဲ့ယူကြသူအများအပြား ရှိနေချိန်တွင် လွန်ခဲ့သော (၈)နှစ်ခန့်က အသက် (၁၈)နှစ်အရွယ် ကျောင်းသားတစ်ဦးသည် သူငယ်ချင်းကျောင်းသူနှစ်ဦး၏ သတ်ဖြတ်မှုကို ခံခဲ့ရပြီး ဘွဲ့မယူနိုင်ခဲ့ပေ။

လွန်ခဲ့သော (၈)နှစ်ကျော် ၂၀၀၆ ခုနှစ်တွင် အထက်တန်းကျောင်းသားတစ်စုသည် အထက်တန်းကျောင်းပြီးဆုံး၍ ခရီးတိုတစ်ခုကို သွားခဲ့ကြသည်။ ထိုအချိန်တွင် ခရီးအတူသွားကြသည့် ကျောင်းသားကို သူငယ်ချင်းများဖြစ်ကြသော အသက် (၂၇)နှစ်အရွယ်နှင့် အသက် (၂၄)နှစ်အရွယ် ကျောင်းသူနှစ်ဦးက ရေနှစ်ပြီး သတ်ဖြတ်ခဲ့ကြသည်။ ကျောင်းသား၏အလောင်းကို Fort Gibson ရေကန်တွင် တွေ့ရှိခဲ့ရပြီး စစ်ဆေးသူများက ရေနှစ်အသတ်ခံရကြောင်းနှင့် ဦးခေါင်းအနောက်ဘက်ကို အချက်ပေါင်းများစွာ အရိုက်ခံထားရကြောင်း မှတ်တမ်းတင်ထားကြသည်။

လွန်ခဲ့သည့်အပတ် အစောပိုင်းတွင် ထိုကျောင်းသူနှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး သူမတို့နှစ်ဦးစလုံးကို အကြမ်းဖက်သတ်ဖြတ်မှုဆိုင်ရာ ပထမအဆင့်သတ်မှတ်၍ ပြစ်ဒဏ်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref:USA News

13-6-2014

www.burmeseclassic.com





# ခြသေ့်သွေးပါသော အိမ်စောင့်ခွေး

တရုတ်နိုင်ငံတွင် ခြသေ့်သွေးရောသည့် တိဗက်အိမ်စောင့်ခွေးတစ်ကောင်ကို အမေရိကန်ဒေါ်လာ နှစ်သန်းနီးပါးဖြင့် ရောင်းချခဲ့သည်။

အဆိုပါခွေးသည် ရောင်းချခဲ့သမျှ ခွေးများအားလုံးအနက်မှ ဈေးအကြီးဆုံးဖြစ်သည်။ ရွှေရောင် အမွေးများပါသော တစ်နှစ်သားအရွယ်ခွေးကို တရုတ်နိုင်ငံအရှေ့ပိုင်း၊ ကျဲကျန်းပြည်နယ်ရှိ အိမ်မွေးတိရစ္ဆာန်ပြပွဲမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉သန်းဖြင့် ရောင်းချခဲ့သည်။

တိဗက်အမျိုးအစား ခွေးများတွင် တောဘုရင် ခြသေ့်၏သွေးများပါရှိခြင်းကြောင့် ၎င်းခွေးအမျိုးအစားသည် အိမ်စောင့် ခွေးတွင် ထိပ်တန်းအမျိုး အစားဖြစ်ပြီး အလွန်ရှားပါးကာ ဈေးနှုန်းမှာလည်း အလွန်မြင့်မားကြောင်း သိရသည်။

**ဆောင်းဟောမန်**

Ref: China News

2-6-2014



www.burmeseclassic.com

www.burmeseclassic.com



# လူကြိုက်များသော ပင့်ကူအရက်

Tarantula (ထရန်ကျူလာ)ဟု ခေါ်သော အဆိပ်ပြင်းအမွေးထူပင့် ကူသည် အာရှ၊ ဥရောပ၊ အမေ ရိကတို့တွင် ရှင်သန်ပေါက်ဖွားပြီး အဆိပ်ပြင်းကာ လူများကိုအန္တရာယ် ပြုနိုင်ကြသည်။

ထိုပင့်ကူ၌ပါသောဓာတ်သည် လူ့ကျန်းမာရေးအတွက် အထောက် အကူပြုကြောင်း အင်ဒိုနီးရှား၊ ဖိလစ်ပိုင် ရိုးရာဆေးပညာရှင်များက လက်ခံယုံကြည်ထားသည်။ ပင့်ကူသေပြီး မကြာသေးသော လတ် လတ်ဆတ်ဆတ်ပင့်ကူကို ဆန်အရက်၊ ဘရန်ဒီအမျိုးမျိုးထဲ၌ စိမ်၍ ထည့်သောက်ကြသည်။ အမျိုးသားများက ပို၍သောက်သုံးကြ သည်။

ထိုအရက်ကို ထရန်ကျူလာ အရက်ဟုခေါ်ပြီး အင်ဒိုနီးရှား၊ ဖိ လစ်ပိုင်တို့တွင် ကမ္ဘာလှည့်ခရီးသည်များ ကြိုက်နှစ်သက်သည့် အစားအသောက်တစ်ခုဖြစ်သည်။

**ဆောင်းဝေဟမန်**

Ref: World Interesting News

6-6-2014



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# အောင်ကျော်ဇော

# ပြာမှုံထဲက မီးထဲခုန်ဆင်းသူ



"ဟေ့ကောင်..မင်းဘာဖြ
တာလဲ၊ သောက်လေ"

အရက်ခွက်ကို ရှေ့မှ
ထားရင်း သက်ခိုင်က ပိုင်နေ

သက်ခိုင်နှင့် အတူရှိနေ
စန်းဦးက သက်ခိုင်ကိုကြည့်
စိတ်မသက်မသာဖြင့် မေး
သည်။

သူတို့နှစ်ဦးနှင့်အတူ
ထွန်း၊ ကျော်လင်းနှင့် မြင့်
တို့ အတူရှိနေကြသည်။
အားလုံးသည် ရွှေတူး
ကျင်းသားများဖြစ်ကြသည်၊

သူတို့၏ရွှေလုပ်ကွက်မှာ
ကျင်မြို့၏ အရှေ့တောင်ဘက်၊
(၃၀)ကျော်တွင်ရှိသည့် ရွှေလုပ်ကွက်
သည်။

ရွှေလုပ်ကွက်ပိုင်ရှင်မှာ ရွှေကျင်မြို့
တောင်ဘက်ကျေးရွာ သားဖြစ်၍ ရွှေကျင်မြို့
ခမ်းနားထည်ဝါသော တိုက်နှင့်ခြံဝင်း အ
အခြေချနေထိုင်သူဖြစ်၏။

သူတို့အားလုံးထဲတွင် သက် ခိုင်မှာ မိုးညှင်း
နယ်ဖာတီဖြစ်၍ စန်းဦးမှာ မိုးကောင်းမြို့နယ်
ဖြစ်သည်။

ငြိမ်းထွန်း၊ ကျော်လင်းနှင့် မြင့်ကျော်တို့မှာ
ကျင်မြို့နယ်၊ သံဆိပ်ရွာ၊ ဖောတီရွာနှင့် တောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာဇာတိများဖြစ်သည်။

မြင့်ကျော်မှာ တောင်ဘက်ရွာ ဇာတိဖြစ်၍ ရွှေကွက်ပိုင်ရှင်၏ လူယုံတော်ဖြစ်သည်။ ရွှေကျင်းလုပ်သားအားလုံးမှာ ရွှေလုပ်ကွက်ပိုင်ရှင်၏ လူယုံတော် မြင့်ကျော်ကို မလွန်ဆန်ဝံ့ပေ။

မြင့်ကျော်က သူတို့အားလုံးထက် အသက်ပိုကြီးသည်။ သက်ခိုင်နှင့် စန်းဦးမှာ အသက် (၂၀) ကျော်များသာဖြစ်ကြသည်။ တစ်ရပ်တစ်နယ်မှ လာရောက်အလုပ်လုပ်ကိုင်နေသော သက်ခိုင်နှင့်စန်းဦးတို့မှာ ဒေသတူများဖြစ်၍ ပိုမိုရင်းနှီးကြသည်။

ပြောမနာ၊ ဆိုမနာဖြင့် တစ်ဦးကိုတစ်ဦး အနစ်နာခံကြသူများဖြစ်သည်။

အရက်မသောက်ဘဲ ငိုင်နေသော သက်ခိုင်၏ ခံစားချက်ကို စန်းဦးက ကောင်းစွာသိသည်။ သက်ခိုင်၏ ပြောပြချက်အရ သိရှိသလို စန်းဦးကိုယ်တိုင် သိရှိသည်လည်းဖြစ်သည်။

ယခုအခါ အများရှေ့မှာမို့ မေးသင့်၊ မမေးသင့် စဉ်းစားနေခဲ့မိ၏။

"စိတ်ကို ပျော်ပျော်ထားပါကွာ"

"ဟ.....ဘယ်လိုပျော်နိုင်မှာလဲကွ၊ ငါ့ဘဝကို စုတ်ဖြဲခံလိုက်ရတဲ့ကိစ္စလေ၊ မင်းက လူပျိုဆိုတော့ ဘယ်လိုလုပ်ပြီး ကိုယ်ချင်းစာနိုင်မှာလဲ"

"မင်းငါ့ကို အဲဒီလိုမပြောနဲ့ သူငယ်ချင်း၊ ငါ့မှာလည်း ခံစားချက်ရှိတာပဲ"

"မင်းရဲ့ခံစားချက်က လှမ်းမြင်ပြီး ပုံဖော်နေရတဲ့ ခံစားချက်ကွ၊ ငါ့ခံစားချက်က ရင်ထဲက နှလုံးသားကို ဆွဲနုတ်ဖယ်ရှားခံရတဲ့ ခံစားချက်ကွ"

သက်ခိုင်၏အပြောကြောင့် အလုပ်သမားခေါင်းဖြစ်သူ မြင့်ကျော်က မနေသာတော့။ သိလိုစိတ် ပြင်းထန်လာသဖြင့် မေးလိုက်မိ၏။

"ဒီမှာ သက်ခိုင်၊ တို့တစ်တွေ အတူတကွ အလုပ်လုပ်နေကြတာဆိုတော့ အလုပ်နဲ့တော်စပ်တဲ့ ဆွေမျိုးတွေပဲ၊ မင်းရဲ့ခံစားချက်ကိုပြောပြလေကွာ၊ ဒါမှ ငါတို့က မင်းကို ကူညီနိုင်မှာ"

မြင့်ကျော်မှာ အသက်အကြီးဆုံးဖြစ်သည်။ အလုပ်ရှင်၏ လူယုံတော်တစ်ဦးဖြစ်၍ အားလုံး၏လေးစားခြင်းကို ခံရသူဖြစ်သည်။

သက်ခိုင်က သူ့ရှေ့မှ အရက်ခွက်ကို ကောက်ယူပြီး ရေမရော ဘဲ သောက်ပစ်လိုက်၏။ အရက်၏ ပူစပ်စပ်အထိအရှကာ သူ့လည်မျိုမှတစ်ဆင့် အူတစ်လျှောက် စီးဝင်သွားခဲ့သည်။

"ဟော့ကောင်...အရက်ကို အဲဒီလိုမသောက်နဲ့၊ အသက်တိုစေနိုင်တယ်"

"မြန်မြန်သေတော့လည်း သောကတွေ ချုပ်ငြိမ်းသွားတာပေါ့ အစ်ကိုမြင့်ကျော်ရာ"

"လူ့ဘဝကို ဘာဖြစ်လို့ လွယ်လွယ်ကူကူ အရှုံးပေးချင်ရတာလဲ ငါ့ညီ၊ ယောကျ်ားပဲကွာ၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရမှာပေါ့"

"ခက်တယ် အစ်ကို၊ နှလုံးသားဆိုတာ အနူးညံ့ဆုံး ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းပါ၊ နှလုံးသားဆိုတာ စိတ်ခံစားချက်ကို ဖြစ်စေတာလို့ ကြားဖူးတယ်၊ အခု ကျွန်တော့်ဘဝမှာ စိတ်ထောင်းကိုယ်ကြေဖြစ်နေရပြီ"

သက်ခိုင်က သူ့ခံစားချက်ကို ထုတ်ဖော်ပြောပြရင်း နောက်ထပ် အရက်တစ်ခွက်ကို ငုံသောက်လိုက်သည်။ အရက်ခွက်များမှာ ပန်းကန်လုံးနှင့် ဖန်ခွက်များမဟုတ်။ တောထဲမှဝါးကို ဝါးဆစ်အဘိုင်း ဖြတ်တောက်၍ ပြုလုပ်ထားသော ဝါးရေခွက်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ရေမရောဘဲ သောက်ခဲ့သော အရက်နှစ်ခွက်ကြောင့် သက်ခိုင်မှာ အရက်မူးစပြုလာသည်။ သက်ခိုင် အရက်သောက်နေပုံကိုကြည့်၍ ကျန်လူများအားလုံးကလည်း ခွက်ကိုယ်စီကိုင်ပြီး သောက်လိုက်ကြသည်။

အရက်အမြည်းက အကောင်းစားမဟုတ်။ တောထဲတွင် သဘာဝအလျောက်ပေါက်နေသော မျှစ်ကို ပြုတ်ထားသည့် မျှစ်ပြုတ်ဖြစ်၏။ မျှစ်ပြုတ်ကို ဆားနှင့်တို့၍ ရွှေအပ် ဖော် တောင်ပေါ်ငရုတ်သီးစိမ်းနှင့် တွဲဖက်စားသောက်၍ အမြည်းလုပ်ခဲ့ခြင်းဖြစ်သည်။

အရက်အရှိန်တက်လာတော့ စကားဝိုင်းက စည်ကားလာသည်။ သက်ခိုင်၏ ခံစားချက်ဆိုသည်ကို ဝိုင်းမေးကြသည်။

သက်ခိုင်၏ မူလအသိစိတ်များ ပျောက်နေချိန်ဖြစ်သည်။

အရက်မူးတော့ ကျွဲခိုးပေါ်ဆိုသကဲ့သို့ အရက်မူးတော့ သက်ခိုင်က လူသတ်တရားခံပြေးဖြစ်ကြောင်း ပြောပြလိုက်မိသည်။

"ကျွန်တော်က လူသတ်တရားခံပြေးပါ အစ်ကို"

"ဟေ...မင်းလိုလူဖလံလေးက လူသတ်ခဲ့တယ်၊ မဖြစ်နိုင်တာ မပြောပါနဲ့ကွာ၊ မင်းပြောပြတာကို ရဲကကြားသွားရင် အဖမ်းခံရမှာနော်"



"ကျွန်တော် တကယ်ပြောတာ၊ အစ်ကိုတို့ကို အစ်ကိုအရင်းတွေလို သဘောထားပြီး ပြောတာပါ၊ မယုံရင် ကျွန်တော့်သူငယ်ချင်းကို မေးကြည့်ပေါ့"

သက်ခိုင်က အရက်အမူးလွန်သွားသည့်အတွက် လျှာလေးအာလေးသံဖြင့် ပြောခဲ့သည်။ အား… က အရက်မူးနေ၍ ကြွားလုံးထု… နေသည်ဟု ထင်လိုက်ကြသည်…

ထိုအချိန်၌ပင် သက်ခိုင်န… အရင်းနှီးဆုံး စန်းဦးက သက်ခိုင်… စကားကို ယုံကြည်ကြစေ… ထောက်ခံပြောပြခဲ့သည်။

"သက်ခိုင်ပြောတာ… အမှန် တွေပါ အစ်ကိုတို့… သူက သူ့မိန်းမကြော… မထင်မှတ်ဘဲ လူသတ်… ထွက်ပြေးခဲ့သူပါ"

"ဒါဖြင့်လည်း ပြော… စမ်းပါဦးကွာ"

ကျော်လင်းက အမ… အတိုင်း ပြောပြရန် တို… တွန်းခဲ့သည်။

"ဒီလိုပါ၊ သက်ခိုင် အိ… ထောင်ကျပြီး သုံးလအကြ… မှာ သူ့သူငယ်ချင်းနဲ့အ… အိမ်မှာဝိုင်းဖွဲ့ပြီး အရ… သောက်ခဲ့တယ်၊ သူ့မိန်း… ကိုအမြည်းလုပ်ခိုင်းတော… သူ့မိန်းမက သူ့ကိုအမြည်းလုပ်ခိုင်းရမလား လို့ ပြန်ပြောင်… စကားများခဲ့ကြတယ်"

"ဒါကတော့ သူ့မိန်းမကလွ… တာပဲကွ၊ ညှော်သည်ရှေ့မှာ မ… သင့်ဘူးပေါ့ကွာ"

"ညှော်သည်… …က သူ… မိန်းမနဲ့ ရည်းစားဖြစ်ခဲ့ဖူးတဲ့လူ…

www.burmeseclassic.com



ပြောတယ်၊ သူ့မိန်းမက တောသူဆိုပေမယ့် အတော့်ကိုချောတယ်''

''အေး.....ဟုတ်တယ်၊ ရုပ်ချောတဲ့မိန်းမတွေဟာ ရုပ်အားကိုးနဲ့ လင်ယောကျ်ားအပေါ် အနိုင်ကျင့်ကြမှုများတယ်လို့ ကြားဖူးတယ်''

ထိုစကားကို ပြောပြသူမှာ သံဆိပ်ရွာသား ငြိမ်းထွန်းဖြစ်သည်။

''ထားပါတော့ အစ်ကိုတို့ရာ၊ ရည်းစားဟောင်းရှေ့မှာ ရန်လုပ်ခံရတဲ့အတွက် သက်ခိုင်က သူ့မိန်းမကို လည်ပင်းညှစ်ခဲ့တယ်၊ အဲဒီအချိန်မှာ သူ့မိန်းမရဲ့ ရည်းစားဟောင်းက ကယ်တင်ရှင်လုပ်ပြီး သက်ခိုင်ရဲ့လည်ကုပ်ကို ဆွဲကိုင်ပြီး ဆောင့်တွန်းပစ်လိုက်တယ်''

''ရည်းစားဟောင်းက လူကောင်ထွားလို့လား''

မြင့်ကျော်၏အမေးကကရုဏာသက်သံလွှမ်းနေ၏။

''ဟုတ်တယ်၊ သူ့ထက် လူကောင်ထွားတယ်၊ ထရံထောင့်မှာ တုံးလုံးပက်လက်ဖြစ်သွားတဲ့ သက်ခိုင်က အသင့်တွေ့ရတဲ့ ဓားမနဲ့ ခုတ်ခဲ့လို့ အဲဒီလူ သေသွားတယ်၊ လူသတ်မှုဖြစ်တာနဲ့ သက်ခိုင်ဟာ ဖားကန့်ရွှေမှော်ဘက် ထွက်ပြေးသွားခဲ့တယ်''

လူသတ်မှုဖြစ်ရသည့် အကြောင်းကိုသိရ၍ သက်ခိုင်အပေါ် စာနာစိတ်ဖြင့် အပြစ်မပြောမိခဲ့ကြပေ။

''သက်ခိုင်ဟာ သူ့မိန်းမကြောင့် မထင်မှတ်ဘဲ လူသတ်မှုကျူးလွန်ခဲ့မိပေမယ့် ရွှေမှော်မှာ အလုပ်လုပ်ရင်း စုဆောင်းမိတဲ့ငွေတွေကို နှစ်လတစ်ကြိမ် သူ့မိန်းမဆီ ပြန်ပို့ခဲ့တယ်''

''လင်ယောကျ်ားတစ်ယောက်အနေနဲ့ တာဝန်ကျေတာထက် သူ့မိန်းမကို နှစ်နှစ်ကာကာချစ်တာလို့ပဲ ယူဆရမှာပေါ့''

မြင့်ကျော်၏သုံးသပ်ချက်က ဥပဒေအလိုကိုကျော်လွန်ပြီး လူမှုရေးအပိုင်းကို ဦးစားပေးလွန်းသည်ဟု ထင်ရသည်။

ထိုအချိန်၌ပင် သူ့ဘက်မှ ထောက်ခံမှုရရှိနေကြောင်း သိရသည့်အတွက် အရက်မူးပြီး ခေါင်းငိုက်စိုက်ကျနေသော သက်ခိုင်က နောက်ဆုံးအခြေအနေကို ရှင်းပြလိုက်သည်။

''အခု ကျွန်တော့်မိန်းမက နောက်ယောကျ်ားယူပြီး စက်တောင်မှာရောက်နေတယ်လို့ သိရတယ်''

''ဟေ.....မင်းမိန်းမက မင်းဆီက လစဉ်ထောက်ပံ့ကြေးယူပြီး နောက်ယောကျ်ားယူပြန်ပြီလား''

စန်းဦးက ယခုမှသိခွင့်ရခဲ့၍ မေးလိုက်သည်။

''ဟုတ်တယ်၊ ငါ့မိန်းမနဲ့ငါကွဲ နေတာ ရှစ်လလောက်ရှိပြီ၊ ငါမြေ ပြန့်ကို ဆင်းပြေးလာတာ သူမသိဘူး၊ သူတို့က ငါဟာ ဖားကန့်မှာပဲရှိနေတယ်ထင်ကြတယ်၊ သူတို့ က လွတ်ပြီကျွတ်ပြီဆိုပြီး ဒီဘက်ကိုပြေးလာတာ၊ မထင်မှတ်ဘဲ တွေ့ လိုက်ရတာ''

''ဘယ်မှာတွေ့လိုက်တာလဲ''

''ရွှေကျင်ဈေးထဲမှာ ဈေးဝယ်သွားရင်း မြင်ခဲ့ရတာ၊ သူတို့ဈေးဝယ်နေကျဆိုင်မှာ မေးကြည့်တော့ စက်တောင်ရွှေမျှောမှာ အလုပ်လုပ်နေတယ်လို့ သိခဲ့ရတယ်၊ ဒါကြောင့် နှလုံးသားတွေ ကြေကွဲနေရပြီလို့ ပြောတာ''

သက်ခိုင်က ပြောရင်း မျက်ရည်ကျသည်။

အားလုံးက သက်ခိုင်ကို အသနားပိုခဲ့ကြသည်။

မြင့်ကျော်က အရက်ကို ဖိတိုက်ရင်း အိပ်ပျော်သွားစေရန် ဖန်တီးလိုက်သည်၊ သက်ခိုင်တကယ်လည်း အိပ်ပျော်သွားခဲ့သည်။

သက်ခိုင် မူးမူးနှင့် အိပ်ပျော်သွားချိန်၌ လုပ်ဖော်ကိုင်ဖက်များက စောင်ခြုံပေးပြီး နွေးနွေးထွေးထွေး အိပ်ပျော်စေရန် ပြုလုပ်ပေးခဲ့ကြသည်။

သက်ခိုင်မှာ ပြာပူထဲတွင် လူး လိမ့်ရုန်းကန်နေရသော



www.burmeseclassic.com

www.burmeseclassic.com


အချစ်ကြီးသည့်လူသတ်တရားခံပြေး ဟု အားလုံးက မှတ်ယူခဲ့ကြသည်။

သို့သော် လူသတ်တရားခံ ပြေးဖြစ်နေမှန်းသိပါလျက် သံယောဇဉ်ကြောင့် သက်ဆိုင်ရာသို့သတင်း ပေးရန် ပျက်ကွက်ခဲ့ကြသည်။

ပြာပူထဲမှ အချစ်မီးတောက် လောင်နေသူ သက်ခိုင်မှာ မယား အမိုက်ကိုမှ မုန်းမေ့မရအောင်ဖြစ် နေခဲ့ရလေသည်။

♛♛♛♛♛

သက်ခိုင်က အခင်မင်ဆုံး သူငယ်ချင်း စန်းဦးကို အဖော်ပြု၍ ရွှေကျင်မြို့၏ အရှေ့မြောက်အရပ်တွင်ရှိသော စက်တောင်ရွှေမျော ရှိရာသို့ ထွက်ခဲ့ကြသည်။

သူတို့သွားလာနိုင်ရန် မြင့်ကျော်က ကူညီခဲ့သည်။

ညအိပ်တည်းခိုနိုင်ရန်အတွက် သံဆိပ်ရွာသား ငြိမ်းထွန်းကအဖော်အဖြစ် လိုက်ပါခဲ့သည်။ သက်ခိုင်နှင့် စန်းဦးတို့ ရွှေကျင်မြို့ဆည်အနီးမှဖြတ်၍ ခရီးဆက်ခဲ့ကြသည်။

ရွှေကျင်ဆည်သည် ရွှေကျင်ရေအားလျှပ်စစ်ထုတ်ပေးရာနေရာ ဖြစ်သည်။ စက်တောင်ရွှေမျောသို့ သွားရန် ကျိုက်ထီးရိုးလေးဘုရားသို့ သွားသည့်လမ်းအတိုင်း သွားကြရသည်။

ကျိုက်ထီးရိုးဘုရားသည် သထုံမြို့နယ်တွင်ရှိ၍ လူတိုင်းက သိသည်။ ကျိုက်ထီးရိုးလေးဘုရားသည် ကျိုက်ထီးရိုးဘုရားကဲ့သို့ ပုံစံတူ တည်ထားသော သမိုင်းဝင် ဘုရားတစ်ဆူဖြစ်သည်။

ရွှေကျင်မြို့မှသွားလျှင် နေ့ချင်းပြန်ခရီးဖြစ်သည်။

တောလမ်းနှင့် တောင်ပေါ်ခရီးလမ်းဖြစ်သည်။

ငြိမ်းထွန်းက သံဆိပ်ရွာတွင် နေခဲ့သည်။ သက်ခိုင်က သူ့မိန်းမကို ရှာဖွေခေါ်ယူ၍ သံဆိပ်ရွာတွင် ညအိပ်တည်းခိုရန် စီစဉ်ခဲ့သည်။

ငြိမ်းထွန်းက သူ့အိမ်တွင်နေခဲ့ရင်း သက်ခိုင်တို့အပြန်ကိုစောင့်ရန် စီစဉ်ခဲ့သည်။

သက်ခိုင်နှင့် စန်းဦးတို့က ကြိုတင်စုံစမ်းပြီးဖြစ်၍ သက်ခိုင်၏ မိန်းမနှင့် သူမ၏ နောက်ယောက်ျားတို့နေထိုင်သည့်နေရာကို သိခွင့်ရရှိခဲ့ပြီးဖြစ်သည်။

သက်ခိုင်က သူ့မိန်းမကို အသာတကြည်ခေါ်ရန် ကတိပေးခဲ့၍ အားလုံးက စာနာစိတ်ဖြင့်ဝိုင်းဝန်းကူညီခဲ့ကြခြင်းဖြစ်သည်။

သက်ခိုင်နှင့် စန်းဦးတို့ ခရီးဆက်ခဲ့ကြသည်။

"ငါတို့စောစောသွားလို့မဖြစ်ဘူးထင်တယ်"

သက်ခိုင်က သူ့ဆန္ဒကို ဦးစွာပထမ ပြောပြသည်။

"အေး....ကောင်းတယ် အလင်းရောင်ရှိနေတုန်း တို့ကိုတွေ့တာနဲ့ ထွက်ပြေးသွားနိုင်တယ် အမှောင်ချိန်ကျမှ ဝင်တွေ့ရင် သူတို့ထွက်မပြေးနိုင်ဘူး"

သူတို့နှစ်ဦး တိုင်ပင်ရင်း ရွှေ သို့ခရီးဆက်ခဲ့ကြသည်။

လမ်းခရီးမှာ တောလမ်းဖြစ်၍ ကျားရဲတိရစ္ဆာန်၏အန္တရာယ်ရှိနေသည့်အတွက် နှစ်ဦးစလုံး ဓားမြှောင်တစ်ချောင်းစီ ဆောင်ခဲ့ကြသည်။

စက်တောင်ရွှေမျောတွင် မီးစက်ဖြင့် မီးများထိန်ထိန်လင်းနေသည့် စားသောက်ဆိုင်များ၊ စားသောက်ကုန်ပစ္စည်းအရောင်းဆိုင်များလည်းရှိသည်။

သူတို့နှစ်ယောက် ရွှေလုပ်ကွက်သို့ ရောက်ရှိသွားချိန်မှာ ည ၇ နာရီခန့်ဖြစ်သည်။

ပထမဆုံး စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ပြီး အရက်တစ်ပုလင်းနှင့် ခေါက်ဆွဲကြော်နှစ်ပွဲ မှာယူစားသောက်ကြသည်။

စားရင်းသောက်ရင်း အရက်တစ်ပုလင်းကုန်သွား၍ အရက်တစ်ပုလင်း ထပ်မှာပြီးသောက်သည်။ အရက်သောက်နေကျသူများဖြစ်သည့်အပြင် အစာပါခံထားသည့်အတွက် အမူးလွန်သူမှ မပြောနိုင်

www.burmeseclassic.com



ခဲ့ကြပေ။

ည ၈ နာရီတွင် စုံစမ်းပြီး ခရီး ထွက်ခဲ့ကြသည်။

"သန္တာအေးနဲ့ ဝဏ္ဏတို့နေတဲ့ နေရာမှာ ဟိုမှာတွေ့နေရတဲ့ ယာယီတဲမှာပါ"

သန္တာအေးမှာ သက်ခိုင်၏ဇနီး ဖြစ်သည်။

ဝဏ္ဏမှာ သန္တာအေး၏နောက် အိမ်ထောင်ဖြစ်၍ အသက် (၂၀) ခန့်သာရှိသေးသည့် အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ် လူရည်သန့်ဟု သိခဲ့ရသည်။

ရွှေမျောနှင့် မလှမ်းမကမ်း တွင် တဲထိုး၍ နေထိုင်ကြကြောင်း သိရသည်။

သက်ခိုင်နှင့် စန်းဦးတို့ ယာယီတဲရှိရာသို့ ခြေသံဖော့နင်းပြီး ချဉ်းကပ်ခဲ့ကြသည်။ ယာယီတဲအတွင်းမှ ဝဏ္ဏနှင့် သန္တာအေးတို့ မအိပ်ကြသေးပေ။ ဖယောင်းတိုင်မီးထွန်းပြီး ညစာစားနေကြသည်။

"သန္တာအေး....."

ယာယီတဲ အတက်အဆင်းမှ ရပ်၍ သက်ခိုင်က အသံပြုလိုက်သည်။

သန္တာအေးနှင့် ဝဏ္ဏတို့ တုန်လှုပ်သွားကြသည်။ စကား မပြောနိုင် အောင်မှင်တက်မိ သွားကြသည်။

"ဟဲ့.....သန္တာအေး၊ ငါပါ၊ သက်ခိုင်လေ"

သည်တော့မှ ဝဏ္ဏနှင့် သန္တာအေးတို့ အသက်ဝင်လာသလို လှုပ် ရှားနိုင်ကြသည်။

"အစ်ကို ကျွန်တော်တို့ကိုခွင့်လွှတ်ပါ"

ဝဏ္ဏက ကြောက်စိတ်လွှမ်းပြီး တောင်းပန်သည်။ သန္တာအေးကလည်း လေပြည်ဖြင့် ဖြေရှင်းချက်ပေးသည်။

"ကိုသက်၊ သန္တာ ကိုသက်ကို အားကိုးတကြီးစောင့်ပါတယ်၊ ရှစ်လကျော်သည်အထိ ဒုက္ခဆင်းရဲခံရလို့ သန္တာအခုလိုလုပ်မိတာပါ"

"နင့်ကို နှစ်လတစ်ခါ လူကြုံနဲ့ ငွေပို့ပေးတယ်လေ၊ မလောက်ဘူးလား"

BURMESE CLASSIC

"သန္တာဘဝ မလုံခြုံလို့ပါ ကိုသက်"

"လျှာနှစ်ခွနဲ့ မြွေဟောက်မ"

စိတ်ထိန်းထားသည့်ကြားမှ သက်ခိုင်က သန္တာအေးကို ပါးလှမ်းရိုက်လိုက်မိသည်။ ဝဏ္ဏမှာ သူ့အမှားကြောင့် မည်သို့မျှ ကြားမဝင်ရဲဘဲ ရပ်ကြည့်သူဖြစ်ခဲ့ရသည်။

"ဝဏ္ဏ.....မင်းဟာ ငါနဲ့တစ်ရွာတည်းသားပဲ၊ ငါ့အပေါ်သစ္စာဖောက်ပြီး ငါ့မိန်းမကို ယူတုံ့တယ်နော်"

"ကျွန်တော် မှားပါတယ် အစ်ကို"

"အေးပါကွာ၊ အခုမှ မှားတယ်လို့ ပြောလို့မရတော့ဘူး။ ငါ့မိန်းမကို မင်း တစ်သက်လုံးစောင့်ရှောက်နိုင်ပါ့မလား"

"စောင့်ရှောက်ပါ့မယ်အစ်ကို"

"ငါ စိတ်လျှော့လိုက်ပါပြီကွာ၊ ငါက လူသတ်တရားခံပြေးပဲ၊ မိန်းမကို အနီးကပ်မစောင့်ရှောက်နိုင်တော့ အသက်ငယ်တဲ့ ငါ့မိန်းမက အနီးကပ်နေပေးမယ့်လူကို အလိုရှိမှာပေါ့ကွာ၊ ငါ့ဘက်က ပျက်ကွက်ခဲ့တာပဲ၊ မင်းတို့ကို မနှောင့်ယှက်ပါဘူး၊ ဒါပေမဲ့ မင်းက ငါ့မိန်းမကို တရားရုံးမှာ တရားဝင် လက်ထပ်ပေးရမယ်၊ အဲဒါကို မင်းလုပ်ပေးနိုင်ပါ့မလား"

"ကျွန်တော် လုပ်ပေးပါ့မယ် အစ်ကို"

"လုပ်ပေးမယ်ဆိုရင် ဒီည ငါတို့နဲ့လိုက်ခဲ့၊ သံဆိပ်ရွာမှာ ညအိပ်မယ်၊ မနက်ဖြန်မနက် တရားရုံးမှာ လက်ထပ်ပြီးရင် ပြန်ကြပေါ့"

"အစ်ကို သံဆိပ်ရွာက အဝေးကြီးပဲ၊ ဒီည မရောက်နိုင်ဘူး"

"ရွှေကျင်ရောက်ရင် ဆိုင်ကယ် ကယ်ရီနဲ့သွားမယ်"

"ဒီလိုဆို ခဏစောင့်ပါ အစ်ကို၊ အလုပ်ကြပ်ကိုသွားပြောပြီး မနက်ဖြန်အတွက် ခွင့်တောင်းရဦးမယ်"

ဝဏ္ဏက ပြောပြောဆိုဆိုဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရွှေမျောအလုပ်ခွင်ရှိရာသို့ ပြေးသွားခဲ့သည်။ စန်းဦးက အမှောင်ထဲ၌ ပင်စောင့်ရင်းအကဲခတ်နေခဲ့သည်။

ဝဏ္ဏပြန်လာသည်နှင့် သူတို့လေးယောက် ရွှေကျင်မြို့ဘက်သို့ ခရီးထွက်ခဲ့ကြသည်။

"ငါတို့နှစ်ယောက် စကားပြောရင်း နောက်ကလိုက်ခဲ့မယ်"

သက်ခိုင်က ဝဏ္ဏ၏လည်ပင်းကို သူငယ်ချင်းတစ်ဦးသဖွယ်သိုင်းဖက်ထားရင်း သန္တာအေးနှင့် စန်းဦးကို ရှေ့မှသွားစေခဲ့သည်။

BURMESE CLASSIC

♛♛♛♛♛

နောက်တစ်နေ့နံနက် ရော်ဘာ ခြံအလုပ်သမားများ အလုပ်ဆင်းချိန်၌ ရွှေကျင်ဆည်နှင့် မနီးမဝေးလမ်းပေါ်မှ လူသေအလောင်းကို တွေ့ခဲ့ကြသည်။

ချက်ချင်း ရွှေကျင်မြို့မရဲစခန်းသို့ အကြောင်းကြားခဲ့၍ မြို့မရဲစခန်းမှူး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များ ရောက်လာသည်။

အလောင်းကိုစစ်ဆေးရာ ဝမ်းဗိုက်နှင့် နံကြားတွင် ထိုးသွင်းဒဏ်ရာများစွာရရှိထားသည်ကို တွေ့လိုက်ရ၏။ သေဆုံးသူ မည်သူဆိုသည်ကို စုံစမ်းမရဖြစ်နေခဲ့၏။

ရွှေမျောမှ အလုပ်ကြပ်တစ်ဦးက ရွှေကျင်မြို့ဈေးသို့ ဈေးဝယ်လာရင်း သတင်းကြားခဲ့ရသည်။ ညပိုင်းက ခွင့်တောင်းပြီးထွက်သွားသောဝဏ္ဏဖြစ်နေမည်လားဟုတွေးရင်းအလောင်းကိုသွားကြည့်သည်။

ဝဏ္ဏအသတ်ခံရမှန်းသိ၍ စခန်းမှူးထံ သတင်းပေးလိုက်သည်။

သေဆုံးသူ မည်သူဖြစ်သည်ကို သိရသည်နှင့် ဆက်စပ်စုံစမ်းသောအခါ ဝဏ္ဏ၏ဇနီး သန္တာအေး ပျောက်ဆုံးနေကြောင်း သိလိုက်ရသည်။

ရွှေကျင်မြို့၏ ဝင်ထွက်လမ်းမှာ ညောင်လေးပင်သို့ထွက်သည့်လမ်း၊ သံဆိပ်ရွာမှ သံတောင်မြို့သို့ ထွက်သည့်လမ်း၊ တောင်ဘက်ရွာမှ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်သို့ထွက်သည့်လမ်းများရှိနေ၍ ရဲတပ်ဖွဲ့ဝင်များက ထွက်လမ်းမှန်သမျှကို ပိတ်လိုက်သည်။

မြို့တွင်း၌လည်း မျက်နှာစိမ်းများ၏ လှုပ်ရှားမှုကို စောင့်ကြည့်သည်။

နှစ်ရက်မြောက်သည့်နေ့၌ သံဆိပ်ရွာမှ ကျောက်တံခါးမြို့နယ်သို့ သွားလာနိုင်သည့်ရေလမ်းတွင် ပျောက်ဆုံးနေသော သန္တာအေးနှင့် သက်ခိုင်ကို ဖမ်းမိလိုက်သည်။

ထိုသို့ဖမ်းမိခြင်းမှာ လူသတ်တရားခံပြေးဖြစ်ပြီး ထပ်မံ၍ လူသတ်မှုကျူးလွန်သည့် သက်ခိုင်ကို လက်ခံမိသည့် သံဆိပ်ရွာသား ငြိမ်း ထွန်းက သတင်းပေးခဲ့၍ အချိန်မီ ဖမ်းမိလိုက်ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များက ဖမ်းမိသူ သက်ခိုင်နှင့် သန္တာအေးကို ရွှေကျင်မြို့မရဲစခန်းသို့ ခေါ်ဆောင်ပြီး စစ်ဆေးခဲ့သည်။

လူချင်းခွဲ၍ စစ်ဆေးခဲ့ချိန်တွင် သက်ခိုင်က ဝဏ္ဏကို သတ်ခဲ့ ကြောင်း သန္တာအေးက ဖွင့်ပြောပြ ခဲ့သည်။

သန္တာအေးအနေဖြင့် လူသတ် တရားခံပြေးကို မပေါင်းသင်းလို၍ တစ်ရွာတည်းသား ဝဏ္ဏနှင့်လက် ထပ်ကာ မိုင်ပေါင်းများစွာဝေးကွာ သော ရွှေကျင်မြို့သို့ ထွက်ပြေး တိမ်းရှောင်ခဲ့ရကြောင်း ရှင်းပြခဲ့ သည်။

သက်ခိုင်ကို တိုက်ဆိုင်စစ် ဆေးမှု ပြုလုပ်ခဲ့သည့်အခါ ငြင်း ကွယ်နိုင်စွမ်းမရှိ၍ လူသတ်တရား ခံပြေးဖြစ်ကြောင်းနှင့် ထပ်မံ၍ လူ သတ်မှုကျူးလွန်မိကြောင်း ဝန်ခံခဲ့ ရတော့သည်။

"ကျွန်တော့် လူသတ်မိတာ က ကျွန်တော်ချစ်တဲ့ ကျွန်တော့် မိန်းမရှေ့မှာ ကျွန်တော့်မိန်းမငဲ့ ရည်းစားဟောင်းက အနိုင်ကျင့်တာ ကို မခံနိုင်လို့ပါ"

"ဟုတ်ပြီ၊ ဒုတိယလူသတ်မှု ကကော့ကွာ"

စခန်းမှူး၏မေးမြန်းချက်ကို သက်ခိုင်က ရှင်းပြရင်း ဝန်ခံခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိပ်ချစ်တဲ့မိန်းမကို ခိုးပြေးလို့ပါ"

"မိန်းမတစ်ယောက်အနေနဲ့ အားကိုးအားထားမရှိလို့ နောက်အိမ်ထောင်ပြုရတယ်လို့ ပြောပြခဲ့တယ်၊ အဲဒီလိုအခြေအနေ ကြောင့် မယားခိုးမှုနဲ့ အရေးယူနိုင်ပါလျက်ဘာဖြစ်လို့ လူသတ်ရတာလဲ"

"ဝဏ္ဏက ကျွန်တော် လူသတ်တရားခံပြေးဖြစ်နေတာ သိနေတယ်၊ ပြီးတော့ လူသတ်တရား ခံပြေးဖြစ်နေတဲ့ ကျွန်တော်က သူ့ ကို မယားခိုးမှုနဲ့ အရေးယူရင် ကျွန်တော် အရင်ဆုံး အဖမ်းခံရမှာ၊ အဲဒါကြောင့် နှုတ်ပိတ်လိုတာရယ်၊ ကျွန်တော့် အချစ်ဆုံးမယားကို ခိုးယူပေါင်းသင်းသူကို တစ်ခါတည်း သတ်ပစ်လိုက်တာပဲ"

"မင်း အခု ထွက်ပြေးဖို့ကြိုးစားတာ ဘယ်နေရာကိုလဲ"

"ကျွန်တော်နေထိုင်ရာ ဇာတိမြေကိုပါ၊ တောတောင်တွေကြောင့် ကျွန်တော့်ကိုရှာရတာ ခက်ပါလိမ့်မယ်၊ ကျွန်တော့်မိန်းမက ကျွန်တော် နှစ်ကြိမ်လူသတ်ဖူးတာသိတော့ ကြောက်ပြီးလိုက်ခဲ့တာပါ၊ အရေးကြီးတာက ကျွန်တော့်မိန်းမနဲ့ ကျွန်တော် တစ်သက်လုံးအတူတူနေဖို့ပါပဲ"

"အခုတော့ မင်းရဲ့စိတ်ကူး အတိုင်းဖြစ်ရဲ့လား"

"မဖြစ်ပါဘူး၊ လောဘအလိုကြောင့် နောက်တစ်ကြိမ် လူသတ်မှု ထပ်ပြီးကျူးလွန်မိခဲ့ပါတယ်"

"ရာဇဝတ်ဘေးက ပြေး



မလွတ်နိုင်ပါဘူးကွာ"

"ဟုတ်ပါတယ်၊ အခု ကျွန်တော့်အဖြစ်က ပြာပုံထဲမှာ နစ်မြုပ်နေတဲ့ဘဝက တစ်ကိုယ်လုံးလောင်ကျွမ်းစေနိုင်တဲ့ မီးပုံထဲခုန်ကူးလိုက်သလို ဖြစ်သွားခဲ့ပါပြီ"

အမှုစစ် စခန်းမှူးက ခေါင်းတညိတ်ညိတ်ဖြစ်နေခဲ့၏။

သက်ခိုင်ဆိုသူမှာ ကာမဘုံသားဖြစ်၍ ကာမလောဘကြောင့် မယားအတွက်နှင့် ပထမအကြိမ် လူသတ်မှုကျူးလွန်ခဲ့သည်။

တရားခံပြေးဘဝနှင့် ထင်ဝတ္တုရား မကျေပွန်ခဲ့။ ဇနီးဖြစ်သူမှာ တရားခံပြေးလင်ယောကျ်ား၏ မပေါင်းသင်းနိုင်တော့၍ အားကိုးရှာရင်း ဝေးကွာသောအရပ် သို့ ထွက်ပြေးခဲ့သည်။

ကံတရား၏တိုက်ဆိုင်မှုဟု ဆိုရမည်။

ထွက်ပြေးသူနှင့် ရှောင်ပြေးသူတို့ မမျှော်လင့်ဘဲ တွေ့ဆုံချိန်ဝယ် အားကိုးရှာခဲ့သော သန္တာအေးမှာ မုဆိုးမဘဝသို့ ရောက်ခဲ့ရသည်။

ဇနီးဖြစ်သူကို ချစ်သည့်စိတ်သာရှိပြီး အပြစ်ကင်းအောင်မနေတတ်ဘဲ လင်ဝတ္တရား ပျက်ကွက်သူ သက်ခိုင်မှာ မယားကိုစွဲလမ်း လွန်းသည့် ကာမလောဘကြောင့် ဒုတိယအကြိမ် လူသတ်မှု ထပ်မံကျူးလွန်ခဲ့သည်။

သက်ခိုင် နောင်တရမိပြီဟု ဆိုနိုင်သည်။

သို့သော် သူ၏နောင်တမှာ ပြုပြင်ရန် မဖြစ်နိုင်တော့သည့် နှောင်းနောင်တသာဖြစ်ကြောင်း အမှုစစ်စခန်းမှူးက ကောက်ချက်ချခဲ့မိလေတော့သည်။

စာပေသစ္စာမြင့်



www.burmeseclassic.com

www.burmeseclassic.com



# ချစ်လို့ပါဆိုပြီး ဖြားယောင်းခေါ်သွားသူက အသွေးအသားဝါးမျိုပြီး အိမ်ပြန်ခိုင်းခဲ့ရာ အသက် (၁၄နှစ်)အောက်ဖြစ်လို့ မုဒိမ်းမှုနဲ့ အရေးယူခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် အသက် (၁၃) နှစ်(၆)လရှိ မိန်းကလေးငယ်တစ်ဦးအား မိဘအုပ်ထိန်းသူ၏ သဘောတူမှုမရှိဘဲ ဖြားယောင်း သွေးဆောင်ပေါင်းသင်းခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၁၂-၅-၂၀၁၄ရက်နေ့ ည၉နာရီ၃၀ မိနစ်အချိန်က ဦး---(၄၈နှစ်) (ဈေးရောင်း)၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ သူသည် နေအိမ်၌ရှိနေစဉ် ၎င်းနှင့်တစ်အိမ်တည်းအတူနေ တူမဖြစ်သူ မ---(၁၃နှစ်၊ ၆လ)မှာ အပြင်သို့ ထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိ လာခြင်းမရှိသဖြင့် လိုက်လံစုံစမ်းရှာဖွေခဲ့သည် ဆို၏။

ထိုသို့ လိုက်လံစုံစမ်း ရှာဖွေနေစဉ် ပျောက်ဆုံးသွားသူ မ---မှာ နေအိမ်သို့ပြန် လည်ရောက်ရှိလာသဖြင့် မေးမြန်းရာ ၁၂-၅-၂၀၁၄ရက်နေ့ ည(၉)နာရီ၌ ရဲကို(၂၂နှစ်)၊ သဲကုန်းကျေးရွာအုပ်စု၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနေသူက မ--အား ဖြားယောင်းသွေးဆောင်ခေါ် ယူသွားပြီး မြောက်ဥက္ကလာပ မြို့နယ်၊ (၅)လမ်း၊ ခုံးတံတားအောက်တွင် အလိုမတူဘဲ သားမယားအဖြစ် တစ်ကြိမ်ပြုကျင့်ခဲ့သည်ဆို၏။

ထို့နောက် ထိုနေရာမှ တစ်ဆင့် ကျိုက်ဝိုင်းဘုရားရှေ့ရှိ တည်းခိုခန်းသို့ ထပ်မံခေါ် ဆောင်သွားပြီး အလိုမတူဘဲ သားမယားအဖြစ် သုံးကြိမ် ထပ်မံပြုကျင့်ခဲ့ပြီး နောက်တစ် နေ့နံနက်၃နာရီအချိန်တွင် ကားငှား၍ အောင်မင်္ဂလာအဝေးပြေးသို့ တင်ပေးခဲ့သည်ဟု မ--က ပြန်လည်ပြောပြခဲ့ သည်။

၆-၆-၂၀၁၄ရက်နေ့ကျမှ ဦး---က တရားလိုပြုလုပ်တိုင်တန်း၍ မြောက်ဥက္ကလာပမြို့မရဲစခန်း(ပ) ၄၂၅/ ၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၆ဖြင့် ရဲကိုအား အမှုဖွင့်ပြီး အမှုစစ် စခန်းမှူးဒုရဲမှူးဇော်ဝင်းက ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**လင်းဦး(လှည်းကူး)**

---

# ကျောင်းသားမိဘများ သင်ခန်းစာယူသင့်တဲ့ ရေနစ်သေဆုံးမှုဖြစ်ရပ်

၁၁-၆-၂၀၁၄ရက်နေ့ နံနက်(၉)နာရီ(၂၀)မိနစ်အချိန်က ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ၆၇ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်းဘေးအနီးရှိ ပဲခူးမြစ်အတွင်းသို့ လူငယ်များ ရေဆင်းကူးရာမှ ရေနစ်သေဆုံးမှုဖြစ် ပွားကြောင်း သတင်းရရှိ၍ ဒဂုံ(ဆိပ်ကမ်း) မြို့မရဲစခန်းမှူးဒုရဲမှူးဟန်စိန်နှင့်အဖွဲ့က သွားရောက်စစ်ဆေး ခဲ့သည်။

ရေနစ်သေဆုံးသူမှာ အထက(၄)၊ သာကေတမှ (၁၀)တန်းကျောင်းသား မောင်ဇင်လင်းထက် (၁၆နှစ်)ဖြစ်၍ အဆိုပါနေ့က ကျောင်းသို့မသွားဘဲ တစ်တန်းတည်းနေသူငယ်ချင်း(၅)ယောက်နှင့်အတူ နံနက်(၈)နာရီအချိန်၌ ပဲခူးမြစ်အတွင်း ရေဆင်းကူးကြရာမှ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူရေနစ်ကြောင်း သိရသဖြင့် မိဘမျာ:ရောက်ရှိလာပြီး အနီးရှိ ရေလုပ်သားများဖြင့် ဝိုင်းဝန်းရှာဖွေကြရာ နံနက်(၁၀)နာရီ(၁၅)မိနစ်တွင် အလောင်းကို ရှာဖွေတွေ့ရှိဆယ်ယူနိုင်ခဲ့သည်။

ဒုရဲမှူးဟန်စိန်နှင့်အဖွဲ့က အလောင်းအား စစ်ဆေးရာ ပြင်ပဒဏ်ရာတစ်စုံတစ်ရာမတွေ့ရဘဲ ရေနစ်သေဆုံးသည့် လက္ခဏာကိုသာတွေ့ရ၍ အလောင်းအား ရဲဆေးစာဖြင့် မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ်၃၀ဖြင့် လက်ခံခဲ့သည်။

ဒဂုံ(ဆိပ်ကမ်း)မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်၉/၂၀၁၄ဖြင့် အရေးယူ၍ အမှုစစ် စခန်းမှူးဒုရဲမှူးဟန်စိန်က အဖြစ်မှန်ပေါ်ပေါက်ရေး စစ်ဆေးနေကြောင်း သိရသည်။

**ကျော်**



www.burmeseclassic.com

www.burmeseclassic.com



## အိမ်ရှင် အိပ်ပျော်နေတုန်း ဆိုင်ကယ်ခိုးသူကို အိမ်နီးချင်းများက ဝိုင်းဖမ်းမှ အိမ်ရှင် နိုးလာပြီး သိရမှု

၁၁-၆-၂၀၁၄ရက်နေ့ နံနက်(၃)နာရီက ကျောက်တန်းမြို့၊ ရွှေပြည်သာယာ(၃)ရပ်ကွက်နေ ဈေးရောင်းသူ ဦးအေးသောင်း(၆၀နှစ်)သည် နေအိမ်အတွင်း မိသားစုနှင့်အတူ အိပ်မောကျနေစဉ်လူငယ်တစ်ဦးက နေအိမ်ရှေ့ခန်းတွင်ထားရှိသော HIPOWER 110အဖြူ/အနက်ကျား ဆိုင်ကယ်ကို ဝင်ရောက်ခိုးယူခဲ့သည်။

အိမ်ရှင်များအိပ်မောကျနေသဖြင့် မသိရှိသော်လည်း ပတ်ဝန်းကျင်မှ တွေ့မြင်၍ ဝိုင်းဝန်းဖမ်းဆီးခဲ့ကြသည်။ ဆိုင်ကယ်ဝင်ရောက်ခိုးသူမှာ မျိုးမင်းဇော် (၂၀နှစ်)(ကျပန်း)၊ ရွှေမြောက်ကျေးရွာ၊ ကျောက်တန်းမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။

အိမ်ရှင် ဦးအေးသောင်းက မျိုးမင်းဇော်အား ရဲစခန်းသို့ ပို့ဆောင်အပ်နှံပြီး တရားလိုပြုလုပ်တိုင်ကြားသဖြင့် ကျောက်တန်းမြို့နယ်၊ သီလဝါနယ်မြေရဲစခန်း က(ပ)၉/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၈၀ဖြင့် အရေးယူ၍ အမှုစစ်ဒုရဲအုပ်အောင်ကိုကိုသက်က စစ်ဆေးနေကြောင်း သိရသည်။

**ကျော်**

BURMESE CLASSIC

## အိမ်ထဲမှာ တစ်ဦးတည်း အိပ်နေတဲ့အမေအရွယ်ကို သားအရွယ် တစ်ရပ်ကွက်တည်းသားက သားမယားအဖြစ် ပြုကျင့်ရန် ကြံစည်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တွံ့တေးမြို့နယ်၊ အိုးဖိုအနောက်ရပ်ကွက်တွင် နေအိမ်အိပ်ခန်းထဲ တစ်ဦးတည်း အိပ်နေသော အမျိုးသမီးကြီးတစ်ဦးအား တစ်ရပ်ကွက်တည်းနေသူက သားမယား အဖြစ် ပြုကျင့်ရန်ကြံစည်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၆-၆- ၂၀၁၄ရက်နေ့(သန်းခေါင်ကျော်)နံနက်၁နာရီ၃၀မိနစ်အချိန်က ဒေါ်---(၅၃နှစ်) တွံ့တေးမြို့နယ်နေသူသည် နေအိမ်အိပ်ခန်းထဲ၌ တစ်ဦးတည်းအိပ်နေစဉ် တစ်ရပ် ကွက်တည်းနေ အေးမိုးဇော်(ခ)မိုးဇော်(၃၃နှစ်)(ရေလုပ်သား)မှာ နေအိမ်ပေါ်သို့ တက်လာပြီး ဒေါ်- အိပ်နေသည့် ခြင်ထောင်အတွင်းသို့ ဝင်ရောက်လာကာ သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်ခဲ့၍ ဒေါ်---က လက်ဖြင့်ဆောင့်တွန်းကာ ခြေဖြင့်ဆောင့်ကန်လိုက်၍ နေအိမ်ပေါ်မှ ဆင်းပြေးသွားခဲ့သည်ဆို၏။

သားမယားအဖြစ် ပြုကျင့်ရန်ကြံစည်အားထုတ်သူ အေးမိုးဇော်(ခ)မိုးဇော်အား အရေးယူပေးရန် ဒေါ်---က တရားလိုပြုလုပ်တိုင်တန်း၍ တွံ့တေးမြို့မရဲစခန်း(ပ)၂၃၄/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၇၆/ ၅၁၁ဖြင့် အမှုဖွင့်ပြီး အမှုစစ်ဒုရဲအုပ်ဆွေလှိုင်ဦးက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်း ရရှိသည်။

**အိသဲခိုး**



www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လဟောကိန်းကြမ္မာ

**ကန်ရွှေ**

သည်လထဲတွင် ဥစ္စာသစ်လင်း ကောင်းသတင်းနှင့် ကောင်းခြင်းငါးဖြာ အောင်ကြောင်းဖြာသော အခါသမယ ဖြစ်နေလိမ့်မည်။ ဘာပဲလုပ်လုပ် အတိုက်အခံရှိပြီးမှ အောင်မြင်တတ်သည်။ နိုင်ငံတော်အစိုးရ၏ ဆုတံဆိပ်၊ ဂုဏ်ထူးဆောင်လက်မှတ်၊ ရွှေ၊ ငွေ၊ မြေ၊ တိုက်ခန်းတို့ ရရှိနိုင်ပါသည်။

**ကံကောင်းအရောင်။** ။ နံ့သာရောင်၊ ဆင်စွယ်ရောင်၊ အုတ်ခဲရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ကြက်သွေးရောင်၊ အနက်ရောင် ရှောင်ပါ။
**အချစ်ရေး။** ။ အစစအရာရာ အဆင်ပြေ နီးစပ်လာပြီမှတ်ပါ။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး ရန်ဖြစ်လေ စီးပွားတက်လေမှတ်ပါ။
**ထီထိုးရန်။** ။ (က) ၅–၄၊ (ခ) ၅–၆၊ (ဂ) ၅–၉။
**ယတြာ။** ။ မွေးနံထောင့်တွင် သီဟိုဠ်ညွန့်၊ ဒန်းညွန့် ကိုးညွန့်စီကပ်လှူပါ။

**ကန်ကံ**

သည်လထဲတွင် စီးပွားရေး အလွဲလွဲအချော်ချော်ဖြစ်မည်။ စိတ်အနှောင့်အယှက်များနေမည်။ အလုပ်မဖြစ်သေးပါ။ လောင်းကစားတစ်ခုခုကြောင့် ဂုဏ်သိက္ခာကျဆင်းတတ်သည်။ ဂုဏ်သိက္ခာ၊ သမာဓိပျက်ပြီး လူအယုံအကြည်ကင်းမဲ့ခြင်းဖြစ်တတ်သည်။ သတိရှိပါ။ ထိပေါက်ခြင်း၊ အမွေအနှစ်ရခြင်းကြုံမည်။ ကံညံ့၊ ကံနိမ့်၊ ဂြိုဟ်ညံ့တတ်ပါသည်။ မေတ္တာသုတ်၊ မင်္ဂလသုတ် ရွတ်ဖတ်ပါ။ အဓိဋ္ဌာန်ဝင်၊ ပုတီးစိပ်ပါ။

BURMESE CLASSIC

**ကံကောင်းအရောင်။** ။ နှင်းပန်းပွင့်ရောင်၊ ရေညှိရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ဘဲခေါင်းစိမ်းရောင်၊ အနီရဲရဲရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူရဲ့ လှည့်စားခြင်းခံရမည်။ သတိထားပါ။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး ကြားလူကြောင့် စိတ်ဝမ်းကွဲမည်။
**ထီထိုးရန်။** ။ (စ) ၆–၄၊ (ဆ) ၆–၇၊ (ဇ) ၆–၉။
**ယတြာ။** ။ အိမ်ဘုရားတွင် နေကြာပန်း၊ သပြေညွန့် ပူးတွဲကပ်လှူပါ။

**အသိ**

သည်လထဲတွင် လုပ်ငန်းစီးပွားကို အတွင်းလူ ဖျက်ဆီးတတ်သည်။ ငွေအလွဲသုံးစားသုံးပစ်ခြင်းကြောင့် အမှုအခင်းဖြစ်တတ်သည်။ စိန်၊ ရွှေရတနာ၊ ပဲအမျိုးမျိုး၊ ဆန်အမျိုးမျိုးရာသီကုန်စသည်တို့နှင့် သိန်းသန်းကုဋေ ငွေလာဘ်ရွှင်မည်။

**ကံကောင်းအရောင်။** ။ အဖြူထဲတွင် ယိုးဒယားပန်းခက်ပါသောအရောင် ဝတ်ဆင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံညံ့အရောင်။** ။ အဝါ၊ အစိမ်းရင့် နှစ်ရောင်စပ် ရှောင်ပါ။
**အချစ်ရေး။** ။ စေ့စပ်ကြောင်းလမ်းခြင်းပျက်တတ်သည်။
**အိမ်ထောင်ရေး။** ။ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲတတ်သည်။
**ထီထိုးရန်။** ။ (က) ၆-၃၊ (ဈ) ၆-၉၊ (ည) ၈-၂။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် သာကူ၊ ထောပတ်ဆွမ်း ကပ်လှူပေးပါ။

## ဗုဒ္ဓဟူး

သည်လထဲတွင် ရုပ်ဝေးရှိ မိခင်ကျန်းမာရေး သတိထားရမည်။ နေရာ၊ ဌာန၊ ရာထူးတိုးတက်မှုရှိနေမည်။ ဝန်ထမ်းများ အလုပ်မထွက်သင့်ပါ။ စိတ်ရှည်သည်းခံ နည်းလမ်းမှန်ဆိုသလို စိတ်ရှည်မှ အောင်မြင်မှုရမည်။ မိတ်ဆွေရင်း၊ လူရင်းတို့၏ မရိုးဖြောင့်မှု တွေ့ကြုံရတတ်သည်။

**ကံကောင်းအရောင်။** ။ ကျောက်စိမ်းရောင်၊ အညို၊ အဖြူရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ နီ၊ ဝါ၊ ပြာ၊ ဖြူ၊ နီ ရောယှက်ရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူ၏အရေးပေးခြင်း တွေ့ကြုံတတ်သည်။
**အိမ်ထောင်ရေး။** ။ အိမ်တွင်းရေးသာယာမည်။
**ထီထိုးရန်။** ။ (တ) ၆-၄၊ (ထ) ၆-၅၊ (ဒ) ၆-၉။
**ယတြာ။** ။ အိမ်ဘုရားတွင် တံခွန်၊ ထီး၊ ယပ် သုံးခုစီလှူဒါန်းပါ။

## ကြာသပတေး

သည်လထဲတွင် လုပ်ငန်းကြောင့် လူပင်ပန်း၊ စိတ်ပင်ပန်းဖြင့် သောကဗျာပါရများတတ်သည်။ ဘဝရှေ့ရေး ရင်လေးစရာမရှိပါ။ ပညာရေး၊ လူမှုရေးကောင်းပြီး စီးပွားရေးသင့်ပါသည်။ ကျန်းမာရေးအညံ့လွတ်သွားလိမ့်မည်။ ခရီးအသွားအလာ သတိထားပါ။ ဘေးရန်ကြုံတတ်သည်။

**ကံကောင်းအရောင်။** ။ အဖြူ၊ လိမ္မော်ရောင်၊ အစိမ်းနုရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ မဟော်ဂနီရောင်၊ နက်ပြာရင့်ရောင် ရှောင်ပါ။
**အချစ်ရေး။** ။ လုံးဝရှောင်လိုက်ပါ။ မီးမလောင်ခင်တားပါ။
**အိမ်ထောင်ရေး။** ။ နှစ်ဦးနှစ်ဖက် သဘောတူကြည်ဖြူမည်။
**ထီထိုးရန်။** ။ (တ) ၅-၄၊ (ထ) ၇-၂၊ (ဒ) ၆-၃။
**ယတြာ။** ။ တန်ခိုးကြီးဘုရားတစ်ဆူတွင် ရွှေ ငွေ လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



## သောကြာ

သည့်လထဲတွင် နိုင်ငံခြားခရီးသွားရခြင်း၊ နေရာ၊ ဌာန၊ ရာထူးပြောင်းဘက်တွေ့ခြင်း၊ ယှဉ်ပြိုင်အနိုင်ရခြင်း ကြုံတတ်ပါသည်။ ကျန်းမာရေးသင့်၊ လူမှုရေးညံ့ပြီး စီးပွားရေးကောင်းပါသည်။ တိုက်၊ ခြံ၊ မြေ၊ ကားအသစ်တို့ ဝင်လာတတ်သည်။ ဆီး၊ ကျောက်ကပ် သတိထားပါ။ ဆေးရုံတက်ရောက်ကုသခံရမည်။

**ကံကောင်းအရောင်။** ။ ချောကလက်ရောင်၊ အုန်းခွံရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ ဖင်ပြာ၊ အနက်ထဲတွင် သံဆန်ခါကွက် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူပိုင်းပိုင်းလည်နေတတ်သည်။
**အိမ်ထောင်ရေး။** ။ နှစ်ကိုယ်တူ ချစ်ရည်တူ ကံကောင်းနေမည်။
**ထီထိုးရန်။** ။ (ဋ္ဌ) ၆–၉၊ (ဍ) ၆–၅၊ (ဎ) ၆–၂။
**ယတြာ။** ။ အိမ်ဘုရားတွင် နှင်းဆီနီနီရဲရဲ သာသနာ့အလံထူပါ။

## စနေ

သည့်လထဲတွင် မမျှော်လင့်ဘဲ အသက်ရှူကျပ်ခြင်း၊ ဆီး၊ ကျောက်ကပ်ရောဂါဝေဒနာတို့ကြောင့် ဆေးရုံတက်ရမည်။ ကျန်းမာရေးသတိထားပါ။ စိတ်ပင်ပန်း၊ လူပင်ပန်းမခံသင့်ပါ။ ပညာရေးသင့်၊ လူမှုရေးညံ့ပြီး စီးပွားရေးသင့်ပါသည်။ ဘယ်ခရီးမှမသွားသင့်ပါ။ တရားအားထုတ်ပါ။

BURMESE CLASSIC

**ကံကောင်းအရောင်။** ။ အညို၊ အဖြူ၊ ကြည်ပြာ၊ ခိုပြာရောင် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ အနက်ထဲမှာ အဝါမျဉ်းဖြောင့်ရောင် ရှောင်ပါ။
**အချစ်ရေး။** ။ နှလုံးသားအလိုကို မလိုက်ပါနှင့်။
**အိမ်ထောင်ရေး။** ။ အထူးသာယာမည်။ နှစ်ဦးနှစ်ဖက်ကံကောင်းမည်။
**ထီထိုးရန်။** ။ (က) ၄–၈၊ (ခ) ၄–၉၊ (ဂ) ၄–၆။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် ဂမုန်းပန်း လှူဒါန်းပါ။

စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ
သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်
နက္ခတ်ဗေဒင် လက္ခဏာပညာရှင်

www.burmeseclassic.com